
www.burmeseclassic.com

# ထောင်မှူးကြီးသိန်းဝင်း

## ဘွားသက်ရှည်နှင့်ဝိဇ္ဇာသားများ



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၅၇၆၁၂၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၀၇၉၀၁၁၂

■

မီးစဉ်သူ ထ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ထ | ၂၀၁၂၊ မတ်လ |
| အုပ်ရေ | ထ | ၅၀၀ |
| မျက်နှာဖုံး | ထ | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | ထ | *Maw Maw* |
| အတွင်းဖလင် | ထ | *Quality* |

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၅၀၀ကျပ်

၈၉၅ . ၈၃
သိန်းဝင်း၊ ထောင်မှူးကြီး
ဘွားသက်ရှည်နှင့်ဝိဇ္ဇာသားများ/ ထောင်မှူးကြီးသိန်းဝင်း ။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၅၈–စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) ဘွားသက်ရှည်နှင့်ဝိဇ္ဇာသားများ

## စာရေးသူ၏အမှာစာ

ကျွန်ုပ် စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းသည် ထူးခြားဆန်းကြယ် ဂမ္ဘီရဆန်သော လုံးချင်းဝတ္ထုများနှင့် တောတွင်းစွန့်စားခန်းဝတ္ထုများ၊ စုံထောက်ဆန်သော ဝတ္ထုများကို ရေးသားတင်ဆက်ခဲ့သည်မှာ များလှပေပြီ။

ထို့ကြောင့် ယခုတစ်ကြိမ်တွင် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ကရင်သူပုန်ခေတ်များကို မီခဲ့သော အသက် (၈၅) နှစ်ရှိပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းပြီး သန်မာဖျတ်လတ်သည့် မွေးစားမိခင် ဒေါ်သန်းသန်းနု၏ အတွေ့အကြုံနှင့် အတွေးအခေါ်များ၊ ကျွန်ုပ်နှင့်အတူ သွားရောက်ခဲ့သော ဆန်းကြယ်သည့်ခရီးစဉ်များ ထွက်ရပ်ပေါက် ဆရာတော်များ၏ ကျင့်စဉ်နှင့် အတွေ့အကြုံများ၊ ဝိပဿနာကမ္မဋ္ဌာန်း၊ ဘာဝနာပွားနည်းများ၊ ကျိုးပျော်နှင့် မော်လမြိုင်မြို့တို့၏ နောက်ခံသမိုင်း ဆန်းကြယ်မှုကို သားဖွယ်ရာများအား လက်လှမ်းမီသမျှ တင်ပြထားပါသည်။

www.burmeseclassic.com

ယခုတင်ပြမည့် 'ဘွားသက်ရှည်နှင့် ဝိဇ္ဇာသားများ' လုံးချင်း ဝတ္ထုကတော့ ဇာတ်လမ်းဇာတ်ကွက်ကို ဦးစားမပေးဘဲ အတွေ့အကြုံ သင်ခန်းစာနှင့် ဓာတုသုတပညာရပ်များကို ဦးစားပေးရေးသားထားပါ ကြောင်း ကြိုတင်အစီရင်ခံအပ်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း

## အခန်း [ ၁ ]

❑

ကျွန်ုပ်သည် ရှေးဟောင်းပစ္စည်းများ စုဆောင်းသည်ကို ဝါသနာ ထုံသည်။ ကျွန်ုပ်နေထိုင်သည့် ထောင်ခြံဝင်းအတွင်းနေအိမ်၌ ရှေး ဟောင်းပစ္စည်းအတော်များများ စုဆောင်းထားရှိခဲ့ဖူးသည်။

ကျွန်ုပ်တွင် အနှစ်နှစ်အလလက စုဆောင်းသိမ်းဆည်းထား သော ပျူခေတ်၏ မြေခွေးတံ၊ မြေလက်ကောက်၊ အိုးခြမ်းပွဲများ၊ ရှေး ဟောင်းတိုင်ကပ်နာရီနှင့် ရုပ်တုအမျိုးမျိုးအပြင် ရှေးဟောင်းဗီရိုကြီး နှင့် စာအုပ်များ၊ ပေပုရပိုက်များ အတော်စုံလင်စွာ စုဆောင်းထားပါ သည်။

ထို့အပြင် လက်ပတ်နာရီများအနေဖြင့်လည်း ဆွစ်ဇာလန်နိုင်ငံ လုပ် ROAMER, PARGO, OMEGA, ROLEX, RADO, TITONI,

www.burmeseclassic.com



OGEBAL စသော နာရီများကိုလည်း သိမ်းဆည်းစုဆောင်းထားသေးသည်။ ရှေးဟောင်းဖောင်တိန်အမျိုးမျိုးဖြစ်ကြသော အမေရိကန်နိုင်ငံလုပ် PARKER (21) , (17) တို့အပြင် ကနေဒါနိုင်ငံလုပ် ဖောင်တိန်အမျိုးမျိုးလည်းရှိသေးသည်။

ယခင်ကာလက ဖောင်တိန်အကောင်းစားကိုင်နိုင်မှ လူရာဝင်သည်ဟု ဆိုကြသည်။ ရှပ်လည်ခေါင်းတုံးအင်္ကျီလက်ရှည်၊ ဝဲဘက်အိတ်ထောင်အတွင်း မြားသင်္ကေတန် ရွှေရောင် သို့မဟုတ် ငွေရောင် PARKER ဖောင်ထိန်ထိုးထားမှ လူတင့်တယ်သည်ဟု ယူဆကြသည်။ ရှပ်အင်္ကျီ၌လည်း (L.PARKER) အမဲရောင်တိုက်ပုံအင်္ကျီဝတ်ထားပါမှ ခန့်ညားသပ်ရပ် လူရာဝင်ပေသည်။ မြန်မာ့ဝတ်စုံနှင့် မြန်မာလူမျိုး လိုက်ဖက်လှပေသည်။

ဗုဆိုးအနေဖြင့်လည်း ယခင်က ဘန်ကောက်ခေတ်ဖြစ်သော်လည်း ကျွန်ုပ်တို့ခေတ်တွင်တော့ ရနိုင်ပုဆိုးခေတ်ဖြစ်သည်။ ထူထဲပြီး နိုင်ခံ့သည်။ အကွက်လှသည်။ အရောင်မျိုးစုံရှိသည်။ ပွဲနေပွဲထိုင်တင့်တယ်သည်။ ယခုခေတ်တွင်တော့ ချည်ထည်ပုဆိုး အသင့်ချုပ်ပြီးခေတ်သို့ ရောက်သွားပြန်သည်။ လူကြီးပိုင်းမှလွဲ၍ တိုက်ပုံအင်္ကျီဝတ်သူ မရှိသလောက် ရှားပါးသွားပြီဖြစ်သည်။

ကျွန်ုပ်ဝါသနာမှာ ရှေးဟောင်းပစ္စည်းအမျိုးမျိုးအပြင် ကားအမျိုးမျိုး လဲလှယ်စီးခြင်းကိုလည်း ဝါသနာပါသည်။ ထို့ကြောင့် ကျွန်ုပ် FAMILIA ကားမှစတင်ပြီး NISSAN CEDRIFORD ကားအမျိုးမျိုးနှင့် ဂျပန်ကားအမျိုးမျိုးစီးခဲ့သည့်အပြင် နောက်ဆုံးဝီလီဂျစ်နှင့် MORRIS MINNOR ကားကလေးသာ ကျွန်ုပ်ထံတွင် သောင်တင်နေတော့သည်။





တစ်ခါ ဝီလီဂျစ်က ဆီစားသဖြင့် သိမ်းဆည်းထားရာမှ မိတ်ဆွေတစ်ဦးက အတင်းတောင်းဝယ်သွားပြန်သည်။ MORRIS MINNOR (1952) ခုနှစ် မော်ဒယ်ကားဟောင်းကလေးသာ ကျန်တော့သည်။

ထိုကားကလေးတိုလည်း အောင်ဆန်းကွင်းအနောက်ဘက်တွင် နေထိုင်သော ဂျူးလူမျိုးကပြား MR. DICKMEN ဆိုသည့် အဘိုးကြီးထံမှ ဝယ်ယူထားခြင်းဖြစ်သည်။ အဘိုးကြီးက ကျွန်ုပ်နှင့်တွေ့တော့ အသက် (၉၀) ခန့်ရှိပြီး ကျွန်ုပ်အား အတော်ခင်သည်။

သူ့မှတ်ပုံတင်ကတ် ပျောက်ဆုံးရာမှ ကျွန်ုပ်က ကူညီသဖြင့် အသစ်ပြန်ရသောကြောင့် ခင်မင်နေခြင်းဖြစ်သည်။ သူ့အိမ်တွင် ကျွန်ုပ်အားဖိတ်၍ မကြာခဏ ထမင်းကျွေးပြီး အရက်တိုက်တတ်သည်။ အရက်သောက်ရာတွင်လည်း အလွန်စည်းကမ်းကြီးသည်။ သူနှစ်ကြိမ်သောက်ရာ တစ်ကြိမ်သောက်လျှင် တစ်ပတ်ထက်မပိုပါ။ ထို့ကြောင့်လည်း အသက်ရှည်ကျန်းမာဟန်တူပါသည်။

သူ့အိမ်တွင် ရှေးဟောင်း (GEC) ရေခဲသေတ္တာကြီးနှင့် RECORD CHANGER ခေါ် ဓာတ်ပြားကြီးဖြင့်ဖွင့်ရသည့် ဓာတ်စက်၊ (EKCO) ဆိုသော RADIO အဟောင်းကြီးနှင့် MORRIS MINNOR ကားအဟောင်းကလေးရှိပေသည်။ ကားကိုလည်း သူမမောင်းနိုင်တော့၍ ကျွန်ုပ်အား ခင်မင်မှုဖြင့် သက်သာစွာ ရောင်းချပေးခြင်းဖြစ်သည်။ ကားအပိုပစ္စည်းများကိုလည်း လက်ဆောင်ပေးသေးသည်။

ကားကလေးမှာ ဆင်ဆွယ်ရောင် ဝါကျင်ကျင်ကလေး။ ကားမိုင်ခွက်၊ ရေသုတ်တံ၊ အချက်ပြမီး၊ ဆီဒိုင်ခွက်ကအစ ကောင်းသေးသည်။ ဘယ်ညာအချက်ပြလျှင် ကားဘော်ဒီအလယ်မှ မီးအချက်ပြ

www.burmeseclassic.com



လက်တံကလေးက ထွက်လာပြီး အချက်ပြတတ်သည်။ အတော်ပြည့်စုံကောင်းမွန်သော အင်္ဂလိပ်ကားကလေးတစ်စီးဖြစ်သည်။

ပိုင်ရှင် MR. DICKMEN က အင်္ဂလန်ပြန်စဉ် ဝယ်လာခြင်းဖြစ်ပြီး (1952) ခုနှစ် မော်ဒယ်ဖြစ်၍ အနှစ်(၄၀)ကျော်ပေပြီ။ ပိုင်ရှင်ကဲ့သို့ ကားကလေးလည်း အိုပေပြီ။ သို့သော် အတော်ကောင်းပါသေးသည်။ ထိုကားကလေးကို ကျွန်ုပ်နှစ်သက်စွာစီးစဉ် လူတကာက ငိုင်းကြည့်ကြသည်။

ထိုကားကလေးကို ကျွန်ုပ် (၃)နှစ်ခန့်စီးပြီးတော့ ရှေးဟောင်းကားကလေးပီပီ တစ်ခုပြီးတစ်ခု ဖောက်လာသည်။ MR. DICKMEN က သံယောဇဉ်ကြီးစွာဖြင့် ရှေးဟောင်းကားပြင်သည့် ကြည့်မြင်တိုင်မှ ဦးအောင်မောင်၊ ကမာရွတ်လမ်းမှ ကားဆရာ ဦးကြီးအောင်တို့ဖြင့် ဆက်သွယ်ပြီး အပိုပစ္စည်းများအား ထည့်ပေးသည်။

MOTOR HOUSE ခေါ် ယခင်က FIVE STAR သင်္ဘောလိုင်းအနီးတွင် တည်ရှိပြီး ပုဇွန်တောင်၊ လင်းစခေါင်းတွင် ပြောင်းရွှေ့ထားသည်။ ကားအပိုပစ္စည်းကိုဒေါင်ရုံနှင့်လည်း မိတ်ဆက်ပေးပါသည်။ ကျွန်ုပ်ကလည်း လိုအပ်မည်ထင်သည့် ပစ္စည်းမှန်သမျှကို ဝယ်ပါသည်။ ဒိုင်နမိုပြင်သည်ကတော့ ကမာရွတ်လမ်းမှ စက်ဆရာ ဦးကြီးအောင်ဖြစ်သည်။

ကားကလေးကို ပြင်ရသည်မှာ တစ်စီးလုံးနီးနီးဖြစ်သည်။ ဆေးမှုတ်ရသည်။ အောက်ကြမ်းပြင်များ ဖာထေးရသည်။ WIRING လိုက်ရသည်။ မီးလုံးနှင့် ဒိုင်နမိုမှာ (6) volts ဖြစ်၍ (12) volts သို့ ပြောင်းရသည်။ ရှော့ဘားမှ ယခုခေတ်ကဲ့သို့ ပိုက်တန်း (SPRING) မဟုတ်။

PISTON (၂) လုံးနှင့် အတက်အကျ မောင်းတံက်ပုံစံဖြစ်၍ ဆီအိုးတွင်း အင်ဂျင်ဝိုင်ထည့်ရသည်။ မနေ့ပါက ဆီအိုးကွဲပြီး အသစ်





မရနိုင်တော့၍ အဟောင်းသတ္တုအိမ်ကိုပင် ဖာထေးရတော့သည်။ တာယာ၊ သံခွေများလည်း ဆွေးမြေ့လာသဖြင့် FIAT ကားသံခွေများဖြင့် အစားထိုးလဲလှယ်ရသည်။ ရေသုတ်တံကိုလည်း ပြင်ရသည်။

အင်ဂျင်မှာ ကောင်းသော်လည်း ရေလည်အုံပန်ကာအတိုင်၊ ရေတိုင်ကီစသဖြင့် တစ်စီးလုံးနီးနီး ပစ္စည်းဟောင်းများအား ဘုရင့်နောင်ဈေးတွင် မှုးနောက်အောင်ရှာဖွေ၍ လဲလှယ်ရတော့သည်။ နှစ်ကြာသည်နှင့်အမျှ ပစ္စည်းဟောင်းများက ဈေးကြီးပြီး ရှားပါးလှသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ကားကလေးကို သံယောဇဉ်ရှိသော်လည်း ဆင်ဖိုးထက် ချွန်းဖိုးက ပိုကုန်နေပြီဖြစ်သည်။ ကားဟောင်းကလေးအား ဝယ်မည့်သူများ ရှိပါသည်။ သို့သော် ကျွန်ုပ် မရောင်းရက်၍ မရောင်းခဲ့ပါ။ ကားကလေးအား မည်မျှပြင်ရသနည်းဆိုမူ မကြာခဏပြင်ဆင်ရတတ်၍ စက်ပြင်ဆရာ ဦးကြီးအောင်နှင့်ပင် ကျွန်ုပ် ညီအစ်ကိုအရင်းပမာ ဖြစ်နေတော့သည်။

ကြာတော့ ဆရာက ကားပြင်ခပင်မယူတော့၍ ကျွန်ုပ် ငွေကြေးအစား ပစ္စည်းများဝယ်၍ ကန်တော့ရသည်။ ဆရာ့အိမ်သည်လည်း ကျွန်ုပ်၏ စားအိမ်၊ သောက်အိမ်ပင် ဖြစ်တော့သည်။ ဆရာ့မိသားစုသည်လည်း ကျွန်ုပ်၏မိသားစုပမာ ဖြစ်တော့သည်။ ဆရာ့အိမ် သာရေးနာရေးကိစ္စများတွင် ကျွန်ုပ်မပါလျှင် မဖြစ်တော့သည်။

MORRIS MINNOR ကားကလေးအား (၅) နှစ်ကျော်စီးလာခဲ့ပြီးနောက် ကျွန်ုပ်လိုပင် ရှေးဟောင်းကား CRAZY ဖြစ်သော ဆရာမဒေါ်သိန်းသန်းဌေးဦးက ဝယ်ရန်ကမ်းလှမ်းလာသဖြင့် ကျပ်ငွေငါးသိန်းဖြင့် အရောင်းအဝယ်ဖြစ်သည်။





ထိုစဉ်က ထ/ဆင်တူးနံပါတ် SUNNY PICK-UP ပန့်ကားတစ်စီးကိုဝယ်နိုင်သော ငွေကြေးဖြစ်သည်။ ကျွန်ုပ်တို့ငွေဖြင့် လှိုင်သာယာမြို့ (၁၅) ရပ်ကွက်ရှိ တိုက်သစ်ကလေးတစ်လုံးကို ဝယ်လိုက်နိုင်သည်။ ကားအကျိုးမပေးဟုထင်ကာ အိမ်ခြံမြေဘက်သို့ လှည့်ခြင်းဖြစ်သည်။

ထိုစဉ်က အင်းစိန်မှ လှိုင်သာယာကူးသည့် အောင်ဇေယျတံတားကြီးက မဆောက်ရသေး။ လှိုင်သာယာသို့ ဇက်ရေယာဉ် (သို့မဟုတ်) စက်သမ္ဗန်ဖြင့် ကူးနေရသောအချိန်ပင်ဖြစ်သည်။

အောင်ဇေယျတံတားကြီးပြီး၍ ရန်ကုန်–ပုသိမ်လမ်းမကြီးဖောက်တော့ ကျွန်ုပ်ဝယ်ထားသောအိမ်က လမ်းမကြီးနှင့် ဝေး၍သွားသည်။ ထို့ကြောင့် အရောင်းအဝယ်မရသဖြင့် မရောင်းတော့။ အိမ်ငှားတင်၍ပင် ထားလိုက်ပါတော့သည်။ ထိုစဉ် အိမ်ကလေးမှာ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာမပါသဖြင့် ထပ်မံပြင်ဆင်တိုးချဲ့ ဆောက်လုပ်လိုက်ရာ (၁၀) သိန်းကျော် ကုန်သွားတော့သည်။

ကားဝယ်သော ဆရာမမိသားစုမှာ အုတ်ကျင်းဘုတာရုံလမ်းတွင် နေထိုင်ကြသည်။ ကားတစ်ခုပျက်သည်နှင့် ကျွန်ုပ်ထံပြေးလာကြစမြဲပင်။ ထို့ကြောင့် ကျွန်ုပ်ကားရောင်းလိုက်သော်လည်း စက်ဆရာဦးကြီးအောင်နှင့် မကင်းပါ။

ရှေးဟောင်းအင်္ဂလိပ်ကားအား ပြင်ဆင်နိုင်သော ကားဝပ်ရှော့ဆရာကား အလွန်ရှားသွားလေပြီ။ ခေတ်လူငယ်များမှာ ကျွန်ုပ်တို့၏ ရှေးဟောင်းအင်္ဂလိပ်ကားအား မမောင်းချင်ကြပါ။ ထို့ကြောင့် ကားကလေးကို ဆရာမတို့တိုက်ခန်းရှေ့တွင် ရပ်ထားသည်ကများသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် တစ်ခါတစ်ရံရောက်မှ ကားကလေးအား သန့်ရှင်းရေးလုပ်ပြီး သူတို့မိသားစုသွားလာရန် ကျွန်ုပ်က မောင်းပေးရသည်။ ကားကလေးမှာ ကျွန်ုပ်မောင်းတော့လည်း အကောင်းပင်။ သူတို့မိသားစုသွားတတ်သော ရန်ကုန်မြို့အတွင်း နေရာအနှံ့သို့ ချောချောချူချူ လိုက်ပို့ပေးနိုင်ပါသည်။

ထို့ကြောင့်ပင် ဆရာမ၏ယောက်ျား ဦးမြင့်ဦးက ကားကလေးကို ကျွန်ုပ်လက်တွင်းအပ်၍ ပေးထားတော့သည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏မိသားစုအတွက် အသုံးပြုသလို သူတို့မိသားစုအတွက်လည်း မောင်းပေးရပါသည်။ သူတို့မိသားစုတွင် ဆရာမ၏မိခင် ဒေါ်သန်းသန်းနုဆိုသော အဘွားကြီးမှာ ကားအသုံးများဆုံးဖြစ်သည်။

ကန်တော်ကလေးရှိ သူတို့အမျိုးများအိမ်နှင့် သိမ်ဖြူအကြောပြင်ဌာနသို့ မကြာခဏသွားတတ်၍ မကြာခဏ ကျွန်တော်ကလိုက်ပို့ပေးရသည်။ အဘွားမှာ (လ . ဝ . က) ရုံးချုပ်မှ ပင်စင်ယူထားသော ရုံးအုပ်စာရေးကြီးဖြစ်၍ လက်ဖက်ရည်ကြိုက်သည်။

ကျွန်ုပ်နှင့်တွေ့ဆုံစဉ်က အသက် (၇၅) နှစ်ခန့်ရှိသော်လည်း အလွန်ဖျတ်လတ်သန်မာသည်။ သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားတတ်ပြီး လုံးချောဘယ်လ်ဂျီယန် စိန်နားကပ်ကြီးပန်၍ လည်ပင်းတွင်(စဗ၀) လော့ကတ်သီးပါ ရွှေဆွဲကြိုးကြီးကို ဆွဲထားတတ်သည်။ ထိုစဉ်က ဆရာမတွင် လသားအရွယ် 'ခွန်းဆင့်သံသာ' ဟု ခေါ်တွင်သော မိန်းကလေးတစ်ဦးရှိပေသည်။ လွန်စွာချစ်စရာကောင်းသော သမီးကလေးဖြစ်သည်။

အမေဒေါ်သန်းသန်းနုမှာ ဆရာမတို့နှင့် အတူနေသူမဟုတ်။ သမိုင်းကသွယ်ချောင်းအနီး မဟာဗန္ဓုလလမ်းတွင် သားအငယ်မောင်သိုက်ဝန်းဆိုသူနှင့် အတူနေသူဖြစ်သည်။ ဝိဇ္ဇာလိုင်းလုပ်သူဖြစ်၍ ဘယ်





မြို့၊ ဘယ်ရွာတွင် ဝိဇ္ဇာလိုင်းလိုက်သော ဆရာတော်များရှိသည်ဟု ကြားလျှင်ပင် ဘယ်လောက်ဝေးဝေး သွားရောက်ပူဇော်တတ်သည်။ သူ့ကိုကြည့်ရသည်မှာ ပင်စင်စားတစ်ဦးနှင့်မတူပါ။ အမြဲတမ်း တက်ကြွရွှင်လန်းနေသည်။ လမ်းသွားရာ၌ပင် (၉)လုံးပုတီးကလေးကို တစ်ချောက်ချောက်စိပ်နေတတ်သည်။

ကျွန်ုပ်နှင့် တွေ့ပါများတော့ ကျွန်ုပ်အား သူတို့မိသားစုက အတော်ခင်မင်ကြသည်။ ကလေးပေါက်စကလေးကလည်း ကျွန်ုပ်အားခင်သည်။ ၂၀၀၄ ခုနှစ်၊ မတ်လတွင် ကျွန်ုပ်တို့ အင်းစိန်ထောင်ဝင်းအတွင်းရှိ အစိုးရပေးသောနေအိမ်မှ အုတ်ကျင်း (၁၃)ရပ်ကွက်၊ အမှတ် ၁၂၃၊ အသောကလမ်းအိမ်သို့ ပြောင်းရွှေ့ကြသည်။ ကျွန်ုပ်မွေးဖွားခဲ့သော အိမ်ပင်ဖြစ်နေ၍ လွန်စွာအကျိုးထူးသည်ဟု ဆိုရပေမည်။

အိမ်ကြီးမှာ ပျဉ်ထောင်သွပ်မိုး (၃)ပင်အိမ်ကြီးဖြစ်၍ ကျွန်ုပ်ကဖျက်ပြီး အုတ်ပတ်ကားတက်နေရာ အိမ်ကြီးမှာ မပြီးသေးပါ။ အနီးကပ်ကြီးကြပ်ရန် ကျွန်ုပ်တို့၏ ကျယ်ဝန်းလှသော ခြံအတွင်းရှိ လွတ်နေသော အစ်ကိုကြီးဦးအောင်သန်း၏အိမ်သို့ ခေတ္တယာယီပြောင်းရွှေ့ကြခြင်းဖြစ်သည်။

ကျွန်ုပ်ဆောက်လုပ်နေသော အိမ်ပြီးမှ ကျွန်ုပ်တို့ ထပ်မံပြောင်းရွှေ့ရပြန်သည်။ အိမ်ရှေ့နှင့် အိမ်အနောက်ဖြစ်၍ ပြောင်းရွှေ့ရသည်မှာ အဆင်ပြေသည်။ ကျွန်ုပ်က ကျွန်ုပ်၏မိခင်ကြီး ဒေါ်မြခင်နှင့်အတူနေရန် စီစဉ်ထားသဖြင့် မိခင်ကြီးအတွက် အိမ်သာအတွင်း၌ လက်ကိုင်ရန်ပိုက်တန်းများပင် တပ်ဆင်ထားသေးသည်။

သို့သော် အိမ်ကြီးပြီးစီး၍ ကျွန်ုပ်တို့ ပြောင်းရွှေ့ပြီးချိန်၌ အိမ်ရှေ့အိမ်၌နေသော အစ်မကြီးလုပ်သူက ကျွန်ုပ်၏အမေအား ပြန်ရန်ဟု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြကာ ပြန်မလွှတ်တော့။ အမေကလည်း အသက်(၉၃)နှစ်ရှိပြီဖြစ်၍ လမ်းသွားလျှင် တောင်ဝှေးဆောင်နေရချေပြီ။ နောက်ပိုင်းတောင်ဝှေးကိုပင် မနိုင်တော့။ လှုတ်ခဲရတော့သည်။

အမေ အသက်(၉၄) နှစ်ထဲရောက်တော့ ချူချာလာသည်။ အိပ်ရာပေါ်တွင်ပင် နေရရှာသည်။ ကျွန်ုပ်တို့ အတော်ပင်ပြုစုရပါသည်။ အမေက သွားများမကောင်းတော့၍ အသားပျော့သောငါးကိုတော့ ကြိုက်သည်။ ငါးက အရိုးများတော့ ကျွန်ုပ်က ကြိုးလျှင်ကြိုးသလို ထွင်ပေးရသည်။ အမေက ဟင်းသီးဟင်းရွက်လည်း ကြိုက်သည်။ နူးမွှေနေအောင် ချက်ပေးရသည်။

အမေ့အဝတ်အစားနှင့် ထဘီလျှော်ရန် ကျွန်တော်တို့က လုကြရသည်။ မည်သို့ပင်ဆိုစေ အမေ့နို့ဖိုးမကျေသော်လည်း ကျွန်တော်တို့ အားရအောင် ပြုစုလိုက်ရပါသည်။ ကျွန်တော် မှတ်မိနေပါသေးသည်။

၁၉၉၁ ခုနှစ် ကျွန်ုပ် မြစ်ကြီးနား–ဆွမ်ပရာဘွမ် ရဲဘက်စခန်းကအလုပ်ထွက်လာပြီး ရန်ကုန်ပြန်ရောက်တော့ အမေနေမကောင်းဖြစ်နေသည်။ အတော်လည်း ပိန်သွားသည်။ ဆရာဝန်များနှင့် ခေါ်ပြသော်လည်း လက်လျှော့ထားရကြောင်း သိရသည်။ ဘာရောဂါလဲဟု မေးရာ လူကြီးရောဂါဟုပြောသည်။ အမေဒေါ်မြခင်မှာ အသက် (၉၀) ခန့်ရှိချိန်ဖြစ်သည်။

ကျွန်ုပ်မှာ စခန်းများသာထွက်နေရသဖြင့် ယခုတစ်ကြိမ်တွင် ပြုစုကုသခွင့်ပေးပါရန် အစ်မကြီးအား အကြိမ်ကြိမ်ခွင့်တောင်းပြီး အထူးကုသမားတော်ကြီးနှင့်ပြသ၍ သွေးအားနည်းရောဂါဖြစ်သဖြင့် နာရီပိုင်းသာ အချိန်ရတော့ကြောင်း ရန်ကုန်အထူးကုဆေးရုံကြီးသို့ အမြန်တင်





ရန် ညွှန်ကြားသဖြင့် ကျွန်ုပ် ရန်ကုန်ဆေးရုံကြီး၊ အရေးပေါ်ဌာနသို့ အမြန်တင်၍ ဂျပန်ဆေးရုံသစ်ကြီးသို့ လွှဲပြောင်းပေးသည်။

ရပ်ကွက်ထဲကသိလျှင်ပင် အမေ့ကို ချစ်ခင်လေးစားသော လူငယ်များနှင့် ဘုန်းကြီးရဟန်းပရိသတ်က သွေးလာလှူကြ၍ ကျွန်ုပ်ကိုပင် မလှူလိုက်ရ။ သွေးသွင်းပြီးသည်နှင့် အမေ ချက်ချင်းနေကောင်းလာသည်။ အမေ တစ်ပတ်ခန့် ဆေးရုံပေါ်တွင်နေပြီး ကျန်းမာစွာပြန်ဆင်းတော့ အမေကား ကျွန်ုပ်အား သူ၏အသက်ကို ဆက်ပေးသူအဖြစ် ကျေးဇူးအထူးတင်နေရှာသည်။

ကျွန်ုပ်ကိုလည်း မောင်နှမလေးယောက်ရှိသည့်အနက် အချစ်ဆုံးဟုပြောပါသည်။ ကျွန်ုပ်ကလည်း အဖေ့ထက် အမေ့ကိုပိုချစ်ပါသည်။ အဖေကတော့ ကျွန်ုပ် ရန်ကုန်–မန္တလေးအမြန်လမ်းစီမံကိန်း၊ လေဆော့်အင်းစခန်း၌ တာဝန်ထမ်းဆောင်နေစဉ် (၁၉၈၁) ခုနှစ်အရွယ်တွင် ဆုံးပါးပါသည်။

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့ မနက် (၇း၃၀) နာရီတွင် အမေ ဒေါ်မြခင်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ဆုံးပါးရှာပါသည်။ အသက်အရွယ်ကလည်း (၉၄) နှစ်ရှိပြီဖြစ်သည်။ ထိုအချိန်က ကျွန်ုပ် မြတ်သန္တာရေပေါ်သင်္ဘော စားသောက်ဆိုင်၌ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေသော အချိန်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့မောင်နှမညီအစ်ကိုများ အမေ့အား ကောင်းစွာပြုစုလိုက်ကြရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

မွေးသမိခင်အမေဆုံးတော့ ကျွန်ုပ်တွင် အမေအစားလိုလာပါသည်။ ထို့ကြောင့် မိခင်သဖွယ် ခင်မင်ရင်းနှီးသော အမေဒေါ်သန်းနုအား ကျွန်ုပ်က မိခင်ရင်းသဖွယ် လေးစားခင်တွယ်မိသည်။ အမေဒေါ်သန်းနုကလည်း ကျွန်ုပ်အား သားသဖွယ်ခင်တွယ်ပြီး ဝိဇ္ဇာသားအဖြစ် လက်ခံ၍ မွေးစားသားအဖြစ် ကြေညာအသိအမှတ်ပြုပါသည်။

ထို့ကြောင့် အမေက ကျွန်ုပ်ကိုခေါ်သည်။ ယုံကြည်သည်။ အသိအမှတ်ပြုပါသည်။ ၎င်း၏ မိသားစုကိစ္စ၊ သာသနာပြုကိစ္စများနှင့် ငွေရေးကြေးရေးကိစ္စများကို ကျွန်ုပ်အား တိုင်ပင်တတ်သည်။ အင်းစိန်တောင်ဝင်းထဲမှ သမိုင်း–အုတ်ကျင်းသို့ ကျွန်ုပ်တို့ ပြောင်းလာသောကြောင့် အမေဒေါ်သန်းနုတို့အိမ်ဖြင့်လည်း နီးကပ်သွားသဖြင့် အမေဒေါ်သန်းနုကျွန်ုပ်အိမ်သို့ မကြာခဏလာသည်။ ကျွန်ုပ်ကလည်း အမေ့အိမ်သို့ မကြာခဏသွားသည်။ ထူးဆန်းတိုက်ဆိုင်နေသည်မှာ အမေဒေါ်သန်းနုနှင့် ကျွန်ုပ်တို့မှာ သောကြာသားသမီးများ ဖြစ်နေခြင်းပင်။





အမေဒေါ်သန်းသန်းနုတွင် သားသမီးအရင်းများ သုံးဦးရှိသည်။ အကြီးဆုံးက အထက်တန်းပြဆရာမ ဒေါ်သိန်းသန်းဌေးဦး၊ အလတ်က အလယ်တန်းပြဆရာမ ဒေါ်ဒေလီယာ၊ အငယ်ဆုံးက သောကြာသား မောင်သိုက်ဝန်းဖြစ်သည်။

သူက ရုပ်ရှင်မင်းသား စိုင်းစိုင်းခမ်းလှိုင်နှင့် အတော်တူသည်။ ငယ်စဉ်က အရက်အလွန်သောက်သော်လည်း သဘောအလွန်ကောင်းသည်။ မိဘများနှင့် အစ်မများတာဝန်ကိုလည်း မညည်းမညူ ကျေပွန်စွာထမ်းဆောင်ပေးတတ်သည်။ ပညာလည်းတော်သည်။ နိုင်ငံခြားသင်္ဘောလိုင်းက ဒုတိယအင်ဂျင်နီယာလည်းဖြစ်သည်။

သို့သော် သူက သင်္ဘောလိုက်သည်မှာ အချိန်နည်းနည်း၊ ရန်ကုန်တွင်သာ နေသည်ကများသည်။ အစ်မအကြီးဆုံး ယောက်ျား ဦးမြင့်ဦးက အရက်ဖြတ်ပေးပြီးသင်္ဘောပေါ်သို့ ပြန်တင်သည်။ သို့သော် မမြဲ။ ပြန်ဆင်းပါသည်။

အဘယ့်ကြောင့်နည်းဟုဆိုသော် ရှင်းပါအံ့။ မောင်သိုက်ဝန်းတွင် အတည်ယူထားသော မိန်းမ (၃) ဦးရှိပါသည်။ အတူမပေါင်းသော်လည်း သူက ထိုအိမ်များသို့ ဝင်ထွက်နေဆဲပင်။ ကလေးများလည်းရှိသေးသည်။ ဘာသာရေးတွင်လည်း နှံ့စပ်သည်။ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်နိုင်သည်။

ရဟန်းဝတ်သည်မှာလည်း ဝတ်လိုက်၊ ထွက်လိုက်နှင့် အကြိမ်များနေပြီ။ အရက်ဖြတ်လိုက်တော့မှ သူက ပိုဆိုးပါသည်။ မိခင်နှင့်အစ်မများကို အာခံလာသည်။ အရက်မသောက်တော့သော်လည်း ဦးကာရက်နှင့်ကွမ်းယာက ပါးစပ်နှင့် မပြတ်တော့ပါ။

www.burmeseclassic.com



နောက်ဆုံး သူယူသည်က ရဲအရာခံဗိုလ် အဖိုးကြီးဖြစ်သည်။ ချမ်းသာသည်။ မောင်သိုက်ဝန်းအတွက် အထောက်အပံ့ရသွားသည်။ ရဲမေအဖိုးကြီးက သဘော်ပြန်တင်ပေးပြန်သည်။ သဘော်လိုက်သည်မှာ (၃–လ)။ ကုန်းပေါ်ပြန်နေသည်က (၆) လဖြစ်သည်။ ရသမျှလခများကိုလည်း ဖနီးဟောင်းများအား ထောက်ပံ့သည်။

ရဲမေအဖိုးကြီးမှာ မောင်သိုက်ဝန်းကို ချစ်လွန်း၍ အလိုလိုက်ထားဟန်တူသည်။ ထို့ကြောင့်လည်း မောင်သိုက်ဝန်းက ထင်ရာစိုင်းသည်။ သုံးသည်။ ဖြုန်းသည်။

မောင်သိုက်ကို ကျွန်တော်သဘောကျသည်မှာ နယ်သို့ အမေဒေါ်သန်းနု၏ ဘာသာရေးကိစ္စဖြင့် ခရီးသွားလျှင် မြေကျွမ်းကျင်၍ လမ်းများကို မှတ်မိခြင်းဖြစ်သည်။ ရောက်လေရာနေရာတိုင်း၌လည်း သူ့အပေါင်းအသင်းများက ရှိနေသည်။ တစ်မြို့တစ်နယ်ရောက်သည်နှင့် ပေါ်မလာတော့။

အမေက ခရီးနှောင့်နှေးသည်ကိုမကြိုက်။ ကားပေါ်ပြန်ရောက်သည်နှင့် သားအမိနှစ်ယောက် တစ်လမ်းလုံး စကားများလာကြတော့သည်။ ကြားထဲက ဖြန်ဖြေပေးရသည်က ကျွန်တော်ပင်ဖြစ်သည်။

နောက်ပိုင်းခရီးထွက်တော့ ကျွန်ုပ်က အကြံအဖန်လုပ်ရတော့သည်။ ခရီးကြမ်းခြင်းကို အကြောင်းပြု၍ SALOON ကားကို မငှားတော့ဘဲ TOWN ACE (PICK UP) ကားကြီးကိုသာ ငှားတော့သည်။ ကားကြီးတော့ ချောင်လည်သည်။ လမ်းခရီးအတွက် စိတ်ချရသည်။

အမေဒေါ်သန်းနုက ရှေ့ခန်း၌သာစီးလေ့ရှိပြီး တစ်လမ်းလုံး ရွတ်ဖတ်သရဇ္ဈာယ် မေတ္တာပို့လာသည်။ ထို့ကြောင့် မောင်သိုက်နှင့် ခွဲ





ခြမ်းစီးရသဖြင့် စကားမများနိုင်တော့။ ကားကိုရပ်နိုင်းရန်လည်း ခက်ခဲသွားတော့သည်။

ဒါတောင် မောင်သိုက်က ကားရပ်နား၍ လက်ဖက်ရည်ကော်ဖီသောက်ရာ၌ပင် ပျောက်ပျောက်သွားတတ်၍ သူ့ကို ရှာဖွေစောင့်စားရသည်မှာ အလုပ်တစ်ခုပင်ဖြစ်သည်။ အမေနှင့် ရှေ့ခန်းနောက်ခန်း အလှမ်းဝေးသွား၍ ကျွန်ုပ်တို့ အတော်တော့ နားငြီးသက်သာသွားသည်။

မောင်သိုက်က အမေ့အတွက် မရှိမကောင်း၊ ရှိမကောင်းသည့် သားဆိုးတစ်ယောက်ပင်။ အမေဒေါ်သန်းနုကလည်း မောင်သိုက်အား သန်းခေါင်စာရင်းမှနုတ်ပယ်ပြီး အမွေဖြတ်သည်မှာလည်း အခါခါပင်။ သို့သော် မောင်သိုက်ကမမှုတ်။ အမေ့အိမ်သို့ ဝင်ဆဲထွက်ဆဲ။ ရန်ဖြစ်ဆဲပင်။ အမေ့ထံမှလည်း ရသမျှခွာသည်။ အစ်မများကိုလည်း စည်းရုံးထားသဖြင့် အစ်မများကလည်း မောင်သိုက်ဘက်က လိုက်တတ်သည်။ ထို့ကြောင့် အစ်မများဖြင့် အမေကလည်း တယ်အစေးမကပ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

အထက်တွင်ဆိုခဲ့သလို အမေဒေါ်သန်းနုမှာ ခရီးထွက်ခြင်းကို အလွန်ဝါသနာပါသည်။ သိန်းချိုပေးပြီး ကားငှားတတ်သည်။ ကျွန်ုပ်နှင့် မင်းဘူးရေနံမြေ၊ အောင်တော်မူ ဘုန်းကြီးကျောင်းနှင့် သထုံ-မော်လမြိုင်သို့ အခေါက်ခေါက်ရောက်ဖူးသည်။ အမေနှစ်စဉ်သွားသည်ကတော့ ကျုံပျော်မြို့ဖြစ်သည်။ အမေ၏ မွေးရပ်ဇာတိ၊ ဘခင်ကြီးဦးဘသိန်း ခေါင်းချသွားရာနေရာလည်း ဖြစ်သည်။

နှစ်စဉ်ဧပြီလ (၂၅) ရက်နေ့တွင် ကျုံပျော်မြို့ ဘုရားကြီးကျောင်းတိုက်နှင့် တစ်မြို့လုံးရှိ ဆရာတော်များအားပင့်ဖိတ်၍ နေ့ဆွမ်းကပ်၊ အလှူလုပ်၊ ရေစက်ချပြီး ဖခင်ကြီးနှင့် မိခင်တို့အား ဝေမျှအမျှပေးသည်။ (၂၇) ရက်နေ့တွင် အာရုံဆွမ်းကပ်ပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်သို့ ပြန်နေကြဖြစ်သည်။

ကျွန်ုပ်တို့ ကျုံပျော်မြို့တွင်တည်းခိုသော ဘုရားကြီးကျောင်းတိုက်မှာ ကျယ်ဝန်းပြီး အမေ၏သားယခွင်းတိုက်အုပ် ဦးဥတ္တမသာရ သတင်းသုံးနေသဖြင့် အလှူအတန်း၊ ဝေယျာဝစ္စအတွက် အလွန်အဆင်ပြေသည်။





သီချင်းတော်များကိုသာမက အမေဒေါ်သန်းနု၏ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများကိုလည်း ကျေးမွေးလှူဒါန်း တွေ့ဆုံနိုင်ပါသည်။ အသက်အရွယ်ကြီးလာတော့ အလှူအတန်းလုပ်ရင်း ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများနှင့် တွေ့ဆုံစကားပြောဆိုသည်မှာ လူ့သဘာဝပင် ဖြစ်ပါလိမ့်မည်။

ညပိုင်းတွင် ကျွန်ုပ်တို့ ဘုရားကြီးကျောင်းတိုက်တွင် အနားယူကြရင်း အမေက သူမ၏ငယ်စဉ်ဘဝကို ကျုံပျော်မြို့ကို အခြေခံထား၍ ပြန်ပြောင်းပြောပြတတ်သည်။ ကျုံပျော်မြို့သည် ရောဝတီတိုင်းအတွင်းတည်ရှိပြီး အတွင်းကျသော်လည်း ရေခံ၊ မြေခံကောင်း၍ ဆန်စပါးနှင့် အသီးအနှံအပြင် သားငါးလည်းပေါသည်။

လမ်းပန်းခရီး အဆက်အသွယ်လည်းကောင်းသည်။ ယခင်က ရေးလမ်းခရီးကိုသာ အားကိုးနေရရာမှ ယခုတော့ ဂျော်ဝတီမြစ်ကူးဗိုလ်မြတ်ထွန်းတံတားကြီးကြောင့် နေ့ဝက်ဖြင့် ရန်ကုန်သို့ ခရီးပေါက်သွားလာနိုင်ပြီ ဖြစ်လေသည်။

"ကဲ . . . သားကြီးရေ မင်းက စာရေးဆရာဆိုတော့ ကျုံပျော်မြို့အကြောင်းနဲ့ အမေ့ရဲ့ ငယ်ဘဝ၊ မိခင်၊ ဖခင်တွေအကြောင်း၊ ဆွေမျိုးမိတ်သင်္ဂဟနဲ့ မောင်နှမသားချင်းတွေအကြောင်းပါ ပြောပြမယ်။ ဒီကျောင်းမှာ (၂) ညအိပ်တာတောင် အမေ့အကြောင်းတွေက ပြောလို့ ကုန်မယ်မထင်ဘူး။ ကဲ . . . သားကြီးလက်ဖက်သုပ်စား၊ ရေနွေးကြမ်းသောက်ရင်း နားထောင်ပေရော့ကွယ့်"

"ကျုံပျော်ဆိုတာ မွန်စကားကွယ့်။ ချောင်းသုံးခွဆိုင်နေရာလို့ အဓိပ္ပာယ်ရတယ်။ ဒါးကချောင်း၊ ချင်းယားချောင်းနဲ့ နတ်စင်ငှချောင်းတို့ သုံးခွဆိုင်နေရာမှာ မြို့တည်ထားလို့ ကျုံပျော်လို့ခေါ်တာ။



www.burmeseclassic.com

www.burmeseclassic.com



[illegible] ရှမ်းဘာသာနဲ့ မြို့ရိုးလို့လည်း အဓိပ္ပာယ်ရတယ်။ ကျုံ့ပျော်မြို့ [illegible] 'ကျုံ့ပေါ်'လို့လည်း ခေါ်ခဲ့ကြတယ်။ မြို့ဟောင်းဖြစ်တော့ [illegible]လို့ပေါ့ကွယ်''

မြို့အရှေ့တောင်ဘက်မှာ 'အင်းရဲကြီးအင်း' ရှိတယ်။ အင်းအလယ်မှာ ကျွန်းကြီးရှိတယ်။ အင်းရဲကြီးကျွန်းလို့ခေါ်တယ်။ ကျွန်းပေါ်မှာ မြန်မာနဲ့ကရင်တွေ စုပေါင်းနေထိုင်ကြတဲ့ 'အင်းရဲကြီး'ရွာလည်း ရှိတယ်။ အင်းရဲကြီးကျွန်းက တစ်မိုင်လောက် အချင်းကျယ်ဝန်းတယ်။

ကျွန်းပေါ်မှာ ရေလုပ်ငန်းနဲ့ သီးနှံစိုက်ပျိုးသူတွေ နေထိုင်ကြတယ်။ အင်းရဲကြီးအင်းဟာ အလွန်ထူးဆန်းတယ်။ ပုံသဏ္ဌာန်က အညှာပါတဲ့ ဘူးသီးပုံစံပဲ။ အညှာနေရာက ဒါးကချောင်းနဲ့ ဆက်နေလို့ ရေဝင်တယ်။ အင်းရဲကြီးအင်းထဲမှာ ငါးမြစ်ချင်း၊ ငါးသိုင်းနဲ့ နာမည်ကျော် အင်းရဲကြီးမှျင်ထွက်တယ်။ ပုစွန်တုပ်လည်း ထွက်တယ်။

အင်းရဲကြီးအင်းက ခုနှစ်မိုင်ပတ်လည် ကျယ်ဝန်းတယ်။ ရတဲ့ ငါးတွေကလည်း အကြီးကြီးပဲ။ တချို့ငါးကြီးတွေဆိုရင် သုံးလေးနှစ်သားကလေးလောက်တောင် ရှိတယ်။ အင်းရဲကြီးမှျင်ဆိုတာက မှျင်ငါးပိအနံ့ အကောင်းစား။ တိမ်ခိုးရောင်နဲ့ ပန်းနုရောင် အဆင်း(၂)မျိုးရှိပြီး မင်ဘူး။ ငါးအရသာနဲ့ အလွန်ချိုတယ်။ ရောင်းတန်းစိမ်းစားမှျင်ငါးပိတွေလို သိပ်သည်းဆမများဘူး။ နုနုရွရွကလေးနဲ့ အလွန်အရသာကောင်းတယ်။ အရောင်ကလည်း လှတယ်။

အင်းရဲကြီးမှျင်နဲ့ပတ်သက်တဲ့ အင်္ဂလိပ်ခေတ်က ဇာတ်လမ်းတစ်ပုဒ်ကိုတော့ မင်းအဘ ဦးတင်လာရင် မေးကြည့်ပေတော့။ သူက အင်္ဂလိပ်ခေတ်က စစ်သားဟောင်းကြီး။ သခင်လည်း လုပ်ခဲ့ဖူးတယ်။ ဒါကြောင့် သူ့ကို သခင်တင်လို့လည်း ခေါ်ကြတယ်။





နောက်တစ်ခုက ကျုံ့ပျော်မြို့ မြတ်ချမ်းသာဘုရားကြီးသမိုင်းကို ပြောပြမယ်။ မြတ်ချမ်းသာဘုရားကြီးက ကမ်းနားက အမေတို့အိမ်ဟောင်းအနားက မြဝတီရပ်ကွက်မှာရှိတယ်။ အလွန်တန်ခိုးကြီးတယ်။ အမေတို့မိဘတွေဖြစ်ကြတဲ့ ကျွန်းမာရေးအင်စပက်တော် ဦးဘစိန်နဲ့ ဒေါ်သောင်းလှူဒါန်းခဲ့တဲ့ တန်ဆောင်းကြီးနဲ့ ကြေးဆင်းတုတော်လည်း ရှိတယ်။

မြတ်ချမ်းသာ ဘုရားဆင်းတုတော်ကြီးကို အင်းရဲကြီးအင်း 'ထောက်မနက်' ရေအိုင်ထဲက တံငါသည်တစ်ဦး ငါးဖမ်းပိုက်ဆွဲရင်း ရခဲ့တာ။ မွန်မိဖုရား ဥမ္မာဒန္တီကိုးကွယ်ခဲ့တဲ့ ဘုရားလို့သိရတယ်။ လူခန္ဓာကိုယ် အရွယ်အစားရှိတယ်။ ဣန္ဒာနီလာကျောက်နဲ့ ထုလုပ်ထားလို့ ပတ္တမြားအရောင်အဆင်းရှိတယ်။

၁၉၅၉ ခုနှစ်တုန်းက ကရင်သူပုန်တွေ ကျုံ့ပျော်မြို့ကိုသိမ်းရင်း ဆင်းတုတော်ရဲ့ တင်ပါးတော်အသားကို ပတ္တမြားကျောက်အမှတ်နဲ့ ဖဲ့ယူဖူးတယ်။ မြတ်ချမ်းသာဘုရားရုပ်ပွားတော်မြတ်ဟာ မကြာခဏ ရောင်ခြည်တော် ကွန့်မြူးလေ့ရှိတယ်။

မြတ်ချမ်းသာဘုရားဝင်းထဲမှာ မြွေပေါလို့ မြွေဘုရားလို့လည်း ခေါ်ကြတယ်။ ဒါပေမဲ့ မြွေတွေက လူတွေကို အန္တရာယ်မပြုပါဘူး။ သူ့ဘာသာ ဘုရားဖူးလာကြတာပါ။ ဟင်္သာကုလားတွေလည်း မကြာခဏ လာရောက်ပူဇော်လေ့ရှိတယ်။ အလွန်တန်ခိုးကြီးတဲ့ ဘုရားပဲ။

နောက်ပြီး မြတ်ချမ်းသာဘုရားကြီးက ကျုံ့ပျော်မြို့ကို စောင့်ရှောက်တယ်။ နိမိတ်ပြ သတိပေးတတ်တယ်။ ဘုရားကြီး မျက်နှာတော်တစ်ခြမ်းမည်းလာရင် နိမိတ်မကောင်းဘူး။ ကျုံ့ပျော်မြို့မှာ မီးလောင်တတ်တယ်။ နောက်ပြီး မြို့ထဲရွာထဲမှာလည်း ကာလဝမ်းရောဂါ ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါနဲ့ ကျောက်ကြီးရောဂါတွေ ဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့် ဘုရားကြီးနိမိတ်ပြရင် တစ်မြို့လုံး သတိထားကြရတော့တယ်။

မြတ်ချမ်းသာဘုရားကြီးကို ကျုံ့ပျော်မြို့က ရတုန်းကလည်း အလွယ်နဲ့ရတာမဟုတ်ဘူး။ 'ထောက်မနက်အိုင်' က ကျုံ့ပျော်မြို့နဲ့ ကျောင်းကုန်းမြို့အကြားမှာရှိတော့ မြို့နှစ်မြို့အကြားမှာရှိတော့ မြို့နှစ်မြို့'ရေခလောက်' ဆွဲကြရသေးတယ်။ အဲ့ဒါ ကျုံ့ပျော်မြို့ဘက်ကို ဘုရားကြီးက ပါလာတာမို့ မြတ်ချမ်းသာဘုရားကြီးကို ကျုံ့ပျော်မြို့မှာ ပူဇော်နိုင်တာပေါ့ သားရယ်။

နောက်တစ်ခုက ကျုံ့ပျော်၊ ချောင်းသုံးခွ၊ တစ်ဖက်ကမ်း သံလျက်စွန်းရွာက စေတီကြီးအကြောင်း ပြောရဦးမယ်။ ကိုးနဝင်းစေတီတော်ကြီးလို့ ခေါ်တယ်။ စေတီတော်ကြီးကို အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘုရားစေတီ (၄) ဆူရံထားတယ်။

အရှေ့ဘက်ကဘုရားကို မိုးကောင်းဘုရား ခေါ် ချစ်တီးဘုရားလို့ခေါ်တယ်။ အနောက်ဘက်ဘုရားကတော့ သံလျက်စွန်းရွာဘက်လှည့်ထားလို့ ရွာဘက်လှည့်ဘုရားလို့ခေါ်တယ်။ တောင်ဘက်မှာတော့ မတ်တတ်ရပ်ကိုယ်တော်ကြီးနဲ့ တစ်ဝဂ္ဂဘုရားရှိတယ်။ အနောက်ဘက်မှာတော့ တောဘက်လှည့်ဘုရားနဲ့ ရေကန်ကြီးရှိတယ်။

အမေ အစောကပြောခဲ့သလို ချောင်းသုံးခွဆိုတာဟာ နတ်စင်ငူချောင်းနဲ့ ချင်ယားချောင်း၊ ဒါးကချောင်းတို့ ပေါင်းဆုံတဲ့နေရာပဲ။ ချောင်းတွေက အကျယ်ကြီးမဟုတ်ဘူး။ ပေ (၁၀၀) ကျော်လောက်ပဲ ကျယ်လိမ့်မယ်။

အမေတို့နေတဲ့ ကျုံ့ပျော်မြို့နဲ့ သံလျက်စွန်းက နတ်စင်ငူချောင်းခြားထားတယ်။ စဲပေါင်ရွာနဲ့တော့ ဒါးကချောင်းက ခြားထားတယ်။ ကျုံ့





ပျော်ဘက်ကမ်းက အရင်က သဘော်ဆိပ်ပဲ။ ဒါးကချောင်းကတစ်ဆင့် ရန်ကုန်ကိုသွားရတာ။ အဲဒီတုန်းက ရေလမ်းခရီးပဲ အားကိုးရတာ။ ကုန်းလမ်းခရီးက ရောဝတီမြစ်ကြီးခံနေလို့ တိုက်ရိုက်သွားလို့ မရသေးဘူး။ ဒါကြောင့် ကျုံ့ပျော်ဆိပ်ကမ်းက အလွန်စည်ကားတယ်။

သံလျက်စွန်းရွာက ကိုးနဝင်းစေတီကြီးအကြောင်း ဆက်ပြောရဦးမယ်။ ကိုးနဝင်းစေတီမှာ စေတီရံ (၄)ဆူရှိတဲ့အနက် မိုးကောင်းဘုရား ခေါ် ချစ်တီးဘုရားက တန်ခိုးအကြီးဆုံးပဲ။ ချစ်တီးကုလားတွေ အများဆုံး ကိုးကွယ်ကြတယ်။ (၇) ရက်တစ်ကြိမ် ချစ်တီးကုလားအုပ်စု လာပြီးဘုရားဝတ်ပြုကြတယ်။

တစ်နှစ်တစ်ကြိမ် သီတင်းကျွတ်လပြည့်နေ့မှာ ဘုရားပွဲကျင်းပတယ်။ ကုန်းပွဲရေပွဲလည်း လုပ်တယ်။ ကုန်းပွဲရေပွဲဆိုတာက ကုန်းပေါ်မှာ မီးပုံးပျံလွှတ်ပွဲ၊ ဘဲလွှတ်ပွဲတွေလုပ်ပြီး ချောင်းထဲမှာ လှေလှော်ပြိုင်ပွဲလုပ်တာပါ။ အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲလည်း လုပ်တယ်။ ရွာသားတွေ ယှဉ်ပြိုင်ကြတာပေါ့။ ချစ်တီးကုလားတွေက ဆုတွေလည်း ချတယ်။

ပထမဆု (၁၀၀) ကျပ်၊ ဒုတိယဆု (၇၅) ကျပ်၊ တတိယဆု (၅၀)ကျပ်ပေါ့။ အဲဒီတုန်းက ငွေ(၁၀၀)ကျပ်၊ (၅၀)ကျပ်ဆိုတာ အတော်တန်ဖိုးရှိတာ။ ရွှေတစ်ကျပ်သားမှ (၂၅၀) ကျပ်လေ။

ချစ်တီးကုလားတွေ မိုးကောင်းဘုရားကို ပူဇော်ယုံကြည်ကြတာလည်း သမိုင်းနောက်ခံရှိတယ်။ ၁၉၃၂ ခုနှစ် အင်္ဂလိပ်ခေတ်မှာ ကုလား–မြန်မာ အဓိကရုဏ်းဖြစ်တယ်။ ကျုံ့ပျော်မြို့မှာ ဝမ်းရောဂါတွေလည်း ဖြစ်ကြတယ်။

အဲဒီတုန်းက ကျုံ့ပျော်မြို့လယ်မှာ ချစ်တီးတန်းဆိုတာရှိတယ်။ လယ်အပေါင်ခံ၊ အိမ်အပေါင်ခံတဲ့ ချစ်တီးတွေပေါ့။ အော်ဒီမှလို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့စာချုပ်တွေနဲ့ မြန်မာတွေအပေါ်မှာ ဖိနှိပ်ထားကြတာ။ အင်္ဂလိပ်အစိုးရကလည်း ချစ်တီးတွေဘက်က ရပ်တည်တယ်။ ဒါကြောင့် အဓိကရုဏ်း ဖြစ်ကြတာ။

အဲဒီအချိန်မှာ ချစ်တီးခေါင်းဆောင်ကို ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကြီးက အိပ်မက်ပေးသတဲ့။ ဒီအဖြစ်ဆိုးတွေ ချုပ်ငြိမ်းစေအောင် သံလျက်စွန်းဘက်ကမ်းက မိုးကောင်းဘုရားမှာ အပတ်စဉ်အဖွဲ့နဲ့ ပူဇော်ကန်တော့ပြီး နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှာ ကုန်းပွဲရေပွဲနဲ့ ဘုရားပွဲလုပ်ဖို့ ညွှန်ကြားတာ။ သူတို့ကလည်း နှစ်စဉ်ပွဲခံပြီး ပူဇော်ပါတယ်။ ဒါကြောင့် မိုးကောင်းဘုရားကနေ ချစ်တီးဘုရား အမည်ပေါက်သွားတာပဲ။

ချစ်တီးဆိုတဲ့အတိုင်း ပွဲလာပရိတ်သတ်ကို ကျွေးမွေးတာကတော့ ထမင်းဟင်းမဟုတ်ဘူး။ ရှာလပတ်ရည်လို့ခေါ်တဲ့ အချိုရည်နဲ့ ကွမ်းယာပဲ အလကားကျွေးတာ။ ဘယ်ကလောက် ကပ်စေးနှဲကြသလဲ ဆိုတာ သိအောင် အမေပြောပြတာပါ။

နောက်တစ်ခု ကျုံပျော်မြို့မှာ ထင်ရှားတာက အမေတို့ အခုတည်းခိုနေတဲ့ ဘုရားကြီးကျောင်းတိုက်ထဲက ပြည်လုံးပေါ်ဘုရားကြီးပဲ။ လွတ်လပ်ရေးအကြိုခေတ် (၁၂၈၇) ခုနှစ်မှာ ဖာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်ကြီး တည်ခဲ့တာ။ သံပုဏ်ဂလန်တိုင်ကြီးတွေနဲ့ တောင်ကုန်းပေါ်မှာ အလွန်သပ္ပာယ်လှတယ်။

၁၉၉၁ ခုနှစ်မှာ ဂရိတ်ဦးဖိုးစိန်ကြီး၏ မြေးများဖြစ်ကြတဲ့ ဦးသိန်းဖေနဲ့ ဒေါ်သန်းသန်းတို့က ငွေကျပ်သိန်း (၉၀) အကုန်ကျခံပြီး ထပ်မံပြုပြင်ခဲ့တယ်။ ယခုခေတ်ဈေးအရတော့ သိန်း (၉၀၀) မက တန်ဖိုးရှိမှာပေါ့။ ဘုရားကြီးအပေါ်မှာ ကျောက်မြှုသားခင်းပြီး မျက်နှာကြက်





ကလည်း ကျောက်ပြားတွေကပ်ထားလို့ အလွန်အေးချမ်းဆိတ်ငြိမ်တဲ့နေရာပဲ။

နေ့လယ်နေ့ခင်း နေပူချိန်များမှာ ဘုရားကြီးအပေါ် သွားပြီး အနားယူရင်း တရားထိုင်၊ ပုတီးစိပ်ရင် အလွန်ကောင်းတာ။ သားတို့လည်း ဘုရားသွားဖူးရင်း အလှူငွေလည်းထည့်ပါ၊ လှေလာပါ။ ပူဇော်ပါ။ ဘုရားအလှူရှင်တွေကိုလည်း မေတ္တာပို့အမျှဝေပါ။ ဒီကျောင်းဝင်းအတွင်းက ဂမ္ဘီရနယ်မြေတွေဖြစ်လို့ အပြောအဆိုအနေအထိုင် ဆင်ခြင်ပါ။

ကဲ . . . အမေလည်း စကားပြောရတာ မောပြီ။ ည(၉) နာရီလည်း ထိုးတော့မယ်။ အမေတို့ ငယ်ဘဝအကြောင်းကိုတော့ မနက်ဖြန်ညကျမှ ဆက်ပြောတော့မယ်။ အမေလည်း ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး တရားထိုင်ဖို့ အလုပ်တွေရှိသေးတယ်။ သားတို့လည်း ဘုရားဝတ်ပြုပြီး ကျောင်းဝင်းအတွင်းက မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်တွေနဲ့ ရဟန်းသံဃာတွေကို အမျှဝေ၊ မေတ္တာပို့ပြီးမှအိပ်ကြပါ။ အကြောင်းရှိလို့ အမေ သတိပေးတာပါ”

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့ စောစောထကြပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ အမျှအတန်းဝေပြီး နာမည်ကြီး ကျုံပျော်မုန့်ဟင်းခါးကို စားကြသည်။ အမေနှင့် ဦးပဉ္စင်းဦးဉာဏမသာရတို့ကတော့ ဆွမ်းချက်ဝေယျာဝစ္စအဖွဲ့ဝင် အမျိုးသမီးများနှင့် နေ့ဆွမ်းဆပ်ကပ်ရန်အတွက် ပြင်ဆင်နေကြသည်။

ကျွန်ုပ်၊ မောင်သိုက်နှင့် ကားဆရာ မောင်သောင်းလှိုင်တို့ကတော့ မနက်လက်ဖက်ရည်ထွက်သောက်ရင်း ကျုံပျော်မြို့ပေါ်ရှိ မြို့ဦးကျောင်း၊ ဖန်ခါးကုန်းကျောင်း စသဖြင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီးများနှင့် အမေ၏ ဆွေမျိုးမိတ်သင်္ဂဟများအား နေ့လယ်စာ စားကြရန် လိုက်ဖိတ်ပါသည်။

မြတ်ချမ်းသာဘုရားကြီးသို့လည်း ရောက်သည်။ ချောင်းသုံးခွသို့လည်း ရောက်လာသည်။ ဈေးထဲသို့လည်း ရောက်သည်။ အမေဒေါ်သန်းနု၏ မိတ်သင်္ဂဟများမှာလည်း တစ်မြို့လုံးအနှံ့ဖြစ်သည်။





နေ့လယ် (၁၁) နာရီခန့်တွင် သံဃာတော်များအား ဆွမ်းနှင့် ဝတ္ထုငွေများ ကပ်လှူပူဇော်ပါသည်။ ပြီးနောက် တရားနာ ရေစက်ချသည်။ ပြီးမှ ကြွရောက်လာသော လူထုပရိတ်သတ်အား နေ့လယ်စာ ကျွေးမွေးဧည့်ခံပါသည်။ ထိုအချိန်တွင် အဘဦးတင် ဆိုက်ကားကြီးဖြင့် ကျောင်းဝင်းအတွင်းသို့ ရောက်ရှိလာသဖြင့် ကျွန်ုပ်တို့ ကြိုဆိုကြရသည်။

"အဘ ... နေကောင်းရဲ့လား"

"အေး ... ကောင်းပါတယ်"

"အဘ ဘာကြောင့် နောက်ကျနေတာလဲ"

"အိပ်ရာထ နောက်ကျတယ်။ ဘုရားဝတ်ပြု၊ တရားထိုင်နေလို့ နည်းနည်းနောက်ကျသွားတယ်"

အဘ၏ ခြေထောက်တစ်ဖက်မှာ ပတ်တီးစည်းထား၍ ကျွန်ုပ်တို့က တွဲခေါ်ရသည်။ အဘမှာ အသက် (၉၀) ကျော်ပြီဖြစ်၍ ယခင်နှစ်များကလောက် မြန်ဆန်သွက်လက်ခြင်းမရှိတော့။ သို့သော် စကားပြောတော့ သွက်လက်ပါသေးသည်။ လည်ခေါင်းတုံး အင်္ကျီအဖြူပေါ်တွင် တိုက်ပုံဝတ်၍ ယောပုဆိုးနှင့် ခန့်ညားသပ်ရပ်နေဆဲပင်။ ကျွန်ုပ်တို့တွဲခေါ်တော့ အဘက ...

"လူကလေးတို့ ... အဘလျှောက်နိုင်ပါတယ်။ မတွဲပါနဲ့။ အဘကို လူမမာကြီးလို့ ထင်နေပါဦးမယ်။ အဘက ရှက်တတ်တယ်"

အဘကို စားပွဲဝိုင်းတွင် ထိုင်နိုင်းပြီး ထမင်းကျွေးတော့လည်း ကောင်းစွာစားနိုင်ပါသည်။ ထမင်းစားပြီး လက်ဖက်ရည်ကြမ်းဝိုင်းတွင်ထိုင်နေ၍ အမေဒေါ်သန်းနုရောက်လာပြီး အဘဦးတင်အား ငွေလှူပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတင် အသက်ရာကျော်ရှည်ပါစေ"

ကျွန်တော်ကလည်း ငွေတစ်ထောင်လှူပြီး . . .

"အဘဦးတင် အသက်ရာကျော်ရှည်ပါစေ"

"ဟဲ့ . . . ငါ့မြေးရဲ့၊ အဲဒီဆုတော့ မလိုချင်ဘူးကွယ့်။ အခု (၉၄)နှစ်ပဲရှိသေးတာတောင် ခန္ဓာကိုယ်က ဖောက်ပြန်ချင်နေပြီ။ အရင်လို လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ ဆိုက်ကားကိုပဲ အားကိုးနေရတော့တာ"

"အဘခြေထောက်က အနာကရော ဘယ်လိုဖြစ်တာလဲ။ အခုအထိ မကျက်နိုင်တာ ဘာဖြစ်လို့လဲ"

"ယခင်ခေတ်က အလှူငွေကောက်ခံရင်း သေနတ်မှန်တာပါ . . . လူကလေးရယ်။ အနီးကပ်အပစ်ခံရတော့ ကျည်ဆန်က ခြေဖမိုးကို ဖောက်သွားတာ။ ယမ်းပါ အသားထဲကျန်ခဲ့တော့ အနာက မကျက်နိုင်ဘူးဖြစ်နေတယ်။ ပျောက်လိုက်၊ ပြန်ဖြစ်လိုက်ပေါ့ကွာ။ အဘကလည်း ပေတော့ ဆရာဝန်နဲ့မပြဘဲ ဆေးမြီးတိုနဲ့ပဲ ကုခဲ့တာ အခုအသက်ကြီးမှ ဆရာဝန်နဲ့ကုတာ မပျောက်ပါဘူး။ သေရာပါဒဏ်ရာပေါ့ကွယ်"

"အဘက အင်္ဂလိပ်ခေတ်က စစ်သားဟောင်းကြီးဆို။ အဲဒီအကြောင်းတွေကို ပြောပြပါလား အဘ"

"အေး . . . ဟုတ်တယ်ကွ။ အင်္ဂလိပ်ခေတ်က တပ်ကြပ်အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့တာ ဆာဂျင်လို့ခေါ်မှာပေါ့။ မန္တလေးမှာ တာဝန်ထမ်းဆောင်ခဲ့ရတာ။ တပ်ကထွက်တော့လည်း အရေးတော်ပုံမှာ သခင်လုပ်ခဲ့တာပေါ့။ အခု ခြေထောက်ကဒဏ်ရာက တပ်ထဲတုန်းက စစ်မှုထမ်းရင်းရခဲ့တာ မဟုတ်ဘူးကွ။ သခင်လုပ်တုန်းက ရပ်ရွာလှည့်ရန်ပုံငွေကောက်ခံရင်း သေနတ်အမှန်ခံရတာ"





"အဘရဲ့ စစ်ကြိုခေတ်အတွေ့အကြုံတွေကို ပြောပြပါဦး"

"အဘတို့တပ်က မန္တလေးနန်းတွင်းမှာ တပ်စွဲထားတာ။ မြို့တော်လုံခြုံရေးတပ်ပေါ့။ အဘတို့တပ်ရင်းမှူးက မေဂျာစမစ်လို့ခေါ်တယ်။ အင်္ဂလိပ်ကြီးပဲ။ အင်မတန်စည်းကမ်းကြီးတယ်။ အောက်လက်ငယ်သားတွေကိုတော့ ညှာတာထောက်ထားပါတယ်။

မန္တလေးနန်းတွင်းဆိုတာကလည်း အုတ်ရိုးကာထားတာ ကြာလာတော့ ထောင်ကျနေသလိုပါပဲ။ အပြင်ထွက်ခွင့်လည်း မရတော့ ပျင်းရော အလွန်ကောင်းတယ်။ ဒါကြောင့် အဘလည်း ရိက္ခာလာသွင်းတဲ့ ကုန်သည်တွေနဲ့ပေါင်းပြီး ကြေးနန်းစာအတု လုပ်ရတော့တာပေါ့။

ယုတ္တိရှိအောင်လည်း ရန်ကုန်ကကုန်သည်တွေက မြစ်ဝကျွန်းပေါ်ဘက်ကတစ်ဆင့် ကြေးနန်းရိုက်ပေးတာ။ 'တပ်ကြပ်မောင်တင် . . အဖေဆုံးပြီ၊ အမြန်လာ' ဆိုပြီး အမေကရိုက်ပေးတဲ့ ပုံစံပေါ့။ အမှန်က အဘအဖေဆုံးတာက ကြာပြီပဲ။ ကြေးနန်းအရတော့ အဘက တပ်ရင်းမှူး မေဂျာစမစ်ကိုသွားပြပြီး ခွင့်တိုင်ရတော့တာပေါ့။ မေဂျာစမစ်က ကြေးနန်းကို အသေအချာဖတ်ပြီး . . .

"ဆာဂျင်မောင်တင် . . . မင်းအဖေက အသက်ဘယ်လောက်ရှိပြီလဲ"

လို့မေးတယ်။

"အသက် (၇၀) ကျော်ပါပြီ"

လို့ဆိုတော့ . . .

"အသက်ကြီးလို့ ဆုံးတာဖြစ်မယ်။ ဝမ်းနည်းစရာမရှိဘူး"

လို့ ပြောတယ်။ အဘလည်း အတော်ဒေါပွသွားတယ်။ ဒါပေမဲ့ ခွင့်မရမှာစိုးလို့ ငြိမ်ပြီးနေရတယ်။ မေဂျာက ခေတ္တစဉ်းစားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာက အေးချမ်းပါတယ်။ မောင်မင်းကို ခွင့်ပေးမယ်။ ဘယ်နှရက်ယူမလဲ"

လို့မေးတယ်။

အဘက ...

"ကျွန်တော်တို့ ကျုံပျော်မြို့က ရန်ကုန်နဲ့တောင် အတော်အလှမ်းဝေးတယ်။ မန္တလေးက ရန်ကုန်ကို မီးရထား တစ်ညအိပ်စီးရမယ်။ ရန်ကုန်ကနေ ကျုံပျော်ကို မီးသင်္ဘော (၂) ညအိပ်စီးရတယ်။ ဒါကြောင့် အသွားအပြန်လမ်းခရီးမှတင် (၇) ရက်လောက်ကြာမယ်။ ဟိုမှာနေတာနဲ့ (၂) ပတ်လောက် အချိန်ပေးပါဆိုတော့ ..."

"နှစ်ပတ်တော့မရဘူး ...လူကလေး။ တပ်ထုံးစံက ခရီးနီးရင် (၃) ရက်၊ ခရီးဝေးရင် (၇) ရက်ပဲ ခွင့်ပြုတယ်။ နောက်ပြီး လူကလေးက ရိုးရိုးတပ်သားမဟုတ်ဘူး။ ဆာဂျင်၊ တပ်ကြပ်။ ဒါပေမဲ့ လူကလေးကိုသနားလို့ ခွင့်(၁၀)ရက်ပေးလိုက်မယ်။ အရောက်ပြန်လာပါ။ လူကလေးဟာ မြို့ပြဝန်ထမ်းမဟုတ်ဘူး၊ စစ်သားပါ။ ဒါကြောင့် အမိန့်ကို အတိအကျလိုက်နာပါ"

လို့ပြောပြီး ခွင့်(၁၀)ရက်ကို လက်မှတ်ထိုးပေးတယ်။ အဘကလည်း ခွင့်ပေးသမျှယူပြီး နေချင်သလောက်နေမယ်လို့ ဆုံးဖြတ်ပြီး သားဆိုတော့ အသာပဲထွက်ခဲ့တယ်။

မီးရထားတစ်တန်၊ မီးသင်္ဘောတစ်တန်နဲ့ (၃)ရက် လောက်ကြာတော့ ကျုံပျော်ကိုရောက်တယ်။ ကျုံပျော်ကိုလည်း မရောက်တာကြာတော့ မြို့ခံအပေါင်းအသင်းတွေနဲ့တွေ့ လည်ကြ၊ ပတ်ကြ၊ စားကြသောက်ကြရင်း ခွင့်(၁၀)ရက်ပြည့်သွားတယ်။





အဘလည်း ခွင့်ရက်ကိုမေ့ထားလိုက်ပြီး ကျုံပျော်မှာ ပျော်ပျော်ကြီးနေတော့တာပေါ့။ အရက်(၂၀)လောက်ရှိမှ မန္တလေးကိုပြန်ဖို့ သတိရလာတယ်။ စည်းကမ်းကြီးလှတဲ့ အင်္ဂလိပ်ကြီး၊ မေဂျာစမစ်ရဲ့ နီရဲပြီး ဒေါကန်နေတဲ့မျက်နှာကြီးကို မြင်ယောင်လာတယ်။

အပေါင်းအသင်းတွေနဲ့ တိုင်ပင်တော့လည်း နေလက်စနဲ့ ဆက်နေဖို့ ဆွဲထားကြပြန်တယ်။ အဘက အဲဒီခေတ်က ရှားရှားပါးပါး အင်္ဂလိပ်တပ်က စစ်သား။ နောက်ပြီး တပ်ကြပ်အဆင့် ဆာဂျင်။ ဒါကြောင့် မပြန်လို့က မဖြစ်ဘူး။ မပြန်ရင် စစ်ပြေးမှုနဲ့ ထောင်တစ်နှစ်လောက်ကျမှာ။

တပ်ပြန်ရင်တော့ သက်ညှာစွာနဲ့ စစ်အချုပ်ခန်းထည့်မလား၊ ရာထူးချခံရမလား တစ်ခုခုပဲ။ အလျှောက်ကောင်းရင်တော့ အထောင်းသက်သာမှာပေါ့။ ဒါကြောင့် အဘလည်း မင်းတို့ခေတ်စကားနဲ့ ပြောရရင် အကြံအဖန် လုပ်ရတော့တာပေါ့"

"ဘယ်လိုအကြံအဖန်လုပ်သလဲ အဘ"

"ဒီလိုပေါ့ကွာ ...။ အင်္ဂလိပ်ကြီးကျေနပ်အောင် ဘာနဲ့ လက်ဆောင်ပေးပြီး ချော့ရမလဲ စဉ်းစားရတာပေါ့။ နောက်ဆုံးတော့ အကြံတစ်ခုရတယ်။ အဘတို့ဒေသ အင်းရဲကြီးအင်းကထွက်တဲ့ အင်းရဲမှျင်ဆိုတာ အလွန်အရသာရှိလှတယ်။

မှျင်ဆိုပေမယ့် ဈေးထဲမှာရောင်းတဲ့ မှျင်ငပိလို မစိုဘူး။ သိပ်သည်းဆ မများဘူး။ မွမွကလေး။ ကြော်စားရင် အလွန်ချိုပြီး အရသာရှိတယ်။ မှျင်နှစ်မျိုးနှစ်စားရှိတယ်။ တိမ်ခိုးရောင်မှျင်က ပိုဈေးကြီးတယ်။ လိုချင်တိုင်းလည်း ဝယ်လို့မရနိုင်ဘူး။ တစ်ပတ်လောက်အချိန်ယူပြီး ကြိုတင်မှာမှ ရနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘလည်း ခွင့်ရက်ကျော်နေတာမို့ အင်းရဲကြီးအင်းဘက် ဖုတ်ပူမီးတိုက် စက်ဘီးကလေးနဲ့ အပြေးသွားဝယ်တာ ပထမတန်းစား တိမ်နိုးရောင်မရဘဲ ဒုတိယတန်းစား ပန်းနုရောင် မှျင်တစ်ပိဿာပဲရတော့တယ်။

နောက်တစ်နေ့မနက်မှာ အဘလည်း မီးသဘော်နဲ့ ရန်ကုန်ကိုပြန်ခဲ့တယ်။ (၂) ညအိပ်စီးပြီးမှ ရန်ကုန်ကို မနက်ပိုင်းရောက်တယ်။ မီးရထားလက်မှတ်အဆင်ပြေလို့ လမ်းမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့မနက်စောစောမှာ မန္တလေးနန်းတွင်းက တပ်ထဲကို ပြန်ရောက်တယ်။ အချိန်က မနက်(၇)နာရီလောက်ပဲ ရှိသေးတယ်။

အဘလည်း ကားတိုက်ထဲက အိပ်ရာမှာပါလာတဲ့ အဝတ်အိတ်ကလေးနဲ့ လက်ဆောင်ပေးလိုက်တဲ့ ပစ္စည်းလေးတွေထားတော့ အပေါင်းအသင်းနဲ့ လက်အောက်ငယ်သားတွေက ဝိုင်းပြောကြတယ်။ အဘကို တပ်ရင်းမှူးမေဂျာစမစ် အရမ်းစိတ်ဆိုးနေသတဲ့လေ။ ဆိုးပေမပေါ့။ ခွင့်(၁၀) ရက်လောက်ပေးလိုက်တာ ရက် (၃၀) လောက် ဖြစ်သွားတော့တာကိုး။

အဘကို ကွာတားချမလား၊ ရာထူးချမလား၊ တစ်ခုခုပဲလို့ ထင်ကြေးပေးကြတယ်။ အဘကလည်း ဖြစ်ချင်တာဖြစ်ပါစေ။ ကိုယ်လည်း နေချင်သလို နေခဲ့ပြီးပြီပဲဆိုပြီး အင်းရဲကြီးမှျင်ထုပ်ကလေး ရင်မှာပိုက်ပြီး မေဂျာစမစ်ရဲ့ ရုံးခန်းအိမ်ကြီးကို လာခဲ့တယ်။ မေဂျာစမစ်ဟာ အဘကိုမြင်တာနဲ့ စီးဟောက်တော့တာပဲ''

''ဝုပ်သဟဲ ... ဆာဂျင်မောင်တင် မောင်မင်းခွင့် (၁၀) ရက်ပေးတာ တစ်လလောက်ကြာတယ်။ မောင်မင်းဟာ ဗြိတိသျှစစ်တပ်ကစစ်သား။ ခွင့်ရက်ကျော်တာ စစ်စည်းကမ်းဖောက်တာပဲ။ မောင်မင်း





ကို ပြင်းပြင်းထန်ထန် အပြစ်ပေးအရေးယူရမယ်။ အကြောင်းပြချက်ကို ထုချေဖြေရှင်းပါ''

''မှန်ပါတယ် ... မေဂျာ။ (သခင်ကြီးဟုမခေါ်ပါ)။ ကျွန်တော် မန္တလေးက ရန်ကုန်ကို မီးရထားစီးတာ တစ်ညအိပ် (၂) ရက်ကြာပါတယ်။ တစ်ခါ ရန်ကုန်က ကျုံ့ပျော်မြို့ကို မီးသဘော်စီးတာ (၂) ညအိပ် (၃) ရက်ကြာပါတယ်။

လမ်းခရီးအသွားမှာ (၇) ရက်နီးနီး၊ အပြန်မှာ (၇) ရက်နီးနီး ကြာတော့ အသွားအပြန် (၂) ပတ်လောက် အချိန်ကုန်သွားပါတယ်။ ဖခင်အသုဘရက်လည်တောင် မီရုံကလေးပါပဲ။ ကျုံ့ပျော်မြို့မှာလည်း မိသားစု စားဝတ်နေရေးကိစ္စတွေကို စိတ်ချရအောင် စီစဉ်ပေးပြီး မေဂျာအတွက် BREAKFAST စားဖို့ အင်းရဲကြီးမှျင်အကောင်းစားကို စောင့်ယူနေရလို့ ရက်တွေ ကြာသွားတာပါ''

''ဝုပ်သတဲ ... အင်းရဲကြီးမှျင် ဘာကောင်းသတုံး''

''ဟုတ်ကဲ့ ... မေဂျာ။ BREAKFAST မစားရသေးဘူး မဟုတ်လား။ ကျွန်တော် စီစဉ်ပေးပါ့မယ်။ အင်းရဲကြီးမှျင်နဲ့ စီစဉ်ထားတဲ့ BREAKFASTကို စားပြီးမှ မေဂျာကျွန်တော့်ကို ကြိုက်သလို အရေးယူပါ''

လို့ ပြောပြီး မေဂျာစမစ်အိမ်က မီးဖိုခန်းထဲကို ခပ်တည်တည် ဝင်ခဲ့တယ်။ မီးဖိုခန်းထဲမှာတော့ မေဂျာစမစ်ရဲ့ ထမင်းချက်ဟူစိန်က မစ္စတာစမစ်ကို မနက်စာကျွေးဖို့ ကြက်ဥကြော်ပြီး ပေါင်မုန့်ကို မီးကင်ဖို့ စီစဉ်နေတယ်။

အဘတင်က ဒယ်အိုးသန့်သန့်တောင်းပြီး အင်းရဲကြီးမှျင်လက်တစ်ဆုပ်စာကို ပဲဆီနဲ့ ရွရွကလေး ကြော်တယ်။ အင်းရဲကြီးမှျင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ အလွန်နူးညံ့လို့ ကျက်ရုံပဲကြော်ရတာ။ တူးမသွားအောင်လို့ အတော် ဂရုစိုက်ရတယ်။

ပြီးတာနဲ့ ပေါင်မုန့်မီးကင်ပေါ်မှာ ထောပတ်သုတ်သလို သုတ်ပေးရတာ။ ဆားကလေးနဲ့ မှျင်ကြော်ကို ကလော်ပြီး ထောပတ်သုတ်သလို သုတ်ပေးရတာ။ အဲဒီအချိန်မှာ ထမင်းချက်ဟူစိန်က ကော်ဖီဖျော်ပြီးနေပြီ။ မစ္စတာစမစ်ရှေ့ကို ပေါင်မုန့်မီးကင် မှျင်သုတ်နဲ့ ကော်ဖီကို အဘာကချပေးတယ်။ ထမင်းချက်ဟူစိန်က ကြက်ဥ ကြော်နဲ့ လက်သုတ်ပဝါကို ချပေးတယ်။

"သုံးဆောင်ပါ ... မေဂျာ။ အရသာမရှိဘူး၊ မကောင်းဘူး ဆိုရင် ကျွန်တော့်ကို ကြိုက်သလိုအပြစ်ပေးပါလို့ ရဲရဲတင်းတင်း ပြော လိုက်တယ်ဆိုရင်ပဲ အင်္ဂလိပ်ကြီးလည်း ပေါင်မုန့်မီးကင် မှျင်သုတ်ကို မရဲတရဲ စမ်းစားကြည့်ပြီး အရသာတွေ့တာနဲ့ ကော်ဖီတစ်ကျိုက် ပေါင် မုန့်တစ်ကိုက် စားသောက်ရင်း ...

"'ဘဲရီးဂွတ်တော့စ် ... ဆာဂျင်မောင်တင်။ မောင်မင်းကို ခွင့် လွှန်တဲ့အပြစ်က ခွင့်လွှတ်တယ်။ နောင် မောင်မင်း ကျုံပျော်ပြန်ရင် ခွင့်ရက်များများပေးမယ်။ သိုင်းခရူ'"

လို့ ပြောတော့တယ်။ အဲ့ဒီနေ့ကစပြီး အဘလည်း မေဂျာစမစ် ရဲ့ ယုံကြည်မှုကို ရသွားတော့တာပဲ"

✿ ✿ ✿

❑

ဒုတိယကမ္ဘာစစ်ဖြစ်လို့ ဂျပန်အဝင် အင်္ဂလိပ်တွေ အိန္ဒိယကို ပြေးတော့ မေဂျာစမစ်က အဘကို လိုက်ခဲ့ဖို့ခေါ်ပါတယ်။ အဘလိုက် မသွားဘူး။ တပ်ထဲကထွက်ပြီး ရန်ကုန်ကတစ်ဆင့် ကျုံပျော်ကို ဖြစ် သလိုပြန်ခဲ့တယ်။

မှတ်မှတ်ရရ မီးရထားကလည်း မမှန်၊ ကားကလည်း အဆင့် ဆင့်စီးရပြီး ရန်ကုန်ရောက်တော့လည်း လေယာဉ်ပျံတွေက ဗုန်းကျဲ လို့ ပုန်းခိုနေရသေးတယ်။ မီးသဘော်ကလည်း ကျုံပျော်ကို တိုက်ရိုက် မရောက်တော့။ ကုန်းကြောင်းခရီးသွားရတာက များတယ်။ ဒါကြောင့် ကျုံပျော်မြို့ကို မန္တလေးကနေလာတာ စစ်တွင်းကာလဖြစ်လို့ တစ်လ လောက်ကြာတယ်။

ကျုံပျော်ကိုရောက်တော့လည်း ပါလာသမျှငွေကြေးကလေးတွေ ပြောင်တာပဲ။ အဲ ... တစ်ခုရှိတာက အဘမှာ မစ္စတာစမစ် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ လက်ဆောင်ပေးလိုက်တဲ့ စစ်သုံးပြောင်းရှည်၊ အင်္ဂလန်လုပ်၊ ခြောက်လုံးပြူးတစ်လက်နဲ့ ကျည်ဆန်အတောင့် (၂၀) တော့ ပါလာတယ်။ စစ်ဖြစ်နေတော့ လမ်းခရီးမှာ တောကြောင်တွေရန်ကြောက်လို့ ဆောင်ခဲ့တာပဲ။ အဲဒီတုန်းက ဂျပန်က ရန်ကုန်ကို လေယာဉ်ပျံနဲ့ ဗုန်းကျဲနေတုန်း၊ ဂျပန်တပ်က မရောက်သေးဘူး။

ကျုံပျော်ရောက်တော့လည်း မြန်မာမျိုးချစ်လူငယ်တွေက သခင်အဖွဲ့ ဖွဲ့ပြီးသွားပြီ။ အဘရောက်လာတာနဲ့ လက်နက်ကိုင်တတ်တာမို့ အဘကို သခင်အဖွဲ့ထဲ ဝင်ဖို့ပြောတယ်။ အဘကလည်း စစ်တိုက်တာ ဝါသနာပါတော့ မငြင်းပါဘူး။ တစ်ခါတည်း သခင်အဖွဲ့ထဲ တန်းဝင်ခဲ့တာပဲ။

ကျုံပျော်မြို့ကခေါင်းဆောင်ကို ပါလာတဲ့သေနတ်နဲ့ ကျည်ဆန်တွေအပ်ပေမဲ့ ခေါင်းဆောင်က လက်မခံဘဲ အဘကိုပြန်ပေးပြီး တပ်စိပ်ခေါင်းဆောင်ဗိုလ်ခန့်တယ်။ သခင်တင်လို့လည်း နာမည်ရခဲ့တာပေါ့။ စစ်တွင်းကာလမှာ အဘတို့အလုပ်က မြို့ရွာအုပ်ချုပ်ရေးမှာ ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်ရတာပါပဲ။

ဂျပန်တွေဝင်လာတော့ အဘနဲ့ တယ်အဆင်မပြေဘူး။ အင်္ဂလိပ်စစ်သားဟောင်း၊ ဆာဂျင်တောင်ဖြစ်ခဲ့ဖူးတော့ ဂျပန်အလိုတော်ရိက သတင်းပေးရင် အဘကို ဂျပန်က ဖမ်းပြီး နှိပ်စက်ညှဉ်းပန်း သတ်ပစ်မှာ။

ဒါကြောင့် သန်လျက်စွန်းတောထဲနဲ့ အင်းရဲကြီးကျွန်းဘက်တစ်လှည့်စီ ပုန်းခိုနေရတယ်။ တောသူတောင်သားတွေ အလွန်သဘောကောင်းကြရှာပါတယ်။ အဘအတွက် လိုလေသေးမရှိအောင် ကျွေးမွေးပြုစုကြတယ်။ ဂျပန်တစ်ခေတ်လုံး လှည့်ပတ်ပုန်းအောင်းနေရတာ။





အင်္ဂလိပ်ပြန်ဝင်လာတော့ မန္တလေးက မေဂျာစမစ်က အဘကို တပ်ပြန်ခေါ်တယ်။ ဒါပေမဲ့ အဘက စစ်ထဲပြန်မဝင်တော့ပါဘူး။ မျိုးချစ်လူငယ်ထဲဝင်ပြီး သခင်ပဲလုပ်နေတော့တာ။ အဲ့ဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီးပေါ့။ နယ်တကာလှည့်ပြီး လွတ်လပ်ရေးအတွက် တရားဟောနေပြီ။

၁၉၄၆ ခုနှစ်ကပေါ့။ ကျုံပျော်မြို့ကို ဗိုလ်ချုပ်အောင်ဆန်းလာမယ်ဆိုလို့ အဘတို့တစ်မြို့လုံးကို စည်းရုံးပြီး ညှိခံဖို့ ပြင်သူပြင်၊ မြို့အလယ်ခေါင်မှာလည်း မဏ္ဍာပ်ကြီးထိုးလို့ တရားဟောစင်မြင့်နဲ့ ပြင်ဆင်ပြီး စောင့်နေကြတာပေါ့။ နေ့လယ် (၁၂) နာရီထိုးတဲ့ အချိန်တိုင်အောင် ရောက်မလာလို့ အဘလည်း BSA ဆိုင်ကယ်ကြီးနဲ့ မြို့ပြင်ကို ထွက်လိုက်သွားတာ။

အခု မြို့ဦးကျောင်းနားက လယ်ကွင်းစပ်အကြော်တဲမှာ ဗိုလ်ချုပ်တို့က ကားရပ်ပြီး အကြော်စားနေကြတာ။ ယူနီဖောင်း ကာကီရောင်ခပ်နွမ်းနွမ်းကလေးတွေကို ဝတ်ပြီး ဗိုလ်ချုပ်ရယ်၊ စောဘဦးကြီးရယ်၊ ကားဒရိုင်ဘာရယ် ၃ ဦးတည်းပဲ ဘာအစောင့်အရှောက် ဘာလက်နက်မှ ပါမလာဘူး။

အဘက ...

"ဗိုလ်ချုပ် ... ကျွန်တော်တို့ ကျုံပျော်မြို့က အစားအသောက်တွေနဲ့ ညှိခံကျွေးမွေးဖို့ စောင့်ကြိုနေတာပါ"

ဆိုတော့ ဗိုလ်ချုပ်က ...

"ရေကြည်နဲ့အသုတ်မှာ တရားဟောခဲ့တာ မောပြီး ထမင်းဆာလို့" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



''အကြော်မစားရတာလည်း ကြာလို့'' လို့ ပြန်ပြောတယ်။

အဘက BSA ဆိုင်ကယ်ကြီးနဲ့ လမ်းပြရှေ့ဆောင်ပြီး ကျုံ့ပျော်ကိုခေါ်လာတော့လည်း ညှော်ခံကျွေးမွေးတာကို ဟက်ဟက်ပက်ပက်မစားနိုင်ပြန်ဘူး။ အကြော်တွေစားထားတာ ဝနေလို့တဲ့။

စားပြီးတာနဲ့ တရားဟောစင်ပေါ်တက်ပြီး လိုရင်းတိုရှင်းပြောလို့ ပြန်တာပဲ။ အင်မတန် ကြည်ညိုဖို့ကောင်းတဲ့ ခေါင်းဆောင်ပဲ။ အပိုမပြောဘူး။ ဖြစ်သလိုနေ ဖြစ်သလိုစား။ တကယ့်မျိုးချစ်စစ်သားခေါင်းဆောင်ပဲ။ အဘကတော့ အလွန်သဘောကျတယ်''

''ဒါနဲ့ ခြေထောက်မှာ သေနတ်မှန်ပြီး ဒဏ်ရာရခဲ့တဲ့အကြောင်းကိုလည်း ပြောပြပါဦး''

''ဩော် . . . ဒါလား။ လွတ်လပ်ရေးခေတ်ဦးမှာ ရုံပုံငွေလိုက်ကောက်ခံရင်း အချင်းချင်း အထင်မှားပြီး အပစ်ခံရတာပါ။ အနီးကပ်အပစ်ခံရတော့ ဒဏ်ရာထဲ ယမ်းခိုးဝင်ပြီး မပျောက်တော့ဘူး။ အနာက ပြန်ပြန်ဖြစ်လာတယ်။ သေရာပါ ဒဏ်ရာပေါ့ကွယ်''

အဘဦးတင်က သူ့ဒဏ်ရာကို သိပ်ဂရုစိုက်ဟန်မတူ။ ဒဏ်ရာကြီးမှာ ယခုအချိန်ထိ မြုံစိစိဖြစ်နေသည်။ ကောင်းစွာမကျက်။ အဘလည်း ဆေးမြီးတိုနှင့်သာ ကုသသည်။ ဆေးရုံတက်၍ ကောင်းစွာမကု။ အဘဦးတင်အသက်မှာ (၉၄)နှစ်ရှိချေပြီ။ ဖန်ခါးကုန်းဆရာတော် ဘုရားကြီး ဦးဓမ္မောနှင့် သက်တူရွယ်တူဖြစ်ပေသည်။

အဘဦးတင် ဆိုက်ကားကြီးနှင့် ပြန်သွားတော့ ကျွန်ုပ်တို့ ကျုံ့ပျော်မြို့မှ အမေဒေါ်သန်းနု၏ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများအား ညှော်ခံရပြန်သည်။ ဟင်းများမှာ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ငါးရှဉ့်ဟင်းတို့ဖြစ်ရာ လတ်ဆတ်သဖြင့် အလွန်အရသာရှိပါသည်။





ညသည်များစဲမှ ကျွန်တော်တို့အဖွဲ့ နေ့လယ်စာစားကြသည်။ နှစ်စဉ်နှစ်တိုင်း မပျက်မကွက် မိဘများအတွက် နှစ်လည်အမှတ်တရအလှူလုပ်ပေးလေ့ရှိသော အမေဒေါ်သန်းနုကိုလည်း လေးစားဂုဏ်ယူမိပါသည်။ အလှူတစ်ခါလုပ်လျှင် လေးငါးသိန်းတော့ ကုန်ပါသည်။

နေ့လယ်ပိုင်းတွင် ရာသီဥတုပူလွန်းသဖြင့် ကျွန်ုပ်တို့ ပြည်လုံးပေါ်ဘုရားကြီးအပေါ်တွင် နားကြသည်။ ဂရိတ်ဦးဖိုးစိန်ကြီး၏ ပလာစတာရုပ်လုံးနှင့် မင်းသားကြီးကနေဟန် ပန်းချီကားများမှာ အသက်ဝင်လှသည်။

ဘုရားကြီးမှာ တောင်ကုန်းပေါ်တွင်ရှိသဖြင့် တောက်ဘက်အပေါက်ဝမှ လေဝင်သဖြင့် အလွန်အေးချမ်းလှသည်။ တစ်ခါတစ်ရံလေသင့်သဖြင့် ဘုရားတောင်ခြေ ကျောင်းဝင်းအတွင်းတွင် စိုက်ထားသော အင်ကြင်းပင်မှ အင်ကြင်းပန်းရနံ့ကလည်း မွှေးကြိုင်သင်းပျံ့လှသည်။

ထို့ကြောင့် နေ့ ဆယ်နေပူပါစေ၊ ကျွန်ုပ်တို့ ဂရုမစိုက်ပါ။ ဘုရားရိပ်၊ တရားရိပ်ကြောင့် ချမ်းမြေ့သော၊ အေးချမ်းမှုကို ရရှိပြီးဖြစ်သည်။ ပြည်လုံးပေါ်ဘုရားကြီးကို တည်ခဲ့သော အလှူရှင် ဓာတ်မင်းသားကြီးဦးဖိုးစိန်ကြီးကိုလည်း မြင့်မြတ်သောဘုံဗိမာနသို့ ရောက်ရှိနိုင်စေရန် အခါခါ ဆုတောင်းမိပါတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂ ]

❑

ညနေစောင်း ကျွန်ုပ်တို့ ကျုံ့ပျော်မြို့ကမ်းနားပိုင်း မြတ်ချမ်းသာဘုရားကြီးသို့ သွားကြသည်။ ဥမ္မာဒန္တီမင်းသမီး တည်ထားကိုးကွယ်ခဲ့သည်ဆိုသော ဣန္ဒာနီလာကျောက်ဖြင့် ထုလုပ်တော်မူဖော်ထားသော မြတ်ချမ်းသာဘုရားကြီးကို ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်း၍ အားရပါးရပူဇော်ကန်တော့ကြသည်။ ဘုရားကြီးကို ထိန်းသိမ်းပြုပြင်ရန်နှင့် လျှပ်စစ်မီးပူဇော်ရန်လည်း အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။

ပြီးနောက် မြတ်ချမ်းသာဘုရားကြီးကို စေတီရံများအဖြစ် ပူဇော်ထားသော ကြေးဆင်းတုတော်များအနက် မိခင်ဖခင်များဖြစ်ကြသော ကျုန်းမာရေးအင်စပက်တော် ဦးဘစိန်နှင့် ဒေါ်သောင်း၊ သမီး





ဒေါ်သန့်သန်းနုကောင်းမှုဟူသော ကြေးသွန်းဘုရားကြီးအား ကျွန်ုပ်က အဝတ်သန့်နှင့် ပွတ်တိုက်၍ ရောင်တော်ဖွင့်သည်။

မောင်သိုက်တို့က ကျောင်းဆောင်အား ဆေးသုတ်၍ အမေဒေါ်သန့်နုတို့လာကြတော့ ကြေးသွန်းဘုရားကြီးဆင်းတုတော်နှင့် ကျောင်းဆောင်တော်မှာ လွန်စွာ သပ်ရပ်သန့်ရှင်း သပ္ပာယ်နေပါသည်။ အမေက ကျွန်ုပ်တို့အဖွဲ့အား သာဓုခေါ်ရင်း ဆုများပေးပါသည်။

ကျွန်ုပ်တို့ အဖွဲ့ဘုရားကြီးကျောင်းတိုက်သို့ ပြန်ကြရန် ရေမိုးချိုးပြီး ညစာစားကြသည်။ ကျောင်းတွင် ဥပါသိကာအဖွဲ့က တိုက်အုပ်ဆရာတော် ဦးဥတ္တမ၏အစီအစဉ်ဖြင့် ချက်ပြုတ်ထားရာ ဟင်းအတော်စုံလင်ပါသည်။ လဲလှူရှက်ခေါ် အသည်းကို အားကောင်းစေသည့် ဟင်းချိုမှာလည်း ချိုလှပါသည်။

ညစာစားပြီးတော့ အမေဒေါ်သန်းနုတို့ တည်းခိုနေသော အဆောင်တွင် ကျွန်ုပ်တို့ လက်ဖက်သုပ်စားရင်း ရေနွေးကျမ်းသောက်ကြ၍ အမေဒေါ်သန်းသန်းနု ဆက်ပြောလာမည့် အမေ့ဘဝအကြောင်း ဇာတ်လမ်းများအား ငံ့လင့်ကြသည်။

ဦးပဍ္ဍင်းဦးဥတ္တမက မနက်ဖြန်မနက် အာရုံဆွမ်းကပ်ရန်အတွက် အမေဒေါ်သန့်နုနှင့် တိုင်ပင်ညှိနှိုင်းနေကြ၍ စောင့်ရသေးသည်။ ဆွမ်းဟင်းချက်ဥပါသိကာ အမျိုးသမီးအဖွဲ့ကတော့ ညဦးကပင် အရုဏ်ဆွမ်းချက်ရန်အတွက် တက်ကြွစွာ စီစဉ်ကြပြီးဖြစ်လေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

အမေ့မိဘတွေက ဦးဘစိန်နဲ့ ဒေါ်သောင်း၊ သားတို့ သိကြပြီး သားပဲ။ ဖေဖေဦးဘစိန်က တံ့ချုပျော်မြို့မှာ ကျန်းမာရေးအင်စပတ်တော် မင်း။ အမေကတော့ မင်းကတော်ပေါ့။ အမေဒေါ်သောင်းက ဘာသာ ရေး အရမ်းလုပ်တယ်။ အလှူအတန်းလည်း ရက်ရောတယ်။ အမျိုး သမီးပီပီ ဗေဒင်လည်းယုံတယ်။ တွက်လည်း တွက်တတ်တယ် မေမေ။

ရွှေ့ ဖြစ်ကို ဗေဒင်ဟောရင် အလွန်မှန်တတ်တယ်။ ဒါကြောင့် မေမေ့ကို အမေက အလွန်အားကျတယ်။ အမေ့ဘဝတစ်လျှောက်လုံး မေမေပြောသမျှ နာခံလုပ်ဆောင်ခဲ့တာချည်းပဲ။ အဲ . . . တစ်ခုပဲ မနာခံ ခဲ့တာ။ အဲဒီအကြောင်းကိုတော့ နောက်မှပြောပြတော့မယ်။

အမေ့ကို မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ်၊ ခရစ်နှစ် သက္ကရာဇ် ၁၉၂၇၊ ဧပြီလ(၂၂)ရက်၊ သောကြာနေ့မှာ မွေးတာ။ အင်္ဂလိပ်အစိုးရ လက်ထက် ဒုတိယကမ္ဘာစစ်ကြီးခေတ်မှာပေါ့။ ကမ္ဘာစစ်က (၁၉၄၂ က ၁၉၄၅) အထိ (၃) နှစ်တိတိ ဖြစ်ခဲ့တာလေ။





အမေတို့ကို ကံ့ချုပျော်မြို့၊ ကမ်းနားပိုင်းအိမ်မှာမွေးတာ။ မွေး ချင်း (၃) ဦးရှိတယ်။ အကြီးဆုံးက ဦးသက်ထွန်းခေါ် ဘုန်းတော်ကြီး ဦးသာသန။ ရန်ကုန်မြို့ သရက်တောကျောင်းမှာ အခုထက်ထိတိုင် ကျောင်းထိုင်လုပ်နေသေးတယ်။

၁၂၈၆ ခုနှစ်မှာမွေးပြီး အမေ့ထက် (၃) နှစ်ကြီးတယ်။ အခု ဆို အမေဟာ (၈၄)ဆိုတော့ ဘုန်းကြီးက (၈၇)နှစ် သက်တော်ရှိပြီပေါ့။ အငယ်ဆုံးက ဦးတင်ဦး။ ကျောင်းဆရာ ၁၂၉၁ ခုနှစ်မှာ မွေးတာ၊ အမေ့ထက် (၂) နှစ်ငယ်တယ်။ အခုလက်ရှိ မြောက်ဒဂုံမှာနေတယ်။ ကျောင်းဆရာပီပီ အလွန်သဘောထားပြည့်တယ်။

ရန်ကုန်မှာ အခြေချနိုင်တာလည်း မောင်လေးဦးတင်ဦးရဲ့ ကျေးဇူးတွေပဲ။ အခုတော့ မောင်လေးက အမေ့ထက်ငယ်ပေမဲ့ အမေ့ လို မသန်မာတော့ဘူး။ အကျင့်သီလ ဖြူစင်ပေမယ့် ဘာသာရေးလိုက် စားရာမှာ အားနည်းလို့ပဲ။

အလှူအတန်းလည်း အမေ့လို မပြည့်စုံတော့ နည်းရှာတာ ပေါ့လေ။ ဒါပေမဲ့ မောင်လေးဟာ လူရိုးလူကောင်းပါ။ ကျောင်းဆရာ ပီပီ အလွန်အကျင့်ဖြူစင်ပါတယ်။ မောင်လေးအကြောင်းကို နောက် မှပြောပြမယ်။ အခုတော့ အမေတို့ မိသားစုအကြောင်းကို ဆက်ပြော ပြမယ်။

အမေတို့ အဖေဦးဘစိန်က ကျန်းမာရေးအင်စပက်တော်ဆို တော့ ဒေသန္တရကောင်စီမြို့နယ်အရာရှိပေါ့။ အင်္ဂလိပ်တွေ ဂေါ်ယာ တွေနဲ့တွဲပြီး ကံ့ချုပျော်မြို့ကို အုပ်ချုပ်ရတာ။ အဲဒီအချိန်က အမေက (၁၅) နှစ်သမီး။ အပျိုပေါက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ပျော်အထက်တန်းကျောင်းမှာ ကျောင်းတက်နေတယ်။ အစ်ကိုကြီး ဦးသက်ထွန်းကတော့ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းတက်နေပြီ။ အဆောင်မှာနေတယ်။ မောင်လေးမောင်တင်ဦးက အလယ်တန်းကျောင်းသား။

အိမ်မှာလည်း အထွေထွေကိစ္စတွေကို နိုင်းစေဖို့ ကုလားကြီး ဦးအာရနားနဲ့အဖွဲ့ကို ပေးထားတယ်။ သူတို့က အမေတို့အိမ်အနောက်ဘက် အစေခံတန်းလျားမှာ နေကြတယ်။ အမိုက်ရှင်းပေးတယ်။ မြစ်ဆိပ်ကနေသုံးဖို့စွဲဖို့ ရေလည်းခပ်ပေးတယ်။ ဈေးဝယ်ပေးတယ်။ ဦးအာရနားဆိုတာက အမှန်တော့ ကျုံ့ပျော်မြို့၊ မြူနီစီပယ်ဈေးက အခုခေတ်အခေါ် ဈေးကူလီခေါင်းပေါ့။ သူက သူ့အဖွဲ့နဲ့ အမေတို့ ခြံထဲမှာနေပြီး ဝိုင်းကူလုပ်ပေးနေတာ။

အမေတို့ခြံရှေ့မှာလည်း လမ်းခြားပြီး ဦးလေးဦးစိန်နိုတို့ခြံရှိတယ်။ ဦးလေးတို့ခြံကြီးက အကျယ်ကြီး။ သရက်ပင်၊ သံပရာပင်၊ ရှောက်ပင်တွေနဲ့ အလွန်အရိပ်ကောင်းလှတယ်။ နေ့လယ်နေ့ခင်းဆိုရင် အလွန်အေးချမ်းတယ်။ ကျောင်းပိတ်ရက်တွေမှာဆိုရင် အမေကစာကျက်ရင်း ဦးလေးစိန်နိုတို့ခြံထဲမှာ အနေများတယ်။

ဦးလေးဦးစိန်နိုက ဗိန္ဒော၊ ပယောဂ၊ ဖိုလည်းထိုးတယ်။ ဦးလေးရဲ့ သန္တာခတ္တုံ့ရေမန်းဟာ အလွန်စွမ်းတယ်။ သူထိုးထားတဲ့ ဓာတ်လုံးကိုစိမ်ထားတဲ့ ရေမန်းပဲ။ စုန်းပူးနတ်ပူး၊ သရဲတစ္ဆေပူးတာလောက်ကတော့ ရေမန်းနဲ့ တောက်ဖျန်းရုံနဲ့ပျောက်တယ်။

ဦးလေးဦးစိန်နို ဖိုဆွဲရင်လည်း အမေက ကူဆွဲပေးရတယ်။ ဒါကြောင့် အမေလည်း ဖိုထိုးတာကို ဝါသနာပါရုံတင်မက အတော်အတန် တီးခေါက်မိနေတယ်။ ဦးလေးဓာတ်လုံးကလည်း စိမ်းစိမ်းဝါဝါ





အရောင်တွေထွက်ပြီး ဖိုထိုးရင် လုံထဲကနေ အပေါ်ကို တက်လိုက်ဆင်းလိုက်နဲ့ အတော်အဆင့်မြင့်နေပါပြီ။ ဓာတ်လုံးကိုကျွေးရတဲ့ ရွှေနဲ့ ညှိအပ်တဲ့ ဓာတ်ပစ္စည်းတွေအပြင် မီးသွေးနဲ့ လုံကအစ အမေ အါသောင်းက ထောက်ပံ့တယ်။

ဒါကြောင့် ဦးလေးဦးစိန်နိုကလည်း သူပေါက်မြောက်အောင်မြင်ရင် အမေ့ကို အရင်မ,မယ်လို့ ကတိကဝတ်ပြုပါတယ်။ ဦးလေးစိန်နိုဆီကိုလည်း ဂန္ဓာရီလှည့်လည်တဲ့ ဆရာကြီးတွေ မကြာခဏရောက်လာလေ့ရှိပြီး တောထွက်ဖို့ တိုက်တွန်းလေ့ရှိတယ်။ ဒါပေမဲ့ ဦးလေးက သူ့ဓာတ်လုံးအဆင့်လို သေးတယ်ဆိုပြီး တောမထွက်ဘူး။ ဂန္ဓာရီ လှည့်ဘူး။ ခြံထောင့်သရက်ပင်ကြီးအောက်က ဖိုရုံမှာပဲ ဓာတ်လုံးကို အဆင့်မြင့်အောင် ဖိုပဲထိုးနေတတ်တယ်။

တစ်နေ့ အမေတို့ခြံနား လူမနေတဲ့ခြံထောင့်က ပိတောက်ပင်ကြီးကိုင်းကျိုးပြီး လမ်းပေါ်ကို လဲကျနေတယ်။ ဒီကိစ္စက မြူနီစီပယ်အဖွဲ့ ကုလားကြီး ဦးအာရနားတို့နဲ့ ဆိုင်တယ်။ လမ်းပိတ်ဆို့မှု မဖြစ်အောင် သူတို့အဖွဲ့ ရှင်းလင်းကြတာပေါ့။

ပိတောက်ပင်ကြီးက လူနှစ်ဖက်စာလောက်ရှိပြီး အိုမင်းနေတော့ မိုးဦးကျရင်လည်း လေနဲ့မိုးနဲ့ ကိုင်းတွေ ကျိုးဦးမှာပဲဆိုပြီး ဦးအာရနားက အဖေ့ဆီမှာ ခုတ်ခွင့်တောင်းတယ်။ အဖေကလည်း ခုတ်ခွင့်ပြုလိုက်တယ်။

အဲဒါနဲ့ ဦးအာရနားတို့အဖွဲ့ ပိတောက်ပင်ကြီးကို ခုတ်ကြတော့တာပေါ့။ ပြောရဦးမယ် . . . သားရေ။ အဲဒီပိတောက်ပင်ကြီးက အစိုးရ အပင်ကြီး။ အလွန်ပဲ သရဲခြောက်တယ်လို့ နာမည်ကြီးတာ။ အမေတို့ဆိုရင် ညနေ နေဝင်တာနဲ့ အဲဒီအပင်ကြီးဘက်ကို မသွားရဲကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာရှိတဲ့ အိမ်အိုကြီးကလည်း လူမနေတော့ အတော် ပျက်စီးနေပြီ။ အရင်က မိသားစု (၅) ယောက်နေကြတာ။ တစ်နှစ် အတွင်းမှာပဲ ပလိပ်ရောဂါနဲ့ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြတာပါ။ ဒါကြောင့် နေမယ့်သူမရှိဘဲ ပစ်ထားတာကြာပြီ။ အမျိုးအဆွေတွေ ပေမယ့် မနေရဲကြဘူးလေ။

ပိတောက်ပင်အိုကြီးကို ကုလားကြီးဦးအာရနားတို့က အရင် ဆုံး အကိုင်းတွေကိုချိုင်ပြီး ခေါင်းတုံး (ကတုံး) တုံးတယ်။ အမေတို့ လည်း သစ်ပင်ကြီးလှဲတာ အိမ်နားတင်ဆိုတော့ ခြံဝက ထွက်ကြည့်နေ ကြတာပေါ့။ အပင်နားတော့ မသွားရဲပါဘူး။

ပိတောက်ပင်ကြီးကို အကိုင်းတွေချိုင်လိုက်တော့မှ ခွဆုံအောက် မှာ ဟောင်းလောင်းပေါက်ကြီးကို တွေ့ရတယ်။ လူကြီးတွေကပြောကြ တာတော့ 'သစ်တံခါး' လို့ပြောကြတယ်။ ဦးလေးဦးစိန်နိုကတော့ သစ် တံခါးရှိတဲ့သစ်ပင်ကို မခုတ်ကောင်းဘူးလို့ တဖွဖွပြောနေတယ်။

ကုလားကြီးအာရနားတို့က ဝါးနဲ့ငြမ်းဆင်ပြီး ကိုင်းခွဆုံသစ် တံခါးပေါက်ကြီးအပေါ်ကနေ လွှနဲ့ တိုက်ဖြတ်နေတာ။ ဦးအာရနားက အောက်ကနေရပ်ကြည့်ပြီး သူ့အဖွဲ့တွေကို အားပေးနေတယ်။

"ရေ ဒီးမာ ... စီးစီး"

"ရေ ဒီးမာ ... စီစီး"

ဆိုပြီး သံပြိုင်အော်နေကြတာ။ မကြာပါဘူး။ သစ်တံခါးပေါက် ထဲ လွှဝင်သွားတာနဲ့ လွှက ဆက်ထိုးလို့မရတော့ဘူး။ လွှဆွဲတဲ့ကုလား နှစ်ယောက် ပြုတ်ကျပါတယ်။ အောက်ရောက်တော့ အမြုပ်တွေတစီစီ နဲ့ တက်နေကြပါတယ်။





အဲဒါနဲ့ အောက်ကကုလားနှစ်ဦးနဲ့ ဦးအာရနားတို့က ပြုစု ကြပေမယ့် သတိပြန်မရလို့ ကျုံပျော်ဆေးရုံကို ထမ်းခေါ်သွားကြတယ်။ ဦးအာရနားလည်း ဆေးရုံကပြန်လာတာနဲ့ ပစ္စည်းတွေသိမ်း၊ အမေတို့ ခြံထဲဝင်ပြီး အိမ်ကြီးနောက်က သူတို့နေတဲ့ အစေခံတန်းလျားထဲ ပြန် ဝင်သွားတယ်။

မကြာပါဘူး။ ဦးအာရနားရဲ့ အာခေါင်ခြစ်ပြီး စူးစူးဝါးဝါးအော် လိုက်သံကြီးကို ကြားလိုက်ရလို့ အမေတို့အိမ်သားတွေ အိမ်အနောက် ဘက်သွားကြည့်ကြတော့ ကွပ်ပျစ်ပေါ်မှာ ကုလားကြီးဦးအာရနား အမြုပ် တွေ တစီစီတက်ပြီး ပက်လက်ကြီးမေ့နေပြီ။ အမေက ဦးလေးဦးစိန်နို ကိုခေါ်ခိုင်းတာနဲ့ မောင်လေးက သွားပင့်ရတယ်။

ဦးလေးဦးစိန်နိုတို့ရောက်လာတော့ အဲဒီခုတ်ခဲ့တဲ့ ပိတောက် ပင်ကြီးက ပိတောက်ကိုင်းကိုချိုးပြီး ခေါင်းကနေ ခြေထောက်အထိ မန်း မှုတ်ပြီး ရိုက်ချတယ်။ ပိတောက်ကိုင်းတွေ ကျိုးသွားပေမဲ့ သတိပြန် မရဘူး။ နောက်ဆုံး ဦးလေးဦးစိန်နိုက သူ့ရဲ့ အလွန်အစွမ်းထက်တဲ့ ဓာတ်လုံးကိုရေစိမ်ပြီး သတ္တခတ္တံဆိုတဲ့ မျက်စဉ်းကိုခတ်ပြီး တစ်ကိုယ် လုံး ပက်ဖျန်းပေးတယ်။

ခြေထောက်နှစ်ချောင်း ကြွလာပေမဲ့ သတိပြန်လည်မလာပါ ဘူး။ ဒါကြောင့် ဦးလေးက ကျုံပျော်ဆေးရုံကို တင်ခိုင်းရတော့တာ ပေါ့။ အဲဒီနေ့ည (၂)နာရီမှာ ဦးအာရနား ဆုံးပါးသွားတယ်။ ပိတောက် ပင်ကြီးကိုလည်း အဲဒီအချိန်ကစပြီး ဘယ်သူမှ မခုတ်ရဲတော့ဘူး။ ဦးအာ ရနားတို့ သေဆုံးပြီး (၇)ရက်လည်တဲ့ည ပိတောက်ပင်ကြီးအောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူတို့ကို တစ်စုတစ်ဝေးတည်း ထိုင်ပြီးငိုနေကြတယ်လို့ မြင်တဲ့သူ တွေက ပြောကြတယ်။

ဒါကြောင့် အမေတို့အမေဒေါ်သောင်းက ဘုန်းတော်ကြီးတွေကိုပင့် ဆွမ်းကျွေးပြီး အမျှဝေတယ်။ အဲ့ဒီနောက်ပိုင်းမှာတော့ ပိတောက်ပင်ကြီးလည်း အတက်တွေပြန်ထွက်၊ ဝေဝေဆာဆာဖြစ်ပြီး ဘာအသံမှ မကြားရတော့ပါဘူး။

နောက်ပိုင်း အသံထွက်လာပြန်တာက ဦးလေးဦးစိန်နို။ တစ်နေ့ ဦးလေးဦးစိန်နိုတစ်ဦးတည်း သူ့ခေါက်လုံးကို ဖိုထိုးနေတုန်း ခေါက်လုံးက လုံထဲကထွက်လာပြီး တက်လိုက်ဆင်းလိုက်နဲ့ မီးပေါ်ပျံတယ်။ တစ်ခြံလုံးလည်း မီးစိမ်း၊ မီးနီ၊ မီးဝါ ရောင်စုံဖြာထွက်နေသတဲ့။ အဲဒီအချိန်မှာ အမေတို့ခြံတစ်ခြံကျော်က အပျိုကြီးမတင်ယုံဆိုတာ အလွန်စပ်စုတတ်တော့ ဦးလေးဦးစိန်နိုတို့ ခြံထဲဝင်ပြီး ...

"ဦးစိန်နိုကြီး ... ဘာလုပ်နေတာလဲ။ မီးရောင်တွေကလည်း စုံနေတာပဲ"

လို့အော်ပြီး မေးသတဲ့။

အဲဒီအချိန်မှာ ဆွဲနေတဲ့ဖားဖိုရှေ့က လုံဟာ 'ဝုန်း'ခနဲပေါက်ကွဲပြီး ခေါက်လုံးလည်း လွင့်စင်ပျံတက်သွားသတဲ့။ လူကြီးတွေ ပြောစကားအရတော့ ခေါက်လုံးဟာ အောင်မြင်ပေါက်ရောက်နေပေမဲ့ ဂန္ဓာရီဆရာကြီးတွေက တောထွက်နိုင်းတာကို ဦးလေးဦးစိန်နိုက မထွက်တာကြောင့် အနှောင့်အယှက်ဝင်ပြီး အောင်မြင်နေတဲ့ခေါက်လုံးကို ဆိုင်ရာက ပြန်သိမ်းသွားတာတဲ့လေ။

အဲဒီနောက်ပိုင်းမှာတော့ ဦးလေးဦးစိန်နိုဟာ အရူးကြီးတစ်





ပိုင်းဖြစ်ပြီး အော်ဟစ်ကြိမ်းမောင်းလို့ ငှက်ကြီးတောင်ဓားရှည်ကြီးကို ကိုင်ပြီး အပျိုကြီးမယုံတင်ကို သတ်မယ်လို့ ကြိမ်းဝါးနေသတဲ့။ အပျိုကြီးမယုံတင်ဆိုတာ စပါးပွဲစား ဦးချစ်တင်၊ ဒေါ်ဒေါင်းစိန်တို့ရဲ့ သမီး။ အမေတို့ရဲ့ ခြံနီးချင်းအမျိုးတွေပါ။ အပျိုကြီးလည်း ဦးလေးဦးစိန်နိုရန်ကြောင့် ရန်ကုန်ကို ထွက်ပြေးရတော့တာပဲ။

အဲဒီကတည်းက ဦးလေးဦးစိန်နိုဟာလည်း ခေါက်လုံးပျောက်သွားလို့ အရူးကြီးတစ်ပိုင်းဖြစ်ပြီး ဖိုလည်းမထိုးတော့ဘူး။ ဆေးလည်း မကုတော့ဘူး။ တစ်ယောက်တည်း ငူငူငိုင်ငိုင်ကြီး ထိုင်နေတော့တာပါပဲ။ ဒါကြောင့် ဒီကျင့်စဉ်တွေမှာ အဖျက်အနှောင့်က အားကြီးတယ်ဆိုတာပါပဲ။ အမေတို့ လက်တွေ့ပဲလေ။

အောင်မြင်တယ်ဆိုပြီး ထိပ်ဆုံးမရောက်မီ မာန်မတက်နဲ့။ ဆက်တက်နိုင်ရင်တော့ တော်သေးတယ်။ ဆက်မတက်နိုင်ဘဲ ပြုတ်ကျရင်တော့ အကျနာတာပေါ့။ ကိစ္စတစ်ခုမအောင်မြင်ခင် မပြီးဆုံးသေးခင် လျှို့ဝှက်ထားတာဟာ အကောင်းဆုံးပဲ။ လူများများသိလေ အနှောင့်အယှက်များလေးပဲ။

အမေကလည်း ဦးလေးဦးစိန်နို သင်ပေးထားလို့ ဝိဇ္ဇာလိုင်းထွက်ရပ်ပေါက်ကျင့်စဉ်တွေကို တီးမိခေါက်မိပါတယ်။ အမေ့ဆန္ဒကတော့ ဘာသာရေးနဲ့ယှဉ်ပြီး ဝိဇ္ဇာထွက်ရပ်ပေါက်လမ်းနှင့် ကျင့်စဉ်ထူးကို လိုလားတယ်။ ဆိုလိုချင်တာက သမာဓိ၊ သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကျင့်စဉ်တွေကိုလည်း လုပ်မယ်။

ဝိဇ္ဇာလိုင်း ပေါက်မြောက်အောင်မြင်သူတွေထံကလည်း နည်းနာခံယူပြီး မဟိဒ္ဓိ၊ ဣဒ္ဓိတန်ခိုးတွေကို ဝေမျှခံယူမယ်လို့ ကြံရွယ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အမျိုးသမီးဖြစ်နေတော့လည်း ဝိဇ္ဇာမဆိုတာ ရှိမှမရှိပဲကွယ်။ ဒါပေမဲ့ ဝိဇ္ဇာဇော်ဂျီတွေကို မမီငြားလည်း တစ်စုံတစ်ရာ အတိုင်းအတာ အထိတော့ ပေါက်မြောက်အောင်လုပ်ချင်တယ်။

အမေ့ဘဝမှာ သားသမီးတွေကို သင့်လျော်သလိုလည်း အမွေခွဲဝေပေးပြီးပြီ။ ကျန်တဲ့ပစ္စည်းတွေကိုတော့ အမေ့မသေဆုံးမဲ့ရက်နဲ့ကိုက်ပြီး အကုန်လှူသွားမယ်။ အမေတို့က ကိုယ်သေဆုံးမဲ့ရက်ကို ကြိုတင်နိမိတ်ထင်ပြီး သိနေတတ်တယ်ကွယ်''

✿ ✿ ✿

❑

အမေဒေါ်သန်းနုက ခေတ္တနားပြီး ဆက်ပြောပြန်သည်။

''ကျုံ့ပျော်မြို့မှာ အမေတို့နေခဲ့ရတဲ့ ငယ်စဉ်ဘဝအင်္ဂလိပ်ခေတ်က အလွန်အေးချမ်းပါတယ်။ အဖေဦးဘစိန်က ကျုံ့ပျော်မြို့သာသနာရေးနဲ့ ကျန်းမာရေးကိစ္စတွေ၊ သန့်ရှင်းရေးကိစ္စတွေကို လှည့်လည်ပြီး ဆောင်ရွက်တယ်။ ညနေပိုင်းမှာ အင်္ဂလိပ်တွေ ဂေါ်ယာတွေနဲ့ တင်းနစ်ရိုက်တယ်။ ညစာစားတယ်။

အမေဒေါ်သောင်းကတော့ လူမှုရေးကိစ္စတွေနဲ့ ဘာသာရေးကိစ္စတွေမှာ ဦးဆောင်ဦးရွက်ပြုတယ်။ အမေ မှတ်မိပါသေးတယ်။ အဲဒီအချိန်က ကျုံ့ပျော်မြို့ကလူတွေဟာ ချောင်းသုံးခွကို ရေရရှိဖို့အတွက် အလွန်အားထားရတယ်။ အဝီစိရေတွင်းဆိုတာလည်း မရှိသေးဘူးလေ။ လျှပ်စစ်မီးဆိုတာကလည်း ရှိမှမရှိဘဲ။ ရန်ကုန်မြို့လို မြို့ကြီးတွေမှာသာရှိတာ။ ဒါကြောင့် အမေဒေါ်သောင်းက ချောင်းသုံးခွနားမှာ ဒေါ်ဒေါ်သောင်း ရေချိုးဆိပ်ဆိုပြီး ရေခပ်ဆင်းတံတားနဲ့ နားနေဖို့ အမိုးနဲ့ထိုင်ခုံတွေကိုလုပ်ပြီး လှူဒါန်းခဲ့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြတ်ချမ်းသာဘုရားကြီးမှာလည်း ကြေးဆင်းတုတွေအပြ မှန်ဦးကြီးပါလှူဒါန်းခဲ့တာ သားတို့အမြင်ပဲ။ ဘုရားကြီးကျောင်းတိုက် မှာလည်း လှူခဲ့တဲ့အပြင် ကိုရင်ပဉ္စင်းဝတ်ပေးပြီး သိက္ခာထပ်ပေးခဲ့တဲ့ ကိုယ်တော်တွေ အများကြီးပဲ။

ဒါကြောင့်လည်း အမေက မိဘတွေ ပြုစုပျိုးထောင်ခဲ့တဲ့ အမွေ ကို ဆက်လက်ထမ်းဆောင်တဲ့သဘောနဲ့ နှစ်စဉ်နှစ်တိုင်း ကျုံပျော်မြို့ ကို ပြန်လာပြီးမိဘတွေကို ကျေးဇူးဆပ်တဲ့သဘောနဲ့ သံဃာတော်တွေ ကို ဆွမ်းကပ်၊ အမျှဝေနေတာပါ။

သားတို့ တစ်သက်လုံး မှတ်ထားဖို့ကတော့ လောကီ လော ကုတ္တရာနှစ်ပါး အကျိုးရှိစေချင်ရင် သံဃာတော်တွေကိုမမေ့နဲ့။ အနိ ကပ် ဆည်းကပ်ကိုးကွယ်ပါ။ ဘာသာရေးနဲ့ကင်းရင် လောကီလောကုတ် နှစ်ဖြာအကျိုး ယုတ်တယ်ကွယ့်။ မှတ်ထား။

ဂျပန်ခေတ်ရောက်တော့လည်း အမေတို့ဘဝ တည်တည်ငြိမ် ငြိမ်ပါပဲ။ အဖေဦးဘသောင်းက စစ်ဘက်ကမဟုတ်ဘဲ မြို့ပြကျန်းမာ ရေးဌာနကဆိုတော့ အမေတို့ အခြေမပျက်ပါဘူး။ ဂျပန်တွေက ဆက်ပြ ရာထူးခန့်ထားပါတယ်။

အင်္ဂလိပ်ဗုံးကျဲလေယာဉ်တွေဖြစ်တဲ့ အရောင်မည်းမည်း ကျွဲ ညီနောင်ဆိုတဲ့ လေယာဉ်ကြီးတွေကတော့ နတ်စဉ်ငှချောင်း၊ ဒါးကချောင်း နဲ့ ချင်းယားချောင်းဆုံနေရာတွေကို မှဲ့စဲ့ပြီး ဗုံးကျဲတယ်။ စစ်သေနတ် နဲ့ပစ်တယ်။ ဒါပေမဲ့ ကျုံး (၃) ခွခံနေတော့ မြို့ကိုမထိပါဘူး။

အဲဒီမှာ ပြောစရာရှိတယ်။ ဂျပန်တွေ ကျုံပျော်မြို့ကိုသိမ်းပြီး တော့ ဂျပန်ဆရာဝန်နာတာမူရာနဲ့ ကျောင်းဆရာမစွတာ အော်နောတို့ လည်း ပါလာတယ်။ အဖေဦးဘစိန်က ကျန်းမာရေးဌာနကဆိုတော့ သူ





တို့အချင်းချင်း အလွန်အဖွဲ့ကျကြတယ်။ မစ္စတာနာကာမူရာနဲ့ မစ္စတာ အော်နောတို့က ဂျပန်ခေတ်ပညာတတ်တွေဖြစ်လို့ အလွန်ယဉ်ကျေးပါ တယ်။ အင်္ဂလိပ်စကားလည်းတတ်တော့ အလွန်အဆင်ပြေပါတယ်။

ဒါကြောင့် အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်ကြလို့ မြို့သူမြို့သားအချို့ ပြေးကြပေမဲ့ အမေတို့မိသားစုကတော့ ကွန့်မြေမပျက်နေမြဲပါပဲ။ ဂျပန် က မြန်မာပြည်ကိုသိမ်းပြီး ငြိမ်သွားတော့ ဂျပန်ခေတ်ပေါ့ကွယ်။ အမေ တို့အိမ်ကို မစ္စတာနာကာမူရာနဲ့ မစ္စတာအော်နောတို့က နေ့တိုင်းလာ တယ်။ စားကြသောက်ကြတယ်။ ချက်ထိုးရင်း စကားဝိုင်းဖွဲ့ကြတယ်။

ဒါကြောင့် အဲဒီဂျပန်တွေက အမေတို့အိမ်တစ်အိမ်သားလုံး နဲ့ ခင်နေကြတယ်။ အမေဒေါ်သောင်းကိုလည်း သူတို့က ကီမိုနိုအစ တွေ၊ စည်သွတ်ဗူးတွေ၊ နို့ဆီသကြားနဲ့ လက်ဖက်ခြောက်တွေ၊ ဆပ်ပြာ တွေကိုလည်း မကြာခဏပေးကြတော့ ဂျပန်ခေတ်အသုံးအဆောင်တွေ ရှားတဲ့အချိန်မှာ အမေတို့အိမ်ကတော့ ပေါများနေတာပေါ့။ ဂျပန်စစ်စစ် တွေဟာ 'ရှင်တို' လို့ခေါ်တဲ့ ဘာသာကို ကိုးကွယ်တော့ အမေတို့ကိုး ကွယ်တဲ့ ဗုဒ္ဓနဲ့ နီးစပ်ပါတယ်။

၁၉၄၅ ခုနှစ်မှာပေါ့ကွယ်။ ဂျပန်တွေ စစ်ရှုံးစပြုတော့ အင်္ဂလိပ် လေယာဉ်က ကျုံပျော်မြို့ကို လာတိုက်တယ်။ အောက်က ဂျပန်တွေက ပစ်ချတော့ FIGHTER လေယာဉ်၊ 'အင်းရဲကြီး၊ ထောက်မနက်' အိုင် ထဲပျက်ကျပြီး အင်္ဂလိပ်လေသူရဲကို ဂျပန်တွေက ဖမ်းမိတယ်။

အမေတို့အဖေက ယခင် အင်္ဂလိပ်ခေတ်ကတည်းက ဝန်ထမ်း ဆိုတော့ သံယောဇဉ်ရှိတာနဲ့ ဂျပန်တွေကို မေတ္တာရပ်ခံတယ်။ ဒါကြောင့် ဂျပန်တွေက မသတ်ဘဲ လေသူရဲကို ကျုံပျော်ဆေးရုံကြီးမှာတင်ပြီး ကုသ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပေးတယ်။ မနိုပ်စက်ဘူး။ မညှဉ်းပန်းဘူး။ ဂျပန်ဆရာဝန် မစ္စတာနာကာမူရာက ကိုယ်တိုင်ကြီးကြပ်ပြီး ဆေးကုပေးတယ်။ ရန်သူဖြစ်ပေမဲ့ ပညာတတ်ဂျပန်တွေက ယဉ်ကျေးကြပါတယ်။

အဲဒီအချိန်မှာ အမေ့အသက်က (၁၇/၁၈) နှစ်။ ကျုံပျော်နေရှင်နယ်ကျောင်းသူ၊ ဝါဒပြန့်ပွားရေးမှူးပေါ့။ ဂျပန်စကားကိုလည်း မစ္စတာအော်နောကာသင်ပေးလို့ အတော်တတ်နေပါပြီ။ အမေအမြင်ကတတ်တဲ့သူတွေကတော့ မြန်မာဂျပန်စကားပြန် မင်းမောင်ပဲ။ နေရာတကာပါတတ်ပြီး သံခဲဆိုတဲ့ကောင်ကလည်း ဂျပန်အလိုတော်ရိ စကားပြန်ပဲ။ သူတို့က ဂျပန်ကင်ပေတိုင် ပုလိပ်တွေနဲ့ အတွဲများတယ်။

ဆရာဝန် မစ္စတာနာကာမူရာနဲ့ ကျောင်းဆရာ မစ္စတာအော်နောတို့ကတော့ သူတို့နှစ်ယောက်ကို မသုံးတဲ့အပြင် မျက်နှာသာလည်း မပေးပါဘူး။ သူတို့ကသာ မျက်နှာလုပ်ပြီး လာလာရောကြတာ။ နောက်ပြီး အမေ့ကိုလည်း ရိသဲ့သဲ့ လုပ်ချင်ကြတယ်။ အမေက ဂရုမစိုက်မှ လက်လျှော့သွားကြတာ။

အင်္ဂလိပ်နဲ့ ဂျပန်ခေတ်မှာ ကျုံပျော်မြို့ မပျက်စီးပါဘူး။ ရန်ကုန်ကိုသာ ဗုံးကျဲလို့ မီးခိုးလုံးတွေမြင်ရပြီး ညဘက်မှာတော့ ရန်ကုန်မြို့ဘက်က လင်းထိန်နေတဲ့ မီးတောက်တွေကို မြင်ရတတ်တယ်။ အဲသည်လိုနဲ့ ဂျပန်တွေ စစ်ရှုံးလို့ပြေးပြီး အင်္ဂလိပ်ပြန်ဝင်လာတယ်။ အဲဒီအချိန်က အမေတို့အဖေဟာ ပုသိမ်ကို ခဏရောက်နေတယ်။

အင်္ဂလိပ်တွေရဲ့ စနစ်ကောင်းကလေးကတော့ အတော်အတုယူစရာပဲ။ ဂျပန်တွေအပြေး အင်္ဂလိပ်အုပ်ချုပ်ရေးပြန်ဝင်တော့ အဖေ့ကို ပုသိမ်ကပြန်ခေါ်ပြီး မူလရာထူးကျွန်းမာရေး အင်စပက်တော်ပြန်ခန့်တဲ့အပြင် ဂျပန်ခေတ်ကြားကာလ လစာငွေကိုလည်း ပြန်ပေးတယ်။





အဲဒီတုန်းက ဗိုလ်ချုပ်အောင်ဆန်းတို့ ကက်စ်ဘီအစိုးရလက်ထက်ထင်ပါရဲ့။ အင်္ဂလိပ်နဲ့ တွဲအုပ်ချုပ်နေတာ။ ဗိုလ်ချုပ်က စစ်ဝန်ကြီး လွတ်လပ်ရေးရအောင် နယ်ဆင်းပြီး တရားတွေလိုက်ဟောနေတာ။

၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေးရကာနီးဆဲဆဲမှာ ဗိုလ်ချုပ်လုပ်ကြံခံရပြီး တိုင်းပြည်ကြီးလည်း မငြိမ်မသက်ဖြစ်ခဲ့တယ်။ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး အကွဲအပြဲတွေ ဖြစ်ကြတော့တာပဲ။ ကရင်က ကျုံပျော်မြို့ကိုသိမ်းတယ်။ ရဲဘော်ဖြူနဲ့တိုက်ကြပြီး ကျုံပျော်မြို့ကြီးလည်း မီးလောင်တော့တာပဲ။

ကရင်က တပ်ဆုတ်ပြီး ကျုံပျော်တစ်ဖက်ကမ်း သံလျှက်စွန်းနဲ့ ခဲပေါင်ကို ခြေကုပ်ယူထားတယ်။ ရဲဘော်ဖြူတွေက ကျုံပျော်မြို့ကို သိမ်းထားတယ်။ နေ့စဉ်လည်း ပစ်ခတ်နေတော့တာပဲ။ ဒါကြောင့် အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်တွေမှာ အခြေမပျက်ခဲ့တဲ့ အမေတို့မိသားစုလည်း ရန်ကုန်ကိုပြေးဖို့ ပြင်ဆင်ရတော့တယ်။

တစ်ပိဿာလောက်ရှိတဲ့ စိန်ထည်၊ ရွှေထည်နဲ့ ဂျော့ခေါင်းတုံး ရွှေဒင်္ဂါးပြားတွေ၊ မြိတ်တုံးတွေကို အိမ်ခြံထဲမှာ(၃)နေရာခွဲပြီး မြှုပ်နှံခဲ့ရပြီး လမ်းခရီးသုံးဖို့ ငွေကြေးအချို့ယူပြီး မော်တော်ကားနဲ့ ရန်ကုန်ကို ပြေးကြရတော့တယ်။

ကရင်နဲ့ ရဲဘော်ဖြူက ညပိုင်းမှာ တိုက်ပွဲဖြစ်တတ်တာမို့ မနက်အရုဏ်ဦးမှ ထပြေးကြရတာ။ တော်ပါသေးရဲ့။ အမေတို့မိသားစု ဘေးမသီရန်မခဘဲ လမ်းခရီးမှာ တစ်ညအိပ် (၂) ရက်ကြာပြီး ရန်ကုန်ကို ချောချောမောမောရောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ အဖေဦးဘသောင်းကို ပုသိမ်ကာတစ်ဆင့် မော်လမြိုင်ကျွန်းမြို့မှာ အလုပ်ပြန်ခန့်တယ်။ အမေတို့မိသားစုကတော့ ရန်ကုန် ကန်တော်ကလေးမှာ ခြံ (၃)ကွက်ဝယ်ပြီး အိမ် (၃)အိမ်ဆောက်တယ်။ နှစ်အိမ်ကိုတော့ ငှားထားတယ်။

အဲဒီတုန်းက မြေတစ်ကွက်ကို (၁၅၀၀) ကျပ်ပဲ ပေးရတာ။ စိန့်တစ်ရတီမှ (၃၀၀) ကျပ်။ ရွှေအင်္ကျီတစ်ပြား (၁၈၀) ကျပ်ပဲ ဈေးရှိတယ်။ အမေတို့နေတဲ့အိမ်က အမှတ် (၅၉)၊ ဥ၄–လမ်း၊ ကန်တော်ကလေးပဲ။

အဖေဦးဘစိန်လည်း အလုပ်ပြန်ရတော့ လစဉ်လခအပြင် ဆန်၊ ဆီ၊ ရိက္ခာ ထောက်ပံ့ကြေးပြန်ရတယ်။ အမေတို့မိသားစု အဆင်ပြေပါတယ်။ ဒါတွေကလည်း အမေ့မိခင် ဒေါ်သောင်းရဲ့ ကြိုတင်အစီအစဉ်တွေလည်းပါတယ်။ အမေက အရမ်းစနစ်ကျတာ။ အိမ်မှုကိစ္စတွေနဲ့ သားသမီးတွေကို အုပ်ချုပ်ရာမှာ အလွန်နိုင်နင်းတယ်။

ရောင်စုံသူပုန်ခေတ်ဆိုတော့ နယ်တွေမှာ မငြိမ်းချမ်းဘူး။ တောကြောင်တွေက အလွန်သောင်းကြမ်းတာ။ ဓားပြသူခိုးတွေပေါ့။ စစ်ပြီးစဆိုတော့ လက်နက်ခဲယမ်းကလည်း အလွန်ပေါတယ်လေ။ နောက်ဆုံး မြို့ပြအုပ်ချုပ်ရေးသာရှိတော့ပြီး ရန်ကုန်ကွက်ကွက်ကလေးပဲ အစိုးရက အုပ်ချုပ်နိုင်တော့လို့ 'ရန်ကုန်အစိုးရ' လို့တောင် ခေါ်ကြသေးတယ်။ အင်းစိန်ခဝဲခြံမှာ ကရင်တွေနဲ့ တိုက်ပွဲဖြစ်ပြီး ကရင်တွေက အင်းစိန်ထောင်ကြီးကိုတောင် သိမ်းထားတယ်။

ရန်ကုန်မြို့ အလယ်ခေါင်မှာတော့ အုပ်ချုပ်ရေးက အတော်ကောင်းမွန်နေပါတယ်။ အမေတို့နေတဲ့ ကန်တော်ကလေးကတော့ အဲဒီ





အချိန်တုန်းက မြို့အစွန်အဖျားကျတာပေါ့။ ဒါကြောင့် မြို့လယ်ခေါင်က လမ်းမတော်ကဖိုးတုတ် နာမည်ကြီးသလို ကန်တော်ကလေးလူမိုက်ဖိုးလုံးကလည်း အတော်နာမည်ကြီးတယ်။ လမ်းမတော်ဖိုးတုတ်ရဲ့ တပည့်လက်သားတွေက တမင်ထောင်တာလို့ အမေထင်တယ်။ အုပ်စုနဲ့ မိုက်ကြေးခွဲကြတဲ့ လူဆိုးလူမိုက်တွေပါပဲ။

ဒါကြောင့် ကန်တော်ကလေးရပ်ကွက်မှာ ညမထွက်ရ အမိန့်ထုတ်ထားသလို ညနေ နေဝင်တာနဲ့ ကန်တော်ကလေး ရပ်ကွက်သူ ရပ်ကွက်သားတွေ အပြင်မထွက်ကြတော့ဘူး။ အရေးပေါ် အကြောင်းရှိမှသာ ထွက်ကြတယ်။ ထွက်ရင်လည်း ဖိုးလုံးအဖွဲ့ကို ပိုက်ဆံပေး အခွန်ဆောင်မှ အန္တရာယ်ကင်းတယ်။

အဲဒီအချိန်က ကန်တော်ကလေးရပ်ကွက်ဟာ ကုလားတွေ နေထိုင်တာ များတယ်။ အခုအချိန်အထိတောင် ဒိုဘီလိုင်းနဲ့ ရေမြောင်းကြီးလမ်း၊ မြန်မာ့ဂုဏ်ရည်လမ်းတွေမှာ လက်ကျန်ကုလားတွေ အတော်များသေးတယ်။

လူမိုက်ဖိုးလုံးက ကုလားမြန်မာ ကပြား။ ခေါင်းတုံးဆံတောက်ဆံပင်နဲ့ ဗလကောင်းပြီး အတော်အရုပ်မြင့်တယ်။ ကန်တော်ကလေးက စားသောက်ဆိုင်နဲ့ ဈေးမှန်သမျှ သူ့အဖွဲ့ကို ဆက်ကြေးပေးရတယ်။ ပုလိပ်ရှိပေမဲ့ ပုလိပ်တွေကို ဘယ်လိုပေါင်းထားသလဲမသိဘူး။ ဖိုးလုံးက အတော်မိုးသေတာ"

"ဒါနဲ့အမေ လမ်းမတော်ဖိုးတုတ်က နာမည်အလွန်ကြီးတာပဲ။ အမေတို့ ရန်ကုန်ကိုရောက်တော့ လမ်းမတော်ဖိုးတုတ်ကို မီလိုက်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိတော့ပါဘူး . . . သားရယ်။ သူက အမေတို့ ရန်ကုန်ကို မရောက်ခင် အင်္ဂလိပ်ခေတ်နဲ့ဂျပန်ခေတ် (၁၉၀၀ ပြည့်နှစ်ကနေ ၁၉၄၄) ခုနှစ်တွေမှာ အလွန်နာမည်ကြီးခဲ့တာပေါ့"

"အမေ . . . လမ်းမတော်ဖိုးတုတ်အကြောင်းကို အမေသိသလောက် ပြောပြပါလား။ ကျွန်တော်တို့က နာမည်ပဲ ကြားဖူးတာ။ သူ့အကြောင်း လုံးဝစေ့စေ့စပ်စပ် မသိဘူး"

"အမေလည်း လမ်းမတော်ဖိုးတုတ်ကို မမီလိုက်ပေမဲ့ ရန်ကုန်ကို အရင်ရောက်နေတဲ့ အမေတို့ဘကြီးပြောပြဖူးတာက ဒီလိုကွယ့်"

❀ ❀ ❀

□

လမ်းမတော်ဖိုးတုတ်ဟာ လူမိုက်လူဆိုးအပေါင်းတို့ရဲ့ ဘုရင်တစ်ဆူလို့ အများက သိထားကြတယ်။ လူမိုက်ဖိုးတုတ်ဆိုရင် အဝေးက ရှောင်ကြတယ်။ ဖိုးတုတ်အမည်ကို ရန်ကုန်မှာ (၁၉၀၀ ပြည့်နှစ်ကနေ ၁၉၄၄) ခုနှစ်အတွင်း လူတိုင်းသိကြတယ်။

မြန်မာစကားပြောရာမှာလည်း 'မင်းကလည်း မင်းကိုယ်မင်း လမ်းမတော်ဖိုးတုတ်များ မှတ်နေလား'၊ 'မင်း လူမိုက်ဖိုးတုတ် မလုပ်ချင်စမ်းပါနဲ့' စသည့် ဝေါဟာရအသစ်တွင်ပြီး ပြောကြဆိုကြတယ်။ အဲဒီစကားမျိုးတွေကို အမေတို့ ရန်ကုန်ရောက်တဲ့အထိ လူတကာက ပြောဆိုနေကြတုန်းပဲ။ လမ်းမတော်ဖိုးတုတ်က အဲသည်လောက်အထိ နာမည်ကြီးတာ။

ဖိုးတုတ်ကို ၁၂၅၁ ခုနှစ်လောက်က ဟံသာဝတီ (ပဲခူး)တိုင်း၊ သာရဝေါရွာ အဖ ဦးစံငြိမ်း၊ အမိ ဒေါ်ချစ်ပုတို့က မွေးဖွားခဲ့ပြီး အသား



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညိုညို အရပ် ၅ ပေ ၉ လက်မခန့် ခေါင်းတုံးဆံပင်၊ နှုတ်ခမ်းမွေးနဲ့ ဗလကောင်းကောင်း၊ ခန့်ညားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ။ မြန်မာလူမျိုးစစ်စစ်ပါ။ လူမိုက်ကြီးဆိုပေမဲ့ လူဆိုးကြီးတွေလို မာကျောကြမ်းတမ်းတဲ့ မျက်နှာပေါက်မဟုတ်ဘူး။ ပြုံးရွှင်နေတဲ့ မျက်နှာမျိုးပဲ။

ဖိုးတုတ်ဟာ မိခင်ဒေါ်ချစ်ပု အစ်ကိုဦးဘိုးသိ၊ အစ်မ မမကြီး၊ မမလေးတို့နဲ့အတူ ရန်ကုန်လမ်းမတော်အပိုင်းနေ ကုန်သည်ဦးဘိုးသင်တို့အိမ်မှာ လာရောက်နေထိုင်ကြတယ်။ ဦးဘိုးသင်အိမ်မှာ ဖိုးတုတ်ဟာ ကားစပယ်ယာ၊ ကားရေဆေးအလုပ်ကို လုပ်ကိုင်ပြီး ကြီးပြင်းလာခဲ့တာ။

အရွယ်ရောက်တော့ ဦးဘိုးသင်ရဲ့ ကားတွေကိုမောင်းပြီး ပစ္စည်းတွေကို သယ်ဆောင်ပေးရတယ်။ ကားလောကမှာ ဝင်ဆံ့လာတော့ ပဋိပက္ခဖြစ်လာရင် ဖိုးတုတ်က ဝင်ရောက်ဖြန်ဖြေပေးလေ့ရှိတယ်။ သတ္တိကောင်းသူတစ်ယောက်ဖြစ်လို့ ကားလောကမှာ အများက ရိုသေလေးစားကြတယ်။

အဲဒီအချိန်တုန်းက ဖိုးတုတ်ဟာ သမာသမတ်ကျတယ်။ ခိုးခြင်း၊ လုယက်ခြင်း၊ အနိုင်ကျင့်ခြင်းကင်းတယ်။ ရန်ဖြစ်လို့ ရိုက်မှု၊ ဓားထိုးမှုတွေကတော့ အဲဒီကတည်းက စတာ။ ဖလေးရှိသပေါ့ကွယ်။ အသက်အရွယ်ကြီးလာတော့မှ ခိုးဝှက်၊ တိုက်ခိုက်လုယက်သူတွေက ခေါင်းပုံဖြတ်ခွဲဝေယူတာတို့၊ ပစ္စည်းခွဲဝေယူတာတို့လုပ်ပြီး လူဆိုးလူမိုက်လုပ်ပါတယ်။

ဖိုးတုတ်က တည်ကြည်တယ်။ သစ္စာရှိတယ်။ မျှတတယ်။ တာဝန်လည်း ယူရဲတယ်။ ပုလိပ်တွေ၊ အုပ်ချုပ်သူတွေနဲ့လည်း သင့်တင့်အောင် ပေါင်းတတ်တယ်။ ဒါကြောင့် ဖိုးတုတ်ကို ပြစ်မှုနဲ့ မဖမ်း





နိုင်ဘူး။ သူက သူကိုယ်တိုင်လုပ်တာမှ မဟုတ်ဘဲ။ တပည့်တပန်းတွေနဲ့ ကိုင်းဖွဲ့ပြီး နောက်က ကြိုးကိုင်လှုပ်ရှားတာ။

တပည့်တပန်းတွေကို ဖမ်းမိရင်လည်း သူကျွေးမွေးပေးကမ်းထားတဲ့ ပုလိပ်တွေ၊ အုပ်ချုပ်သူတွေနဲ့ပေါင်းပြီး အမှုကို လျှော့ပစ်စေတယ်။ ဒါကြောင့် ရန်ကုန်မြို့လမ်းမတော်တစ်ဝိုက်မှာ ဖိုးတုတ်ဆိုတာနဲ့ ထွိပြီးမီးသေပဲ။ ဖိုးတုတ်ဟာ ကျုံးကြီးလမ်းမှာလည်း တိုက်တာနဲ့ တင့်တယ်စွာ နေထိုင်ခဲ့တယ်။

လမ်းမတော်နယ်မြေက မြောက်ဘက်မှာ သရက်တောကျောင်းတိုက်၊ ဆေးကျောင်းနဲ့ အရှေ့ဘက်မှာ ဂေါ်ဒဝင်လမ်း၊ တောင်ဘက်မှာ တမ်းနားလမ်း၊ အနောက်ဘက်မှာ သခင်မြပန်းခြံအထိ ဖြစ်တယ်။ ဖိုးတုတ်တို့ အလှုပ်ရှားဆုံးအပိုင်းကတော့ မော်တင်နဲ့ လမ်းမတော်သံချေးတစ်ဝိုက်ဖြစ်တယ်။

အဲဒီတုန်းက လမ်းမတော်နယ်မြေမှာ လမ်းမတော်ဖိုးတုတ်နဲ့ (၁၃) လမ်းမှာနေတဲ့ ပုဏ္ဏားဘထွန်းတို့ဟာ နာမည်ကြီး လူမိုက်ဗိုလ်တွေပဲ။ ပုဏ္ဏားဘထွန်းက အငြိမ့်ထောင်တာကို ဇန်းပြုပြီး နောက်ပိုင်းမှာ ကြေးကြီးကစားဝိုင်း ထောင်ထားတယ်။ ပုဏ္ဏားဘထွန်းဟာ အရင်က လမ်းမတော်ဖိုးတုတ်လို၊ နာမည်ကြီး လူမိုက်တစ်ယောက်ဖြစ်ခဲ့ပေမဲ့ အသက်ကြီးလာပြီး ဖိုးတုတ်အင်အားကောင်းလာတော့ ဗိုလ်မလုပ်နိုင်တော့ဘဲ အေးအေးဆေးဆေးပဲ နေတော့တယ်။

လမ်းမတော်နယ်မြေမှာ အဲဒီတုန်းက တရုတ်၊ ကုလား၊ မြန်မာတွေ အဓိကနေထိုင်ကြပြီး စားသောက်ဆိုင်နဲ့ သံချေးရှိတာကြောင့် အလွန်စည်ကားတယ်။ လူအများစည်ကားတဲ့ နေရာဆိုတော့ လူမိုက်တွေရဲ့ စားကျက်ကျရာ နေရာပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရန်ဖြစ်တာတို့ ခိုးဝှက်လုယက်မှုနဲ့ ရန်ဖြစ်မှုတွေက မကြာခဏ ဖြစ်တတ်တာကိုး။ အဲဒါတွေကို ဖိုးတုတ်တို့အဖွဲ့က ကာကွယ်ပေးတယ်။ ဆိုင်ရှင်တွေကလည်း ကျေးဇူးသိတဲ့အနေနဲ့ ဖိုးတုတ်တို့အဖွဲ့ကို လစဉ် ဆက်ကြေးပေးကြရတယ်။

ဖိုးတုတ်တို့ကို ဆက်ကြေးမပေးတဲ့ ဆိုင်တွေကိုတော့ ဖိုးတုတ်တို့က လက်ထောက်ချပြီး တပည့်တွေနဲ့ ဖောက်ထွင်းခိုးယူ၊ ဖျက်စီးတတ်ကြတယ်။ ဒါကြောင့် ဆိုင်တိုင်းဟာ ဖိုးတုတ်ကို ဆက်ကြေးပေးပြီး အစောင့်အရှောက်အကာအကွယ်ကို ယူကြရတယ်။

ဖိုးတုတ်ရဲ့ တပည့်တွေက လမ်းပေါ်နေ၊ လမ်းပေါ်စား။ အငှားကားတွေပေါ်မှာ အိပ်ကြတဲ့ လူမိုက်လေးတွေများတယ်။ လစဉ်ကောက်ခံရတဲ့ ဆက်ကြေးတွေကို လကုန်တာနဲ့ ကောက်ခံပြီး ဆရာဖိုးတုတ်ထံမှာ တစ်ပြားမကျန် အပ်နှံရတယ်။ ဖိုးတုတ်ကတော့ တပည့်လူဆိုးကလေးတွေကို သင့်သလို ခွဲဝေပေးတာ။

သူ့နယ်မြေထဲမှာ ကျူးလွန်တဲ့ ရာဇဝတ်မှုမှန်သမျှ ဖိုးတုတ်ကို ခွဲဝေမပေးရင် အဲဒီလူ နောက်တစ်နေ့မှာ အသက်ရှင်ဖို့မလွယ်ဘူး။ အမှုကြီးရင်တော့ ဖိုးတုတ်က ပုလိပ်ကိုသတင်းပေးပြီး ဖမ်းခိုင်းတော့တာပဲ။ ဖိုးတုတ်အနေနဲ့ကတော့ အငြိမ့်ထောင်ပိုင်ရှင်အဖြစ် ရှုမြင်ထားတယ်။ ပုလိပ်တွေကလည်း ဖိုးတုတ်ကို အတော်လေးစားယုံကြည်ကြတယ်။ ဖိုးတုတ်ကလည်း မပိုင်ပဲ ဘယ်အလုပ်မှမလုပ်ဘူး။

၁၉၂၉ ခုနှစ်လောက်မှာ သင်္ဘောကျင်း ကုန်တင်ကုန်ချအလုပ်အတွက် အိန္ဒိယမှ လာရောက်အလုပ်လုပ်တဲ့ ကူလီတွေ သပိတ်မှောက်ကြတယ်။ အင်္ဂလိပ်အစိုးရခေတ်ပေါ့။ အဲဒီအခွင့်ကောင်းကို ဖိုးတုတ်က အမိအရယူပြီး တပည့်လူဆိုးတွေကို မြန်မာကူလီများအဖြစ် ကုန်တင် ကုန်ချအုပ်ချုပ်သူများထံမှာ အပ်နှံပြီး အလုပ်လုပ်စေတယ်။ အဲဒီ တပည့် အလုပ်သမားတွေဆီကလည်း ခေါင်းပုံဖြတ်ပြီး ဆက်ကြေးကောင်းယူသေးတယ်။

ဖိုးတုတ်ရဲ့ အကြံဉာဏ်နဲ့ ဆောင်ရွက်မှုအတွက် ကုန်တင်၊ ကုန်ချအလုပ် ရပ်စဲမသွားတာကြောင့် အင်္ဂလိပ်ကုန်သည်ကြီးများက ဖိုးတုတ်ကို ကျေးဇူးတင်ကြပြီး လက်ဆောင်မွန်များပင် ပေးကြ၊ ကောင်းချီးပေးရတယ်။ ဖိုးတုတ် မင်းပိုင်းစိုးပိုင်း၊ ကုန်သည်ပိုင်းမှာ လူရာဝင်သွားတော့တာပေါ့။

ဒါပေမဲ့ အလုပ်လက်မဲ့ အိန္ဒိယကုလားကူလီ သုံးလေးထောင်နဲ့ ဖိုးတုတ်ရဲ့ တပည့်လူမိုက်တွေကြောင့် အိန္ဒိယအလုပ်သမား ကူလီတွေ အတော်များများ အသတ်ခံရတယ်။ အဲဒီအချိန်မှာ ဖိုးတုတ်ကလည်း အစိုးရကို အကူအညီပေးတာကြောင့် အဓိကရုဏ်း ငြိမ်သက်အေးချမ်းသွားတယ်။ ဖိုးတုတ်အမှတ်ရပြန်တာပေါ့။

၁၉၂၉ ခုနှစ်ကနေ ၁၉၃၇ ကာလအတွင်းမှာ ဖိုးတုတ်ဟာ အေးချမ်းစွာပဲ သူ့ရဲ့သူခိုး၊ ခါးပိုက်နှိုက်၊ လူမိုက်အဖွဲ့အသီးသီးထံက ရတဲ့ ဆက်ကြေးနဲ့ စားသောက်နေထိုင်နိုင်တယ်။ ဤလောက်ဖြင့် ဖိုးတုတ်က တင်းတိမ်ရောင့်ရဲသူမဟုတ်။

အုပ်ချုပ်သူနှင့် ရဲအဖွဲ့ဝင် ကြီးငယ်မဟူကို မိမိ၏အိပ်ထောင်ထဲ၌ ထည့်ထားချင်သူတစ်ဦးဖြစ်သည်။ အုပ်ချုပ်သူ၊ ပုလိပ်အဖွဲ့နှင့် နိုင်ငံရေးသမားတို့၏ အားကိုးခြင်းကိုလည်း ခံယူလိုသူ ဖိုးတုတ်ဖြစ်လေသည်။ အမှန်လည်း ပုလိပ်အဖွဲ့က ဖိုးတုတ်ကို အားကိုးခဲ့ရသည်။





စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမတော်ဌာနအုပ်များသည် မိမိတို့အပိုင်၌ မည်သည့်အမှုပင်ဖြစ်စေ၊ အမှုတွဲကိုကိုင်၍ ဖိုးတုတ်အိမ်သို့ ဦးတိုက်သွားကာ တရားခံရှာပေးရန် အကူအညီတောင်းခံကြရသည်။ ထို့ကြောင့်လည်း ဖိုးတုတ်အကူအညီဖြင့် လမ်းမတော်တိုက်နယ်အတွင်းတွင် ဖြစ်ပွားခဲ့သော ရာဇဝတ်မှုအများအပြားတွင် အမှုစစ်အရာရှိများမှာ တရားခံများ၊ သက်သေခံပစ္စည်းများကို ဖမ်းဆီးမိကြသည်က များသည်။

ဖိုးတုတ်အနေဖြင့် ရဲအရာရှိများအား ကူညီမှုတစ်ဖက်ကပေးရန် တစ်ဖက်ကလည်း အမှုကို မအောင်မြင်စေရန် ဖျက်လျက်ရှိသည်။ ရဲအရာရှိများကလည်း အမှုပေါ်ပေါက်လျှင် ပြီးမြောက်သည်ဟု အထင်ရှိကာ ရုံးတော်သို့ တရားစွဲရုံနှင့် တင်းတိမ်တတ်ကြသည်။ ထိုမျှသာ ဖိုးတုတ်က ကူညီ၏။

မိမိနှင့်တကွ တပည့်ရင်းများဖြင့် ပတ်သက်ပါက ဖိုးတုတ်က အမှုကို ဖျက်ပစ်တတ်သည်။ ထို့ကြောင့် ဖိုးတုတ်ကူညီ၍ ပေါ်သော အမှုများမှာ အမှုကလေးများသာ ဖြစ်တတ်ပေသည်။ ဖိုးတုတ်တွင် ဖော်ရွေစွာဆက်ဆံတတ်သော အမှုအရာလေးနှင့် တချို့ပုလိပ်အဖွဲ့ဝင်များအား ကာကွယ်ပေးတတ်ခြင်းကြောင့် လူမိုက်ဗိုလ်ဖိုးတုတ် နာမည်ကြီးလျက် ကျော်စောခြင်းဖြစ်သည်။

ဖိုးတုတ်၏ အာဏာစက်ဝန်းအတွင်း၌ ဘိန်းခန်း၊ ပြည့်တန်ဆာခန်း၊အရက်ဆိုင်၊ ဖဲဝိုင်းတို့ ရှိသည်။ ဘုန်းကြီးလမ်းအရက်ဆိုင်၊ ကျုံးကြီးလမ်းဘိန်းခန်း၊ ထောင်ခြံမှ ပြည့်တန်ဆာများ၊ လမ်းမတော်ပိုင်းရှိ အငြိမ့်ထောင်အိမ်လေးငါးခုနှင့် (၁၈)လမ်းမှ လေးကောင်ဂျင်ဝိုင်းများရှိသဖြင့် ငွေလိုလျှင် လွယ်လင့်တကူ ရနေတတ်ပေသည်။

ဖိုးတုတ်၏ လက်သုံးစကားမှာ . . .





"ကျွန်တော်တို့က ဆင်းရဲသားတွေပါ။ ဘာမှလည်း မလုပ်တတ်၊ မကိုင်တတ်နဲ့ ဒီခေတ်ထဲမှာ ကိုယ့်ထက် ချမ်းသာကြွယ်ဝတဲ့သူတွေဆီက အနည်းအပါး ဝေခြမ်းစားသောက်တာ ချမ်းသာသူတွေအတွက် မထိခိုက်ပါဘူး"

ဟု ပြောလေ့ရှိပေသည်။

ဖိုးတုတ်သည် တဲ့တိုးစကားပြောတတ်သည်။ သူ၏အလုပ်မှာ သူတစ်ပါးပစ္စည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သော်လည်း အမှန်စကားတော့ ပြောတတ်သည်။ လိမ်လည်ကောက်ကျစ် ယုတ်မာခြင်းတော့မရှိ။

၁၉၄၂ ခုနှစ်တွင် ရန်ကုန်မြို့ကို ဂျပန်က သိမ်းယူသောအခါ ဖိုးတုတ်သည် ဂျပန်များဖြင့် သင့်အောင်ပေါင်း၍ နေပြန်သည်။ သူ့အား ဂျပန်စစ်ယူနီဖောင်းဝတ်၍ မြင်းကြီးကို စီးနေသည်ကိုလည်း တွေ့ရပြန်သည်။ အခွင့်ကောင်းအခါကောင်းကို အမိအရယူတတ်သူလည်း ဖြစ်သည်။

ဗိုလ်မိုးကြိုးကို ရန်ကုန်မြို့တော်ခန်းမတွင် ပထမဦးစွာ ညှဉ်းခံပွဲကျင်းပရာ၌ ရဲဘော်သုံးကျိပ်သည် ဖိုးတုတ်၏အကူအညီကို ရယူခဲ့ရသည်ဟု အဆိုရှိခဲ့ဖူးသည်။ ထိုအချိန်က ရန်ကုန်မြို့သည် ယခုလောက်မစည်ကားသေး။ ပျောက်ကျားနေထိုင်၍ ဗဟန်း၊ ကန်တော်ကလေး၊ ကျိုက္ကဆံ၊ ဘောက်ထော်အပိုင်းများ၌ ခိုအောင်းနေကြပြီး မြို့အတွင်း၌ ဂျပန်စစ်ဖိနပ်သံများသာ မင်းမူနေလေသည်။

ဂျပန်များသည် ထိုစဉ်က ရန်ကုန်မြို့တွင်း၌ အုပ်ချုပ်ရေးဘက်မှ လူကြီးလူကောင်းများ၊ ပြန်လည်မရောက်သေးချိန်တွင် ဖိုးတုတ်၏ အကူအညီကို ရယူအုပ်ချုပ်နေခြင်းပင် ဖြစ်သည်။ ပုလိပ်အဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းများကို ပြန်လည် ရာထူးပေးချိန်တွင်ကား ဖိုးတုတ်မှာ ရာထူးမဲ့ဖြစ်၍ မိမိတတ်ကျွမ်းသော အလုပ်ကိုပင် ပြန်လည်လုပ်ကိုင်မြဲ လုပ်ကိုင်နေတော့သည်။

ဖိုးတုတ်သည် ဒေါက်တာဘမော်၏ အစိုးရဖွဲ့သောအချိန်မှစ၍ ပုသိမ်ညွှန့်ရှိ လူမိုက်ခေါင်းဆောင် 'ဘဘိုး' လောက် တန်ခိုးမရှိတော့။ ပုသိမ်ညွှန့်ဘဘိုးမှာ ဗန္ဓုလဦးစိန်၏ ညာလက်ရုံးဖြစ်သည်။

ဗန္ဓုလဦးစိန်ကား အဓိပတိ ဒေါက်တာဘမော်အစိုးရလက်ထက်တွင် သာသနာရေးဝန်ကြီးဖြစ်သည်။ ပုသိမ်ညွှန့်ဘဘိုးသည် ဒေါက်တာဘမော်နန်းရင်းဝန်ဘဝက ကန်တော်ကြီးအိမ်တွင် စောင့်ရသော လူစွမ်းကောင်းကြီးဖြစ်သည်။

လေးနှစ်လေးမိုး ဂျပန်ခေတ်တွင် ဖိုးတုတ်မှာ မထင်ပေါ်တော့။ ဂျပန်တော်လှန်ရေးစသော ၁၉၄၄ ခုနှစ်အလွန်တွင် ဒေါက်တာဘမော် အစိုးရ၏အမိန့်ဖြင့် စုံထောက်ဌာနမှ ဦးမှိုန်ကိုယ်တိုင် လမ်းမတော်ဖိုးတုတ်အား ဖမ်းဆီးလျက်၊ မြောင်းမြထောင်သို့ပို့ပြီး ချုပ်နှောင်ထားလိုက်တော့သည်။

ဖိုးတုတ်၏တပည့် လူမိုက်အချို့မှာလည်း ဂျပန်စစ်ရဲများ၏ ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံကြရသည်။ လမ်းမတော်ဖိုးတုတ်သည် မြောင်းမြထောင်တွင် အကျဉ်းကျနေစဉ် ပေခဲ့သောတေခဲ့သောဒဏ်ကြောင့် အသက် (၄၆) နှစ်သာ ရှိသေးသော်လည်း ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာ (၂၈) ရက်နေ့တွင် ရောဂါမျိုးစုံဖြင့် ကွယ်လွန်ခဲ့ပါသည်။

လမ်းမတော်ဖိုးတုတ်သည် ဆုံးသွားခဲ့သော်လည်း သူ့မိခင်ကို ရှိသေးသည်။ မိခင်ပြောလျှင် နားထောင်တတ်သည်။ အလိုမတူဘဲ အဓမ္မသိမ်းပိုက်ခဲ့သော ဇနီးသည်ဒေါ်သန်းမြကိုလည်း အလွန်ချစ်သည်။





ကြင်နာသည်။ အိမ်တွင်းပညတ်ချက်များကိုလည်း လိုက်နာသည်။

တစ်နေ့လျှင် သံဃာ (၁၀) ပါးဆွမ်းဟင်း၊ ဆွမ်းထမင်းလောင်းလှူသည်။ ဗုဒ္ဓဟူးနေ့တိုင်း (၁၄) လမ်းနှင့် ကျုံးကြီးလမ်းထောင့်နေအိမ်၌ ဝတ်ရွတ်သည်။ တစ်လလျှင် သံဃာအပါး (၅၀) တို့အား ဆွမ်းကျွေးခြင်း၊ တစ်လလျှင်တစ်ကြိမ် နေအိမ်၌ ဘုရားကိုးဆူကပ်လှူခြင်းများကို ဖိုးတုတ်ကိုယ်တိုင်ဦးစီး၍ ပါဝင်ဆောင်ရွက်တတ်သည်။

ဖိုးတုတ် လမ်းထွက်သည့်အချိန် လမ်းပေါ်၌တွေ့ရသော အကျီမရှိသူ၊ လုံချည်စုတ်နှင့် တွေ့ရသူများကို ချက်ချင်းဝယ်ပေးလေ့ရှိသည်။ နှစ်ဖက်ဆွေမျိုးများကိုလည်း ထောက်ပံ့ပေးကမ်းတတ်သည်။ မြန်မာနှစ်သစ် သင်္ကြန်အခါတိုင်း (၁၄) လမ်းရှေ့တွင် 'ငန်းတံဆိပ်' မဏ္ဍပ်ထိုး၍ ညှော်ခံကျွေးမွေးတတ်သည်။

သူ၏မိခင် လှူလိုသမျှကို ငွေရှာပေးသည်။ သူ့အိမ်သို့ ဂုလာတတ်ကြသည့် ပုလိပ်ရှေ့နေ၊ တရားသူကြီး၊ ထောင်မှူး၊ ထောင်ကြပ်၊ လာလာသမျှလူများကို ဟိုတယ်များတွင်ခေါ်၍ ညှော်ခံကျွေးမွေးခြင်း၊ ငွေကြေးပေးကမ်းခြင်းတို့ကို အစဉ်အမြဲ ပြုလုပ်တတ်သည်။

သရက်တောကျောင်းတိုက်တွင် ဖိုးတုတ်က ကိုရင်၊ ဦးပဉ္စင်းများကို သင်္ကန်းစည်းပေးခြင်း၊ ဖရပ်ကြီးဆောက်၍ လှူဒါန်းခြင်း ရွှေဂုံတိုင်လမ်း ဘုန်းကြီးကျောင်း၌ ရေတွင်းတူး၍ ရေလှူခြင်းလုပ်ငန်းများလည်း လုပ်လေ့လုပ်ထရှိသည်။ ထို့ကြောင့် လမ်းမတော်ဖိုးတုတ်ကို လူကောင်းတစ်ယောက်အဖြစ် ဆုံးဖြတ်ရန်ခက်သလို၊ လူမိုက်သက်သက်ဟုလည်း ဆုံးဖြတ်ရန် ခက်ခဲလေသည်။

လူမိုက်ဟူသည်ကား အဆိုးအကောင်းခွဲခြားတတ်သော ဉာဏ်မရှိ။ သူတစ်ပါးအခွင့်အရေးကို လုံးဝမေ့ပျောက်ကာ မိမိအတွက် အစ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကောင်းစိတ် တစ်ခုတည်းသာရှိသူ၊ သူလိုငါလိုလက်ရဲ ဇော်ရဲလုပ်တတ်သည့်သာမက တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်အန္တရာယ်ကို မမြင်တတ်ပဲ မြှုလုပ်တတ်သူ၊ အကြောင်းမလုံလောက်ဘဲနှင့် ရာဇဝတ်မှုကျူးလွန်ဝံ့သူများ ဖြစ်ကြသည်။

ထို့ကြောင့် လူဆိုးလူမိုက်များကို လူအများက ရှောင်ကွင်းကြခြင်း ဖြစ်လေသည်။ ဖိုးတုတ်ကိုလည်း လူမိုက်များ၏ မိုလ်ဖြစ်၍ ပိုမိုရှောင်ရှားဖွယ်၊ စက်ဆုပ်ဖွယ်ဖြစ်သည်ဟု ယူဆနိုင်သော်လည်း ဖိုးတုတ်တွင် လူမိုက်သက်သက်ဟုယူဆရန် အကြောင်းကား မပြည့်စုံပြန်။ လူမိုက်စစ်စစ်တို့၏ ဉာဉ်မျိုးမရှိဟု လမ်းမတော်တိုက်ကိုင် ရဲမှူးဦးခင်မောင်က မှတ်ချက်ပြုဖူးလေသည်။

ဦးခင်မောင်သည် ပဲခူးခရိုင်၊ စုံထောက်ရဲအဖွဲ့တွင် အမှုထမ်းနေရာမှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး ထိုစဉ်က နာမည်ကြီး၍ ကျော်စောလှသော လမ်းမတော်ဖိုးတုတ်နှင့် ပုဏ္ဏားဘာထွန်းတို့ကို နှိမ်နင်းရန် လမ်းမတော်တိုက်ပိုင် ရဲမှူးအဖြစ် တာဝန်ပေးခြင်းခံရသူဖြစ်သည်။ ရဲမှူးဦးခင်မောင်သည် ၁၉၃၇ ခုနှစ်မှ ၁၉၄၄ ခုနှစ်တိုင်အောင် ဖိုးတုတ်နေဝင်အချိန်ထိ တွေ့ထိဆက်ဆံခဲ့ရသူတစ်ဦး ဖြစ်ပေသည်။

“ကဲ . . . သားကြီး ရန်ကုန်က လူဆိုးလူမိုက်တွေနဲ့ ပတ်သက်လို့ ဘာမေးချင်သေးသလဲ။ အမေသိသလောက် ပြောပြမယ်လေ”

“အမေပြောခဲ့တဲ့အထဲမှာ ကန်တော်ကလေးလူမိုက် ဖိုးလုံး ဆိုတာပါတယ်။ အဲဒီအချိန်လောက်က နာမည်ကြီးခဲ့ဖူးတဲ့ မြေနီကုန်း ဖိုးလုံးနဲ့ အတူတူပဲလားဟင် အမေ”

“မတူဘူးကွယ့်။ ကန်တော်ကလေးဖိုးလုံးက ကုလားလူမိုက်





ဖိုးလုံး။ မြေနီကုန်းဖိုးလုံးက မြန်မာလူမိုက်ဖိုးလုံးကွယ့်။ နယ်မြေချင်းလည်း လှမ်းတယ်လေ။ အဲဒီဖိုးလုံးနှစ်လုံးကတော့ ဘာကောင်းမှုမှ မလုပ်ကြဘူး။ လူဆိုးလူမိုက်၊ ဖောက်ထွင်းသမားသက်သက်တွေပဲ။

အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်၊ ဂျပန်အပြေး၊ အင်္ဂလိပ်ပြန်အဝင်၊ ရောင်စုံသူပုန်ခေတ်တွေမှာ စစ်ပြေးရတဲ့အိမ်တွေကို ဂိုဏ်းဖွဲ့ပြီး ဖောက်ထွင်းခိုးယူကြလို့ နာမည်ကြီးလာကြတာပဲ။ အမေတို့တောင် ရန်ကုန်ရောက်မှ သူတို့နှစ်ဦးကို မီလိုက်ပါသေးတယ်။ နောက်ဆုံးတော့လည်း လူမိုက်ပီပီ တောင်နန်းစံရပြီး ဘဝနိဂုံးချုပ်ရတာပါပဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

□

ကန်တော်ကလေးက အမေ့တို့အိမ်အကြောင်းကို ပြောဦးမယ်။ မြေကွက် (၃) ကွက်ဝယ်ပြီး အိမ် (၃) အိမ်ဆောက်တယ်။ နှစ်အိမ်ကို အိမ်ငှားပြီး အမေတို့က တစ်အိမ်မှာပဲ နေတယ်လို့ ပြောခဲ့ပြီးပြီနော်။ အမေတို့နေတဲ့အိမ်က အတော်ကျယ်ပါတယ်။

လေးပင်နှစ်ပင်အိမ်ကြီး ဆောက်ခါစက အနိမ့်ပိုင်းကျပြီး ရေဝပ်လို့ မြေအတော်ဖို့ယူရတယ်။ ခြံထဲမှာ မျိုးကောင်းသရက်ပင်ကြီးတွေလည်း ပါတယ်။ အုတ်အုတ်ဆိုင်းဆိုင်းနဲ့ ရှေးဟောင်းခြံကျယ်ကြီးပေါ့။ ဝယ်တုန်းက ပျဉ်ထောင်အိမ်ဟောင်း ကြီးပါတယ်။

အိမ်ဟောင်းကြီးကို ဖျက်လိုက်တော့ အိမ်အောက်မှာ ရေဝပ်နေတယ်။ ကုလားအလုပ်သမားတွေကို ခေါ်ပြီး ရေပက်ထုတ်ရတယ်။ ရေလည်းကုန်ရော အတော်နက်တဲ့ တွင်းချိုင့်ကြီးပဲ ကျန်ရစ်ခဲ့တယ်။ အဲဒါကြီးကို မြေဖို့ရတာ မြေသယ်ကားနဲ့ ဆယ်စီးတိုက်လောက် ဖို့ယူရတယ်။





ရေစိမ့်၊ ရေဝပ်တဲ့နေရာဖြစ်လို့ ပျဉ်ထောင်အိမ်ဆောက်ရင် အဆင်မပြေမှာစိုးလို့ မေမေက ဖောင်ဒေးရှင်းထူထူနဲ့ အုတ်တိုက်ဆောက်ပစ်လိုက်တယ်။ တိုက်ကန်ထရိုက်တာက ဦးဒွေးမြင့်ပေါ့။ သူလည်း အခုခေတ်မှာတော့ အတော်ချမ်းသာနေပါပြီ။

တိုက်ဆောက်ပြီးတော့လည်း ဖောင်ဒေးရှင်းထူပေမဲ့ အစိုဓာတ်က အပေါ်ကို ပြန်တက်လာတယ်။ အမေတို့အိမ်ဘုရားခန်းနဲ့ ဧည့်ခန်းဟာ (၁၂) လရာသီပတ်လုံး အေးစိမ့်နေတာပဲ။ ဖယောင်းပုဆိုးခင်းထားတာတောင် အဆင်မပြေလို့ နောက်ပိုင်း သမံတန်လင်းပေါ်မှာ ပျဉ်းကတိုးလျှာထိုး ထပ်ခင်းရတယ်။

အမေတို့အိမ်ကြီးကိုဆောက်တုန်းက ဖေဖေဟာ ပုသိမ်ဘက်မှာ တာဝန်ထမ်းဆောင်နေရတာမို့ အိမ်တစ်အိမ်လုံးဟာ မေမေ့လက်ရာချည်းပါပဲ။ အိမ်မှာလည်း မေမေရယ်၊ အမေရယ်၊ မောင်လေးမောင်တင်ဦးရယ်၊ ထမင်းချက် ကောင်မလေးတစ်ဦးရယ်ပဲ ရှိတယ်။

အစ်ကိုကြီးက သရက်တောကျောင်းမှာ ဦးပဥ္စင်းဝတ်နေတယ်လေ။ မောင်လေးမောင်တင်ဦးကလည်း ကျောင်းဆရာအလုပ်ရသွားတော့ အိမ်မှာ ခြောက်ကပ်နေတာပဲ။ မေမေကလည်း အချိန်ပြည့် တရားထိုင်နေတာလေ။

နောက်ပိုင်းအမေလည်း ပျင်းလာတာနဲ့ အလုပ်တစ်ခုခုလုပ်ဖို့ မေမေ့ဆီမှာ ခွင့်တောင်းရတယ်။ မေမေက အတိုးပေးစားတော့ ဝင်ငွေရှိတယ်။ နောက်ပြီး စိန်ထည်၊ ရွှေထည်လည်း အရောင်းအဝယ်လုပ်သေးတယ်။

ဒါကြောင့် အမေ့ကို အလုပ်လုပ်စရာ မလိုဘူးလို့ပြောတယ်။ နောက်ပိုင်း အမေပူဆာလွန်းလို့ ဦးတင်သိန်း (နေးရှင်းသတင်းစာ)



www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်နဲ့ လူဝင်မှုကြီးကြပ်ရေးဌာနမှာ အောက်တန်းစာရေး ရာထူးရတယ်။ အဲဒီအချိန်က (လ ၊ ဝ ၊ က) ဌာနမှာ DCS ဦးကျော်နိုင်တဲ့ မင်းကြီး၊ ဦးစိုးလှိုင်က (လက်ထောက်) ပေါ့။

ကြည့်မြင်တိုင်၊ ရှောလမ်းက နံ့ယံကျောင်းမှာ INTERVIEW ဖြေရတာ။ အမေအလုပ်စဝင်တော့ မဟာဗန္ဓုလပန်းခြံထောင့်က SILVER GREY အဆောက်အဦမှာ စတင်အမှုထမ်းရတယ်။ သန်းခေါင်စာရင်း မင်းကြီးရုံးလို့ခေါ်တယ်။

အဲဒီကမှ ROW ကုမ္ပဏီအပေါ်ထပ်ကို ပြောင်းရပြီး GLOBE COMMERCIAL မှာ အင်္ဂလိပ်၊ မြန်မာ၊ လက်နှိပ်စက်သင်တန်း တက်ရပြန်တယ်။ သင်တန်းဆင်းတော့ လက်နှိပ်စက်စာရေးမရာထူးနဲ့ (၁၀)လ တာဝန်ထမ်းဆောင်နေတုန်း မင်းကြီးခေါ်လို့ ရာထူးတိုးရေးစာမေးပွဲ ဖြေရတယ်။ စာစီစာကုံး ရိုက်ခိုင်းတာပါ။ ခေါင်းစဉ်က 'ကရင်မြန်မာ အဓိကရုဏ်း' တဲ့လေ။

အမေတို့က ကျူပျော်မှာ ကိုယ်တွေ့ကြုံခဲ့ရတော့ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးနိုင်းတာပေါ့။ (၁၀) ယောက်ဖြေတာ (၄) ယောက် အောင်တယ်။ အမေပါတာပေါ့။ ဒါကြောင့် လက်နှိပ်စက်စာရေးကနေ အထက်တန်း စာရေးအဖြစ် ရာထူးတိုးမြှင့်ခံရတယ်။

အဲဒီအချိန်မှာ SAMB လို့ခေါ်တဲ့ စိုက်ပျိုးရေးရုံးကလည်း အထက်တန်းစာရေးအဖြစ် ခေါ်တယ်။ အမေမလုပ်ပါဘူး။ မိခင်(လ ၊ ဝ ၊ က) ရုံးမှာပဲ သစ္စာရှိစွာ အမှုထမ်းခဲ့တယ်။ အမေက ရတဲ့လစာကို မေမေ့ကို (အကုန်အပ်တယ်)၊ ပြီးမှ လိုသလောက်ပဲ ပြန်တောင်းသုံးတာ။ မိဘဆိုတာက သားသမီးလုပ်စာကို မစားရက်ကြပါဘူး။ ဒါပေမဲ့





သားသမီးက သိတတ်စွာ လစာအပ်တာကိုတော့ အလွန်သဘောကျ ဝမ်းသာကြတယ်။

မေမေကလည်း အတိုးပေးစားပြီး စိန်၊ ရွှေ၊ ငွေ အရောင်းအဝယ်လုပ်တယ်။ ဖေဖေကလည်း လစာကောင်းတော့ ပိုလျှံနေတယ်လေ။ အမေက အဲဒီအချိန်တုန်းက ရန်ကုန်ရောက်ပြီး ဝန်ထမ်းဖြစ်နေပေမဲ့ အင်္ကျီ၊ ထဘီနဲ့ ဘီးကျော့ပတ်ထုံး၊ နားဆွဲဆွဲထားသော အလွန်ရိုးတဲ့ တောသူမပုံစံပါပဲ။ အလုပ်တာဝန်ကိုလည်း ကျေပွန်အောင် ထမ်းဆောင်နိုင်တော့ (လ ၊ ဝ ၊ က) မင်းကြီးက အလွန်သဘောကျပါတယ်။

အမေက ဘွဲ့မရပါဘူး။ (၁၀) တန်းပဲအောင်တာပါ။ ဒါကြောင့်လည်း လုပ်သက်ကလေးရပြီး (B.C) စာမေးပွဲခေါ်ချိန်မှာတော့ အမေ ဖြေဆိုခွင့်မရဘူး။ ဘွဲ့ရမှ ခန့်တာကိုး။ ဒါပေမဲ့ ဒုတိယအကြိမ် (B.C) စာမေးပွဲခေါ်ချိန်မှာတော့ မင်းကြီးရဲ့ထောက်ခံချက်နဲ့ မေမေ စာမေးပွဲ ဖြေခွင့်ရတယ်ကွယ့်။ ဘွဲ့မရလို့ အတန်းပညာအရည်အချင်း အမှတ်နည်းပေမဲ့ အမေ့ရဲ့အတွေ့အကြုံ၊ အကျင့်စာရိတ္တနဲ့ စာမေးပွဲအောင်မှတ်ကောင်းလို့ အမေအရွေးခံရပါတယ်။

အဲဒီအချိန်မှာ အမေ့အတွက် ဖူးစာရှင်တွေလည်း ပေါ်လာပြီ။ စာပေးပြီး ချစ်စကားကြိုက်စကား အပြောခံရတာကတော့ နေ့တိုင်းလိုလိုပါပဲ။ ဒါပေမဲ့ အမေက တော်ရုံလူကို မရွေးပါဘူး။ ရုံးမှာလည်း လူပျိုစာရေးစာချီတွေရှိပါတယ်။ ဒါပေမဲ့ အမေလက်မခံပါဘူး။

နောက်ဆုံး အမေဆန်ကာတင်ရွေးချယ်တော့ လေယာဉ်မောင်းတဲ့ (PILOT) ကိုလှသိန်းနဲ့ (ICS) ဦးခင်မောင်ကြည်တို့က အဓိက ကျန်နေခဲ့တယ်။ နှစ်ယောက်စလုံး လူချောလူခန့် ဂုဏ်သရေရှိအရာရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေပဲ။ ကိုလှသိန်းကတော့ အသက် (၃၅) နှစ်လောက်၊ ဦးခင်မောင်ကြည်ကတော့ ကိုလှသိန်းထက် နည်းနည်းပိုကြီးတယ်။ ကိုလှသိန်းက မော်ဘီ (၅၀၂) လေတပ်စခန်းမှာ တာဝန်ထမ်းဆောင်နေတာ။ ဦးခင်မောင်ကြည်က နယ်မှာ တာဝန်ထမ်းဆောင်ရတာဆိုတော့ အလာကျဲတယ်။

ဒါကြောင့် မကြာခဏ တွေ့ရပြီး နီးစပ်မှုရှိတဲ့ ကိုလှသိန်းကို အမေက ပိုသဘောကျမိလို့ မျက်နှာသာပေးမိတယ်။ အမေ့ရဲ့မေမေဒေါ်သောင်းကတော့ အရာရှိကြီးဖြစ်တဲ့ ICS ဦးခင်မောင်ကြည်ကို ပိုသဘောကျတယ်။

ကိုလှသိန်းနဲ့ ဦးခင်မောင်ကြည်ကလည်း အမေ့ဆီလာလည်ကြရင်း သိကျွမ်းရင်းနှီးနေကြတယ်။ နောက်မှသိရတာကတော့ အမေ့မေတ္တာကို ဘယ်သူရရ၊ သဘောထားကြီးကြစတမ်းဆိုပြီး ကတိသစ္စာပြုထားကြသတဲ့။ ဒါကြောင့် အမေကလည်း အရွေးခက်နေတော့ အချိန်အတော်ကြာ ဆွဲထားတယ်။ သူတို့ကလည်း သဘောပေါက်ပါတယ်။

အဖမ့်ကို မြန်မြန်အဖြေပေးပါလို့ မတောင်းဆိုကြပါဘူး။ ညီမသံဖွယ် စောင့်ရှောက်တယ်။ အရာရှိတွေဆိုတော့ စည်းကမ်းရှိရှိ သမာဓိရှိရှိပေါ့ကွယ်။ အမေ့အသက်ကလည်း (၂၅) နှစ်လောက် ရှိလာပြီဆိုတော့ အပျိုရိုင်းကလေးမှ မဟုတ်တော့တာ။

အပတ်စဉ် ဥပုသ်စောင့်ပြီး ဘာသာရေးလည်း ငယ်စဉ်ကတည်းကလိုက်စားတော့ ဆင်ခြင်တုံတရားက ပြည့်ဝနေပြီ ဆိုရမှာပေါ့။ နောက်ပြီး အမေရဲ့ မေမေဒေါ်သောင်းက အမေအပျိုအရွယ် ဖြစ်စကတည်းက ဆုံးမသွန်သင်မှုကလည်း အပြည့်ဝနေပြီလေ။ ဒါကြောင့် မေမေ့ကိုအမေက ဘာမဆို ပွင့်ပွင့်လင်းလင်းတိုင်ပင်တတ်တယ်။ မေမေ





ကလည်း အမေ့ကိုယုံကြည်ပြီး အိမ်ထောင်ရေးမှာ စိတ်ကြိုက်ရွေးချယ်ခွင့် ပေးထားပါတယ်။

အဖေကတော့ ကျန်းမာရေးအင်စပက်တော်ရမင်းဆိုတော့ အင်္ဂလိပ်ခေတ်အရာရှိ (ICS) သဘောကျပေမဲ့ လေတပ်က (PILOT) လည်း မဆိုးပါဘူးလို့ ပြောရှာပါတယ်။ မေမေကတော့ တစ်ခါတစ်ခါ ပြောလေ့ရှိတယ်။

လေယာဉ် PILOT ဆိုတာ လေပေါ်ကောင်းကင်မှာ ပျံဝဲရင်း အလုပ်လုပ်ရတာ။ လေယာဉ်စက်ပျက်ရင် မော်တော်ကားတွေလို သင်္ဘောတွေလို လွတ်ကင်းရာထိုးရပ်ထားလို့ မရဘူးတဲ့လေ။ လေပေါ်က ပြုတ်ကျမှာပဲတဲ့။ ငါ့သမီးလေး ငယ်ငယ်ရွယ်ရွယ်နဲ့ PILOT ကိုယူရင် မုဆိုးမဖြစ်နေဦးမယ်လို့ နောက်သလို၊ ပြောင်သလိုနဲ့ သတိပေးတတ်တယ်။

ဟုတ်လည်း ဟုတ်ပါတယ်။ လွတ်လပ်ရေးရစ ခေတ်ဦးကတော့ အမေတို့နိုင်ငံမှာ ဒါကိုတာ (DAGOTA) လို့ခေါ်တဲ့ အမေရိကန်လေယာဉ်အဟောင်းကြီးတွေနဲ့ လေတပ်မှာလည်း ဘိချ် (BEACH) နဲ့ စပစ်ဖိုင်းယား (SPIT FIRE)လို့ခေါ်တဲ့ ဒုတိယကမ္ဘာစစ်လက်ကျန် ပန်ကာတစ်လုံးတပ် လေယာဉ်တွေလောက်ပဲရှိတာလေ။ ဒါ့ကြောင့် အမေက ကိုလှသိန်းကို ကြုံတဲ့တစ်နေ့မှာ မေးကြည့်မိတယ်။ အဲဒီတော့ သူက ဘာပြန်ပြောသလဲဆိုတော့ ...

“လေဒီရယ် ... ကိုယ်တို့မောင်းနေရတဲ့ လေယာဉ်တွေက MODEL အဟောင်းတွေဆိုပေမယ့် ပန်ကာနဲ့အတောင်ပန့်ရှည်ပြီး ကြီးလို့ အန္တရာယ်မရှိပါဘူး။ စက်ပျက်သွားရင်လည်း GLIDE လုပ်ပြီး ဝဲလို့ ပျံလို့ရပါတယ်။ ကွင်းနဲ့ဝေးရင်လည်း လယ်ကွင်းထဲဆင်းပေါ့။ မြစ်နဲ့ ပင်လယ်ပေါ်ပျက်ရင်လည်း ဝဲပြီး ဆင်းရုံပဲ။ ရုတ်တရက် ရေမဝင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရေမပြုပ်နိုင်ဘူး။ ဂျက်လေယာဉ်တွေလို စက်ပျက်တာနဲ့ ဝုန်းခနဲမပြုတ်ကျဘူး။ နောက်ပြီး ခုန်ဆင်းဖို့ အရေးပေါ်လေထီးလည်း ပါပါတယ်။ မပူပါနဲ့” တဲ့လေ။

အမေ့သဘောကို အမှန်အတိုင်းပြောရရင် အမေက အင်္ဂလိပ်လူမျိုးတွေ၊ အမေရိကန်လူမျိုးတွေကို အလွန်သဘောကျတယ်။ ငယ်စဉ်ကတည်းက ဖေဖေရဲ့မိတ်ဆွေ အင်္ဂလိပ်အရာရှိကြီးတွေနဲ့ ဆုံခဲ့ဖူးတာကိုး။ ကိုလှသိန်းက ဘိုကပြားရုပ်မျိုး၊ အသက်ကလည်း အမေ့ထက်နည်းနည်းပဲကြီးတယ်။

ICS ဦးခင်မောင်ကြည်ကတော့ အမေနဲ့ အသက်အတော်ကွာပြီး တည်တည်နေတတ်တော့ လူငယ်တို့သဘာဝ အမေက ကိုလှသိန်းကို ပိုသဘောကျတယ်။ ဒါကြောင့် ကိုလှသိန်းကိုပဲ နောက်ဆုံးမှာ ရွေးလိုက်ရတာပေါ့။

ကိုလှသိန်းကို အမေရွေးလိုက်မှန်းကို ICS ဦးခင်မောင်ကြည်ကလည်း သိပါတယ်။ ဒါပေမဲ့ သဘောထားကြီးရှာပါတယ်။ အသွားအလာ အဝင်အထွက် မပျက်ပါဘူး။ အမေ့ကို ညီမအရင်းတစ်ယောက်လိုပဲ စောင့်ရှောက်ကူညီပါတယ်။

ဦးခင်မောင်ကြည်က ကိုလှသိန်းနဲ့လည်း ရင်းနှီးနေတော့ တကယ်လို့ ကိုလှသိန်းနဲ့အမေ တစ်စုံတစ်ရာအကြောင်းကြောင့် လက်မထပ်ဖြစ်ရင် သူဆက်လက်စောင့်ရှောက်ဖို့ကိုလည်း ခွင့်တောင်းပြီး နားလည်မှု ယူထားကြတယ်တဲ့လေ။ အမေ့ကို ကိုလှသိန်းပြန်ပြောလို့ သိရတယ်။

အမေ့ရုံးကို သူတို့နှစ်ဦးလာလည်ရင်း ဆုံဖြစ်ရင်လည်း အမေတို့က မောင်နှမတွေလိုပါပဲ။ တွေ့ရေးကောလာပြောကြတာ အလွန်ပျော်





ကောင်းပါတယ်။ အမေကလည်း ရုံးဝန်ထမ်းပီပီ လက်ဖက်ရည်ဆိုင်ထိုင်ရတာ၊ လွတ်လွတ်လပ်လပ် စကားပြောနေရတာ အဲဒီအချိန်ကတည်းက သဘောကျနှစ်မြို့က်တယ်။ သားလည်း သိပါတယ်ကွာ။

ငယ်စဉ်က ကျောင်းစာကို အပတ်တကုတ်ကြိုးစားပြီး စာအုပ်ကြားက မထွက်နိုင်။ ကြီးလာလို့ အလုပ်အကိုင်ရကြတော့လည်း စာရေးအချိအလုပ်ဆိုတော့ စာအုပ်ပုံကြားထဲမှာပဲ နေရာတာများတယ်။ ဒါကြောင့် စိတ်လွတ်လက်လွတ် စကားပြောပြီး လက်ဖက်ရည်ဆိုင်ထိုင်တာကို အမေ နှစ်သက်သဘောကျတာပါ။

ဦးခင်မောင်ကြည်နဲ့ ကိုလှသိန်းတို့ကလည်း လက်ဖက်ရည်ကြိုက်ကြပါတယ်။ သူတို့အရင် ဘာကြိုက်ကြမှန်းမသိပေမဲ့ အမေ့ဆီလာလည်ရင်တော့ အမေကြိုက်တတ်တဲ့ မလိုင်ပါတဲ့ လက်ဖက်ရည်နဲ့ ပြားပူပူလေးကို သူတို့လည်း မှာစားကြပါတယ်။ အကြိုက်ချင်းတူတဲ့ သဘောပေါ့ကွယ်။

အမေပြောဖို့ ကျန်သွားတယ် . . . သားရေ။ အမေတို့အစ်ကိုကြီး ဦးသက်ထွန်းက အိမ်ထောင်ကျပြီး ကလေးတွေရပြီးမှ ဘုန်းကြီးဝတ်တာ။ သူ့ဇနီးက ကံပျော်သူပဲလို့ ပြောတယ်။ ဘုန်းကြီးဝတ်ပြီးမှ သာသနာ့ဘွဲ့နဲ့ ရန်ကုန်သရက်တောကျောင်းတိုက်မှာ မြဲနေတာပါ။

အမေတို့က မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေပီပီ မောင်နှမသားချင်းတွေကို ကြီးစဉ်ငယ်လိုက်အိမ်ထောင်ချပေးလေ့ ရှိတယ်ကွယ့်။ ညီးကမ်းကို မဖောက်ရဘူး။ နောက်ပြီး မြန်မာ့ထုံးတမ်းစဉ်လာအရမိကသဘောတူပေမဲ့ တစ်ယောက်နဲ့တစ်ယောက် (၃) နှစ်၊ (၃) မိုးလာအကဲခတ်ပြီးမှ ယူကြရတာ အစဉ်အလာပဲ။ ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့ကိုလှသိန်းတို့ ချစ်ကြိုက်ကြပြီး (၃) နှစ်ပြည့်တော့မှ မင်္ဂ
ဆောင်တယ်။

ကိုလှသိန်းကလည်း အမေ့အလိုကို လိုက်ပါတယ်။ မင်္ဂလ
အခမ်းအနားလုပ်ဖို့ ကြိုက်တဲ့ဟိုတယ်ကို ရွေးခိုင်းတယ်။ အဲဒီအချိ
က STRAND HOTEL (ကမ်းနားလမ်းဟိုတယ်) က အကောင်းဆုံ
နာမည်အကြီးဆုံးပဲ။ အင်းယားလိတ်ဟိုတယ်တို့ ဘာတို့တောင် မ
သေးဘူး။

မင်္ဂလာဆောင်ဖို့ BOOKING လုပ်တော့ PART TIME
တယ်။ အချိန်တိုလေးပေါ့။ အမေတို့ နှစ်ဖက်အမျိုးအဆွေတွေက မ
ပြီး တောနယ်က အများဆုံးဖြစ်တာမို့ FULL TIME ရမှဖြစ်မှာ။ နော
ပြီး နေ့ရက်ကလည်း အမေတို့ကြိုက်တဲ့နေ့ မရတော့ STRAND HOT
မှာ မဆောင်ဖြစ်တော့ဘဲ ............ မှာဆောင်ရတယ်။

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ နှစ်ဖက်မိဘကလည်း မျက်
ကြီးတွေ၊ ဆွေမျိုးနဲ့ အပေါင်းအသင်းအင်အားကလည်း တောင့်တေ
လာလိုက်ကြတဲ့ဧည့်သည်တွေ တစ်နေကုန် ဧည့်ခံခဲ့ရတဲ့အပြင် ညပိ
ပါ ဆက်သွားတယ်။

အမေတို့လည်း ဖတ်ဖတ်မောတဲ့အခါ နောက်တစ်နေ့
တွက်ချက်ကြည့်ကြတော့ မင်္ဂလာလက်ဆောင်ပစ္စည်းကို ဖယ်ထား
တောင် လက်ဖွဲ့ငွေက ကုန်ကျစရိတ်ထက် နှစ်ဆလောက်ရတယ်။
တောင် မေမေဒေါ်သောင်းနဲ့ ဖေဖေဦးဘစိန်တို့ရဲ့ နယ်ကမိတ်ဆွေ၊ အ
တွေ လက်ဖွဲ့ကြတဲ့ ရွှေထည်တွေ မပါသေးဘူး။ ဝက်ဝက်ကွဲစည်က
လှတဲ့ မင်္ဂလာဆောင်ပါပဲကွယ်။ အမေတို့ပြန်နေတော့ မွမ်းမံပြင်ဆ
ထားတဲ့ ကန်တော်ကလေးက အမှတ် (၅၉)၊ (၉၄) လမ်းအိမ်မှာပဲ





နေကြတာပေါ့။

ကိုလှသိန်းကလည်း လေတပ်တာဝန်ကြောင့် အိမ်မှာ အမြဲနေ
ရ တာမဟုတ်ဘူး။ မင်္ဂလာဒုံလေဆိပ်နဲ့ မှော်ဘီ (၅၀၂)လေတပ်စခန်း
ကို ကူးချည်သန်းချည် သွားနေရတာ။ တစ်ပတ်တစ်ခါလောက်ပဲ အိမ်
ပြန်နားရရှာတာပါ။

အဲဒီအချိန်မှာ မောင်လေးမောင်တင်ဦးက ကျောင်းဆရာ
အလုပ်ကထွက်ပြီး ကျူရှင်ထောင်တယ်။ တာမွေမှာ အခန်းငှားပြီး ကျူရှင်
ဖွင့်တာ တင်ဦး (သင်္ချာ) ကျူရှင်ဟာ နာမည်အတော်ကြီးတယ်။ နာမည်
ရလာပြီး စုမိဆောင်းမိဖြစ်တော့ မိန်းမယူမယ်လုပ်ကရော။ သူ့ရည်းစား
က မရင်မေတဲ့။ အမေနဲ့အဖေက မကန့်ကွက်ပါဘူး။ သဘောတူပါ
တယ်။

ဒါပေမဲ့ အမေနဲ့ကိုလှသိန်း မင်္ဂလာဆောင်ထားတာ တစ်နှစ်
မပြည့်သေးတော့ မြန်မာ့ထုံးတမ်းစဉ်လာအတိုင်း တစ်နှစ်အတွင်း နှစ်
မင်္ဂလာမလုပ်ရဘူးဆိုတော့ မောင်လေးမောင်တင်ဦးခမျာ စောင့်ရှာပါ
တယ်။ နှစ်ကူးပြီးမှ မင်္ဂလာပြုတယ်။

အမေတို့ ကန်တော်ကလေး (၉၄)လမ်းအိမ်ကြီးက ကြီးတော့
အတူနေကြပါတယ်။ မောင်တင်ဦးက သူ့မိန်းမကို အတော်ချစ်တာပါ။
မရင်မေကလည်း တော်ရှာပါတယ်။ ဒါပေမဲ့ မရင်မေရောက်လာမှ အမေ
တို့ စီးပွားရေးကျလာတယ်။ အလုပ်အကိုင် အဆင်မပြေကြဘူး။

မောင်တင်ဦးက တာမွေမှာပဲ ကျူရှင်သင်တန်းရှိတာကြောင့်
မနက်သွားပြီး မိုးချုပ်မှပြန်လာတတ်တယ်။ အဲဒါကို မရင်မေက သဘော
မကျဘူး။ ငြူစူလာတယ်။ နေ့တိုင်း တကျက်ကျက် ရန်ဖြစ်လာကြ
တယ်။ ကိုတင်ဦးကတော့ သည်းခံရှာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အလုပ်က ညမိုးချုပ်မှပြန်လာရတဲ့ လင်ယောက်ျားကို အိမ်ကသိပြီး ရန်တွေ့တာကိုတော့ အမေတို့မေမေက သဘောမကျဘူး။ နှစ်ဦးစလုံးကို ဆုံးမစကားပြောတယ်။ ဒါပေမဲ့ ခဏပဲ၊ မရဘူး။ နောက်ပိုင်း မောင်လေးက စိတ်ညစ်လို့ထင်ပါရဲ့။ အိမ်ပြန်လာရင် အရက်သောက်ပြန်လာတတ်တယ်။

ဒါကြောင့် အမေတို့မေမေက မနေသာတော့ဘဲ တာမွေမှာ အိမ်ဝယ်ပေးတယ်။ ကျူရှင်နဲ့နီးပြီး ခြံနဲ့ဝင်းနဲ့ အတော်ကြီးတဲ့အိမ်ဟောင်းကြီးပါပဲ။ စားပင်သီးပင်လေးတွေလည်း ပါတယ်။ သူတို့လင်မယား တာမွေအိမ်ကိုပြောင်းသွားတော့ နားငြီးသက်သွားသလို အမေ့မေမေရဲ့ ရတနာရောင်းဝယ်ရေးလုပ်ငန်းတွေ သိသိသာသာ တိုးတက်လာတယ်။

အမေတို့တော့ လခစားဆိုတော့ ပုံမှန်ပါပဲ။ ဘာမျှမထူးခြားပါဘူး။ တစ်သက်လုံးအတူနေခဲ့တဲ့ မောင်လေးနဲ့ မိန်းမရကာမှ အိမ်ခွဲဆင်းသွားလို့ စိတ်မကောင်းတော့ ဖြစ်မိတယ်။ မေမေကတော့ ပြောပါတယ်။ မရင်မေနဲ့ ကန်တော်ကလေးအိမ် မတည့်ဘူးတဲ့။

အမေတို့နေတဲ့ ကန်တော်ကလေးအိမ်အောက်မှာ မြွေသိုက်ရှိသတဲ့။ မရင်မေတို့ ပြောင်းသွားတာဟာ နှစ်ဦးနှစ်ဖက်ကောင်းကျိုးကို ဖြစ်စေလိမ့်မယ်လို့ ဗေဒင်ဟောသလိုပြောတယ်။

အမေတို့မေမေ ဒေါ်သောင်းမာ ဗေဒင်ပညာတတ်ကျွမ်းကြောင်း၊ ရွှေပိုင်းက သားတို့ပြောခဲ့ပြီးပြီနော်။ မေမေဟာ အလှူလည်း အရမ်းလုပ်တယ်။ တရားထိုင်တယ်။ ပုတီးစိပ်တယ်။ မေတ္တာပို့တယ်။ ဒါကြောင့် သူ့အရောင်းအဝယ်လုပ်ငန်းတွေ အောင်မြင်သလို ဖေဖေက နယ်ထွက်နေရတာများတော့ အိမ်မှာလည်း မေမေကပဲ အိမ်ထောင်ဦးစီး ဖြစ်နေတာပေါ့။





အမေ့ကို ဘာသာရေးစိတ်ဝင်စားပြီး တရားထိုင်ဖြစ်အောင် အလှူအတန်းလုပ်ဖြစ်အောင် မေမေပဲ သင်ကြားပေးခဲ့တာ။ မေမေ့မှာ အကြားအမြင်ရတဲ့ သဘောရှိတယ်။ တစ်ခါတစ်ရံ အမေ့ကိုပြောတတ်တယ်။

သမီးမှတ်ထားတဲ့ . . .။ မေမေတို့မျိုးရိုးက အသက် (၆၀) ပြည့်လာရင် ဘယ်နေ့သေမယ်ဆိုတာကို သိနေတယ်။ ရောဂါခံစားပြီး အကြာကြီး မနေတတ်ဘူး။ ကျန်ရစ်သူမိသားစုကိုလည်း ဒုက္ခမပေးတတ်ဘူး။ အခု မေမေ အချိန်နီးလာပြီ"

လို့ ပြောတတ်တယ်။

အမေကတော့ အသက်ကြီးလာတဲ့သူတွေ ပြောတတ်၊ ဆိုတတ်တဲ့ သဘောပဲဆိုပြီး ဘာသိဘာသာ, သာ အလိုက်သင့်နေလိုက်တယ်။ အဲဒါနဲ့ အမေ ကန်တော်ကလေးအိမ်မှာပဲ သမီးအကြီးမကို မွေးတယ်။ အဲဒီကလေးမက ကုလားဆင်နဲ့တူလို့ သိန်းသန်းငွေလို့ နာမည်မှည့်ပေမဲ့ မေမေက ကုလားနာမည် ဘာတီမာလို့ အိမ်မှာခေါ်တယ်။

အဲဒီအချိန်မှာ မေမေက ပြောလာပြန်တယ်။

"သမီး . . . မေမေ နောက်ထပ်ငါးနှစ်ပဲ နေရတော့မှာ။ မြေးတွေ ရသလောက်ယူထား။ ပစ္စည်းဥစ္စာလည်း စုဆောင်း"

လို့ ပြောလာပြန်တယ်။ အမေကတော့ ဘာသိဘာသာပဲ။ ဒီလောက် ကျန်းမာရေးကောင်းနေတဲ့မေမေဟာ ဘာဖြစ်နိုင်မှာလဲ။ နောက်ပြီး အခုနေအခါက ရန်ကုန်မြို့။ ဆေးရုံတွေ အများကြီးရှိတယ်။ ဆရာဝန်တွေလည်း ပေါတယ်။ ငွေကြေးလည်း ရှိတယ်လေ။

အဲဒါနဲ့ (၂) နှစ်လောက်ကြာတော့ ဒုတိယသမီးလတ် ဒေလီယာလေးကို မွေးတယ်။ သူက သေးသေးသွယ်သွယ်၊ ဖြူဖြူဖွေးဖွေး



www.burmeseclassic.com

www.burmeseclassic.com



ကလေး။ 'ဒေလီယာ' ဆိုတာကတော့ အမေတို့မေမေ နာမည်ပေးခဲ့တာ။

နောက်တစ်နှစ်ခြားကြားတော့ အငယ်ဆုံးကောင် ယောက်ျားလေး မောင်သိုက်ဝန်းကို မွေးတယ်။ သိုက်ကလာတယ်ဆိုပြီး မေမေပဲ မောင်သိုက်ဝန်းလို့ နာမည်ပေးခဲ့တာ။ သောကြာသားလည်း ဖြစ်တယ်လေ။ သေးသေးဖြူဖြူလေးပဲ။

မောင်သိုက်ကလေးကို မွေးပြီးတော့ မေမေက သူ့ခါတ်ပြားဟောင်းကြီးကို ပြန်ဖွင့်လာပြန်တယ်။

"သမီးကို အမေပြောခဲ့တဲ့အတိုင်း (၅) နှစ်ပြည့်တော့မယ်။ အမေလည်း ဘဝကူးပြောင်းချိန်နီးပြီ။ ညည်းအဖေကိုလည်း အကြောင်းကြား။ သမီးကလည်း မေမေ့အမွေ ရတနာလုပ်ငန်းကို ဆက်လုပ်ပါ။ သမီးလည်း နားလည်နေပြီပဲ။ (လ ၊ ဝ ၊ က)က စာရေးမလုပ်နဲ့။ မကြီးပွားနိုင်ဘူး။ ကားစီးပြီး တိုက်ကြီးနဲ့နေတာကို အမေမြင်ချင်တယ်။

ကလေးတွေကလည်း သုံးယောက်တောင် ရှိလာပြီဆိုတော့ သမီး ကြိုးစားတော့။ သမီးယောက်ျားကလည်း သိုက်အဆက်ပဲ။ သူ တစ်ယောက်တည်း လူလစ်တာနဲ့ စကားပြောနေတတ်တာကို အမေ မကြာခဏ မြင်ရတယ်။ သမီးလည်း ကျန်းမာရေးကို ဂရုစိုက်ပါ။

သမီးအသက် (၄၅) နှစ်မှာ သေကိန်းမြင်တယ်။ ဒါပေမဲ့ မသေပါဘူး။ အသက် (၆၅) နှစ်မှာ တစ်ခါမြင်တယ်။ အဲဒီကမှ မသေရင် သမီးက အသက် (၉၀) ကျော်အထိ နေသွားရလိမ့်မယ်။ စီးပွားရေးလည်း လုပ်ပါ။ လှူလည်း လှူပါ။ အသက် (၈၀) ပြည့်ရင်တော့ သားသမီးတွေကို အမွေခွဲပေးပြီး ကိုယ်သေရမဲ့ရက်နဲ့တိုင်းထွာပြီး ချင့်ချင့်ချိန်ချိန် လှူဒါန်းသုံးစွဲပါ။





အသက်ကြီးလာရင် ဘယ်သားသမီးကိုမှ အားမကိုးနဲ့တော့။ လက်ဖြန့်ခံတောင်းစရာမလိုအောင် ပြည့်ပြည့်စုံစုံ စီစဉ်ထား။ သားသမီးချင်းက အကျိုးမပေးဘူး။ ယနေ့မွေး ယနေ့ကြီးတဲ့ ဝိဇ္ဇာသားသမီးတွေက တစ်သက်လုံးစောင့်ရှောက်ပြီး အကူအညီပေးလိမ့်မယ်"

လို့ မှာခဲ့တယ်လေ။

သောကြာနေ့တစ်နေ့မနက်ခင်းမှာ အမေအိပ်ရာထနောက်ကျတာနဲ့ ရုံးအမီသွားဖို့ ကတိုက်ကရိုက်လုပ်ရတော့ ဘုရားသောက်တော်ရေခွက် ကျကွဲတယ်။ ဖန်ကွဲစတွေကို အမြန်ရှင်းပြီး တံမြက်စည်းလှည်း အဝတ်နဲ့သုတ်၊ အဝတ်လျှော် အလုပ်ပိုတွေ လုပ်ရတော့တာပေါ့။ မေမေက တရားထိုင်နေတော့ ဘာမှမပြောသေးဘူး။

အမေရုံးသွားဖို့ ထမင်းချိုင့်ဆွဲပြီး ထွက်လာတော့မှ မေမေက 'အဲဒါနိမိတ်' တဲ့လေ။ အမေလည်း ရုံးမီအောင် ဘတ်စ်ကားမှတ်တိုင်ကို အမြန်ပြေးရတော့ မေမေ့ကို ဘာမှ ပြန်မပြောခဲ့နိုင်ပါဘူး။ ရုံးရောက်တော့လည်း (၁၅) မိနစ်နောက်ကျတယ်။

ဌာနမှူးက ရုံးပေါ်တက်လာတဲ့ အမေ့ကို . . .

"တစ်သက်လုံး ရုံးနောက်မကျဘူးတဲ့ ဒေါ်စိန်သန်းနု ဘယ်လိုဖြစ်တာလဲ"

လို့ လှမ်းပြီးစတယ်။

အမေက မေမေ့ဆီက စိန်နားကပ်တစ်ရံကို အရစ်ကျပေးစနစ်နဲ့ ဝယ်ပန်ထားလို့ အမေ့ကို တစ်ရုံးလုံးက 'ဒေါ်စိန်သန်းနု' လို့ အမည်ပြောင်ခေါ်ကြတာလေ။ အမေကလည်း မေမေ့ရဲ့အိမ်က ထွက်တုန်းက ပြောခဲ့တဲ့စကားကို နားထဲစွဲနေတော့ 'မေမေနေမကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ' လို့ ရုတ်တရက် နှုတ်ကထွက်သွားမိတယ်။ အမေဟာ ငါးပါးသီလ မြဲသူပါ။ စကားကို ပေါ့ပေါ့တန်တန် မပြောတတ်ပါဘူး။ ဒီတစ်ခါ ဘယ်လိုဖြစ်တယ်မသိ။ လက်လွှတ်စပယ် ပြောလိုက်မိတယ်။ ဌာနမှူးက ဆက်ပြောပါသေးတယ်။

"နေမကောင်းရင် ခွင့်ယူလိုက်ပါလား ဒေါ်သန်းသန်းနုရယ်"

တဲ့။ အမေ ဘာမှပြန်မပြောတော့ဘဲ အမေ့ရုံးစားပွဲဆီ တန်း လာခဲ့တယ်။ ဌာနမှူးရှေ့က ရုံးတက်၊ ရုံးဆင်း လက်မှတ်ထိုးစာအုပ်မှာတော့ အမေ့နာမည်အကွက်မှာ ဒေါ်သန်းသန်းနု ရုံးတက်ချိန် (၉ . ၄၅) နာရီလို့ မင်နီနဲ့ ကိုယ့်ဘာသာဖြည့်ခဲ့တယ်။ အမေက ရုံးအုပ်စာရေးလေကွယ်။

အမေကိုယ်တိုင် စည်းကမ်းပျက်တော့ ကိုယ့်ဘာသာ ပြစ်ဒဏ်ပေးတဲ့သဘောပါ။ ရုံးစားပွဲထိုင်ပြီး အလုပ်စလုပ်တယ်။ စိတ်မဝင်စားဘူး။ စိတ်က ဘာကြောင့်မှန်းမသိ မေ့မေ့ဆီမှာ ဝေ့ဝဲပြန်ရောက်နေတယ်။ အဲဒီအချိန်မှာပဲ စားပွဲပေါ်က ဖုန်းမြည်လာလို့ ကိုင်လိုက်တယ်။ အမေ့ခင်ပွန်းသည် ဦးလှသိန်းဆီကပါ။ နေ့လယ်စာစားအမီ ရုံးကို အရောက်လာမယ်တဲ့။ ထမင်းစားစောင့်ဖို့ ပြောတာပါ။

အလုပ်ထဲနှစ်ပြီး စိတ်ဝင်စားနေတုန်း ဒုတိယအကြိမ် ဖုန်းဝင်လာပြန်တယ်။ ဖေဖေ့ဆီကပါ။ သူ ရန်ကုန်ဆိပ်ကမ်းကို သင်္ဘောနဲ့ ရောက်နေပြီတဲ့။ မကြာမီ အမေ့ရုံးခန်းကို အရောက်လာမယ်လို့ အကြောင်းကြားတာပါ။ သြော် ... သားကို ပြောရဦးမယ်။ အဲဒီအချိန်က အမေတို့ ROW ကုမ္ပဏီအပေါ်ထပ်ကနေ ကမ်းနားလမ်းမှာ အမေရိကန်ကဆောက်ပေးတဲ့ (၆)ထပ်ရုံးသစ်ကြီးမှာ ထိုင်နေရပြီလေ။





ဒါကြောင့် အသွားအလာ အချက်အချာကျပြီး အဲဒီခေတ်က ရန်ကုန်မှာ အထပ်အမြင့်ဆုံး အဆောက်အအုံပေါ့ကွယ်။ ခေတ်မီသပ်ရပ်ပြီး ကျယ်ဝန်းခမ်းနားတယ်လေ။ အောက်ထပ်မှာလည်း ဌာနဆိုင်ရာ စားသောက်ဆိုင်တွေရှိတယ်။ ဈေးသက်သာပြီး ကောင်းလည်းကောင်းတယ်။ ဒါကြောင့် ဧည့်သည်လာရင် အောက်ထပ်ဆင်းကျွေးလိုက်ရုံပဲ။ အဆင်ပြေတယ်။

(၁၁း၃၀) နာရီတိတိမှာ ကိုလှသိန်းနဲ့ ဖေဖေဦးဘစိန်တို့ မရှေးမနှောင်း ရောက်လာကြတယ်။ အမေကလည်း စားပွဲကထ ကြိုဆိုပြီး ထမင်းစားချိန်ဖြစ်တာကြောင့် ထမင်းချိုင့်ကိုဆွဲပြီး အောက်ထပ်ဆင်းခဲ့ကြတယ်။ အောက်ထပ်က ဌာနကဖွင့်ထားတဲ့ စားသောက်ဆိုင်စားပွဲမှာ ထိုင်ကြပြီး အဖေနဲ့ကိုလှသိန်း စားလိုရာကို မှာပေးရင်း ...

"ဖေဖေနဲ့ ကိုလှသိန်းနဲ့က ချိန်းထားသလိုပဲ။ တိုက်တိုက်ဆိုင်ဆိုင် တစ်ချိန်တည်း ရောက်လာကြတယ်"

"ဟုတ်ပ ... သမီးရယ်။ အဖေကလည်း အလုပ်က မှင်စင်ယူပြီးတာနဲ့ ကျုံပျော်မှာ ခြံလုပ်ငန်းကလေးတွေ အခြေချနေတာ။ အခုတော့ လုပ်ငန်းစိတ်ချရတာနဲ့ ရန်ကုန်တက်လာတာ။ သမီးအမေရော နေကောင်းရဲ့လား။ သားငယ် မောင်တင်ဦးရော။ သူ့အိမ်သစ်မှာ သူ့မိန်းမနဲ့ အဆင်ပြေရဲ့လား"

"မောင်လေးက အဆင်ပြေပါတယ် ဖေဖေ။ မေမေသာ ဘာဖြစ်မှန်းမသိဘူး။ စကားထူးထူးဆန်းဆန်းတွေကို ခဏခဏပြောနေတယ်"

"ဘာတွေပြောလို့လဲ သမီးရယ်။ သမီးအမေက ဝိဇ္ဇာလိုင်းလိုက်ပြီး ဗေဒင်လက္ခဏာပါယုံကြည်တော့ အစွဲအလမ်းရှိဟန်တူပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကိုလှသိန်းက ...

"ဟုတ်တယ် ... ဖေဖေ၊ ဘုရားဝတ်ပြုပြီးရင်လည်း မေမေက သူ့ဘာဝပေါ်ကောင်းက သိုက်ဆက်တွေကို မေတ္တာပို့တာ မဆုံးနိုင်အောင်ပါပဲ"

"ဖေဖေ ... သမီးကို မေမေက ဒါတိုင်းဆိုရင် ပြောနေတဲ့ မာတ်ပြားဟောင်းကြီးကို ပြန်ဖွင့်ပြတာမှန်ပါတယ်၊ ဒါပေမဲ့ သမီးလည်း ဒီနေ့ရုံးနောက်ကျတော့ အမြန်လုပ်ရင်း ဘုရားသောက်တော် ရေခွက် လွှတ်ကျပြီး ကွဲသွားတယ်။ အဲဒါကို မေမေက နိမိတ်တဲ့လေ။

သမီးတစ်သက်လုပ်ရမယ့် တာဝန်တွေကိုလည်း တစ်ဖွဖွမှာ နေသေးတယ်၊ ဒါကြောင့် သမီးစိတ်ထဲမှာ မကြည်လင်ဘူး။ ဖေဖေနဲ့ ကိုလှသိန်း နေ့လယ်စာစားပြီး ပြန်ကြပါ။ သမီးရုံးဆင်းအထိ မစောင့်နဲ့တော့။ သမီးစိတ်ထဲမှာ နောက်ဆံတင်းနေတယ်"

ဟင်းပွဲတွေရောက်လာတော့ အတူစားကြပေမဲ့ အရင်ကလို မဟုတ်ကြဘူး။ စိတ်ထဲမှာ မကြည်မလင်ဖြစ်နေကြတာကိုး။ အဲဒီအချိန်မှာပဲ အမေတို့ဌာနက ရုံးစာရေးမလေးတစ်ဦးက အမေ့ကိုလာခေါ်တယ်။

"မမသန်း .. ဖုန်းလာနေတယ်၊ အရေးကြီးလို့တဲ့။ ယောကျ်ားတစ်ဦးအသံပဲ"

"အေး ... အေး ... မမလာပြီ"

အပေါ်ထပ်ကိုအပြေးတက်ပြီး ဖုန်းနားထောင်တော့ မောင်လေးမောင်တင်ဦးဆက်တာ။ မေမေ သတိမေ့သွားလို့ အမြန်ပြန်လာပါတဲ့လေ။

"တိုက်ပဲ တိုက်ဆိုင်လွန်းတယ်။ ဒီမှာ မေမေ့အကြောင်းပြောပြီး လွမ်းနေချိန်မှာ ဖြစ်ရတယ်လို့လေ။ အမေလည်း ဌာနမှူးဆီမှာ





ကသိုက်ကရိုက် နေ့ဝက်ခွင့်တောင်းပြီး ကိုလှသိန်းနဲ့ ဖေဖေကိုခေါ်၊ ကားငှားပြီး ကန်တော်ကလေးအိမ်ကို အမြန်ပြန်လာကြတယ်။

ဒါပေမဲ့ အလာကောင်းပေမဲ့ အခါနှောင်းခဲ့ပါပြီ၊ မိသားစုဆရာဝန်လည်း ရောက်နေတယ်။ မေမေ နှလုံးသွေးရပ်ပြီး ဆုံးတာတဲ့။ မေမေ့မှာ သွေးတိုးရှိပေမဲ့ နှလုံးရောဂါမရှိပါဘူး။ အခုတော့ ...

မေမေ့ပုံစံဟာ ပက်လက်ကုလားထိုင်မှာ ထိုင်နေပြီး အိပ်ပျော်နေသလိုပါပဲ။ ဒါပေမဲ့ ခေါင်းကတော့ လည်နေပြီ။ တစ်ဖက်စောင်းနေတယ်။ မျက်စိကလည်း ပွင့်နေတယ်။ အမေက မေမေ့ကိုယ်ကို စမ်းကြည့်တော့ နွေးနေတုန်းပဲ။

အမေဟာ မေမေ့ကိုယ်ကိုဖက်ပြီး ရှုံ့ပွဲချငိုကြွေးရင်း ...

"ဆရာရယ် ... မေမေဆုံးတာ ဟုတ်ရဲ့လား"

လို့ မေးမိတော့ ဆရာဝန်က ...

"ကိုတင်ဦးလာခေါ်လို့ ကျွန်တော် ကမန်းကတန်းလိုက်လာတာ။ ဒီကျတော့ အသက်မရှူတော့လို့ ကျွန်တော် အသက်ရှူအားကူနည်း လုပ်ပေးတယ်။ (၁၅) မိနစ်လောက်ကြာပေမဲ့ အသက်မရှူဘူး။ သွေးခုန်နှုန်းကလည်း လုံးဝမရှိတော့ဘူး။ ဒါကြောင့် ကျွန်တော်ရောက်မလာခင်ကတည်းက ဆုံးတာပါ။ သေဆုံးချိန်ကို ခန့်မှန်းရင်တော့ (၁) နာရီလောက်ရှိပြီ။ မွန်းတည့် (၁၂)နာရီခန့်က ဆုံးတယ်လို့ ခန့်မှန်းပါတယ်"

"သြော် ... မေမေရယ် သမီးတို့ကို စိတ်ချလက်ချ ထားခဲ့ပြီပေါ့နော်"

လို့ ပြောငိုရင်း အမေ သတိမေ့သွားတော့တာပဲ။

တော်သေးတာက မိသားစုဆရာဝန်က အသင့်ရှိနေတော့



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို ပြုစုနိုင်တာကြောင့် အမေသတိပြန်ရလာတယ်။ ဒါပေမဲ့ ခေါင်းက အုံပြီး ကိုက်ခဲမူးနောက်နေတယ်။ ဒါကြောင့် ကိုလှသိန်းနဲ့မောင်လေး မောင်တင်ဦးက ချိုပိုးပြီး အမေ့ကို အခန်းထဲက ခုတင်ပေါ်တင်ပြီး အနားယူစေတယ်။

အမေမပင်မပန်းလွန်းလို့ ရှိုက်ငိုရင်း အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ မေမေဟာ ...

"သမီး မေမေသေဆုံးတာ မဟုတ်ဘူး။ ဘဝပြောင်းတာ။ ဘာမှ ဝမ်းနည်းမနေနဲ့လို့"

မှာတယ်။ မေမေ့အဝတ်အစားက သန့်သန့်ရှင်းရှင်း တောက်တောက်ပြောင်ပြောင်ပဲ။ အမေတစ်ရေးနိုးတော့ ညနေစောင်းနေပြီ။ အမေ့ဘေးမှာ ကျောင်းကပြန်လာကြတဲ့ သားသမီးတွေ အစုံအညီရောက်နေကြပြီ။

မျက်နှာငယ်ကလေးတွေကိုယ်စီနဲ့ သနားစရာကောင်းလိုက်တာ အလွန်ပါပဲ။ အမေ သားသမီးတွေကို ဖက်ပြီးငိုတော့ ကလေးတွေလည်း ဝမ်းနည်းပြီး ငိုကြတယ်။ အမေ့ငိုသံကြားတော့ ကိုလှသိန်း အပြေးဝင်လာတယ်။

"လေဒီရယ် ... ကလေးတွေရှေ့မှာ မငိုပါနဲ့။ အားတင်းထားပါ"

လို့ သတိပေးရှာတယ်။

✿ ✿ ✿

အခန်း [ ၃ ]

❑

မေမေဟာ ကွယ်လွန်တော့မှာကို ကြိုတင်သိနေပုံရတာက အလွန်အံ့ဩဖို့ကောင်းတယ်။ နောက်ပြီး သေခြင်းတရားကို မကြောက်မလန့်၊ မပူဆွေးတာဟာလည်း အသင့်ကြိုတင်ထားပုံရတယ်။ မေမေဆုံးတော့ အသက် (၆၀) ပဲရှိသေးတယ်။ မေမေဟာ လင်ယောကျ်ား တင်မက သားသမီးတွေကိုပါ သံယောဇဉ်ဖြတ်နိုင်တာကတော့ အတော်ထူးခြားတယ်။

နောက်ပိုင်းကို စိတ်ချလက်ချထားခဲ့နိုင်တာကတော့ အလှူရေစက် လက်နဲ့မကွာ ကျင့်ကြံအားထုတ်ခဲ့တဲ့ အကျင့်သီလကြောင့်လည်း ဖြစ်နိုင်ပါတယ်။ မေမေဆုံးပါးသွားတဲ့ နောက်ပိုင်းမှာလည်း အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အရိပ်အယောင်တောင်မပြပါဘူး။ ကောင်းမွန်ရာဘုံဘဝကို ရောက်သွားပြီထင်ပါရဲ့။ အမေတို့မိသားစုက ရက်လည်၊ လလည်အပြင် နှစ်ပတ်လည် ဆွမ်းကျွေးကိုလည်း မပျက်မကွက်လုပ်ပါတယ်။

အခုအချိန်အထိ နှစ်လည်ဆွမ်းကျွေးကို အမေကပဲ ဦးစီးပြီး နှစ်စဉ်မပျက်မကွက် လုပ်ပါတယ်။ ဖေဖေကတော့ တစ်လလောက်အိမ်မှာနေပြီး ကျိုက်ပျော်မြို့ကို ပြန်သွားတယ်။ ဟိုမှာက စီးပွားရေးလုပ်ငန်းနဲ့ သူ့စိုက်ပျိုးရေးခြံတွေ ရှိတယ်လေ။

မောင်လေးမောင်တင်ဦးကတော့ တာမွေအိမ်နဲ့ ကန်တော်ကလေးအိမ်ကို ကူးချည်သန်းချည်ပေါ့။ သူကတော့ အမေပြီးရင် အစ်မကို အချစ်ဆုံးလေ။ တစ်ခါတစ်ခါတော့ သူ့ဇနီးမရင်မေအကြောင်းကို ပြောတတ်တယ်။ မရင်မေက သိုက်ဆက်တဲ့။ မကြာခင် သိုက်ကိုပြန်သွားရမယ်လို့ ခဏခဏပြောသတဲ့။

နောက်ပြီး သူတို့အခုနေတဲ့ အိမ်အောက်မှာ သိုက်ရှိတယ်လို့ ပြန်ပြောသတဲ့။ မင်းက ခေတ်ပညာတတ်ပဲ။ ဒါတွေကို ယုံသလားလို့မေးတော့ သူမယုံပေမဲ့ သူ့ဇနီးက မကြာခဏပြောတတ်လို့ နားထဲစွဲနေတာတဲ့။

သူတို့လင်မယားမှာ မောင်လေးက ဘာသာတရားကိုင်းရှိုင်းတယ်။ သူ့ဇနီးမရင်မေကတော့ ဘာသာရေးကို အလေးအနက်မထားဘူး။ နတ်နဲ့ ဗေဒင်ပညာကို အရမ်းယုံလွန်းတယ်။ အဲ့ဒီအချိန်မှာ မောင်လေးတို့ မိသားစုမှာ သမီးကလေးနှစ်ယောက်ရနေပြီလေ။

မေမေဒေါ်သောင်း ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာ အမေဟာ မေမေ့ခြေရာကိုနင်းပြီး ရတနာအရောင်းအဝယ်လုပ်တယ်။ ကျုံ





ပျော်မှာလည်း သီးစားခြံတွေ ချထားပါတယ်။ အတိုးနှုန်းသက်သက်သာသာနဲ့ လယ်ယာလည်း အပေါင်ခံတယ်ပေါ့ကွယ်။ (လ ၁ ၈ က) က ရုံးချုပ်စာရေးအလုပ်လည်း ဆက်လုပ်တုန်းပါပဲ။ ဒါကြောင့် စီးပွားရေးကလည်း အလွန်တက်လာပါတယ်။

စီးပွားရေးတက်လာရင် လူကိုနိုက်တယ်ဆိုတာ ဟုတ်လိမ့်မယ်ကွယ့်။ အမေ့အသက် (၄၅) နှစ်ပြည့်တဲ့နေ့မှာပဲ ကွယ်လွန်သူ မေမေပြောခဲ့သလို အမေချူချာလာတယ်။ အမေလည်း ကျန်းမာရေးကို အထူးဂရုစိုက်ပါတယ်။ အစားအသောက်လည်း ဆင်ခြင်ပါတယ်။

အဲဒီကြားကပဲ တစ်နေ့မှာ ရုံးအလုပ်လုပ်၊ ရုံးစားပွဲပေါ်ထိုင်နေရင်းပဲ မူးမေ့ပြီး သတိလစ်သွားတယ်။ ရုံးသူရုံးသားတွေက အမေတို့အိမ်ကို အကြောင်းကြားတော့ အိမ်မှာလာလည်နေတဲ့ အမေ့တူမဒေါက်တာဥမ္မာသွင်ရောက်လာပြီး ချက်ချင်းပြုစုပေးလို့ အမေသတိပြန်ရတယ်။ သွေးအားနည်းတာလို့ ပြောတယ်။ ဒါကြောင့် ကန်တော်ကလေးအိမ်မှာ တစ်ပတ်လောက်ခွင့်ယူပြီး နားနေရတယ်။

အသက် (၄၅)နှစ်မှာ သေနိုင်တယ်လို့ မေမေပြောခဲ့တာကိုလည်း ပြန်ပြီးအမှတ်ရမိတယ်။ တစ်ပတ်ပြည့်တော့ ကျန်းမာလာတာနဲ့ ပြန်ပြီးရုံးတက်နိုင်တယ်။ ဒီတောင်ကကျော်ပြီ။ မသေတော့ဘူးပေါ့။ (၄၅) နှစ်မှာ မသေရင်တော့ အမေ့အသက် (၆၅) နှစ်အထိ နေရမယ်။ (၆၅) နှစ်မှာမသေရင်တော့ အသက်(၈၀)ကျော် (၉၀)အထိ နေသွားရမှာ အသေအချာပဲလေ။ အမေက မိန်းမသားဆိုတော့ ဗေဒင်ယတြာလည်း ယုံတယ်ပေါ့သားရယ်။

စီးပွားဖြစ်လာတော့ အိမ်မှာသုံးဖို့ SALOON ကားတစ်စီးဝယ်ဖြစ်တယ်။ ကိုလှသိန်းက မောင်းတာပေါ့။ ကားလေးရှိလာတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



အမေတို့မိသားစု တာမွေက မောင်လေးမောင်တင်ဦးအိမ်နဲ့ ရန်ကုန်မြို့တွင်းအနှံ့ သွားကြတယ်။ အဲဒီတုန်းက ကားလမ်းက အခုလိုမပေါက်သေးတော့ လှိုင်မြစ်နဲ့ ရောဝတီမြစ်ကူးတဲ့နေရာတွေမှာ ကားကို ဖက်ရေယာဉ်ပေါ်တင်ပြီး ကူးရတာ။ အလွန်ပဲ ခရီးဖင့်တယ်ကွယ်။

ရန်ကုန်က ကျုံပျော်ကို ရေကြောင်းက သင်္ဘောနဲ့သွားရင် လမ်းမှာ တစ်ညအိပ်ရတယ်။ မော်တော်ကားနဲ့သွားရင်တော့ လှိုင်မြစ်ကို ဖက်ရေယာဉ်နဲ့ကူး ..........ကိုဖြတ်ပြီး ပုသိမ်လမ်းအတိုင်းသွား၊ ရောဝတီမြစ်ကို ဖက်ရေယာဉ်နဲ့ ဖြတ်ရပြန်တယ်။ တစ်နေကုန်ပဲ။ မိုးချုပ်မှ ကျုံပျော်ကိုရောက်တယ်။

အခုခေတ်လို လှိုင်သာယာ၊ လှိုင်မြစ်ကူးတံတားတို့ ရောဝတီမြစ်ကိုကူးတဲ့ ဗိုလ်မြတ်ထွန်းတံတားကြီးတို့က မပေါ်သေးဘူးလေကွယ်။ လမ်းကလည်း အလွန်ကြမ်းတယ်။ ဖက်ရေယာဉ်ကို မြစ်ကူးဖို့ တန်းစီပြီးစောင့်ရတာက အလွန်အချိန်ကုန်တယ်။

တစ်နေ့ ညနေစောင်းမှာတော့ အမေတို့မိသားစု ကျုံပျော်မြို့က အားကလေးနဲ့ ပြန်လာတာ။ အသီးအနှံ လက်ဆောင်ပစ္စည်းတွေ ပါလာတာနဲ့ လမ်းခုလတ် မောင်လေးတို့တာမွေအိမ်ကို ဝင်ပြီးပေးတယ်။

အဲဒီအချိန်မှာ မောင်လေးမောင်တင်ဦးရဲ့မိန်းမ မရင်မေက နတ်ပူးသလိုလို၊ စုန်းပူးသလိုလိုနဲ့ ကယောင်ခြောက်ခြား ဖြစ်နေတယ်။ မောင်တင်ဦးကလည်း စိတ်ညစ်လို့ဆိုပြီး အရက်တွေသောက်နေတယ်။ သမီးလေးနှစ်ယောက်ကတော့ ကြောက်လန့်တကြား ငိုနေကြတယ်။

အမေတို့ရောက်မှ ကလေးတွေကို ချော့မော့မုန့်ကျွေးပြီး မောင်တင်ဦးကို မေးမြန်းရတော့တာပေါ့။





"မောင်လေး ...မရင်မေက ဘာဖြစ်တာလဲ။ ဆရာနဲ့မပြဘူးလား"

"အင်္ဂလိပ်ဆရာရော၊ ပယောဂဆရာရော စုံနေပြီ ...မမရေ။ သည်းခြေပျက်တာတဲ့။ ကျွန်တော်တော့ ကလေးနှစ်ယောက်နဲ့ ရူးချင်နေပြီ"

"ဟဲ့ ...ဒီလိုပစ်ထားလိုက်လို့ ဘယ်ဖြစ်မလဲ။ မမကို စောစောက ဘာဖြစ်လို့မပြောတာလဲ။ မမ ဆရာရှာပေးမှာပေါ့။ ဖြစ်ရလေ မရင်မေရယ်"

"ဘာဆရာလဲ ...ဘာမရင်မေလဲ ...။ အဘွားကြီး ...အေးအေးနေ။ သူ့များမိသားစုကိစ္စမှာ ဝင်မရှုပ်နဲ့။ တယ် ...ငါလုပ်လိုက်ရ ဖက်ပြုတ်သွားမယ်"

မရင်မေမှာ အနီးတွင်ချထားသော ကျိုက်ထီးရိုးသစ်သားဓားဖြင့် အမေ့အား ခုတ်ရန်မြောက်၍ မောင်တင်ဦးက ဝင်ဆွဲထားရတယ်။

"ဩော် ...မရင်မေ၊ တကယ်ရူးသွားရှာသည့်ကိုး။ အသက် (၅၀) ကျော်စ သွေးဆုံးကိုင်သည့် ထင်ပါရဲ့။ အမေတို့ ချော့မော့ပြီး လက်ဆောင်လေးတွေပေးပြီး ပြန်ခဲ့ကြရတယ်။ အိမ်ပြန်ရောက်တော့ ဘူမ ဒေါက်တာဥမ္မာသွင်ဆီ ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းတော့ သူလာကြည့်မယ်လို့ ပြောတယ်။ အမေတို့အာက်ကလည်း ရန်ကုန်မြို့နဲ့ အနီးတစ်ဝိုက်မှာ မြန်မာသမားတော်ကောင်းကောင်း ရှာရတော့တာပေါ့။

ဘူမတော်တဲ့ ဒေါက်တာဥမ္မာသွင်ကလည်း ကောင်းကောင်းကူပါတယ်။ အမေတို့ရှာပေးတဲ့ မြန်မာသမားတော်တွေကလည်း အစွမ်းကုန် ကုသပေးကြပါတယ်။ ဒါပေမဲ့ မရင်မေရဲ့ကံပေါ့လေ။ ထူးခြားလာပဲ တစ်လလောက်အတွင်းမှာပဲ ဆုံးရှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးမောင်တင်ဦးကတော့ အရွယ်ကြီးတစ်ပိုင်းဖြစ်ပြီး လူမမယ်ကလေးနှစ်ကောင်နဲ့ ဒုက္ခရောက်တော့တာပေါ့။ သူတို့မိသားစု (၇) ယောက်ကို အမေတို့အိမ်ခေါ်တော့လည်း မနေဘူး။ တာမွေအိမ်မှာပဲ နေကြတယ်။ အမျိုးတွေကတော့ တစ်ယောက်တစ်လဲ သွားနေပေးရတာ။ ဒါပေမဲ့ ဆုံးသွားတဲ့မရင်မေက မကျွတ်ဘူးလို့ဆိုကြတယ်။

အိမ်ထဲမှာ ဟိုနားရိပ်ရိပ်၊ ဒီနားရိပ်ရိပ် မြင်နေရတယ်တဲ့။ မောင်လေးမောင်တင်ဦးကတော့ အရက်သမားကြီးလုံးလုံးဖြစ်ပြီး ကျူရှင်လည်း မသင်နိုင်တော့ဘူး။ နာမည်ကြီးကျူရှင်ဆရာတစ်ယောက်ရဲ့ ကျဆုံးခန်းပေါ့ကွယ်။ အလွန်နှမြောဖို့ကောင်းပါတယ်။

မရင်မေဟာ မောင်လေးမောင်တင်ဦးနဲ့ အိမ်ထောင်ကျပေမဲ့ မောင်လေးနဲ့ မတည့်ပါဘူး။ မောင်လေးက အလွန်သည်းခံတတ်တဲ့ ကျောင်းဆရာပါ။ ဒါပေမဲ့ မရင်မေကဆိုးလွန်းလို့ မတည့်တာပါ။ ကျောင်းဆရာတစ်ယောက် မိန်းမနဲ့အဆင်မပြေလို့ အရက်သမားလုံးလုံးဖြစ်ရတယ်ဆိုတာ အရပ်ရပ်နေပြည်တော် ကြားလို့မှမတော်ကွယ်။

မောင်လေးက မရင်မေဆိုးပေမဲ့ အလွန်ချစ်ရှာပါတယ်။ အမေတို့ တာမွေအိမ်ရောက်တာနဲ့ သူ့မိန်းမကိုတပြီး ငိုတတ်တယ်။ နောက်ပြီး ...

"မရင်မေ ... လာ ... လာ ... ဒီမှာ မင်းအစ်မတွေရောက်နေတယ်။ နှုတ်ဆက်လိုက်ပါဦး"

လို့ပြောရင် လေမတိုက်ဘဲ ခန်းစီးကန့်လန့်ကာတွေဟာ လွင့်သွားတတ်တယ်။ နောက်ပြီး ငိုသံလိုလို စကားပြောသံလိုလိုလည်း သဲ့သဲ့ကြားရတယ်။





"မောင်လေးရေ ... မရင်မေနဲ့မင်းနဲ့က ဘဝခြားသွားပြီ။ အဲသိုမလုပ်ကောင်းဘူး"

လို့ပြောလိုက်ရင်လည်း ...

"ကျွန်တော်က မရင်မေကို သိပ်ချစ်တာ။ ကလေးတွေလည်း ရှိသေးတယ်။ နှင်ထုတ်လိုက်ရင် သူ့ကလေးတွေနဲ့ ဝေးသွားတော့မှာပေါ့။ နေပါစေ မမရယ်" တဲ့။

တစ်နေ့ ရုံးပိတ်ရက်တစ်ရက်မှာ မမနဲ့ကိုလှသိန်းတို့ ကလေးတွေပါခေါ်ပြီး ကိုတင်ဦးတို့ တာမွေအိမ်ကို သွားလည်ကြတယ်။ စားရာတွေလည်းဝယ်ပြီး နေ့လယ်စာ အတူစားကြတာပေါ့။ အိမ်ဖော်မိန်းမကြီးတစ်ဦးကိုလည်း အမေတို့က ခေါ်ထားပေးလို့ မောင်လေးမောင်တင်ဦးတို့ အစားအသောက်၊ အနေအထိုင်အတွက် အဆင်ပြေပုံရပါတယ်။ ဒါပေမဲ့ အိမ်ဖော်မိန်းမကြီးက အမေ့ကို ရင်ဖွင့်လာတယ်။

နေ့ခင်းနေ့လယ်မှာ ပြဿနာမရှိပေမဲ့ ညဘက်ကျတော့ သူအိပ်ရဘူးတဲ့။ သရဲမျိုးစုံက ခြောက်လှန့်သတဲ့။ မရင်မေအပြင် ကုလားသရဲတွေ၊ မှင်စာလေးတွေလည်း ရှိသေးသတဲ့။ ဒါကြောင့် သူ့မကို ညအိပ်ဘဲ နေ့ခင်းဘက်သာ အလုပ်လုပ်ဖို့ ခွင့်တောင်းပါတယ်။

အမေက မောင်လေးကိုမေးတော့ သူတို့နဲ့က အဆင်ပြေတယ်။ တစိမ်းမိန်းမကြီးကို လက်မခံလို့ ဖြစ်လိမ့်မယ်။ ညဘက်ပြန်ပါစေလို့ ခွင့်ပြုတယ်။ မောင်လေးတို့မိသားစုကတော့ ဘာမှဖြစ်ပုံမရဘူး။ ကလေးတွေကလည်း ကြောက်လန့်ပုံမရကြပါဘူး။ သူတို့တာသာ အလိုက်အထိုက် နေသားကျနေပုံပါပဲ။

အမေ နောက်ပိုင်းမှ တာမွေအိမ်ကြီးအကြောင်းကို စုံစမ်းကြည့်မိတယ်။ တာမွေအိမ်ကြီးရဲ့ မူလပိုင်ရှင်က ဦးဘစောတဲ့။ ROW



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှာ အလုပ်လုပ်တဲ့ စာရေးကြီးတဲ့။ သူ့မိန်းမက ဒေါ်ညွန့်ညွန့်တဲ့။ အလုပ်ပိတ်ရက်တစ်ရက် ညနေခင်းမှာ လင်မယားနှစ်ယောက်ပဲမြစ်ပြုတ်စားကြပြီး ကိုကိုးသောက်ကြသတဲ့။ အစာအဆိပ်ဖြစ်လို့ ဆရာဝန်ခေါ်တော့ အသက်မမီတော့ဘဲ အိမ်မှာတင် ဆုံးကြတာတဲ့။ တာမွေအိမ်ကြီးကလည်း အရင်က သင်္ချိုင်းဟောင်းမြေတဲ့။

သူတို့လင်မယားနှစ်ယောက်ကို မြေမြှုပ်တော့လည်း အိမ်အနီးက ကုလားသင်္ချိုင်းမှာပဲ သူတို့ဘာသာအရ ငုတ်တုတ်ထိုင်လျက် မြှုပ်ရတာဆိုပဲ။ ဒါကြောင့် မကျွတ်မလွတ်ကြတာ ထင်ပါရဲ့။ ဒီအကြောင်းတွေကြားလို့ အမေကမောင်လေးကို ဒီအိမ်က မြေမသန့်ဘူး ပြန်ရောင်းလိုက်လို့ပြောတော့ . . .

"မမ . . . ကျွန်တော်သိပါတယ်။ အိမ်အနောက်ဖက်မှာ မိလ္လာကျင်းတူးတော့ အုတ်ဂူအုတ်ပဲ့၊ လူ့အရိုးစုနဲ့ အုတ်ဂူကျောက်ပြားအစအနတွေ ထွက်လာတယ်။ ဒါပေမဲ့ မမရယ် . . . လူမသေဘူးတဲ့ အိမ်နဲ့ လူမမြှုပ်နှံဖူးတဲ့နေရာရယ်လို့ ရှိပါ့မလား။ ဒါဟာ လောကနိယာမပါ . . . မမရယ်"

လို့ ပြန်ပြောတယ်လေ။

ဒီနေရာမှာတော့ မောင်လေးပြောတာ မှန်ပါတယ်။ မြတ်စွာဘုရားရှင်လက်ထက်က မိန်းမတစ်ယောက် သူ့သားလေးဆုံးသွားတော့ ကလေးအလောင်းကို ပိုက်ပြီး မြတ်စွာဘုရားထံ ရောက်လာပါတယ်။ သူ့သားလေးကို အသက်ပြန်သွင်းပေးဖို့ ဘုရားရှင်ကို လျှောက်ထားတယ်။ မြတ်စွာဘုရားကိုယ်တော်ကြီး အမျိုးမျိုးတရားပြဆုံးမပေမဲ့ မရဘူး။

---

စိတ်ကူးသစ်စာပေ



နောက်ဆုံးတော့ မြတ်စွာဘုရားက အဲဒီမိန်းမကို နှစ်သိမ့်တဲ့အနေနဲ့ လူမသေတဲ့အိမ်က မုန်ညင်းဆီကို ရှာခိုင်းတယ်။ အဲ့ဒီမုန်ညင်းဆီရရင် ကလေးအသက် ပြန်ရှင်နိုင်တယ်ပေါ့။ မိန်းမလည်း ကလေးအလောင်းပိုက်ပြီး တစ်ရွာလုံး တစ်မြို့လုံးကို လမ်းလျှောက်လို့ လူမသေတဲ့အိမ်က မုန်ညင်းဆီကို သနားစဖွယ်ငိုယိုပြီး တောင်းရမ်းရှာဖွေတယ်။

မိသားစုတစ်ခုဖြစ်လာရင် အဘိုးအဘွားကအစ ကလေးပါမကျန် တစ်ယောက်မဟုတ် တစ်ယောက်တော့ သေဆုံးကြတာချည်းပဲ။ ဒါဟာ လူ့သဘာဝ။ သဘာဝကို လွန်ဆန်လို့မှမရပဲ။ ဒါကြောင့် အဲဒီကလေးအမေမိန်းမလည်း တစ်မြို့လုံး၊ တစ်ရွာလုံး ပတ်ရှာသော်လည်း မုန်ညင်းဆီရှာမရလို့ အကျွတ်တရားရပြီး မြတ်စွာဘုရားထံပါးမှာ ဘိက္ခုနီမအဖြစ် ခံယူတယ်လို့ ဖတ်ဖူးတယ်ကွယ့်။ ဒါကြောင့် မောင်လေး မောင်တင်ဦးက အမေ့ထက်သာတယ်လို့ ပြောရမယ်ထင်ပါရဲ့ကွယ်။ အရက်သမားဖြစ်ပေမဲ့ တရားရှိတယ်လေကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

တစ်နေ့မှာ ဖေဖေနေမကောင်းဘူးဆိုလို့ အမေတို့မိသားစု ကျုံပျော်ကို အပြေးအလွှား ဆင်းခဲ့ပြန်တယ်။ ဖေဖေဟာ အသက်(၆၅) နှစ်ရှိပြီဆိုတော့ လူကြီးရောဂါပါ။ ဆေးလိပ်နဲ့ အရက်လည်းသောက်တော့ အဆုတ်နဲ့အသည်းကလည်း မကောင်းဘူးလို့ သိရတယ်။ အမေတို့ နောက်ဆုံးအနေနဲ့ ပြုစုလိုက်ရပါတယ်။

(၆ . ၄ . ၁၉၇၇) နေ့မှာ ဖေဖေ ကွယ်လွန်တယ်။ အင်းရဲကြီး သုသာန်မှာပဲ ဂူသွင်းပြီး မြှုပ်နှံလိုက်ရတယ်။ အစ်ကိုကြီး ဦးသာသန (ဦးသက်ထွန်း)ကိုလည်း အကြောင်းကြားလို့ ကြွလာပါတယ်။ ဖေဖေ့ ရက်လည်ပြီး ပစ္စည်းတွေသိမ်း၊ စိုက်ပျိုးရေးခြံတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို မောင်နှမတွေစုံတုန်း စစ်ဆေးကြတော့ အစ်ကိုလုပ်သူ ဘုန်းကြီးက တစ်ခါတည်းအမွေခွဲဖို့ ပြောလာတယ်။ ဒါကြောင့် အမေလည်း မောင်လေးမောင်တင်ဦးနဲ့ တိုင်ပင်ပြီး အမွေခွဲဖို့ သဘောတူလိုက်ပါတယ်။





အမေတို့ ကမ်းနားလမ်းအိမ်ကြီးမှာ ၁၉၄၉ ခုနှစ် ကရင်ပြန်မာ အဓိကရုဏ်းကတည်းက စိန်၊ ရွှေအထည်တွေ တစ်ပိဿာလောက်ကို (၃) နေရာခွဲပြီး မြှုပ်နှံထားခဲ့တယ်လို့ သားကို ပြောခဲ့ပြီးပြီနော်။ ဒါကြောင့် ညှိသည်တွေမြွက်တာနဲ့ အမေတို့မောင်နှမတွေ တူးကြတယ်။ တူးနေရင်း ညှိသည်တွေရောက်လာတာနဲ့ ရပ်ထားလိုက်၊ ပြန်တူးလိုက်နဲ့ တစ်ညလုံးတူးမှ မြှုပ်ထားတဲ့ရတနာတွေကို အကုန်ပြန်ရတယ်။

နောက်တစ်နေ့မှာလည်း လူကမပြတ်တော့ အမွေခွဲဖို့က မဖြစ်ပြန်ဘူး။ ဒါနဲ့ လုံခြုံတဲ့သေတ္တာတစ်ခုထဲမှာ အသေအချာထည့်ထားပြီး သော့ကို မောင်လေးက သိမ်းထားတယ်။ သေတ္တာကိုတော့ အိမ်ဘုရားခန်းက အစ်ကိုဘုန်းကြီးကျိန်းတဲ့ ခုတင်တိုင်မှာ သံကြိုးနဲ့ အသေအချာ ချည်ပြီးတော့ အသေအချာ သော့ခတ်ထားတယ်။

အမှန်တော့ အစ်ကိုဘုန်းကြီးဟာ အကြီးဆုံးဖြစ်ပေမဲ့ လောဘကြီးတယ်။ သာသနာ့ဘောင်မှာ ဝင်နေပေမဲ့ လောဘသက္ကာယကို ချုပ်တည်းနိုင်ဟန်မတူဘူး။ ရတနာပစ္စည်းတွေကို (၃)ပုံပုံပြီး မခွဲရသေးပေမဲ့ စိုက်ပျိုးခြံတစ်ဝက်နဲ့ ကမ်းနားလမ်းကအိမ်ကြီးကို သူ့ကိုပေးဖို့ တောင်းဆိုပါတယ်။

ဘုန်းကြီးမှာလည်း အရင်ကအိမ်ထောင် ဒေါ်တင်သိန်းနဲ့ မိသားစုက ကျုံပျော်မြို့မှာရှိတာကြောင့် အမေက မောင်လေးနဲ့တိုင်ပင်ပြီး ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ အမေတို့မှာလည်း ပြည့်စုံပြီး လိုမှမလိုတော့တာပဲ။

ရန်ကုန်ပြန်ရောက်တော့လည်း အစ်ကိုကြီးက ရတနာပစ္စည်းတွေကို စိတ်မချဘူးဆိုပြီး UNION BANK မှာ DEPOSIT BOX ငှား



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ထိန်းသိမ်းထားပြန်တယ်။ အစ်ကိုကြီးအဖရာဆိုသလို အမေတို့လည်း မပြောသာတော့ ငြိမ်နေရတာပေါ့။

ကျုံပျော်က ပြန်လာကတည်းက အစ်ကိုဘုန်းကြီးဟာ သရက်တောကျောင်းတိုက်ကို မပြန်တော့ဘူး။ အမေတို့နေတဲ့ ကန်တော်ကလေး အမှတ် (၃၉)/ (၉၄) လမ်းအိမ်က ဘုရားခန်းကို အပိုင်သိမ်းပြီး သတင်းသုံးနေထိုင်တယ်။

အမေတို့က ပထမတော့ မရိပ်မိပါဘူး။ နောက်ကြာမှ သိရတာ။ အမေတို့ပြောင်းလာခါစက ကန်တော်ကလေးမှာ မြေကွက် (၃) ကွက်ဝယ်ပြီး အိမ် (၃) အိမ်ဆောက်၊ အိမ်(၂) လုံးကို ငှားထားတယ်လို့ သားကိုပြောခဲ့ပြီးပြီနော်။

မောင်လေးမောင်တင်ဦး အိမ်ထောင်ကျတော့ တာမွေမှာ ကျူရှင်ပြရတာမို့ မေမေက အိမ်တစ်လုံးကိုရောင်းပြီး တာမွေအိမ်ကို ဝယ်ပေးထားတာ။ ဒါကြောင့် အိမ်ငှားတစ်အိမ်နဲ့ အမေတို့နေတဲ့ အိမ်ကြီးပဲ ကျန်တော့တာ။ အဲဒါကို အစ်ကိုဘုန်းကြီးက မိဘတွေမရှိတော့ဘူး အမွေခွဲရမယ်ဆိုပြီး အမေတို့နေတဲ့အိမ်ကြီးကို အမွေတောင်းပြန်တယ်။

အမေက အတော်မခံချင်ဖြစ်ပေမဲ့ အမေ့ခင်ပွန်းသည် ကိုလှသိန်းက အလွန်သဘောကောင်းရှာတာ။

''လေဒီရယ် ... မိဘလက်ငုတ်လက်ရင်းဆိုတော့ သူက အကြီးပဲ ပေးလိုက်ပါကွာ''

တဲ့လေ။

ဒါနဲ့ အမေက အိမ်ကြီးကိုပေးလိုက်ဖို့ သဘောတူလိုက်ပြီး UNION BANK မှာအပ်ထားတဲ့ သေတ္တာထဲက ရတနာတွေကို ခွဲဝေပေးဖို့ တောင်းဆိုတော့ ဘုန်းကြီးက မရှိတော့ဘူးတဲ့။ အဖေနဲ့အမေ





ကုသိုလ်ရအောင် ကျောင်းဆောက်လှူဒါန်းလိုက်ပြီလို့ ပြန်ဖြေတယ်။ တကယ်လှူဒါန်းရင်လည်း အမေတို့မောင်နှမတွေကို တိုင်ပင်သင့်တာပေါ့ကွယ်။

မောင်လေးသိသွားတော့ စိတ်မဆိုးတဲ့အပြင် အမိအဘတွေအတွက်မို့ အစ်ကိုကြီးလုပ်တာပဲ လုပ်ပါစေတဲ့လေ။ ဒါကြောင့် အမေတို့လည်း ကန်တော်ကလေး၊ (၉၄) လမ်းထဲမှာရှိတဲ့အိမ်ကို ရတဲ့ဈေးနဲ့ ရောင်းပြီး သမိုင်း(၁၆) ရပ်ကွက် (မာလာမြိုင်)ကိုပြောင်းဖို့ အိမ်ရှာရတော့တာပေါ့။

အဲဒီမှာ အမှတ် (၈၇)၊ (၃)လမ်းမှာ ၂၅' × ၆၀' ပေကျယ်ပြီး စနစ်တကျ ခြံဝင်းခတ်ပြီးဆောက်ထားတဲ့ အိမ်ကလေးကိုတွေ့တော့ အမေ့ခင်ပွန်းကိုလှသိန်းက အလွန်သဘောကျတယ်။ အိမ်ရှေ့မှာလည်း ကားဂိုဒေါင်လေးက အသင့်ပါသေးတော့ အမေတို့ကားကလေးထားဖို့လည်း အဆင်ပြေတာပေါ့။ ဒါကြောင့် ပိုင်ရှင်နဲ့တွေ့ပြီး ငွေ (၁၇)သိန်းနဲ့ တစ်ခါတည်းဝယ်လိုက်တယ်။ အဲဒီအိမ်မှာလည်း လူမနေဘဲ တံခါးပိတ်ထားတာကြောင့် အမေတို့ ငွေအပြီးချေ စာချုပ်ချုပ်ပြီးတာနဲ့ အမြန်ပြောင်းလာကြတယ်။

အစ်ကိုလုပ်သူ ဘုန်းကြီးနဲ့လည်း အဆင်မပြေတော့ တစ်လမ်းတည်း တစ်ရပ်ကွက်တည်းမှာ အတူမနေချင်တာလည်း ပါတယ်။ ဒါကြောင့် သေခန်းရှင်ခန်းပြတ်သဘောနဲ့ အမြန်ပြောင်းလာကြတာ။ တခြားမောင်နှမတွေဆိုရင်တော့ ရုံးတော်မှာအမွေမှုကို နှစ်ပေါက်အောင် ရင်ဆိုင်ကြရမှာပေါ့ကွယ်။

နောက်ပိုင်းကြားရတာကတော့ အစ်ကိုကြီးဘုန်းကြီးက ကျုံပျော်မှာထားတဲ့ ဒေါ်ဖနီးဒေါ်တင်သိန်းနဲ့ မိသားစုကို ရန်ကုန်ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အမေတို့နေခဲ့တဲ့ ကန်တော်ကလေးအိမ်ကြီးမှာ ထားသတဲ့။ ကန်တော်ကလေး အိမ်ကြီးဆိုတာကလည်း ဂမ္ဘီရအိမ်ကြီး၊ အိမ်အောက်မှာ တွင်းကြီးနဲ့ နဂါးသိုက်ရှိတယ်လို့ အမေပြောခဲ့ဖူးတယ်နော်။

အမေတို့က ဘုရား၊ တရားအလုပ်ကို မပြတ်တမ်းလုပ်တော့ အမေတို့မိသားစု ဘာမျှမဖြစ်ခဲ့ပေမဲ့ အစ်ကိုကြီးဖနီး ဒေါ်တင်သိန်း ကန်တော်ကလေးအိမ်ကြီးကိုရောက်တာနဲ့ မကြာပါဘူး မကျန်းမမာဖြစ်ပြီး သေတယ်။

အမေတို့ကတော့ သတင်းကြားပေမဲ့ သေခန်းပြတ်ထားလို့ မသွားပါဘူး။ သဘောထားကြီးလွန်းတဲ့ မောင်လေးမောင်တင်ဦးသာ သွားသတဲ့လေ။ မောင်လေးက အဲသည်လိုလူမျိုး။ စိတ်မှတ်မထားဘူး။ စိတ်မနာဘူး။ လူတစ်ဖက်သားကို ဘယ်လိုကူညီရမလဲလို့ပဲ အမြဲတွေးနေတာ။ အလွန်အင့်မတန် သဘောကောင်းတဲ့လူမျိုး အမေကတော့ မောင်လေးကိုတွေ့ရင် 'ရှားပါးသတ္တဝါ' လို့ခေါ်ပေမဲ့ သူက စိတ်မဆိုးပါဘူး။ ရယ်နေတာပဲ။

သမိုင်း (မာလာမြိုင်)အိမ်မှာပဲ အမေ့သားသမီးတွေ လူလားမြောက်ကြပြီး ဘွဲ့ရကြတယ်။ ကိုလှသိန်းက အမေ့ထက်အသက်ကြီးတော့ (၁၉ ၊ ၂ ၊ ၈၉) ခုနှစ်မှာ လေဖြတ်က နှစ်ပြည့်မင်စင်ယူတယ်။ သူ့အကြံအစည်က နိုင်ငံခြားတိုင်းပြည်တွေသွားပြီး လေယာဉ်မောင်းဖို့ပဲ။

သူ့မှာ အင်္ဂလန် (ROYAL AIR FORCE) က ချီးမြှင့်ထားတဲ့ ဂုဏ်ထူးဆောင်လက်မှတ်ရှိတယ်။ ကြိုးစားနေတုန်းပဲ။ ကိုလှသိန်းဟာ သမိုင်း (မာလာမြိုင်) အိမ်ရောက်မှ ကျန်းမာရေးချူချာလာတယ်။ အိမ်





မှာနေရင်း နေထိုင်မကောင်းဘူး။ ခရီးထွက်ရင်တော့ အကောင်းပဲ။ သူ့ရောဂါက ဆန်းတယ်။

အမေလည်း (၁၉၉၀)ပြည့်နှစ်မှာ လူဝင်မှုကြီးကြပ်ရေးဌာနက ပင်စင်ယူလိုက်တယ်။ ပင်စင်ယူတော့မှပဲ ဘုရားအလုပ်၊ တရားအလုပ်နဲ့ ကိုယ်ပိုင်အလုပ် ခရီးထွက်တာတွေကို လွတ်လွတ်လပ်လပ် လုပ်နိုင်လာတော့တယ်။ ခရီးထွက်ရင် သားငယ်မောင်သိုက်ဝန်းက သူ့အဖေကိုယ်စား ကားမောင်းပေးတယ်။

အမေ့ကိုယ်ပိုင်အလုပ်ဆိုတာက မေမေ့အမွေ ရတနာပစ္စည်းရောင်းဝယ်တာနဲ့ ငွေတိုးပေးစားတာ။ အတိုးနှုန်းက သူများတွေလို (၁၀) ရာခိုင်နှုန်းတိုး၊ (၂၀) ရာခိုင်နှုန်း အတိုးမယူဘူး။ (၇) ရာခိုင်နှုန်းတိုးပဲယူတယ်။ အပေါင်ခံပစ္စည်း လက်မခံဘူး။

ယုံကြည်ရတဲ့လူရင်းက တာဝန်ယူတယ်ဆိုမှ ချေးတာ။ ဆုံးရှုံးရင်လည်း အလှူလို့ သဘောထားလိုက်တာပေါ့ကွယ်။ ဒါကြောင့် ဆိုက်ကားဝယ်၊ ကားဝယ်၊ အိမ်ဝယ်၊ နိုင်ငံခြားသွားတဲ့ ကိစ္စတွေက အစ အမေကူညီခဲ့တယ်။ ဆုံးရှုံးတာနည်းပါတယ်။ ကတိအတိုင်း ပြန်ဆပ်ကြတာ များပါတယ်။ ဒါကြောင့် အမေတို့ အဆင်ပြေပါတယ်။

ဘွဲ့ရထားတဲ့သမီးကြီးက မဟာသိပ္ပံဘွဲ့ဆက်တက်ပြီး အထက်တန်းပြဆရာမ လုပ်တယ်။ သမီးလတ်ကတော့ အလယ်တန်းပြဆရာမ အလုပ်ရတယ်။ သားငယ်ကတော့ အမေသွားလေရာ ကားမောင်းပေးရတဲ့ ဒရိုင်ဘာပေါ့။ သူက လူတော်ဖြစ်ပေမဲ့ အပေါင်းအသင်း စုံအောင် ပေါင်းတော့ အရက်ကလေးပါ သောက်တတ်နေပြီ။ အမေ့ခင်ပွန်း ကိုလှသိန်းက စီးကရက်သောက်တတ်ပေမဲ့ အရက်မသောက်တတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားငယ်သောက်တာမြင်တော့လည်း 'ယောကျ်ားလေးပဲ သောက်ပါစေ' တဲ့လေ။

အမေက SE - SPRITER SALOON ကားကလေးအပြင် ခရီးဝေးသွားရင် စိတ်ချရအောင် COROLLA VAN (90' MODEL) လေး တစ်စီးကိုပါ ဝယ်လိုက်တယ်။ အမေက ကားဆိုအဖြူရောင်ကြိုက်တော့ အဖြူပဲဝယ်တယ်။ ကားလေးတွေက အကျိုးပေးပါတယ်။ ခရီးဝေးသွားရင် မဖောက်တတ်ဘူး။ အလွန်ပဲ ညဉ့်ကောင်းတယ်။

ကားလေးတွေကိုတော့ အမေတစ်စီး၊ သားတစ်စီး မောင်းကြတယ်။ အမေတို့ ကျုံပျော်မြို့သာမက ပုသိမ်ကိုလည်း ရောက်တယ်။ မန္တလေး မေမြို့၊ တောင်ကြီးဘက်လည်း နှံ့ပါတယ်။ နေ့ညမညည်းမညူ မောင်းပေးတာကတော့ သားငယ်မောင်သိုက်ဝန်းပဲ။ မူးပြီးအိပ်နေရင်တောင်မှ အမေက ခရီးသွားမယ်၊ သားငယ်ထဆိုတာနဲ့ အဆင်သင့်ပဲ။ ခရီးလမ်းပန်းလည်း အလွန်ကျွမ်းတယ်။ ညမောင်းမောင်း နေ့မောင်း မောင်း လမ်းမမှားစေရဘူး။

အမေတို့ ထွက်ရပ်ပေါက်ဝိဇ္ဇာတွေထွက်တဲ့ မင်းဘူးရေနံမြေထဲက အောင်တော်မူ ဘုန်းတော်ကြီးကျောင်းကို သွားဖူးကြတုန်းက မောင်သိုက်က လိုက်ပို့တာ။ သူလည်း ရောက်ဖူးတာမဟုတ်ဘူး။ စုံစမ်းပြီးသွားရတာ။ ဒါပေမဲ့ အမှားအယွင်းမရှိ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားတယ်။

တိုက်တိုက်ဆိုင်ဆိုင် လပြည့်နေ့နဲ့ကြုံလို့ ထွက်ရပ်ပေါက်ရဟန်းပုဂ္ဂိုလ်တွေကို ကသိုလ်ထူးစွာ ဖူးခဲ့ရပါတယ်။ အမေ့ခင်ပွန်း ကိုလှသိန်းကတော့ လေတပ်က (PILOT) ဆိုတော့ ယုံကြည်ဟန်မရှိပါဘူး။ အမေတို့ အဲဒီဘုန်းကြီးကျောင်းက ပြန်လာပြီး သမိုင်းအိမ်ပြန်ရောက်တော့





အမေ့ရဲ့ အရောင်းအဝယ်လုပ်ငန်းတွေ ပိုအောင်မြင်လာသလို ကျန်းမာရေးလည်း ကောင်းလာတယ်။

ဆန့်ကျင်ဘက်ဖြစ်နေတာကတော့ ကိုလှသိန်းပဲ။ သူ့ဇာတိပြလာတယ်လို့ ဆိုရမလားပဲ။ သူကလည်း ကွယ်လွန်သူ မေမေပြောခဲ့သလို သိုက်အဆက်ပဲထင်ပါရဲ့။ အရင်က သူတစ်ယောက်တည်း အိမ်မှာရှိနေပြီး လူလစ်ရင် တစ်ဦးတည်း လက်ဟန်ခြေဟန်နဲ့ စကားပြောနေတတ်တယ်။

အခုနောက်ပိုင်းမှာတော့ အိမ်မှာ လူတွေရှိနေပေမဲ့ သူတစ်ယောက်တည်း စကားပြောနေတတ်ပြန်ရော။ အမေက ဘယ်သူနဲ့စကားပြောနေတာလဲလို့ မေးတော့ ဘဝဟောင်းက သူ့အမျိုးတွေနဲ့ စကားပြောနေတာလို့ ပြန်ပြောတယ်။

သူ့အမျိုးတွေက ပြန်လာခဲ့ဖို့ ပြောနေပြီတဲ့။ အဲဒီအချိန်မှာ ကိုလှသိန်းအသက် (၆၀) ကျော်ရုံပဲရှိပါသေးတယ်။ သူငယ်လည်း မပြန်သေးပါဘူး။ စိတ်ရောဂါလည်း မရှိပါဘူး။ လေတပ်မတော်ထွက် စစ်သားကြီးက ဝိဇ္ဇာတွေ၊ နတ်တွေ၊ ဗေဒင်ယတြာတွေကို မယုံကြည်ပေမယ့် သူ့ရဲ့ဘဝခြားက အမျိုးတွေကိုတော့ ယုံကြည်ဟန်တူပါရဲ့။ အင်မတန် တည်တည်တန့်တန့်နေလေ့ရှိသူဟာ သူ့ဘဝဟောင်းက အမျိုးတွေနဲ့ စကားပြောရရင် ဟက်ဟက်ပက်ပက်ပဲ ပြုံးလို့ရွှင်လို့ မဆုံးနိုင်အောင် စကားပြောနေတတ်တယ်။

တစ်နေ့တော့ ကိုလှသိန်းက ထူးထူးဆန်းဆန်း ပြောလာပြန်တယ်။ သူ့အသက် (၆၂) မှာ ပြန်လာမယ်လို့ ကတိပေးခဲ့တာ။ အခု အသက်ပြည့်ပြီတဲ့။ သူပြန်ရတော့မယ်လို့ ပြောလာပြန်တယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အမေ့မှာ သားသမီးတွေ အိမ်ထောင်ကိုယ်စီကျလို့ စိတ်ချရမှ ပြန်ခေါ်ပါလို့ ဆိုင်ရာပိုင်ရာကို ခွင့်တောင်းရတာလဲ အမောပါပဲ။

အမေက မိန်းမသားမို့ ယုံတယ်လေကွယ်။ မိသားစု သိုက်သိုက်ဝန်းဝန်းရှိနေတုန်း တစ်ယောက်ဘက်ပဲ့သွားရင် ဒုက္ခရောက်ကြရတော့မှာပေါ့။ ဒါကြောင့် အလှူအတန်းကို ပိုလုပ်တယ်။ စီးပွားကိုလည်း ဖိဖိစီးစီးရှာတယ်။ ကျန်းမာရေးကိုလည်း ဂရုစိုက်တယ်။ ဘာကြောင့်လဲဆိုတော့ အသက် (၄၅) နှစ်မှာ မေမေဗေဒင်ဟောသလို မသေခဲ့ပေမဲ့ သေမလောက်ခံစားခဲ့ရတယ်။

ဒီဒုတိယအကြိမ် (၆၁)နှစ်မှာတော့ မသေအောင် ဂရုထားရတော့မယ်လေ။ ဒီဒုတိယအကြိမ် သေတွင်းကလွတ်ရင်တော့ အမေဟာ အသက်(၈၀) ကျော် (၉၀)အထိ နေရတော့မှာ။ အဲဒီအစွဲအလမ်းကလည်း အမေ့မှာရှိနေတယ်။ အသက် (၆၁) နှစ်ကလည်း ပြည့်တော့မှာလေ။

အဲဒီအချိန်မှာ ဂရုထားနေတဲ့ကြားက အလုပ်များတာနဲ့ ခရီးသွားတဲ့ကိစ္စနဲ့ (၆၁) နှစ်မွေးနေ့ကို ကျော်သွားတယ်။ အမေ ဘာမှမဖြစ်ခဲ့ဘူး။ ဒါဆို မေမေပြောခဲ့သလိုဆိုရင် အမေ အသက်(၈၀)ကျော် (၉၀) အထိ နေရတော့မှာလေ။ အမေအလွန်ဝမ်းသာ ပျော်ရွှင်နေမိတယ်။ အိမ်မှာ ဘုရားကိုးဆူကပ်၊ ဆွမ်းကျွေး မင်္ဂလာလုပ်ဖြစ်တယ်။

✿ ✿ ✿

❑

အမေ ဒုတိယအကြိမ် ဗေဒင်ဟောကိန်းအရ အသက်ဘေးကလွတ်လို့ ဝမ်းသားပျော်ရွှင်လို့ မဆုံးသေးဘူး (၁၉–၂–၂၀၀၁) ရက်နေ့မှာ ကိုလှသိန်း ရုတ်တရက်နေမကောင်းဖြစ်ပြီး မမျှော်လင့်ဘဲ ဆုံးပါးသွားတယ်။ မြန်လိုက်တာ။ အလွန် အံ့ဩဖို့ကောင်းလိုက်တယ်။ ဆေးခန်းတော့ ပြဖြစ်ပါတယ်။ ရိုးရိုးဖျားတာပဲဆိုတော့ ဆေးထိုး၊ ဆေးစားပေါ့။ ဆေးရုံတောင် မတင်ဖြစ်လိုက်ဘူး။

သူ့အသက်ကို တွက်ကြည့်လိုက်တော့ (၆၂) ကို (၁၀) လတောင် ကျော်လာပြီပဲ။ ဒါတောင် အမေက ယုံကြည်လို့ ဆိုင်ရာပိုင်ရာကို ခွင့်တောင်းထားလို့ အပိုလတွေ ဆောင်းပေးတာထင်ပါရဲ့နော်။

မေမေဆုံးတုန်းက မေ့လဲသွားအောင် ငိုမိတယ်။ ဖေဖေဆုံးတော့ ဖေဖေက ကျွန်ုပျော်နဲ့နယ်မှာ အနေများတာကြောင့် မီးဝေးချိုင်လို အနေမနီးတော့ တန်ရုံပဲငိုမိတယ်။ အခုတစ်ခါ လင်ယောကျ်ားဆုံး



www.burmeseclassic.com

www.burmeseclassic.com



တော့ သေဆုံးမဲ့ရက်ကို ကြိုတင်သိနေတာမို့ မငိုမိတော့ဘူး။ ခံနိုင်ရည်လည်း ရှိသွားပြီလို့ဆိုရမှာပေါ့ကွယ်။

ကိုလှသိန်းဟာ စိတ်ကောင်းအလွန်ရှိပြီး အနေအေးတယ်ကွယ့်။ အမေ့ကိုလည်း အလွန်အလိုလိုက်ပါတယ်။ ရိုးလွန်းအေးလွန်းတော့လည်း အမေတို့အိမ်ထောင်စုမှာ သူက ဦးမဆောင်ဘဲ အမေက ဦးဆောင်ဖြစ်နေတယ်။

ကိုလှသိန်းဆုံးသွားတော့ အမေတို့အိမ်မှာ အိမ်ထောင်ဦးစီးယောကျ်ားရယ်လို့များ ကျားကျားလျားလျား မရှိတော့ဘူး။ သားအငယ်ကောင် မောင်သိုက်သာ ယောကျ်ားလေးအနေနဲ့ ရှိတော့တယ်။ သူကလည်း အိမ်ကပ်တယ်မရှိဘဲ ကားတစ်စင်းနဲ့ လည်ပတ်နေတော့ အားကိုးစရာ ယောကျ်ားသားက မရှိဘူး။

ဒါကြောင့် အမေနဲ့သမီးနှစ်ယောက်ဟာ ညဘက်ရောက်တာနဲ့ အိမ်တံခါးပိတ်ပြီး စောစောအိပ်ရာဝင်လေ့ရှိတယ်။ အမေ့အလုပ်ကတရားထိုင်တော့ စောစောထ၊ စောစောအိပ်ရာဝင်ပေါ့ကွယ်။ အဲ ...ဒါပေမဲ့ သမီးဆရာမတွေ ကျောင်းစာမေးပွဲတွေနီးရင်တော့ ညဉ့်နက်အောင် ရေးကြ၊ ရွတ်ကြ၊ စာဖတ်ကြတော့ အမေက အနားထိုင်ရင်းစောင့်ပေးရတယ်။ အဲဒီလိုနေ့မျိုးကျရင် အမေတို့နေတဲ့အိမ်က အကြောင်းပြတော့တာပဲ။

ခေါင်းမိုးကသွပ်ပြားနဲ့ နံရံကို တဒေါက်ဒေါက်လာခေါက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီကိစ္စတွေက ကိုလှသိန်းသေဆုံးပြီးမှ ဖြစ်လာတာ။ အရင်က သမီးတွေ ညဉ့်နက်အောင် စာဖတ်၊ စာရေး၊ စာစစ်ရရင် ကိုလှသိန်းစောင့်ပေးနေကျ။ သရဲခြောက်တယ်လို့ကို ပြောသံမကြားခဲ့ရဘူး။





အကြီးမ ဘာတီမာက သရဲမကြောက်တတ်ဘူး။ အငယ်မ ဒေလီယာကတော့ သရဲအလွန်ကြောက်တတ်တယ်။ ဒါကြောင့် အမေလည်း တတ်သလောက်၊ မှတ်သလောက် ဘုရားစာတွေရွတ်ပြီး ကြားဖူးနားဝရှိသလို အိမ်ကပျဉ်နဲ့ တိုင်အခေါင်းပေါက်ရှိသမျှ သစ်မင်းသားကို ခွဲစိပ်ပြီး ရိုက်သွင်းထားတယ်။ အဲဒါလည်း ခဏပဲ။ နောက်ရက်ကြာတော့ ပြန်ဖြစ်တာပဲ။

အဲဒါကြောင့် ခေါင်းရင်းအိမ်က ဦးဘစောကို အမေတို့နေတဲ့အိမ်အကြောင်း မေးမြန်းကြည့်တော့ ...

"ဒီအိမ်က အရင် ကရင်မကြီးလင်မယားနေတာ ညီမကြီးရဲ့ ပရောဂါကု ဆေးဆရာပဲ။ နောက်ပိုင်း သရဲမွေးပြီး ခိုင်းစားတယ်ဆိုပြီး ရပ်ကွက်ထဲမှာ နာမည်ပျက်သွားတာနဲ့ ဆရာဝန်မဒေါက်တာခင်မိုးမြင့်ကို ကျပ်ငွေ (၂)သိန်းတည်းနဲ့ ရောင်းပြီး နယ်ကိုပြောင်းပြေးကြတာ။

အိမ်အောက်မှာ တွင်းကြီးရှိတယ်။ အရင်က ပျဉ်ထောင်သွပ်မိုးအိမ်ကလေး။ ဆရာဝန်မဝယ်ပြီးမှ တွင်းကြီးကိုမြေဖို့ပြီး တိုက်ခံအိမ်ဆောက်တာ။ အကြောင်းသိတွေ ဘယ်သူမှမနေရဲကြဘူး။ ညီမကြီးတို့က ပတ်ဝန်းကျင်ကို မမေးမစမ်းဘဲနဲ့ ဝယ်တာကိုး။ အစ်ကိုကြီးတို့က အိမ်ချင်းကပ်လျက်ဆိုတော့ လာမမေးဘဲ ဘယ်ပြောလို့ကောင်းမလဲ"

"ဟုတ်ကဲ့ ... အစ်ကိုကြီး။ ကျွန်မတို့ကိုလည်း အိမ်ပိုင်ရှင်က အိမ်ဝယ်မယ်အသံကြားတာနဲ့ အိမ်တိုင်ရာရောက် လာခေါ်တာပါ။ ကျွန်မတို့မှာ ကားလေးတွေရှိတော့ ကားကိုခေါ်ပါပါတော့ ကျွန်မယောကျ်ားက သဘောကျပြီး ဝယ်ဖြစ်တာပါ။ ယောကျ်ားရှိတုန်းက ဘာ

www.burmeseclassic.com



အသံမှ မကြားရပါဘူး။ အခု ယောက်ျားဆုံးပြီး ညဥ့်နက်တာနဲ့ အိမ်ကို လှည့်ပတ်ခေါက်တော့တာပဲ။ ကျွန်မတို့က မိန်းမသားချည်းနေတာဆိုတော့ ကြောက်ကြတာပေါ့ရှင်''

''ဟိုယောက်ျားလေးတစ်ယောက်ကရော ဘယ်ရောက်သွားလဲ''

''သားက မိန်းမရသွားတော့ သူ့မိန်းမအိမ်မှာ သွားနေပါတယ်။ တစ်ခါတလေမှ ပြန်လာတာပါ။ ဒါကြောင့် ကျွန်မတို့ချည်းပဲ ဖြစ်နေတာပါ''

''အေးကွယ် ... ညီမကြီးတို့အိမ်မှာလည်း မကြာခဏ အလှူလုပ်နေတာတောင် ပရလောကသားတွေက နေနိုင်ကြသေးတယ်နော်။ မေတ္တာသာ နာနာပို့ပါ။ မနှောင့်ယှက်အောင်လည်း တောင်းပန်ပါ။ ညရေးညတာလိုအပ်ရင် ဦးဘစောရေလို့သာခေါ်လိုက် ကျုပ် ဓားကိုင်ပြီး အပြေးလာခဲ့မယ်''

''ဟုတ်ကဲ့ ... အားရလိုက်တာ အစ်ကိုကြီးရယ်။ ကျေးဇူးလည်း တင်ပါတယ်''

ဦးဘစောစကားကြောင့် အမေတို့အားရှိပြီး အတန်ငယ်တော့ အကြောက်ပြေပါတယ်။ နှစ်ရက်သုံးရက်ကြာတော့ ပြန်သောင်းကျန်းပြန်တာပါပဲ။ အဲဒီညက ဦးဘစောကိုခေါ်တော့ သူ့စကားအတိုင်း ငှက်ကြီးတောင်ဓားကြီးကိုင်ပြီး အပြေးလာပါတယ်။ ဒါပေမဲ့ အသံသာကြားရပြီး ရုပ်မမြင်ရတော့ သူလည်း ဘာမှမလုပ်တတ်ဘူး။

မနက်မိုးလင်းလို့ အိပ်ရေးသာပျက်သွားတယ် ဘာမှမထူးခြားတာနဲ့ ...

''အသံနဲ့ခြောက်တာပါ။ ကိုယ်ထိလက်ရောက်မှ မဟုတ်ဘဲ။ မကြောက်ပါနဲ့''





လို့ အားပေးပြီး ဦးဘစောကြီးပြန်သွားတယ်။ နောက်ရက်တွေကျတော့ ဦးဘစောကို ခေါ်ခွင့်မရတော့ဘူး။

ဦးဘစော အလုပ်ကိစ္စနဲ့ နယ်ဆင်းသွားတယ်လို့ သူ့အိမ်က ပြောတယ်။ ဒါကြောင့် အမေတို့သားအမိလည်း တံခါးပိတ်ပြီး အိပ်ခန်းတစ်ခန်းထဲမှာ စုအိပ်ကြတယ်။ သမီးအကြီးမကတော့ ဗလကလည်းကောင်း၊ အထက်တန်းပြဆရာမလည်းဖြစ်တော့ သူက မကြောက်တတ်ဘူး။

''ဘာသရဲလည်း လာခဲ့၊ ထွက်ခဲ့စမ်းပါ။ ငါက ဆရာမ။ ကြိမ်နဲ့ရိုက်ပြီး ဆုံးမပြီးမှ စာသင်မှာ။ လာခဲ့ကြစမ်း''

လို့ နံရံကို ကြိမ်နဲ့ တဖျန်းဖျန်းရိုက်တာနဲ့ ခဏတော့ ငြိမ်သွားတတ်တယ်။ အကြီးမကကြိမ်နဲ့ တဖျန်းဖျန်းရိုက်တာနဲ့ အငယ်မကလည်း တဖျန်းဖျန်း သေးပါတော့တာပါပဲ။ အငယ်မက ဖြူဖြူသေးသေး နွဲ့နွဲ့ကလေး။ အလွန်ကြောက်တတ်တယ်ကွယ့်။

အမေက ဘုရား၊ တရားလုပ်ပေမဲ့ သရဲတော့ကြောက်တတ်တယ်ကွယ့်။ အသံလောက်နဲ့တော့ အမေ မကြောက်ပါဘူး။ အမေက ဘကြီးဆိုတော့လည်း သိက္ခာထိန်းရတာပေါ့။ အဲ ... ဒါပေမဲ့ အကောင်လိုက်ထွက်လာရင်တော့ အမေ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ သေးဖျန်းဖျန်းပါပြီး အသက်ထွက်သွားနိုင်တယ်။

ဒါကြောင့် အမေက အရောင်းအဝယ်သမားဆိုတော့ သမိုင်းအိမ်ကိုရောင်းပြီး အိမ်သစ်ရှာဖို့ လုပ်ရတော့တာပေါ့။ အပေါင်းအသင်းအဆက်အသွယ်ကောင်းတော့လည်း မကြာပါဘူး။ သမိုင်းအိမ်ကို ဝယ်မဲ့သူ လာကြည့်တယ်။ ကြိုက်တယ်ပြောပြီး ထပ်ချိန်းတဲ့ရက်မှာ မလာတော့ဘဲ ပျက်ပျက်သွားတာ နှစ်ဦး၊ သုံးဦး ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြန်မာဆေးဆရာ၊ လက္ခဏာဗေဒင်ပညာရှင် ဆရာထိုက်နဲ့တွေ့ဆုံပြီး တိုင်ပင်ရတော့တယ်။ ဆရာထိုက်က အလွန်ဖော် ပါတယ်။ အမေ့လက္ခဏာကိုကြည့်တယ်။ ဗေဒင်ပညာနဲ့ ယတြာချေ ပေးတယ်။ ဘေးဆီးရန်ကာ လုပ်ပေးတယ်။ ပရလောကသားတွေနဲ့ ရင်းနှီးအောင် ဆက်ဆံပြီး အမြဲတမ်းမေတ္တာထားဖို့ ညွှန်ကြားတယ်။

ဒါကြောင့် အမေလည်း ဆရာထိုက်ရဲ့ ညွှန်ကြားချက်အတိုင်း အိမ်မှာရှိတဲ့ မြင်အပ်မမြင်အပ်ရှိကြတဲ့ ပရလောကသားတွေကို အိမ် ပေါ်မှာတင်မက ခြံထဲပါဆင်းပြီး မိတ်ဆွေဖွဲ့တယ်။ မေတ္တာပို့တယ်။ ခြံထဲ မှာစိုက်ထားတဲ့ ဝါးရုံပင်နဲ့သရက်ပင်က အစောင့်အရှောက်တွေကိုလည်း စကားပြောတယ်။ မေတ္တာပို့တယ်။ မိတ်ဆွေဖွဲ့တယ်။ တခြားခြံက သူစိမ်း ရှုမြင်ရင်တော့ အမေ့ကို ဒီအဘွားကြီး သူငယ်ပြန်နေတာထင်တယ် လို့ ပြောကြ၊ ထင်ကြမှာပဲ။

ဆရာထိုက် အစီအမံအောင်မြင်ပါတယ်။ အမေခြံထဲဆင်းပြီ ကိုယ်ထိလက်ရောက် မေတ္တာပို့ပြီးတဲ့နောက်ပိုင်းမှာ အိမ်ပေါ်မှာ ခေါက် သံတွေ၊ လျှောက်သံတွေ၊ မကြားရတော့ဘူး။ ငြိမ်သွားတယ်။ ဆိုလို တာက တစ်ဦးကိုတစ်ဦး မေတ္တာထားတယ်။ အပြန်အလှန် သဘော ထားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ တစ်လအတွင်းမှာ အိမ်အရောင်းအဝယ် စျေးတည့်တယ်။ ၁၇ သိန်းနဲ့ဝယ်ပြီး သိန်း (၂၀)နဲ့ စျေးတည့်တော့ (၃) သိန်းမြတ်တာပေါ့။

ဒါကြောင့် အိမ်သစ်မဝယ်ရသေးမီ အိမ်ဟောင်းကို လက် လွှတ်နိုင်သေးဘဲ (၁) လကျော်ချိန်းပြီး အိမ်ရှာရတယ်။ စိတ်တိုင်းကျ မတွေ့ဘူး။ ဒါနဲ့ သမိုင်း၊ ပါရမီလမ်းဘေးက ကွန်ဒိုမိနီယမ်အဆောက်





အဦမှာ အခန်းငှားနေဖို့ သွားကြည့်ကြတယ်။ တိုက် (၄)၊ အခန်း (၄) ပထမထပ်မှာ အခန်းရတယ်။

အောက်ထပ်မြေညီထပ်က ကွန်ဒိုတွေရဲ့ ထုံးစံအတိုင်း ကားဂိုဒေါင်ပေါ့ကွယ်။ အခန်းက သန့်ရှင်းသပ်ရပ်ပါတယ်။ ဒါပေမဲ့ အမေတို့က မြန်မာလူမျိုး။ တောမြို့က လာသူဆိုတော့ ရှေးရိုးအတိုင်း စိတ်စွဲနေ တာကတော့ 'ကုလားကပြား အိမ်တန်းများ' ဆိုတာပဲ။ မနေကောင်း ဘူးပေါ့ကွယ်။ ဒါပေမဲ့ အမေတို့သားအမိ ပါရမီကွန်ဒိုမှာ တစ်နှစ်စာချုပ် နဲ့ နေဖြစ်ခဲ့ပါသေးတယ်။

(၆) လလောက်ကြာတော့ သမီးကြီးက သမိုင်းမှာ ကျူရှင် လိုက်သင်ပေးရင်း အိမ်တစ်အိမ်ကို တွေ့ခဲ့တယ်လို့ဆိုတယ်။ ဝန်းနှင့် ဝိုင်းနှင့်။ အိမ်ကလည်း တိုက်အိမ်၊ သစ်ပင်ကြီးတွေလည်း ပါတာလို့ ပြောတယ်။ ဒါကြောင့် အမေလိုက်ကြည့်ဖြစ်တယ်။

သမိုင်း ကသွယ်ချောင်းကြီးဘေး မဟာဗန္ဓုလလမ်းသွယ်ထဲ က အိမ်ဝိုင်းကလေးထဲ ပေ (၂၅' × ၅၀') ကျယ်တယ်။ တိုက်အိမ် ကလေးက ခေတ်မီတယ်။ (၃) ထပ်လည်ပေါ်အမိုးနဲ့ နောက်ပိုင်းမီးဖို ချောင်ပေါ်မှ ထပ်ခိုးပါသေးတယ်။

ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်း (၂) ခန်း၊ စတိုခန်း၊ မီးဖို ခန်း၊ ထမင်းစားခန်း၊ အိမ်သာခန်းနဲ့ ရေချိုးခန်းက တွဲလျက်ပါတယ်။ အိမ်သာကမှတ်က ဗိုလ်ထိုင်အိမ်သာခုံအမြင့်ဖြစ်လို့ အမေ အတော် သဘောကျမိတယ်။

အိမ်ရှေ့က သစ်ပင်ကြီးအရိပ်ကလည်း အလွန်အေးတာပဲ။ ဘာပင်ကြီးမှန်းတော့ မသိဘူး။ သစ်ပင်ကြီးတွေပါတော့ အမေသဘော



www.burmeseclassic.com

www.burmeseclassic.com



ကျမိတယ်။ အမေက သစ်ပင်တွေနဲ့ မိတ်ဆွေဖွဲ့ပြီး စကားပြောရတဲ့
နည်းကို တွေ့သွားပြီလေကွယ်။

ဒါကြောင့် သမိုင်း(မာလာမြိုင်)ကအိမ်လို မများစေရန်အတွက်
အပိုင်ဝယ်သေးဘဲ ငှားနေဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အိမ်က ကျယ်
ကျယ်ဝန်းဝန်းကိုတော့ သားသမီးတွေလည်း အကုန်လုံး သဘောကျ
ကြတယ်လေကွယ်။ အမေတို့အိမ်ပြောင်းတော့ အမေနဲ့ သမီးနှစ်ယောက်
ပေါင်းမှ (၃) ယောက်တည်း။ သားငယ်မောင်သိုက်က မရှိဘူး။ နယ်
ထွက်နေတယ်။

တစ်လလောက်ကြာတော့မှ ဘေးပတ်ဝန်းကျင်အိမ်တွေ
ရင်းနှီးပြီးသိလာတာတော့ ယခု အမေတို့ငှားနေတဲ့အိမ်က မီးလော
ဖူးလို့ အသစ်ပြန်ဆောက်ထားတာ။ မြေကြမ်းတယ်၊ သိုက်ရှိတယ်။ ပိုင်
ရှင်မိသားစု (၃)ဦး ရှေ့ဆင့်နောက်ဆင့် သေဆုံးဖူးတယ်။ အခု အမေ
တို့ငှားနေအောလည်း (၃) ဦးဆိုတော့ သတိထားဖို့ပြောကြတယ်။

အမေတို့မိသားစုကတော့ (၆) လပြည့်တဲ့အထိ အဲဒီအိမ်မှာ
ငှားနေတာ ဘာမှမဖြစ်ပါဘူး။ (၆)လကျော်တော့ အမေ့သားငယ် မောင်
သိုက်ပြန်လာတယ်။ ဂျပန်သူမိန်းမ ဂျပန်ပြန်သွားလို့ သူလည်း အမေ
အိမ်ပြောင်းလာတာတဲ့လေ။ သားအငယ်ဆိုတော့လည်း လက်ခံရတာ
ပေါ့။

သူရောက်လာတော့လည်း ယောကျ်ားလေးမရှိတဲ့အိမ်မှာ အား
ကိုးအားထား ပြုရတာပေါ့။ သားလေးကလည်း မိဘမောင်နှမတွေနဲ့
ကွဲကွာနေတာကြာလို့ အိမ်မှာမြဲပြီး အမေနဲ့အစ်မတွေ အဝတ်အစား
ကအစ လျှော်ဖွတ်ပေးပါတယ်။





အိမ်မှာလည်း SE - SPRITER ကားလေးရောင်းလိုက်လို့
SUPER ROOF VAN (90 MODEL) တစ်စီးပဲ ကျန်တော့တာ။ အမေက
ကြုံရာလူမောင်းခိုင်းပြီး ခရီးသွားတာ သားငယ်ပြန်ရောက်တော့လည်း
အဆင်ပြေတာပေါ့။ နောက်ပြီး မိသားစုက (၄) ယောက်ဖြစ်သွားလို့
အမေ အလွန်စိတ်ချမ်းသာတယ်။

အဲ ... ဒါပေမဲ့ မောင်သိုက်ရောက်ပြီး စိတ်မချမ်းသာစရာ
ဖြစ်လာပြန်တယ်။ သမိုင်း (မာလာမြိုင်) အိမ်က ကြောင် (၃) ကောင်
ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားတာပဲ။ အရပ်ကိုမေးကြည့်တော့ ဒီ
အိမ်ကြီးက ယောကျ်ားတွေ အိမ်ပေါ်မှာညအိပ်တာကို မကြိုက်ဘူးတဲ့။

အခု ကြောင် (၃) ကောင်သေရတာဟာ ကိုသိုက်ကိုယ်စား
ကံနိမ့်လို့သေရတာတဲ့။ လုပ်ပြန်ပါရော။ ဒါကြောင့် အမေလည်း အိမ်
ရှေ့က ဘာပင်မှန်းမသိရတဲ့ အပင်ကြီးကို အမွှေးတိုင်၊ ဖယောင်းတိုင်
ထွန်းပြီး ပူဇော်ကန်တော့ပြီး တောင်းပန်စကား ပြောရတော့တာပေါ့။
သစ်ပင်တွေနဲ့စကားပြောတဲ့ပညာကို အမေက တတ်နေလေပြီကွယ်။

ဖြစ်ချင်တာကို ပြောတယ်။ ညှိနှိုင်းတယ်။ တောင်းပန်တယ်။
မိတ်ဆွေဖွဲ့တယ်။ တစ်ခါတစ်ရံ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်တွေ၊ လက်
ဖက်သုပ်တွေနဲ့ ကျွေးမွေးလှူဒါန်းတယ်။ ဒါကြောင့်လား မသိဘူး အဆင်
ပြေလာပြန်တယ်။ နေလို့ထိုင်လို့ကောင်းတယ်။ အရောင်းအဝယ်အလုပ်
အကိုင် ကောင်းလာတယ်။ မကောင်းတာက မောင်သိုက်ပဲ။

ဂျပန်သူဇနီးသည်ပြန်သွားတော့ သမိုင်း (မာလာမြိုင်)က မိန်း
ကလေးတစ်ယောက်နဲ့ တွဲနေသတဲ့။ မြစ်ဝကျွန်းပေါ်သူ မိန်းကလေး
တစ်ယောက်နဲ့ကလည်း ဘယ်တုန်းက ရထားမှန်းမသိဘူး။ သားတစ်
ယောက်တောင် ရှိသတဲ့လေ။ အမေ့သားငယ် မောင်သိုက်ဆိုတာ အဆေး

www.burmeseclassic.com



လိပ်နဲ့အရက်လည်း သောက်တယ်။ ကွမ်းလည်း စားတယ်။ မိန်းမလည်းရှုပ်တယ်။ သူမလုပ်တာဆိုလို့ လောင်းကစားတစ်ခုပဲ ထင်ပါရဲ့။ ဒါတောင် နှစ်လုံးသုံးလုံးတော့ ထိုးသေးတယ်။

အမေတို့အခုနေတဲ့ အမှတ်(၃၁၆)၊ မဟာဗန္ဓုလလမ်း၊ မရမ်းကုန်းအိမ်မှာ ဘာပင်ကြီးမှန်းမသိတဲ့ အပင်ကြီးတစ်ပင် အိမ်ရှေ့မှာရှိကြောင်း ပြောခဲ့ဖူးတယ်နော်။ အဲဒီအပင်ကြီးက မဥ္ဇူသကနတ်ပန်းပင်တဲ့ကွယ့်။ ပထမအိမ်ရှင် ဗိုလ်မှူးက အိန္ဒိယပြည်ကပြန်လာတုန်းက မျိုးယူလာပြီး စိုက်ထားတာတဲ့။ အသက်ရှည်ဆေးပင်လို့လည်း ခေါ်သတဲ့။

ဒါပေမဲ့ လူကြီးသူမများပြောစကားအရ မဥ္ဇူသကနတ်ပန်းပင်ဆိုတာ မစိုက်ကောင်းဘူးတဲ့။ ဒီအိမ်မှာနေပြီး အဲဒီဗိုလ်မှူးလည်း ဆုံးတယ်။ နောက်မိသားစု (၃) ဦးလည်း ဆုံးပါးသွားသတဲ့။ ဒါကြောင့် အမေတို့ သားအမိ မိသားစု (၃) ဦး ပြောင်းလာတော့ နောက်တစ်ခါ (၃) ဦးဆုံးပြန်ဦးမယ်ဆိုပြီး စောင့်ကြည့်နေကြတာတဲ့။ ဘာမှမဖြစ်လို့ အံ့သြနေတာတဲ့။

အဲဒါနဲ့ အမေလည်း အမေတို့ကိုးကွယ်နေတဲ့ ဆရာထိုက်ဆီ မေးရမြန်းတာပေါ့။ ဆရာထိုက်က ရှင်းပြတယ်။ မဥ္ဇူသကနတ်ပန်းမျိုးနွယ်ဝင်ဆေးပင်က အပင်ကြီးအမျိုးအစားတဲ့။ အညာဒေသမှာပေါက်တဲ့ မယ်ဇယ်ပင်နဲ့ မဥ္ဇူသကနတ်ပန်းပင်၊ ကန့်ဇော်ပင်တို့ဟာ မျိုးနွယ်ဝင်တွေတဲ့။ လူနေတဲ့အိမ်ခြံထဲမှာ မစိုက်ကောင်းဘူး။ စိုက်ပြီး လူသေတတ်သတဲ့။

အညာဒေသမှာပေါက်တတ်တဲ့ မယ်ဇယ်ပင်အသီးက စားဆိ ရတယ်။ မြိတ်မြို့နယ်၊ ဘုတ်ပြင်းဘက်မှာပေါက်တတ်တဲ့ ကန့်ဇော်အပင်





ကြီးရဲ့အဆီကတော့ အနာအမျိုးမျိုးကို ပျောက်ကင်းစေတယ်။ မဥ္ဇူသကနတ်ပန်းမျိုးနွယ်ဝင် အပင်ရဲ့ အပွင့်ကတော့ ပျားရည်နဲ့စိမ်စားရင် သက်ရှည်ကျန်းမာစေတယ်လို့ သိရတယ်ကွယ့်။

ဒါကြောင့် အမေလည်း အိမ်ရှေ့မှာပေါက်နေတဲ့ မဥ္ဇူသကနတ်ပန်းပင်ကြီးနဲ့ စကားပြောရင်းနဲ့ ရင်းနှီးလာတာနဲ့ အမေ့လိုအပ်ချက်တွေကို မိတ်ဆွေချင်းတိုင်ပင်သလို ပြောပြရတော့တာပေါ့။ တော်တော်များများကိစ္စတွေမှာ အမေတင်ပြရင် အဆင်ပြေတာများပါတယ်။

ကျေးငှက်တွေနဲ့စကားပြောရင် မာဂဓစကားလို့ခေါ်ရင် သစ်ပင်နဲ့စကားပြောတာကို ရုက္ခစကားလို့ ခေါ်ရမယ်ထင်ပါရဲ့။ ဒီဘာသာစကားက ချက်ချင်းတော့ တစ်ဦးနဲ့တစ်ဦး နားလည်ဖို့ ခဲယဉ်းမယ်။ စိတ်ခါတ်ချင်းဆက်သွယ်နိုင်တဲ့ 'တယ်လီပသီနည်း' အရ တစ်ဦးသဘောကို တစ်ဦးက လက်ခံနားလည်မှ စကားပြောလို့ရမယ်။

ဥပမာပြောရရင် အမေက ကိုယ့်စကားနဲ့ စိတ်စကားနဲ့ သစ်ပင်ကြီးနဲ့ စကားပြောမယ်။ သူက တယ်လီပသီနည်းအရ အမေနားလည်အောင် ချက်ချင်းပြန်ပြောရင်ပြောမယ်။ မပြောရင်လည်း အမေ့ကို အိပ်မက်ထဲမှာ လာပြောတတ်တယ်။ ဒါကြောင့် အမေလည်း နားလည်တာပေါ့။ စိတ်ခါတ်ချင်းဆက်သွယ်တဲ့ နည်းတွေဟာ အလွန်ထူးဆန်းအံ့သြဖို့ကောင်းပါတယ် သားရယ်။

အပြင်မှာ သစ်ပင်နဲ့စကားပြောရင် သစ်ပင်ကြီးကိုပဲ တွေ့ရမှာဖြစ်ပေမဲ့ အိပ်မက်ထဲမှာကြတော့ သစ်ပင်နဲ့စကားပြောရင် ဖိုးသူတော်လို၊ ရုက္ခစိုးလို၊ နာနာဘာဝလို အမျိုးမျိုးပုံစံပေါ့ကွယ်။ အဲဒီသစ်ပင်စောင့်ပုဂ္ဂိုလ်တွေက ဝေမာဏိက၊ ပြိတ္တာအမျိုးအစားဖြစ်ပြီး ရိုးရိုးပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com



တွေထက် တန်ခိုးကြွတ္တိပါတ်အဆင့်မြင့်တယ်။ ဖန်ဆင်းနိုင်တယ်။ အယောင်ဆောင်နိုင်တယ်။ ပစ္စည်းဥစ္စာကို ပေးကမ်းစွန့်ကျဲနိုင်တယ်ကွယ့်။

အမေက အသက် (၈၀)ကျော်ပြီဆိုတော့ မိဘတွေမရှိတော့ဘူးလေကွယ်။ အမေက အသက်အကြီးဆုံးဖြစ်နေပြီ။ ဒါကြောင့် ကိစ္စတစ်ခုရှိလို့ တိုင်ပင်ချင်ရင်၊ စကားပြောချင်ရင် အဖော်ကောင်းလိုတာပေါ့။

သားသမီးတွေရှိပေမဲ့ သူတို့က လူငယ်တွေဆိုတော့ နေရာတိုင်းဆုံးဖြတ်ပြီး အကြံဉာဏ်မပေးနိုင်ဘူးလေ။ ဒါကြောင့် ကိစ္စတစ်ရပ်ကြုံတာနဲ့ အမေက ကွယ်လွန်သူမိဘတွေကို တိုင်တည်တယ်။ မဥ္ဇူသကနတ်ပန်းနဲ့ စကားပြောသို့နှင်းတိုင်ပင်တယ်။ ညဘက်အိပ်မက်ထဲမှာ သူတို့ကလာပြီး အကြံဉာဏ်ပေးကြပါတယ်။ ဒါကြောင့် အမေ့လုပ်ငန်းတွေကို ဆုံးဖြတ်ရာမှာ အမှားအယွင်းမရှိဘဲ အောင်မြင်ပါတယ်။

“နောက်ပြီး အမေအသက်ရှည်တဲ့ အကြောင်းကိုလည်း ပြောရဦးမယ်။ အမေက နေ့စဉ် မနက်(၄) နာရီထိုးတာနဲ့ အိပ်ရာထတယ်။ မျက်နှာသစ်ပြီးတာနဲ့ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး တရားထိုင်တယ်။ မေတ္တာပို့တယ်။ အမျှဝေတယ်။ တစ်နေ့ကို (၅)ကြိမ် တရားထိုင်တယ်။

အစားအစာကိုတော့ အသားနဲ့အသီးအရွက် မျှတအောင်စားတယ်။ လမ်းလျှောက်တယ်။ အမေ့ရဲ့ တရားထိုင်နည်းကတော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ မိုးညှင်းဝိပဿနာနည်းပါ။ အမေက ၁၉၅၂ ခုနှစ်ကတည်းက မိုးညှင်းရောက်ပြီး လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျင့်စဉ်အတိုင်း တရားထိုင်ခဲ့တာပါ။ အာနာပါနလုပ်ရတာ အကောင်းဆုံးနည်းပါပဲ။





နှာသီးဖျားကလေကို အသွင်းအထုတ်မှတ်ပြီး နှာသီးဖျား၊ ရင်ညွန့်ချက်တိုင်အထိ အဝင်အထွက်ကို မှတ်ရတာပါ။ အလေ့အကျင့်ရှိလာတာနဲ့အမျှ ရှူသွင်းထားတဲ့လေ ဘယ်ရောက်နေတယ်ဆိုတာကို အမှတ်သတိက အသိပေးပါတယ်။ သတိနဲ့အသိကို မလွတ်စေရအောင် မှတ်တဲ့နည်းပါပဲ။

ဝိပဿနာကမ္မဋ္ဌာန်းတရားထိုင်တာဟာ ငယ်သေးတယ်၊ စောသေးတယ်လို့ မမှတ်နဲ့ကွယ့်။ အချိန်ရတုန်း လူတိုင်းလုပ်သင့်တဲ့ ကိစ္စပဲ။ သမထဝိပဿနာအလုပ်ကို မလုပ်ဘဲနဲ့တော့ ဘဝကူးမကောင်းနိုင်ဘူးကွယ့်။ နောက်ပိုင်းမှာတော့ အမေတရားအားထုတ်တဲ့ လျှို့ဝှက်ကျင့်စဉ်တွေပါ သားကိုပြောပြခဲ့ပါ့မယ်။ အမေက အသက်ကြီးပြီလေကွယ်။ သေရင် ယူသွားလို့ရတာမှ မဟုတ်ဘဲကွယ်”

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

သမိုင်း၊ မဟာဗန္ဓုလလမ်းကအိမ်ကို အမေအပိုင်ဝယ်နိုင်ပါတယ်။ ငွေကြေးအင်အားလည်း ရှိပါတယ်။ ဒါပေမဲ့ အိမ်ပိုင်ရှင်များဖြစ်ကြတဲ့ ကိုသိန်းဝင်းနဲ့မလှဝင်းတို့က အမေပဲနေပါ၊ အမေနဲ့ပဲ တည့်ပါတယ်။

ဒီအိမ်က လူတွေသေပြီး နာမည်ဆိုးနဲ့ ရပ်ကွက်ထဲမှာ ကျော်ကြားနေတော့ အရောင်းအဝယ်ဆိုင်ရင်လည်း ပျက်သွားတာများတယ်။ နောက်ဆုံး အမေမနေရင် ပိတ်ထားမယ်။ အမေဝယ်ရင်လည်း သင့်လျော်တဲ့ဈေးနဲ့ ရောင်းပါ့မယ်လို့လည်း ကတိခံဝန်ချက် ပေးထားပါတယ်။

ပြောရဦးမယ် သားရယ်။ အမေတို့မှာလာမြို့င်အိမ်က ပြောင်းခါနီးမှာ (90 MODEL, COROLLA VAN) ကားကလေးကို ဈေးကောင်းရတာနဲ့ ရောင်းပစ်ခဲ့တယ်။ အဲဒီတုန်းက ကားဈေးတွေက တဖြည်းဖြည်းတက်လာနေပြီလေ။ သမိုင်း မဟာဗန္ဓုလလမ်းအိမ်ရောက်တော့ ကားမရှိတော့ဘူး။





အမေကတော့ ထုံးစံအတိုင်း ခရီးထွက်၊ အသွားအလာက မပျက်ပါဘူး။ ကိုယ်ပိုင်ကားမရှိတော့ အငှားကားငှားစီးရတာပေါ့ကွယ်။ အငှားကားဆိုရာမှာလည်း အမေက အငှားလိုက်တဲ့ ကိုယ်ပိုင်ကား (နံပါတ်အနက်) ကိုပဲ ရွေးစီးတယ်။ TAXI လို့ ဆိုင်းဘုတ်တပ်ထားတဲ့ အငှားကားတွေကို မစီးဘူး။

ဒါကြောင့် သမိုင်းပါရမီ အငှားကားဂိတ်တွေက မင်းသားကြီး၊ ကိုနန်း၊ ကိုလေးမြင့်၊ ကိုမျိုးတို့မောင်းတဲ့ BLACK TAXI စတဲ့ နံပါတ်အနက်အငှားကားတွေဟာ အမေ့ဖောက်သည် ကားတွေချည်းပါပဲ။ အနီးအဝေး ငှားရာလိုက်တယ်။ ဈေးကလည်း သတ်မှတ်ချက်မရှိပါဘူး။ အဆင်ပြေသလို ပေးရတယ်။ အမေ့သဘောလည်း သားသိသားပဲ။ ကားသမားကို ကျွေးတာပဲ။

ဒါကြောင့် သမိုင်းအိမ်ကိုပြောင်းလာတာ (၁၀) နှစ်ကျော်ပေမဲ့ အိမ်ငှားဘဝနဲ့ ကားငှားစီးတဲ့ဘဝနဲ့ အတော်ကြာနေခဲ့တာ။ သမိုင်းအိမ်ရောက်မှ အမေ ကားတစ်စီးဝယ်ဖြစ်သေးတယ်။ သားကြီးလည်း မီလိုက်ပါသေးတယ်။

HONDA ACCORD အမျိုးအစား နီညိုရောင် SALOON ကားပဲ။ ဗ/ထက်ချိုင့်နံပါတ်တဲ့ အမေစီးခဲ့တဲ့ကားတွေဟာ အဖြူရောင်တွေချည်းပဲ။ ဒီကားကျမှ နီညိုရောင်ဖြစ်ရတာလည်း အကြောင်းရှိသကွယ့်။ သားကိုမေးရရင် ဖိုးသူတော်နဲ့ ရသေ့ရဟန်း ဘယ်သူက ပိုမြတ်သလဲ၊ အရောင်မရှိတဲ့ အဖြူထည်ထက် ရွှေဝါရောင်ရဟန်းနဲ့ နီညိုရောင်ရသေ့က ပိုမြတ်တယ်မဟုတ်လားကွယ့်။ ဒါကြောင့် အမေလည်း ကျင့်စဉ်သဘောအရ ပိုမြင့်လာတာနဲ့ နီညိုရောင်ကားကို စီးဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ကားဖြစ်ပေမဲ့ မော်တော်ဆိုင်ကယ် ကုမ္ပဏီကထုတ်တဲ့ ကားဆိုတော့ HONDA ကားကို လူကြိုက်နည်းတယ်ကွယ်။ HONDA ACCORD ဆိုတာက ဥရောပဈေးကွက်မှာ MERCEDES BENZ နဲ့ ဈေးပြိုင်တဲ့ကွယ့်။ ဒါပေမဲ့ အမေတို့မြန်မာပြည်မှာတော့ လူကြိုက်နည်းတယ်။

မြန်မာပြည်ကို HONDA အမျိုးအစားတွေဖြစ်ကြတဲ့ HONDA ACCORD နဲ့ HONDA VAN ကားကလေးတွေလည်း သွင်းလာကြသေးတယ်။ အမေကတော့ ဇိမ်ခံကားအုပ်စုဝင်ဖြစ်ပြီး ခရီးဝေးကောင်းတဲ့ HONDA ACCORD ကို ရွေးခဲ့တာပါပဲ။ ACCORD က အမေရိကန်စတိုင်ကားကကြီးတယ်၊ ရှည်တယ်၊ ဇိမ်ခံကားလေကွယ်။ ကြီးရမယ်၊ ရှည်ရမယ်။ ဒါမှ နိုင်ငံတကာကလက်ခံတဲ့ STANDARD SIZE ဖြစ်ရစေမှာပေါ့။ မဟုတ်လား သားရယ်''

အဲဒီ HONDA ACCORD ကားနဲ့လည်း အမေ ခရီးတော်တော်သွားဖြစ်ပါတယ်။ နောက်ပိုင်း မင်းညီမ မဦးအကြောင်းကိုပြောဖို့ လိုလာပြီ။ မဦးက သိုက်ကလာတာဆိုတော့ ဂမ္ဘီရအလွန်ဆန်တယ်။ သူ့ကို အပျိုဖြစ်ရင် ပြန်ခေါ်မယ်။ အိမ်ထောင်ကျရင် ပြန်ခေါ်မယ်။ အသက် (၅၀)ပြည့်ရင် ပြန်ခေါ်မယ်နဲ့ ပေဒင်ဆရာ၊ လက္ခဏာဆရာ၊ အကြားအမြင်ဆရာတွေ ဟောခဲ့ကြပြောခဲ့ကြပေမဲ့ အခုပဲ အိမ်ထောင်ကျလို့ ကလေးရပြီး အသက် (၅၀) ပဲနီးလာပြီ။ နေမကောင်း ထိုင်မသာတာကလွဲလို့ အသက်အန္တရာယ် မစိုးရိမ်ခဲ့ရပါဘူး။

မဦးဟာ သမီးကြီးဖြစ်ပြီး ငယ်စဉ်က အလွန်ချူချာတယ်။ စာမေးပွဲနီးတာနဲ့ နေမကောင်းဖြစ်တော့တာပဲ။ စာမေးပွဲဖြေရင် စာမေးပွဲခန်းထဲမှာ အိပ်ပျော်သွားခဲ့တာလည်း အကြိမ်တိုင်းပဲ။ ဆရာမတွေကို





သူ့သူငယ်ချင်းတွေက တောင်းပန်ပြီး အိပ်ရာကနိုးမှ စာမေးပွဲဆက်ဖြေရတာလည်း အကြိမ်တိုင်းပဲ။ ဒါပေမဲ့ စာမေးပွဲ ဘယ်တော့မှမကျဘူး။ ဂုဏ်ထူးနဲ့ အောင်တာချည်းပဲ။ ဒါကြောင့် မဟာသိပ္ပံဘွဲ့လည်း ရခဲ့တယ်။ သူကလည်း စာတော်တယ်။

သူ့အပေါင်းအသင်းတွေကလည်း စောင့်ရှောက်လို့ ဘွဲ့ထူး ဂုဏ်ထူးတွေ ရခဲ့တာ။ စာမေးပွဲခန်းထဲမှာ အိပ်ပျော်နေတဲ့ကျောင်းသူကို ဘယ်ဆရာ၊ ဆရာမက လက်ခံမလဲ။ သူက အဲလိုခဏအိပ်ပြီး နိုးတာနဲ့ စာမေးပွဲဆက်ဖြေရင် ဖြောင့်နေတာပဲ၊ အထာမသိလို့ သူ့ကိုနှိုးရင်တော့ ခေါင်းတွေမူးပြီး မဖြေနိုင်တော့ဘူး။ ဒါကြောင့် သူ့ငယ်ပေါင်း၊ သူငယ်ချင်းတွေက စောင့်ရှောက်ကြရတာ။

မဦးတို့က ကန်တော်ကလေး စိန့်ဂျိုးဇက်မိန်းကလေးကျောင်းထွက်တွေ။ မဦးမှာ မိန်းကလေးအပေါင်းအသင်းတွေဖြစ်ကြတဲ့ လှလှသန်းနဲ့ နုနုလွင်တို့အပြင် စိန့်အန်ထော်နီကျောင်းက ယောကျာ်းလေးသူငယ်ချင်းတွေလည်း ရှိသေးတယ်။ မောင်မြင့်ဦး၊ မောင်မြင့်စိန်၊ မောင်မြင့်လွင်နဲ့၊ ကုလားထွန်းအောင်တို့ပဲ။ သူတို့နဲ့က ကန်တော်ကလေးမှာ တစ်ရပ်တည်း အတူနေကြလို့ ငယ်ပေါင်းသူငယ်ချင်းတွေပဲ။

မဦးကို ယောကျာ်းလေးသူငယ်ချင်းအားလုံးက ကြိုက်ကြပေမဲ့ အရွယ်ရောက်လို့ ကျောင်းက ဘွဲ့တွေ အသီးသီးရကြပြီးတဲ့နောက်မှာတော့ မဦးဟာ မောင်မြင့်ဦးနဲ့အကြောင်းပါပြီး အိမ်ထောင်ကျတယ်။ အိမ်ခွဲနေကြရင်း သားကြီးရဲ့ MORRIS MINNOR ကားကောင်းကလေးကို ဝယ်ဖြစ်တာ။

အဲဒီအချိန်မှာ မောင်မြင့်ဦးကညီလို့ သားအငယ်ကောင် မောင်သိုက်ဟာ သင်္ဘောအရာရှိအဖြစ်နဲ့ နိုင်ငံခြားထွက်သွားတော့ မောင်းမည့်



www.burmeseclassic.com

www.burmeseclassic.com



သူမရှိတော့တဲ့ HONDA ACCORD ကားကိုလည်း ရောင်းပစ်လိုက်တော့တာပေါ့။

မကြာမတင်ဘဲ အလတ်မ ဒေလီယာဟာလည်း ကွမ်းသီးကုန်သည်သားနဲ့ အကြောင်းပါပြီး ယူဖြစ်ကြတယ်။ အမေက အလတ်မကို အလွန်နှမြောတာ။ သူမက ဖြူဖြူသေးသေး၊ နွဲ့နွဲ့ကလေး။ အိမ်တွင်းမှုလုပ်ငန်း အကုန်ရတယ်။ အချက်အပြုတ်၊ အချုပ်အလုပ်၊ အကအခုန်၊ အနုပညာလုပ်ငန်းလည်း တတ်တယ်။ ယောက်ျားယူသွားတာကိုတော့ အမေက သဘောမတူဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာလည်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ပေါ့။ အလုပ်အကိုင်ကိုယ်စီနဲ့ ဆရာမတွေလည်း ဖြစ်နေကြပြီလေ။

ဒါကြောင့် အသီးသီး အိမ်ကထွက်သွားကြတော့ နောက်ဆုံး အမေတစ်ယောက်တည်းပဲ သမိုင်း၊ မဟာဗန္ဓုလလမ်းက အိမ်ကြီးမှာ ကျန်ခဲ့တော့တာပေါ့။ ဒါကြောင့် အမေ့မှာ သွေးသားရင်း သားသမီးတွေ မရှိတော့ဘဲ ယနေ့မွေး၊ ယနေ့ကြီးတဲ့ သားကြီးတို့လို ဝိဇ္ဇာသားတွေ ပေါ်လာတာပေါ့။

အမေငှားပြီးစီးနေတဲ့ ကားမောင်းဆရာတွေ၊ ဆိုက်ကားဆရာတွေဟာလည်း အမေ့ရဲ့ ဝိဇ္ဇာသားတွေပါပဲ။ သူတို့က အမေ့ကို စောင့်ရှောက်ကြပါတယ်။ ဆိုက်ကားဆရာတွေဆိုရင် အပတ်တိုင်း အိမ်ခြံဝင်းကို သန့်ရှင်းရေးလုပ်ပေးတယ်။ အလှူအတန်းရှိရင်လည်း အစကအဆုံး ဝိုင်းဝန်းကူညီကြတယ်။

ဒါကြောင့် အမေ အခုတော့ သဘောပေါက်ပါတယ်။ ကိုယ့်ဝမ်းနဲ့ ကိုယ်လွယ်မွေးရတဲ့ သားသမီးမှမဟုတ်ဘူး။ တစ်ယောက်သဘော တစ်ယောက်နားလည်၊ စာနာတတ်ကြရင် အဲဒါ ဝမ်းနဲ့လွယ်မမွေးရ





ပေမဲ့ ဝိဇ္ဇာသားသမီးတွေပဲ။ ဒါကြောင့် သားကြီးကို အမေက စိတ်သဘောထားချင်းတူလို့ မွေးစားသားဖြစ်ပေမဲ့ သားအရင်း သားကြီးသြသအဖြစ် အသိအမှတ်ပြုတာ။ သွားလေရာခရီးတိုင်း ယုံကြည်အားကိုးလို့ ခေါ်တာ။ သားကြီးအနေနဲ့က အသက်အရွယ်လည်း ရင့်ပြီ။ အစိုးရအရာရှိလည်း လုပ်ခဲ့တော့ အတွေ့အကြုံလည်းရပြီ။

မင်းမှုထမ်းဖြစ်လို့ မြန်မာနိုင်ငံအနှံ့အပြား လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရတော့ ဒေသန္တရဗဟုသုတလည်း ကြွယ်ဝပြည့်စုံပြီ။ ဒါကြောင့် ခရီးသွားရင်း အမေတစ်စုံတစ်ခုဖြစ်ခဲ့ရင် သားကြီးက တာဝန်ယူ စီမံခန့်ခွဲနိုင်တာမို့ အားကိုးတာပါ။ တခြားသူနဲ့ဆိုရင်လည်း မင်းညီမတွေ၊ ညီတွေက စိတ်ချကြမှာမဟုတ်ပါဘူး။ သားကြီးကိုတော့ သူတို့ လေးစားချစ်ခင် ယုံကြည်ကြပါတယ်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

❑

"အမေရဲ့ နေ့စဉ် အိပ်ရာထကတည်းက ညဥ့်နက်လို့ အိပ်ရာဝင်သည့်အထိ ကျင့်ကြံအားထုတ်ပွားများပုံ၊ တရားအလုပ်ကိုလည်း အသေးစိတ်နည်းနာယူရအောင် ရှင်းလင်းပါဦး အမေ"

"အင်း ... ဒီကိစ္စ သားကြီးမေးသင့်ပါတယ်။ အမေရဲ့ သားရင်း၊ သမီးရင်းတွေကတော့ စိတ်မဝင်စားကြဘူး။ အမေကလည်း အခုလို အသက် (၈၀) ကျော်အရွယ် ကျန်းမာရေးကောင်းတာဟာ အမေရဲ့ ကျင့်ကြံအားထုတ်ပွားများတဲ့ စရဏအင်အားတွေကြောင့်လို့ ယုံကြည်ပါတယ်။ ကဲ ... သားကို အမွေအဖြစ်ပေးခဲ့မယ်။ အသေအချာ နားထောင်လေရော့"





မနက်အရုဏ်လာတာနဲ့ အိပ်ရာထတဲ့အကျင့်ဟာ မေမေသင်ပေးထားခဲ့တဲ့အကျင့်။ အခု အသက် (၈၅)နှစ်ဆိုတော့ (၁၀) နှစ်သမီးအရွယ်ကတည်းက ကျင့်ကြံခဲ့လို့ နှစ်ပေါင်း (၇၅)နှစ်တိတိ ကျင့်ကြံအားထုတ်ခဲ့တဲ့ အကျင့်ဖြစ်နေပြီ။

အိပ်ရာကနိုးတာနဲ့ မထသေးဘဲ ဘုရားငါးဆူဂါထာကို ရွတ်တယ်။ (၃၂) ကွပ်တာ (ပေါမာလောမာ) ဂါထာရွတ်ပြီး အရပ် (၁၀) မျက်နှာကို မေတ္တာပို့တယ်။ ပြီးတာနဲ့ ညာနံစောင်း စောင်းပြီး ခြေထောက်ကို အပေါ်အောက်လွှဲတယ်။ ပြီးတော့ တစ်ခါတစ်ရံ ဘယ်နံစောင်းစောင်းပြီး ခြေထောက်ကို အပေါ်အောက်လွှဲပြန်တယ်။

မျက်နှာသစ်တော့လည်း အရှင်သီဝလိဂါထာကို ဦးခံပြီး(၇) အုပ်ရွတ်တယ်။ ရှင်သီဝလိမန္တန်ကိုတော့ ဩောင်းခံပြီး (၇)အုပ် ရွတ်တယ်။ ဘုရားရှေ့မှာ သောက်တော်ရေကပ်၊ အရုဏ်ဆွမ်းကပ်ပြီးတာနဲ့ အနေကဇာတိ၊ သံသာတန်ဂါထာရွတ်ပြီး ရှင်ဥပဂုတ္တဂါထာရွတ်တယ်။ ခင်ပွန်းကြီး (၁၀)ပါးကို မေတ္တာပို့ပြီး တောင်းပန်တယ်။

အတိတ်ဘဝနဲ့ ယခုပစ္စုပ္ပန်ဘဝမှာ တော်စပ်ခဲ့ကြတဲ့ မိဘဆွေမျိုး သားချင်းတွေကို အပြစ်ရှိက ခွင့်လွှတ်ဖို့ ဝန်ချတောင်းပန် မေတ္တာပို့တယ်။ ပြီးတာနဲ့ အဘဘိုးဘိုးအောင်ရဲ့ စမဂါထာ၊ အမေသူရဿတီဂါထာတွေ ထုံမွှန်းပြီးတာနဲ့ ခန္ဓာကိုယ်ကို ဘုရားမှာလှူတယ်။ ပြီးတာနဲ့ ရှင်အရဟံ ဘုရားရှိခိုးနဲ့ စပြီး ဘုရားဝတ်ပြုတယ်။

ပြီးတာနဲ့ မဟာသရဏဂုံတော်ကြီးကို ပါဠိတစ်ကြိမ်၊ အနက်ပြန်ပြီးတစ်ကြိမ်၊ တစ်လဲစီရွတ်ဖတ်ပြီး (၄၅) မိနစ်ကြာအောင် ပုတီးစိပ်တယ်။ ပြီးတာနဲ့ အိမ်တွင်း၊ အိမ်ပြင်၊ မြင်အပ်၊ မမြင်အပ် ပရလောကသားများကို မေတ္တာပို့ အမျှဝေတယ်။ မေတ္တာပို့တယ်ဆိုတာ ကျန်းမ

www.burmeseclassic.com



ချမ်းသာ ဘေးအန္တရာယ်ဝေးကွာစေဖို့။ အမျှဝေတယ်ဆိုတာက မိမိရဲ့ ကောင်းမှုကုသိုလ်ကို ဝေမျှပြီး ကောင်းမွန်လွတ်ကင်းရာ၊ မြင့်မြတ်တဲ့ ဘုံဌာနကို ရောက်ရှိစေဖို့ ဆုတောင်းတာ။ ဒါတွေဟာ ပေါ့သေးသေး တော့ မဟုတ်ဘူးသားရဲ့။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေအတွက် အလွန်အဓိပ္ပာယ်ရှိပြီး လေးနက်တဲ့အလုပ်ပဲ။

အမေကတော့ ၁၉၇၄ ခုနှစ်ကတည်းက စစ်ကိုင်းတောင်ရိုး အနောက် ပရိက္ကမ (ပဲစားချောင်) ဆရာတော်ဘုရားကြီးရဲ့ နည်းနာ အတိုင်း ကျင့်ကြံအားထုတ်လာခဲ့တာ။ ဆရာတော်ကြီးနည်းက ယော သက်နှင်းဝတ်မဟုတ်သော်လည်း ရှောင်ကျဉ်၊ စောင့်ထိန်းရမဲ့ အချက် တွေက (၁၀)ချက်ရှိတယ်။

(၁) ပါဏာတိပါတာ

(၂) အဒိန္နာဒါနာ

(၃) မုသာဝါဒါ

(၄) ဖရုသဝါစာ

(၅) သမ္ဖပ္ပလာပ

(၆) ပိသုဏာဝါစာ

(၇) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ

(၈) မေတ္တာသဟဂတေန

(၉) စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ

(၁၀) ဝိဟာရဏံ သမာဒိယာမိ

လို့ခေါ်တယ်။ ဆရာတော်ကြီး မိန့်တာကတော့ ဒီတရား ရသေ့မေတ္တာ ကမ္မဋ္ဌာန်းတရား (၁၀) ပါးလို့ ဆိုတယ်ကွယ့်။ ကိုယ်တို လေ့လာပြီး စောင့်ထိန်းရင် အကျိုးကျေးဇူး အလွန်များသကွယ်။ ရှင်





မျိုး (၅)ပါးက ရှောင်ကွင်းနိုင်တယ်။ မသေမချင်း အလှူရေစက် လက် နဲ့မကွာ လှူနိုင်တန်းနိုင်တယ်။ လှူရေနတ်ပါ ချစ်ခင်လေးစားခံရတတ် တယ်။ မရှိဆိုတဲ့စကား မကြားရဘူး။

ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာလို့ အသက်ရာကျော် ရှည်နိုင် တယ်တဲ့။ ကဲ . . . ဘယ့်ကလောက်တောင် တန်ဖိုးရှိတဲ့ အကျင့်မြတ် လည်းဆိုတာ သားကြီးဘာသာ တွက်ဆကြည့်ပေရော့။ သူတော်ကောင်း တရားဆိုတာ ကျင့်ကြံနိုင်ရင် အကျိုးရှိပါတယ် သားကြီးရယ်''

မနက်ပိုင်းတရားထိုင်၊ မေတ္တာပို့ပြီးတော့ ခေတ္တနားတယ်။ မနက်စာ စားတယ်။ ပြီးတာနဲ့ ခြံထဲဆင်း၊ ထံမြက်စည်းလှည်းပြီး ခြံ ထဲက သစ်ပင်စောင့်တွေနဲ့ စကားပြောတော့တာပဲ။ အမေအစောပိုင်း ကပြောခဲ့တဲ့ မဉ္ဇူသကနတ်ပန်းနဲ့ စကားပြောတာများပါတယ်။

အမေ လုပ်ချင်ရာကိစ္စတိုင်း သူ့ကိုပြောပြီး တိုင်ပင်တယ်။ တချို့ကိစ္စတွေကျတော့ မဉ္ဇူသကနတ်ပန်းပင်က ကူညီအောင် ထပ် တလဲလဲပြောရတယ်။ နားပူနားဆာ တိုက်ရတယ်ပေါ့ကွယ်။ နတ်ပန်း ပင်ကလည်း ကူညီပါတယ်။ ဒါကြောင့် အမေအခုလို မကြောင့်မကြ၊ မတောင့်မတာဘဲ အလှူရေစက် လက်နဲ့မကွာ နေနိုင်တာပေါ့ကွယ်။

အမေ့မှာ မသေမီလုပ်သွားချင်တဲ့ ဆန္ဒတစ်ခုရှိတယ်ကွယ့်။ ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ်ဆောက်တာတွေကတော့ အတော် များခဲ့ပါပြီ။ အဖေ၊ အမေတို့အတွက် အလှူအတန်းဆိုတာတွေကလည်း နှစ်စဉ်လုပ်နေရတာမို့ ရိုးနေပါပြီ။

အခု အမေ့ဆန္ဒက အမေတို့အခုနေတဲ့ အမှတ် ၃၁၆ မဟာ ဗန္ဓုလလမ်း၊ သမိုင်းကအိမ်ကို ရုပ်ကွက်မှော်ရုံအဖြစ် လှူသွားချင်တာ။ ဒီအိမ်က ဂမ္ဘီရအိမ်။ အထက်ကြီးတော့ နာမည်ပေါက် အပိုင်မဝယ်ရဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ အမေတို့ကိုးကွယ်နေတဲ့ ဆရာထိုက်က တားမြစ်ထားလို့ မဝယ်ဖြစ်တာ။ အမေတို့ ဒီအိမ်မှာနေတာ (၁၄) နှစ်ရှိပြီ။ ရောက်စတုန်းက တန်ဖိုး သိန်း (၁၀၀) ပတ်ဝန်းကျင်နဲ့ရပေမဲ့ အခုတော့ အိမ်ပိုင်ရှင် ဒေါ်လှလှဝင်းက သိန်း (၄၅၀) လို့ ဆိုနေတယ်။

အမေက ဓမ္မာရုံအဖြစ် လှူရမဲ့အချိန်ရောက်လာတော့လည်း ပေါက်ဈေးနဲ့ပဲ ဝယ်ရတော့မှာပေါ့။ ဒါပေမဲ့ ဝယ်ဖြစ်ရင်လည်း လှလှဝင်းနဲ့ စကားမပြောပါဘူး။ သူ့အစ်ကို ကိုသိန်းဝင်းနဲ့ပြောပြီး ဈေးညှိဝယ်ရမှာပေါ့။ ကိုသိန်းဝင်းက အမေ့ကိုပဲ သင့်လျော်ရာဈေးနဲ့ ရောင်းမယ်လို့ ပြောပြီးသားလေ။ ဒီအိမ်ကြီးက လူနေဖို့မကောင်းဘူး သားရဲ့။ ဂမ္ဘီရ အလွန်ဆန်တယ်။ လူသေတတ်တယ်။ မိသားစု စိတ်ဝမ်းကွဲတတ်တယ်။

တစ်ချိန်လုံး တစ်ဦးနဲ့မဟုတ်တစ်ဦးနဲ့ စကားများပြီး ရန်ဖြစ်နေရတတ်တယ်။ ကျန်းမာရေးညံ့ဖျင်းတယ်။ အခု အမေတို့က အိမ်ကြီးနဲ့ သက်ဆိုင်သူတွေနဲ့ မိတ်ဆွေဖွဲ့၊ မေတ္တာထားပြီး ကောင်းမှုကုသိုလ် လုပ်ကြလို့ (၁၄) နှစ်အထိမြဲနေတာ။ ဒါတောင် ထစ်ခါတလေ ဒုက္ခပေးတတ်သေးတယ်။

အမေနဲ့သားသမီးတွေ၊ သားသမီးအချင်းချင်း မဟုတ်တဲ့ကိစ္စကလေးတွေနဲ့ စကားများတတ်တယ်။ အမေတို့ရောက်မှ လူမသေပေမဲ့ အိမ်မှာမွေးထားတဲ့ ချောစုလို့ခေါ်တဲ့ ကြောင်မကြီးသားအမိ (၄) ကောင်ဟာ တစ်ပြိုင်နက်တည်း ရောဂါမရှာဘဲ သေဆုံးသွားတယ်။

အမေထင်တာကတော့ အဲဒီအချိန်က အကြီးမ မဦးက နေထိုင်မကောင်းဖြစ်နေတယ်။ သားအငယ်ကောင် မောင်သိုက်ကလည်း ရဲမေကြီးနဲ့ရလို့ အိမ်ထောင်ကွဲဖြစ်နေပေမဲ့ သဘောလိုက်ရာက ပြန်လာပြီး





ကတည်းက ချူချာနေတာ။ သွေးအန်တော့ ဆေးရုံကို မကြာခဏတက်ရထယ်။ ကြောင်မကြီးတစ်အုပ်လုံး ဆုံးသွားတာကတော့ အမေတို့လူတွေအစား ဓားစာခံသွားရတာလို့ အမေထင်တယ်။

ကြည့်လေကွယ် ...။ ကြောင်တစ်အုပ်လုံးလည်း ဆုံးသွားရော နေမကောင်းဖြစ်နေတဲ့ အကြီးမ မဦးနဲ့ ဆေးရုံ မကြာခဏတက်နေရပြီး ရောဂါရှာမရတဲ့ အငယ်ကောင် မောင်သိုက်တို့ အလိုလိုပြန်ကောင်းသွားကြတယ်လေ။ ဘယ်ကလောက် အံ့သြစရာ ကောင်းလိုက်သလဲ''

တစ်နေ့က အမေ့အဖြစ်ကိုလည်း ပြောရဦးမယ်။ ပဲခူးက အိမ်ပိုင် လှလှဝင်းလာပြီး ဒီအိမ်ကြီးကို သိန်း (၄၅၀) နဲ့ ရောင်းမယ်ဆိုတော့ အမေကပြောမိတယ်။ နင်တို့ဟာက တစ်ခါလာတစ်မျိုး ဈေးအမျိုးမျိုးပြောနေတော့ ဘယ်လိုလုပ်ရမှာလဲ။ ငါလည်း နေဝင်ချိန်ရောက်ပြီ။ ဓမ္မာရုံအဖြစ်ဝယ်ပြီး လှူဒါန်းဖို့လုပ်ထားတာ။ တော်ပြီ ... မဝယ်တော့ဘူးလို့ ပြောလိုက်မိတယ်။

အဲဒါနဲ့ လှလှဝင်းပြန်သွားပြီး အမေ ညနေပိုင်းဘုရားဝတ်ပြုချိန်မှာ နေမကောင်းဖြစ်လာတယ်။ အဲဒါကြောင့် အိမ်ကသားသမီးတွေက စမ်းချောင်းမှာနေတဲ့ တူမ ဒေါက်တာဥမ္မာသွင်ကို ဖုန်းဆက်ပြီး ခေါ်လို့ လာကုပေးတယ်။

''ဘာရောဂါမှမရှိဘူး။ သွေးပေါင်ကျတာတဲ့။ အသက်ကြီးလို့ အစားအသောက်ဆင်ခြင်လို့ ဖြစ်တတ်တဲ့ရောဂါတဲ့။ တူမကုသပေးသွားတော့လည်း အကောင်းအတိုင်းပါပဲ။ ညအိပ်တော့လည်း ကောင်းကောင်းအိပ်ပျော်တယ်။ အိပ်မက်တောင် မက်သေးတယ်။ စွဲလမ်းလို့လားတော့ မသိဘူး။

www.burmeseclassic.com



အိပ်မက်ထဲမှာ မဉ္ဇူသကနတ်ပန်းပင်အစောင့် ရုက္ခစိုးဘိုးဘိုးက ဖိုးသူတော်အဝတ်နဲ့ ကိုယ်ထင်ပြတယ်။ ဒီအိမ်ကြီးကို ဝယ်နိုင်အောင် ဆောင်ရွက်ပေးမယ်တဲ့။ ဒီအိမ်မှာ မနေတော့ဘူး။ ပြောင်းမယ်၊ ရွှေ့မယ်လို့ ဘယ်တော့မှ မပြောနဲ့တဲ့လေ။

ထုံးစံအတိုင်းပါပဲ။ နောက်တစ်နေ့မနက် အိပ်ရာကထပြီး ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ တရားထိုင်ပြီး မေတ္တာပို့ အိမ်ရှေ့ကို ထွက်လိုက်တော့ မဉ္ဇူသကနတ်ပန်းပင်က သူ့ရာသီမဟုတ်ဘဲ အပွင့်တွေကြွေပြတယ်။ သူ့ရာသီက ဆောင်းရာသီမှာ အပွင့်ပွင့်ပြီး အသီးသီးတာ။

အခုလိုနွေရာသီမှာ ရွက်ဟောင်းကြွေပြီး နုထွက်နေတယ်။ အသီးမသီးဘူး။ အခုတော့ အမေပြောင်းမှာစိုးလို့ သတိပေးပြီး ချော့တာ။ ဘယ်လောက် အံ့ဩစရာကောင်းလိုက်သလဲ။ ဒါက အမေ့ဆန္ဒပြည့်စုံစေရမယ်လို့ အသိပေးတာနဲ့ အတူတူပဲ။

"ရော့ . . . ဒီမှာ မဉ္ဇူသပနတ်ပန်းပွင့်။ သားလည်း အစိမ်းစားကြည့်ဦး။ ငကြွဲဆန်အနံ့ မွှေးတယ်။ အသက်ရှည်တယ်။ အနာရောဂါကင်းတယ်။ ပျားရည်နဲ့စိမ်စားရင်တော့ အကောင်းဆုံးပဲ။ နှစ်ပေါက်အထားခံတယ်။ အမေအသက် အခုဆိုရင် (၈၅) နှစ်ထဲဝင်လာပြီ။ ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွနဲ့ ကျန်းမာရေးကောင်းနေတာ မဉ္ဇူသကနတ်ပန်းပွင့်ကို ပျားရည်နဲ့စိမ်စားလို့ပဲ။ သားလည်း ကြုံရင် ကြုံသလိုစားစမ်းပါ။

ကျုံပျော်မြို့က ဆရာတော်ကြီးကိုလည်း အမေလှူနေပါတယ်။ နှစ်စဉ်နှစ်တိုင်း အမေတို့အလှူသွားလုပ်ရင် ဆရာတော်ကြီးတွေ စုံစုံညီညီနဲ့ ကျန်းမာနေကြတာ မဉ္ဇူသကနတ်ပန်းကို လှူဒါန်းထားလို့ပဲ။ ဖန်ခါးကုန်းဆရာတော်ဘုရားကြီး ဦးဓမ္မောဆိုရင် သက်တော်(၉၅)နှစ်





တောင်ရှိပြီ။ ကျန်းမာရေးကောင်းလို့ တရားအားထုတ်နိုင်ဆဲဘဲ။ သားကြီးလည်းအမြင်ပါ။ မဉ္ဇူသကနတ်ပန်းပင် သံယောဇဉ်ကြောင့် အမေလည်း ဒီအိမ်ကြီးကို ဝယ်ရတော့မယ်။ အချိန်လည်း ကျလာပြီလို့ ပြောရမယ် ထင်ပါရဲ့ကွယ်"

"အချိန်ကျလာပြီဆိုတာကလည်း ဒီလိုကွယ့် . . . သားကြီးရဲ့။ အမေတို့အမျိုးက ကိုယ် ကွယ်လွန်မဲ့အချိန်ကို ကိုယ်သိနေတယ်။ ဒါကြောင့် ကြိုပြီး ဆောင်ရွက်ထားကြရတယ်။ အမေဆိုရင် အလှူအတန်းကိစ္စတွေ အတော်ပြည့်စုံနေပြီ။ သားသမီးတွေကိုလည်း အမွေခွဲပေးပြီးပြီ။

အခု အမွေမှာကျန်နေတဲ့ ပစ္စည်းတွေကလည်း သေဆုံးကာနီး နောက်ဆုံးအနေနဲ့ ဒီအိမ်ကြီးကိုဝယ်ပြီး ဓမ္မာရုံလုပ်မယ်။ ရပ်ကွက်လူကြီးတွေကို အပ်မယ်။ ဂေါပကအဖွဲ့ ဖွဲ့မယ်။ လှူဒါန်းသုံးစွဲဖို့ မ, တည်ငွေလည်း ထားခဲ့မယ်။ ဝါတွင်းဝါပ သံဃာတော်တွေကို ဆွမ်းလောင်းမယ်။ ဘာသာရေးကိစ္စတွေမှာလည်း ဒီဓမ္မာရုံကို အသုံးပြုခွင့်ပေးမယ်။ သားကြီးသဘောဆန္ဒကိုလည်း ပြောပါဦးကွယ့်။ အကြံပေးတဲ့သဘောပေါ့ကွယ်"

"ကောင်းပါတယ် အမေ။ အမေရှာခဲ့တဲ့ စည်းစိမ်ဥစ္စာကို လှူဒါန်းပြီး အမိအဘနဲ့ သံဃာတော်တွေ၊ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေအတွက် လှူဒါန်းတယ်ဆိုတာ တော်ရုံတန်ရုံလူ မလုပ်ဆောင်နိုင်ပါဘူး။ သံယောဇဉ်မပြတ်ကြတာ များပါတယ်။

အမေက ကြိုတင်အကွက်ချပြီး စီစဉ်ထားခဲ့တာမို့ သံယောဇဉ်က ဖြတ်နိုင်နေပြီပဲလေ။ အဲဒါကြောင့် ကောင်းပါတယ်လို့ အကြံပေးရတာပါ။ ဒါပေမဲ့ အမေ . . . အမေ့ရဲ့ သားသမီးတွေအထဲမှာ ချမ်းသာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲ ရှိကြလိမ့်ဦးမယ်ထင်ပါတယ်။ ကျွန်တော်မြင်သမျှတော့ အားလုံး အသင့်အတင့်ပါပဲ။ သူတို့မိသားစုနဲ့ သူတို့ ရပ်တည်နိုင်ကြပေမဲ့ အမေ့ဆီကများ အထောက်အပံ့လိုတဲ့ သားသမီးများ ရှိဦးမလားလို့ အမေစောင့်ကြည့်ပါဦး အမေ''

''အဲဒီကိစ္စက မလိုအပ်တော့ဘူးထင်တယ် သားရယ်။ သံယောဇဉ်ဆိုတာ အတိုင်းအတာတော့ ထားသင့်တယ်။ အခုဆိုရင် အမေ့အသက်(၈၅)နှစ်ထဲ ရောက်လာပြီ။ အမေက သားသမီးတွေရဲ့အထောက်အပံ့ကို ခံစားရမဲ့အရွယ်ဖြစ်ပေမဲ့ အခုအချိန်ထိ အမေကပဲ သားသမီးတွေကို မှီပိုးနေရတုန်းပဲ။ ရေစုန်ကို မျှောလိုက်နေကြတာကွယ့်။

အမေဟာ သားသမီးတွေအပေါ်မှာ မိဘဝတ္တရား ကျေခဲ့ပြီ။ အခွဲရအောင် ပညာတွေလည်း သင်ပေးခဲ့ပြီ။ ကိုယ်စီကိုယ်ငှလည်း အိမ်ထောင်ချပေးခဲ့ပြီးပါပြီ။ ရသင့်ရထိုက်တဲ့ အမွေတွေလည်း ခွဲဝေပေးခဲ့ပြီးပြီ။ ကဲ ... ဘာလိုသေးလဲ။ အခုအချိန်အထိ အမေ့နား ကပ်နေကြတုန်းပဲ။

အမေကလည်း ကျန်တဲ့ ရတနာပစ္စည်းတွေနဲ့ ငွေကြေးဆိုတာ အမေသေတာနဲ့ လှူဒါန်းပြီးတာနဲ့ အကိုက်လုပ်ထားတာ။ အမေတို့အမျိုးက သေရမဲ့အချိန်ကို ကြိုပြီးသိနေတယ်လို့ သားကို အကြိမ်ကြိမ် ပြောပြခဲ့ပြီးပြီနော်''

''ဟုတ်ပါတယ် ... အမေ။ အမေ့နား ကပ်နေတယ်ဆိုတာကလည်း အမေ အသက်ကြီးပြီလေ။ ပြုစုဖို့ သားသမီးအရင်းအချာဆိုတာဟာ လိုတာ မမှတာပဲပေါ့။ အမေ အခုကျန်းမာနေသေးလို့ အခုလို ပြောနေတာပါ။ တကယ်တမ်း မထနိုင်လို့ အိပ်ရာထဲလဲနေရင် သူစိမ်းထက် သားသမီးအရင်းအချာက ပိုကောင်းတာပေါ့ အမေရယ်''





''မဟုတ်သေးဘူး ... သားရဲ့။ အမေတို့အမျိုးက အိပ်ရာထဲလဲပြီး ရောဂါခံစားနေရတဲ့ အမျိုးမဟုတ်ဘူး။ အချိန်ရောက်တာနဲ့ မတ်တတ်ကနေ ဖြုန်းခနဲ သေရတာတဲ့ အမျိုးကွယ့်။ သေရင်လည်း သားတို့လို ဝိဇ္ဇာသားသမီးတွေ အမေ့မှာ အများကြီးပဲလေ။ သူတို့တွေက ရှာပနကို လှပအောင် လုပ်သွားလိမ့်မယ်''

''အမေ့သားသမီး အရင်းအချာတွေက ဘယ်လက်ခံမှာတုန်း အမေရဲ့။ ဆွေမရှိ မျိုးမရှိမှ မဟုတ်တာဘဲ။ အမေ ဒီနေရာမှာတော့ အယူအဆ လွဲနေပြီထင်ပါတယ်။ နောက်ပြီး ကျွန်တော်အမေ့ကို ပြောချင်တာက အမေ့မိခင် ဒေါ်သောင်းဟာ ဘုရားဒါယိကာမ၊ ကျောင်းဒါယိကာမအဖြစ်နဲ့ ခံယူခဲ့တယ်။

ကွယ်လွန်ချိန်အထိ အလှူရေစက် လက်နဲ့မကွာ လှူဒါန်းသွားနိုင်ခဲ့တယ်။ ကွယ်လွန်မဲ့အချိန်ကို ကြိုတင်သိပြီး ပြင်ဆင်ထားနိုင်ခဲ့တယ်။ ဒါက အဖွားဒေါ်သောင်းရဲ့အမွေကို အတိအကျ လိုက်နာလက်ခံခဲ့ပြီး လှူတန်းမှုဇော် အားထုတ်ကျင့်ကြံခဲ့တယ်။

လူ့ဘဝဆိုတာ ဂဏန်းသင်္ချာနည်းလို ပုံသေမဟုတ်ဘူးအမေ။ အတိတ်ဘဝကံဆိုတာ ရှိသေးတယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတာ မှန်ပါတယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမှာပေါ့။ ဒါပေမဲ့ သေဆုံးရမဲ့ ပုံစံချင်းကတော့ တူမယ်မထင်ပါဘူး အမေ။

ဗုဒ္ဓဘုရားရှင်ကို ယုံကြည်စွာကိုးကွယ်ခဲ့တဲ့ ဗိမ္ဗိသာရမင်းကြီးဟာ ကွယ်လွန်ရမဲ့အချိန်မှာ သားတော်အဇာတသတ်ရဲ့ ညှဉ်းပန်းနှိပ်စက်ရက်စက်ပုံတွေကြောင့် အစာအငတ်ခံထား၊ ခြေဖဝါးခွဲပြီး ဆားခဲကြိုးနဲ့သိပ်ပုံများကို ကြားတော့ အလွန် စိတ်မကောင်းစရာပါပဲ အမေ။

ကျွန်တော်ဆိုလိုချင်တာက ဘာသာတရားကို လေးစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



နာပြီး အလုပ်အတန်းအမျိုးမျိုးလုပ်ခဲ့ပေမဲ့ ရေးဘဝက အတိတ်ကံကြောင်း ဘဝအကျိုးပေးဟာ လူတစ်ဦးနဲ့တစ်ဦး ဘယ်လိုမှမတူနိုင်ဘူးလို့ အမေ့ကို သတိပေးလိုတာပါ။ ပညာရှိသတိဖြစ်ခဲ့လို့ မိကျောင်းမင်းရေခင်းပြတာလို့လည်း အမေ မထင်စေချင်ပါဘူး။ တကယ်တော့ ကျွန်တော်တို့အတွေ့အကြုံက အမေ့ထက် နုပါသေးတယ်"

"သားကြီးပြောတာလည်း မှန်ပါတယ်။ အမေလက်ခံပါတယ်။ ဒါပေမဲ့ အမေ့ဘဝဖြစ်စဉ်နဲ့ သားကြီးတို့ဘဝဖြစ်စဉ်က မတူကြဘူးကွယ့်။ သားကြီးတို့က မိဘကို ရှိသေလေးစားစွာနဲ့ လုပ်ကျွေးသမှုပြုခဲ့ကြတယ်။ မောင်နှမသားချင်းတွေ အလွန်ညီကြတယ်။

မိခင်ကြီး အသက် (၉၄)နှစ် ကွယ်လွန်သည်အထိ အမေတို့ဝိုင်းဝန်းပြုစု စောင့်ရှောက်ခဲ့ကြတာ သားကြီးတို့ ကိုယ်တွေ့မျက်မြင်ပါပဲ။ အမေ့သားသမီးတွေကျတော့ မလိမ္မာကြဘူးကွယ့်။ အမေဖြစ်ချင်သလို မှုံစံမကျခဲ့ဘူး။ နောက်ဆုံး စိတ်အကုန်ဆုံးက အိမ်ထောင်ပြုကြတဲ့ကိစ္စပဲ။

အမေသဘောတူသူတွေနဲ့ တစ်ယောက်မှ မညားကြဘူး။ ဒါကြောင့်လည်း အိမ်ထောင်ရေး အဆင်မပြေဖြစ်ကြတာ။ အကြီးမ ဘာတီမာကိုကြည့်မလား၊ အလတ်မ ဒေလီယာကိုကြည့်မလား။ အငယ်ဆုံးမောင်သိုက်ကိုတော့ စာရင်းထဲမှာ ထည့်ကိုမပြောချင်တော့ဘူး။ သူကတော့ အဆိုးဆုံးပဲ။ သူဆိုးတာက မိန်းကလေးရှင်ဘက်က ဆိုးတာမဟုတ်ဘူး။ မောင်သိုက်ကကို မကောင်းတာကွယ့်။ အမေက ဘက်မလိုက်တတ်ပါဘူး။ ကိုယ့်သားသမီးမကောင်းရင်လည်း မကောင်းဘူးပဲ ပြောမှာပါ"

"ဟုတ်ပါတယ် အမေ။ မောင်သိုက်ဆိုးတာ ကျွန်တော်သိပါ





တယ်။ ဒါပေမဲ့ မောင်သိုက်ကောင်းတာတွေလည်း ရှိပါသေးတယ်။ ဒါတွေကို အမေက သင်ပုန်းချေပြီး ခွင့်လွှတ်ပါ။ မကြာခဏ အမေက သားသမီးတွေနဲ့ စကားများနေတာတွေ့ရတော့ ကျွန်တော်တို့ လာတာနဲ့ကြုံရင် အနေရခက်ပါတယ်။

ကျွန်တော့်အနေနဲ့ အမေသွားလိုရာကို လိုက်ပါစောင့်ရှောက်တယ်ဆိုတာဟာလည်း အမေအရင်းမရှိတော့တဲ့ ကျွန်တော့်အတွက် အစားထိုးအမေရလို့ ကုသိုလ်ယူတာပါ။ ဘာမျှော်လင့်ချက်မှမထားပါဘူး။

အမေက ကျွန်တော်တို့နဲ့ယှဉ်ပြီး သားသမီးအရင်းတွေကို ဆုံးမတော့ ကျွန်တော်တို့ အနေခက်ပါတယ်။ ကျွန်တော်တို့ မွေးစားသားဆိုတာဟာလည်း အမေ့အပေါ်မှာ အတိုင်းအတာတစ်ခုအထိပဲ ကောင်းနိုင်မှာပါအမေ။ အချိန်ပြည့်အတူနေရတာ မဟုတ်တော့ သားသမီးအရင်းတွေထက်တော့ မကောင်းနိုင်ပါဘူးအမေ"

"အမေ သဘောပေါက်ပါတယ်။ သားသမီးအရင်းတွေက အမေ့ကို အသက်ကြီးပြီ၊ သူငယ်ပြန်နေပြီဆိုပြီး အမွေခွဲဖို့ စောင့်နေကြတာ။ အမေတို့အမျိုးက သူငယ်ပြန်တဲ့မျိုးရိုးမဟုတ်ဘူး။ အသက်ကြီးပေမဲ့ ဦးနှောက်ကောင်းကြတယ်။ အသိနဲ့သတိကို ဘယ်တော့မှ လက်မလွှတ်ဘူး။

အမေအမြဲတမ်းပြောနေသလို အမေသေဆုံးတာနဲ့ ငွေကြေးနဲ့ရတနာတွေဟာ ကွက်တိလျှဒါန်းပြီး ဖြစ်လိမ့်မယ်။ အမွေအနေနဲ့ ချန်ရစ်ခဲ့မှာမဟုတ်ဘူး။ ချန်ခဲ့ရင်လည်း မောင်နှမတစ်တွေ အမွေလုနေကြဦးမှာ။ အခုအမေက သမီးကြီးနဲ့ အတူနေတာဆိုတော့ အမေဆုံးရင် အတူနေသူပဲ ရမယ်ထင်ပြီး ဝိုင်းနေကြတယ်။ အမေ့ကို သေတော့မယ်လို့ ထင်မြင်နေကြဟန်တူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေကလည်း အခု အသက် (၈၅) နှစ်ရှိပြီဖြစ်ပေမဲ့ ကြီးကြီးမားမား ဘာရောဂါမှမရှိဘူး။ တစ်ခါတလေ သွေးတိုးထတ်တာနဲ့ သွားတွေမကောင်းတာဘဲရှိတယ်။ ထမင်းကလည်း လက်တစ်ဆုပ်သာစားတော့ အမေ့အတွက် အပန်းမကြီးပါဘူး။

အခုလည်း မန္တလေးက အမေ့ရဲ့ ရဟန်းတွေရယ်၊ မော်လမြိုင် ခေါင်းဆေးကျွန်းက သံဃာတော်တွေရယ် ကျွန်ုပ်ဖော်က အမေသိက္ခာ ထပ်ပေးထားတဲ့ သားပဋ္ဌင်းတွေရယ်က အချိန်မရွေး သူတို့ဆီလာနေဖို့ ဖိတ်ခေါ်နေပါတယ်။ ဒါပေမဲ့ အမေ မသွားနိုင်သေးပါဘူး။ ဘာကြောင့်လည်းဆိုတော့ သားသမီးတွေကို စိတ်မချလို့ပဲ။ အဲ့ဒါဟာ အမေ့ရဲ့ ပျော့ကွက်ပဲ။

သူတို့ကို အခုအချိန်အထိ တစ်သက်လုံး ပြုစုစောင့်ရှောက်နေတယ်ဆိုတာကို သဘောမပေါက်ကြဘူး။ အိမ်ထောင်ခွဲတွေဖြစ်ကြပြီး အခုအထိ အမေ့ဆီမှာ ကပ်နေတုန်းပဲ။ တစ်ရက်ပေါ့ကွယ် ... အမေအနေနဲ့ သံယောဇဉ်ဖြတ်နိုင်တဲ့နေ့မှာတော့ အမေထွက်သွားမှာပါပဲ။ ဘယ်မှာနေတယ်ဆိုတာကို မသိစေရဘူး။ ဒါမှလည်း သံယောဇဉ်ပြတ်ပြီး တရားဦးတရားထူးကို ကျင့်ကြံနိုင်မှာပေါ့။

အခု အမေ့ရဲ့အကျင့် စရဏအင်အားက စပ်ကူးမတ်ကူး လမ်းခွဆုံကို ရောက်နေပြီ။ ပေါက်မြောက်အောင်မြင်ဖို့ ရှေ့ခြေတစ်လှမ်းသာ လိုတော့တယ်။ အမေ၊ သားသမီး၊ သံယောဇဉ်ဖြတ်နိုင်တာနဲ့ ကိစ္စကပြီးပြီ။ အမေ သူငယ်မပြန်ပါဘူး။

ငယ်စဉ်ကတည်းက ကျက်မှတ်ရွတ်ဆိုခဲ့တဲ့ ပရိတ်ကြီး(၁၁) သုတ်ကိုလည်း အလွတ်အာဂုံဆောင်နိုင်ပါသေးတယ်။ ဂါထာတွေ၊ မန္တန်တွေလည်း ထုံမွှန်းနိုင်ပါသေးတယ်။ အသိနဲ့သတိ သမထနဲ့ ဝိပဿနာ





တရားကို ကိုယ်နဲ့မကွာ ကြောင်းကျိုးဆင်ခြင်နိုင်သေးတော့ အမေ့မှာ သတိတရားလက်လွတ်ခြင်း မဖြစ်ပါဘူး။

ငါးပါးသီလကို နေ့စဉ်မြဲပါတယ်။ ရက်ကြီးနေ့ကြီးမှာ ဥပုသ်စောင့်တော့ (၉) ပါးသီလကို မြဲပါတယ်။ အပတ်စဉ်အမေရဲ့ မွေးနေ့ သောကြာနေ့မှာလည်း အသက်သတ်လွတ်စားလာတာ အသက် (၁၅) နှစ်သမီးတည်းကကွယ်။ အခုနောက်ပိုင်းမှာတော့ သွားကလည်းမကောင်းတော့တာနဲ့ သေတစ်ပန်သက်တစ်ဆုံး သက်သတ်လွတ်စားဖို့ ကြိုးစားနေပါတယ်။ ဒါပေမဲ့ ဘုမတော်ဆရာဝန်က ခွင့်မပြုလို့ မရှောင်နိုင်သေးပါဘူးကွယ်။

အခု အမေတို့အရွယ်က အိုတာနဲ့နာတာ ကျော်လွန်လာပြီဆိုတော့ သေဖို့ပဲကျန်တော့တယ် သားရဲ့။ တရားအလုပ်ကို အထုပ်အထည်နဲ့လုပ်နိုင်မှ သေရာပါမှာ။ လူ့ဘဝစည်းစိမ်၊ အထုပ်အထည်၊ ရတနာပစ္စည်း၊ အိုးအိမ်ခြံမြေ၊ ကားတွေက အလကားပဲ။ လှူမှတန်းမှ နောင်ဘဝအတွက် အထောက်အကူရမယ်။

အဲဒီပစ္စည်းတွေကိုမက်ပြီး လောဘတကြီး ရှာဖွေစုဆောင်းရင်တော့ တစ်ဘဝစာ တဏှာပဲ။ နောင်ဘဝမှာ ငရဲကျမယ်။ အဲ့ဒါက ဘယ်လိုလဲဆိုတော့ မိသားစုသံယောဇဉ် မဖြတ်နိုင်လို့ပဲ။ မိန်းမအတွက်၊ ယောက်ျားအတွက်၊ သားသမီးအတွက် ရှာရင်းဖွေရင်း နစ်မွန်းပြီး သေဆုံးတော့ အဝီစိငရဲ ရောက်ရတော့တာပဲ။ အမေကတော့ သံယောဇဉ်ကို ငရဲလို့တောင် ထင်ချင်ပါတယ် သားရယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မနက်ခင်းတွင် ကျွန်ုပ် ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ အမျှဝေ၊ မေတ္တာပို့ပြီးသည်နှင့် မနက်စာစားရန် စီစဉ်နေစဉ် အမေဒေါ်သန်းသန်းနု ဆိုက်ကားကြီးဖြင့် ရောက်ချလာသည်။ ခရီးရောက်မဆိုက်ပင် ...

"သား ... ဘုရားဝတ်ပြုပြီး ဘာမှမစားရသေးဘူးမဟုတ်လား။ လာ ... လမ်းထိပ်လက်ဖက်ရည်ဆိုင် သွားကြမယ်။ အဲဒီမှာ စားလိုရာစားပြီး စကားပြောကြရအောင်"

"ဟုတ်ကဲ့ အမေ"

ကျွန်ုပ်စားသောက်ရန် ကော်ဖီနှင့်မုန့်ကို သည်အတိုင်းထားခဲ့ပြီး အသက် (၈၅) နှစ်ရှိပြီဖြစ်သော်လည်း ဖျတ်လတ်သန်မာ၍ (လ • ဝ • က) ရုံးချုပ်မှ (ရုံးအုပ်စာရေးဆရာမကြီး) အဖြစ်က ထွက်လာသဖြင့် လက်ဖက်ရည်ကြိုက်သော အမေကို အထွန့်မတက်တော့ပါ။





အမေက လက်ဖက်ရည်ဆိုင်ထိုင်၍ လွတ်လပ်စွာစကားပြောရခြင်းကို လွန်စွာနှစ်သက်ဟန်တူပါသည်။ လက်ဖက်ရည်မှာပြီးသည်နှင့် အမေက စကားစတော့သည်။

"သားကြီးရေ ... အမေတို့ ဆရာ (လ • ဝ • က)က ဗိုလ်မှူးခင်ဦးက မော်လမြိုင်၊ ဒေါ်ဇရပ်ကျောင်းမှာ ရဟန်းဝတ်ပြီး တရားအားထုတ်နေတယ်ကွယ့်။ အခု အမေ့ကိုမှာနေတယ်။ သူ မပျံလွန်ခင် တွေ့ချင်တယ်တဲ့။

နောက်ပြီး သူတို့ကျောင်းမှာ ပေါက်မြောက်အောင်မြင်ပြီး အသေထွက် ဝိဇ္ဇာဗိုရ်ဆရာတော် ရုပ်ကလာပ်ရှိတယ်တဲ့။ အဲဒါလည်း ဖူးရအောင် အမြန်လာဖို့ ဖိတ်နေတယ်။ အမေတို့ ဘယ်နေ့သွားရင် ကောင်းမလဲ။ သားနဲ့လာညှိတာ"

"အမေရေ ... မော်လမြိုင်ဆိုတော့ ဝင်စရာ၊ ဖူးစရာတွေ အများကြီးပဲရှိတယ်။ ဥပမာပြောရရင် ပဲခူးရောက်တာနဲ့ ပဲခူးထောင်ဝင်ပြီး ကျွန်တော့်သူငယ်ချင်း ကိုသိန်းထွန်းနဲ့တွေ့ပြီး ထမင်းစားရင်း စကားပြောစရာရှိတယ်။

သထုံရောက်တော့လည်း သထုံထောင်က ကိုကျော်ရှိန်နဲ့ တွေ့ရမယ်။ ရွှေစာရံဘုရားဖူးရမယ်။ မော်လမြိုင်ရောက်တော့လည်း မော်လမြိုင်ထောင်က သူငယ်ချင်း မိုးကြိုးအောင်နဲ့တွေ့ပြီး ကျိုက်သန်လန်ဘုရားလည်း ဖူးရမယ်။ တစ်နေ့တည်း တစ်ညတည်းတော့ မလုံလောက်ဘူး အမေရဲ့။ နှစ်ရက်၊ သုံးရက်ကြာမှ အဆင်ပြေမယ်ထင်တယ်"

"ဟုတ်ပါတယ် ... သားရယ်။ အသွားကတည်းက ပဲခူးရွှေမော်ဓောဘုရားကို အရင်ဆုံး ဦးတိုက်ဖူးမြော်မယ်။ ဒုတိယ သထုံ



www.burmeseclassic.com

www.burmeseclassic.com



အလံတစ်ရာဘုရားနဲ့ ရွှေစာရံဘုရား၊ တတိယ မော်လမြိုင်ကျိုက်သန်လန်ဘုရားနဲ့ ဒေါ်ဇရပ်ကျောင်း၊ တည်းခိုမှာကတော့ အမေတို့အဖေဘက်က အမျိုးတွေရှိတဲ့၊ မော်လမြိုင်ကမ်းနားလမ်းက အိမ်ပေါ်ပါတယ်။

အချိန်ရလို့ အဆင်ပြေရင်တော့ အမေက မုဒုံ၊ သံဖြူဇရပ်၊ ခေါင်းဆေးကျွန်း၊ ကျိုက်ကမီမော့လေးတောင်နဲ့ ကျိုက်ခမီမြို့ထဲအထိ သွားချင်တာ။ တူမ ဆရာဝန်ကတော့ အဲဒီလောက်ဝေးဝေးကြီး မသွားစေချင်ဘူး။ အမေ့ဆန္ဒကတော့ မသေခင် မော်လမြိုင်ဘက် တစ်ခေါက်နဲ့ မန္တလေးဘက်တစ်ခေါက် သွားချင်သေးတယ်''

''ဟုတ်ပါတယ် ... အမေ။ ခရီးသွားတာ လောဘကြီးတာ မကောင်းပါဘူး။ အမေက အသက် (၈၀)ကျော်ပြီဆိုတော့ နိုင်သလောက်ပဲသွားတာကောင်းပါတယ်။ နားနားနေနေပေါ့''

''အဲဒီတော့ သားကြီးက ဘယ်နေ့အားသလဲ။ မင်းညီမောင်သိုက်လည်း လိုက်လိမ့်မယ်။ ကားကတော့ ကိုနန်းကား SUPER SALOON ကိုသုံးမယ်။ ကားဆရာက သားလိုဖြစ်နေတော့ အဆင်ပြေပါတယ်။ ခရီးစဉ်ကိုတော့ အမေပြောတဲ့အတိုင်း သားကြီးက အစီအစဉ်ဆွဲပေတော့''

''ဟုတ်ကဲ့ အမေ။ ဒါဆို ကျွန်တော်အားတဲ့ လာမယ့်သောကြာနေ့မနက် (၅) နာရီက စထွက်မယ်။ ထောက်ကြံ့မှာ BREAKFAST စားမယ်။ မုပ္ပလွှင်မှာ နေ့လယ်စာစားမယ်။ အလံတစ်ရာဘုရားဝင်မယ်။ သထုံ ရွှေစာရံဖူးမယ်။ အဲဒီည မော်လမြိုင်မှာ ညအိပ်မယ်။

နောက်တစ်ရက်မှာ မနက်ပိုင်း ကျိုက်သန်လန်ဘုရားဖူးပြီး ဒေါ်ဇရပ်ဘုန်းကြီးကျောင်းကိုသွားပြီး ဒေါ်ဇရပ်ကျောင်းမှာ အမေ





နဲ့ဆွမ်းကပ်မယ်မဟုတ်လား။ အဲဒီမှာပဲ နေ့လယ်စာစားပြီး ခေါင်းဆေးကျွန်းနဲ့ ကျိုက်ကမော့လေးတောင်ခရီးစဉ် စီစဉ်ကြတာပေါ့။

မုဒုံ၊ သံဖြူဇရပ်နဲ့ ကျိုက္ခမီဘက်ကတော့ ဝေးပါတယ်။ အမေ ... လမ်းလည်း ကောင်းမယ်မထင်ပါဘူး။ ရက်လည်းကြာလိမ့်မယ်။ အခု ကျွန်တော်ဆွဲတဲ့ခရီးစဉ်တောင် သုံးလေးရက်ကြာလိမ့်မယ်။ ကားဆရာပါအပါအဝင် လေးဦးတည်းဆိုတော့ အဆင်ပြေပါတယ်။ ကားကောင်းဖို့တော့ လိုတာပေါ့နော်''

ကြာသပတေးနေ့ကတည်းက ကြိုတင်စီစဉ်ထားသည့်အတိုင်း သောကြာနေ့မနက် (၅) နာရီတွင် ခရီးစတင်ထွက်ဖြစ်သည်။ ကျွန်ုပ်စီစဉ်ထားသည့်အတိုင်း ထောက်ကြံ့တွင် BREAKFAST စားကြပြီး ဆက်ထွက်လာရာ ပဲခူးထောင်သို့ ခေတ္တဝင်၍ ထောင်ပိုင်ဦးသိန်းထွန်းနှင့်တွေ့ရင်း လက်ဖက်ရည်သောက်ကြသည်။

အချိန်စောသေး၍ နေ့လယ်စာထမင်းတော့ မစားတော့။ အမေတို့ ထောင်ဘူးဝ ထောင်ပိုင်အိမ်ပေါ်မှ ထောင်တွင်း၌ အသွားအလာသုံးပါး၍ ဆူညံခြင်းမရှိဘဲ သန့်ရှင်းသပ်ရပ်နေသဖြင့် အမေတို့ အံ့သြကြသည်။ အမေမှာ ဘာသာရေးသမားဖြစ်ပြီး ငယ်စဉ်ကတည်းက (၅) ပါးသီလမြဲသူဖြစ်၍ ရဲစခန်းတို့ ထောင်တို့ဖြင့် စိမ်းလှသည်။

ကျွန်ုပ်တို့ထောင်ပိုင် ဦးသိန်းထွန်းကို နှုတ်ဆက်ပြီး ခရီးဆက်ထွက်လာရာ မုပ္ပလွှင်စားသောက်ဆိုင်များအတန်းသို့ နေ့လယ် (၁၂) နာရီမထိုးမီ ရောက်သည်။ ခေတ္တနားကြပြီး နေ့လယ်စာစားကြသည်။ စားသောက်အပြီး မုပ္ပလွှင်ရဲဘက်စခန်းသို့ ဝင်၍ အပေါင်းအသင်းများအား နှုတ်ဆက်လိုသော်လည်း အချိန်မရသဖြင့် ဆက်ထွက်ခဲ့ရာ သထုံမြို့မရောက်မီ အလံတစ်ရာဘုရားသို့ ဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်–မုတ္တမလမ်းမှ အတွင်းသို့ မြေနီလမ်းအတိုင်း ဝင်ခဲ့ရာ လမ်းလက်ဝဲဘက်တွင် ကြီးမားပြီး အရိပ်ကောင်းလှသော ဖူးပွင့်ဝေနေသည့် ကန့်ကော်ပင်ကြီးများကို တွေ့ရရာ စုစုပေါင်းအပင် (၁၀၀၀) တိတိရှိကြောင်း သိရသည်။

အလံတစ်ရာ ဘုရားရင်ပြင်တော်ပေါ်သို့ရောက်တော့ အမိုးမရှိသဖြင့် အလွန်ပူပြင်းလှသည်။ တစ်ချက်တစ်ချက် လေပူကြီး ရှေ့တိုက်လိုက်လျှင် ဘုရားရင်ပြင်တော်ပေါ်ရှိ စွန့်ပစ်ထားသော အမှိုက်များနှင့် ကြွပ်ကြွပ်အိတ်များက လျှောက်ပြေးနေသည်။

ညအချိန်တွင် လူအများ လမ်းလျှောက်နေသံသဖွယ် ကြားနေရမည်ဟု ထင်သည်။ တန်ဆောင်းအတွင်းဝင်တော့ ရဟန်းတော်များကို ဖူးတွေ့ရသည်။ မြန်မာလူမျိုးများတော့ မဟုတ်။ အသံဝဲသည်ပါလာသောမုန့်များကို ကပ်၍ ပူဇော်တော့မှ ပအို့ဝ်ရဟန်းများဖြစ်သည်ကို သိရသည်။ စကားပြောရင်းမှ အသံကို ယဉ်ပါး၍ နားလည်လာသည်။

ဘုရားဒါယိကာ ဆရာတော်ဘုန်းကြီးမှာ ပျံလွန်သွားပြီဖြစ်၍ အပြီးမသတ်သေးသော ဘုရားအား သားတော်ကိုရင်က ဆက်လက်တည်ဆောက်ကြောင်း၊ အလံတစ်ရာဘုရားဆိုသည်မှာ လူကြီးအလံတစ်ရာမဟုတ်ဘဲ ကိုရင်ကလေး အလံတစ်ရာဖြစ်ကြောင်း ရှင်းပြပါသည်။ အလံတစ်ရာဘုရားမှာ နောက်ခံ (က) ကြီးတောင်တန်းမြင့်ကြီးနှင့် နေရာကျယ်ဝန်းပြီး သပ္ပာယ်ခမ်းနား ကြီးကျယ်လှပါသည်။

(က) ကြီးတောင်တန်းပေါ်မှ တက်ရောက်ပြီးကြည့်လျှင် ဖျတ်ဖိဖျတ္တာညီနောင် ဖောင်ဖြင့်မျောလာရာ မုတ္တမကျွေ့ကိုလည်း မြင်နိုင်ကြောင်း

စိတ်ကူးသစ်စာပေ



ဆရာတော်က မိန့်သည်။ ကျွန်ုပ်တို့ ဆရာတော်မိန့်သည်ကို နားထောင်ပြီး မရှင်းလင်းသည်တို့ကို မေးလျှောက်၍ နေ့လယ်ခင်း ဘုရားရင်ပြင်တော်ဇရပ်တစ်ဆောင်၌ အနားယူကြသည်။

ညနေစောင်းသည်နှင့် ရှမ်းအိုးစည်သံများကြားရပြီး အနက်ရောင်နှင့် အနီရောင်ဝတ်စုံများ ဝတ်ဆင်ထားသော အမျိုးသား၊ အမျိုးသမီး လူတန်းရှည်ကြီးကို တွေ့ရသည်။ ညနေစောင်း အလံတစ်ရာဘုရားအား သောက်တော်ရေချမ်းနှင့် ပန်းလဲသောပအို့ဝ်အဖွဲ့ဟု သိရသည်။

ကျွန်ုပ်တို့ မြောက်ဘက်စောင်းတန်းအရောက်တွင် ယောဂီဝတ်အဘိုးအိုတစ်ဦးအား တွေ့ရသည်။ ပအို့ဝ်အမျိုးသားကြီး ဖြစ်ပုံရသည်။ မြန်မာစကားပြောသော်လည်း အတော်ဝဲသည်။ အသက်က (၇၀) ပတ်ဝန်းကျင်ခန့် ရှိချေပြီ၊ အမေက မုန့်များနှင့်ငွေကို အဘိုးအားလှူဒါန်းသည်။

အဘိုးက (က) ကြီးတောင်ဘက် လက်ညှိုးထိုးပြီး (က) ကြီးတောင်အပေါ်ဆင့် မိုးမခတောင်ပေါ်တွင် သူနေထိုင်ကြောင်း၊ မူလပထမ အလံတစ်ရာဆရာတော် ဦးစန္ဒနဝံသ၏ တပည့်ရင်းဖြစ်ကြောင်း ရှင်းပြသည်။ အံ့သြစရာပင်။

အသက်ငယ်သော ကျွန်ုပ်တို့ပင် တက်ရောက်ရန်ခက်ခဲသော တော်စောက်လှသည့် (က) ကြီးတောင်တန်းကြီး ပထမဆင့်ကိုကျော်၍ ဆောင်ထိပ်မိုးမခတောင်ပေါ်တွင် သတင်းသုံးနေသည်ဆိုသော ယောဂီဝတ်အဘိုးမှာ တော်ရုံရှိမဟုတ်နိုင်။ ပုဂ္ဂိုလ်ထူးပင်ဖြစ်မည်။ အမည်မှာ ဦးနန္ဒ။ သက်တော်မှာ (၇၀) နှစ်ဟုဆိုသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အမေက အဘိုးနှင့် တရားဆွေးနွေးနေစဉ် ကျွန်ုပ်က အလ
ပစ္စယံတွင်တည်ထားသည့် စကျင်ကျောက်ပြားပေါ်တွင် ရေးထိုးထ
သော အလံတစ်ရာဘုရားကျောက်စာကို လေ့လာနေမိသည်။ ကျေ
သိုက်ကတော့ ရှမ်းအိုးစည်တီး၍ ညနေ ပန်း၊ ရေချမ်းကပ်သောအ
ကို ငေးမောနေသည်။ ကျောက်စာမှာ အောက်ပါအတိုင်းဖြစ်သည်

"အထုံမြို့နယ် အလံတစ်ရာ မဟာစေတီတော်ကျောက်စာ"

အထုံမြို့နယ်၊ ကျိုက်တော်သိမ်ဆိပ်တိုက်နယ်အနီး ထီးပုံရွာ
သတ်တော် (၅၉) နှစ်၊ ဝါတော် (၁၄) ရှိ ၁၂၇၅ ခုနှစ်၊ တပို့တွဲလဆန်း
ရက်၊ အင်္ဂါနေ့မှား (ပအိုဝ်အမျိုးသား) ဆရာတော် ဦးစန္ဒနဝံသဦးဆော
အဖွဲ့ဝင်တို့၏အင်အားဖြင့် (၂၂) နှစ်အတွင်း (၁၃၁၄) ခုနှစ်မှစတင်၍ အ
တစ်ရာစေတီကို အုတ်မြစ်ချတည်ဆောက်သည်။
၁၃၃၅ ထိ၊ ဝါရမီဆယ်ပါးအဖွဲ့ဝင် (၂၅၅၀၉၁) အလံတ
တန်းတော် ဗုဒ္ဓဂါမရွာဦး လှူနေရပ်တွတ် (၇) ခု၊ အိမ်ခြေ (၁၂၂၄)အိမ်၊ ရော
(၅၁၁၉) ဦး၊ အလံတစ်ရာတန်းတော်နေ ရသေ့၊ ရသေ့မ ဥပါသကာ၊ ဥပ
အားလုံး ရာသက်ပန်သက်သတ်လွတ် ဘေးမဲ့စားသုံးရန် သစ္စာပြုထားကြသ
၁၃၄၀ ပြည့်၊ တန်ခူးလဆန်း (၁၂) ရက်၊ ပြီးစီးအောင်မြင်ထ

ကျွန်ုပ် မြောက်ဘက်မုခ်တွင်း ပြန်ရောက်တော့ အဘိုးနှ
"ဆရာတော် ဦးစန္ဒဝံသဟာ အင်္ဂလိပ်ခုနှစ် ၁၉၈၈ ခုနှ
ပျံလွန်တော်မူတယ်။ ဒီဘုရားကြီးကိုတည်ဖို့ ဆရာတော်ဟာ အနှစ်(





ကျော် ကြိုးပမ်းခဲ့ရတာပါ။ နယ်လှည့်ပြီး မင်းသားကြီး စိန်တင်ဝင်းနဲ့ ပအိုဝ်ဇာတ်ကတာလည်း ဘုရားကြီး ရန်ပုံငွေအတွက်ပါ။

ဆရာတော်ဘုရားကြီး ပျံလွန်တော်မူတော့ ဘုရားကြီးကို အပြီး မသတ်နိုင်သေးပါဘူး။ ဒါကြောင့် ဒုတိယဆရာတော် ဦးဇာနယျ (တိုက်အုပ်ဆရာတော်) က စိန်ဖူးတော်နဲ့ ငှက်မြတ်နားတော်အသစ်တင်ပြီး အလံတစ်ရာပြည့်အောင် ပြုပြင်တည်ဆောက်ခဲ့တာပါ။ ဆရာတော် ပျံလွန်တော်မူတော့ သက်တော် (၈၁) နှစ်ရှိပါပြီ"

"ဒါနဲ့ အဘိုး၊ ဒီဘုရားကြီး နယ်မြေအတွင်းမှာရှိတဲ့ ရွာတွေ အားလုံး သက်သတ်လွတ်စားကြတယ်ဆိုတာ ဟုတ်ပါသလား။ ဘုရားကျောက်စာမှာ ရေးထိုးထားလို့ပါ"

"ဟုတ်ပါတယ် . . . လူကလေး၊ ဒီဘုရားကြီးအနီးတစ်ဝိုက်မှာ ရွာ (၁၂) ရွာရှိတယ်။ ဘုရားကြီး ဝေယျာဝစ္စကိုလုပ်ပေးတဲ့ ရွာတွေပါ။ အတွင်း (၆) ရွာနဲ့ အပြင် (၆) ရွာလို့ခေါ်ပါတယ်။ အတွင်း (၆) ရွာက ကံ့ကော်ပင်တန်းဘေးက ယောဂီရွာတွေပါ။ သက်သတ်လွတ်စားကြတယ်။ (၈)ပါး သီလ စောင့်ထိန်းကြပါတယ်။ အပြင် (၆) ရွာကတော့ အသက်မလွတ်ကြပါဘူး။ (၅) ပါးသီလတော့ မြဲကြပါတယ်။ ဒါကြောင့် ဘုရားကြီး ဝေယျာဝစ္စလုပ်ရာမှာ အတွင်း (၆) ရွာပြီးမှ အပြင်(၆)ရွာက လုပ်ရပါတယ်။

"နာမည်ကြီးသူဌေးတွေကလည်း အလံတစ်ရာဘုရားကြီးတည်တုန်းက အုတ်ခဲ၊ သဲ၊ ကျောက်စရစ်နဲ့ အထွေထွေပစ္စည်းတွေ သယ်ဖို့ အလံတစ်ရာဘုရားကြီးမှာ မြေသယ်ကား အစီး(၂၀) လှူဒါန်းထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးပြီးတော့လည်း ဘုရားရှာတွေက ယာဉ်မောင်းစက်ပြင်တွေက ဘုရားကြီးလှူထားတဲ့ ကားကြီးတွေနဲ့ အပြင်လုပ်ငန်းတွေလုပ်ပြီး ရံပုံငွေရှာကြလို့ အလံတစ်ရာဘုရားကြီး ဝေယျာဝစ္စရံပုံငွေအတွက် ပြည့်စုံလုံလောက်ပါတယ်''

''ဟုတ်ပါရဲ့ အဘိုးရယ်။ လွန်ခဲ့တဲ့ (၃) နှစ်လောက်က ကျွန်တော် ဒီဘက်ရောက်တုန်းက ဘုရားကြီးကို ထုံးသင်္ကန်းပဲ ကပ်ထားပါတယ်။ အခုတော့ လုံးတော်ပြည့် ရွှေပြားသင်္ကန်းကပ်ထားတာ အံ့နေတာပဲနော်''

''ဟုတ်တယ် . . . လူကလေး။ အလံတစ်ရာဘုရားကြီးက ပရိသောဂပစ္စည်း ကြွယ်ဝပါတယ်။ အလံတစ်ရာဘုရားကြီးရဲ့ ဘုန်းတန်ခိုးပေါ့ကွယ်''

✿ ✿ ✿

❑

ညနေ နေအေးချိန်တွင် တိုက်အုပ်ဆရာတော် ဦးဇာနယျအား ရှိခိုးဝတ်ပြုပြီး ယောဂီရသေ့ကြီးဦးနန္ဒအား နှုတ်ဆက်ကန်တော့၍ ကျွန်ုပ်တို့ သထုံမှတစ်ဆင့် မော်လမြိုင်သို့ထွက်ခဲ့ကြသည်။

မုတ္တမ၊ မော်လမြိုင် တံတားကြီးသို့ရောက်တော့ နေမင်းကြီးမှာ သံလွင်မြစ်အတွင်း ငုတ်လျှိုးတော့မည့်ဟန် ပြင်နေချေပြီ။ တံတားသစ်ကြီးမှာ အတော်ရှည်လျားသည်။ မော်တော်ကားလမ်းနှင့် မီးရထားလမ်းကို ပူးတွဲဆောက်လုပ်ထားသည်။ အသွားလက်ဝဲဘက် ရေလယ်တွင် နာမည်ကျော်ခေါင်းဆေးကျွန်းကို မြင်ရသည်။

''သားကြီးရေ . . . ခေါင်းဆေးကျွန်းမှာ အရုဏ်ရရ၊ နေ့ဆွမ်းရရ၊ ဆွမ်းတစ်နပ်လောက် အမေ့မိဘတွေအတွက်ရည်မှန်းပြီး ကပ်ချင်တယ်။ မနက်ဖြန်မနက်မှ မော်လမြိုင်ကနေပြီး ကူးကြတာပေါ့။ အမေ့ဆရာတော်တွေရှိပါတယ်''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့အမေ ... ကျွန်တော်တို့ ဘယ်မှာတည်းကြမှာလဲ၊ မော်လမြိုင်ဈေးကြီးနားတောင် ရောက်တော့မယ်"

"လိုသေးတယ် ... သားကြီးရေ။ ကမ်းနားလမ်းအလယ်လောက်မှာ ညာဘက်က နှစ်ထပ်တိုက်ဝါကြီးက မောင်သိန်းထွန်းနဲ့ မဘေဘီတို့တိုက်ကြီးပေါ့။ အမေရဲ့တူမတွေလေ။ သူတို့ကလည်း မြန်မာ ရိုမီယိုနဲ့ဂျူးလီးယက် ဇာတ်လိုက်တွေပေါ့"

"ငယ်ငယ်က အချစ်ဇာတ်လမ်းလား အမေပြောပြလို့ မလား"

"ရပါတယ် သားရယ်။ သူတို့ဇာတ်လမ်းက မော်လမြိုင်တစ် မြို့လုံး ကျော်သွားတာပဲလေ။ ခရီးသွားနေတုန်းဆိုတော့ လိုရင်းတိုရင်း ပဲ ပြောတော့မယ်။ မောင်သိန်းထွန်းနဲ့မဘေဘီက မော်လမြိုင်ကောလိပ် ကျောင်းသူကျောင်းသားတွေကွယ့်။ ဘေဘီတို့က အလွန်ချမ်းသာတယ်။ မောင်သန်းထွန်းတို့က ဆင်းရဲတယ်ပေါ့ကွယ်။

ပြီးတော့ ဘေဘီက မော်လမြိုင်ကောလိပ်ကျောင်းက QUEEN ကွယ့်။ မောင်သိန်းထွန်းကလည်း ဆင်းရဲပေမဲ့ ခေသူမဟုတ်ဘူးကွယ့်။ အလေးမ, ထားတော့ ကိုယ်လုံးကိုယ်ထည်တောင့်တင်းပြီး အသားအရေ ကလည်း မော်လမြိုင်သားဆိုတော့ ဖြူဖွေးနေတာပါပဲ။ ဘေဘီကလည်း အချောအလှဆိုတော့ အလွန်လိုက်ဖက်ပါတယ်"

"ဒါပေမဲ့ ဘေဘီတို့မိဘတွေက သဘောမတူတာကြောင့် ကျောင်းနောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတဲ့ လကွယ်နေ့ညမှာ ခိုးပြေး ကြဖို့ ချိန်းလိုက်ကြတယ်။

ညသန်းခေါင် (၁၂)နာရီလောက်မှာ အဝင်အထွက်တံခါးတွေ





ကို သော့ခတ်ထားတာမို့ ဘေဘီဟာ အပေါ်ထပ်ဆင်ဝင်ပေါ်ကတစ်ဆင့် ဆင်းမှရမှာကိုးကွယ့်။ ချိန်းထားတဲ့အချိန်ရောက်တော့ မောင်သိန်းထွန်း လည်း အပေါင်းအသင်းတွေပါခေါ်ပြီး ကားနဲ့ရောက်လာတယ်။ ဘေဘီ ကလည်း အချက်ပြတယ်။ ဒါကြောင့် ပထမ အဝတ်အစားအိတ်ကို ပစ်ချပေးတော့ ဗလကြီးသိန်းထွန်းက ဆီးဖမ်းထားလိုက်တယ်။ အဆင် ပြေတယ်"

"ဒုတိယ အကြိမ်ကြတော့လည်းဘေဘီက သူ့ရည်းစားဗလ ကြီးကို အလွန်ယုံစားပုံရပါတယ်။ တစ်ခါတည်း ဆင်ဝင်ပေါ်က ခုန်ချ တာ ဗလကြီးသိန်းထွန်းကလည်း ဆီးဖမ်းရှာပါတယ်။ ဒါပေမဲ့လည်း (၁၅') ပေကျော်ကျော်မြင့်တဲ့ အင်္ဂလိပ်ခေတ်က ဆင်ဝင်ဖြစ်တာကြောင့် အောက်ရောက်တော့ ဘေဘီ ပေါင်ကျိုးသွားရှာတယ်။ အိမ်ကလူကြီး တွေလည်း နိုးကုန်တာပေါ့။

နောက်ဆုံး ရပ်ရွာလူကြီးတွေလည်း ရောက်လာပြီး ညှိနှိုင်း ကြလို့ ပြေလည်မှုရပြီး ဘေဘီကို အရေးပေါ်ဆေးရုံပို့ရတယ်။ ဆေးရုံ မှာ တစ်လလောက်ကြာတော့ ပြန်ကောင်းသွားတာနဲ့ ဆင်းဆင်ချင်းပဲ လက်ထပ်ကြတယ်။ အလွန်လိုက်ဖက်တဲ့ ဇနီးမောင်နှံပါပဲ။ သားသမီး တွေဆိုရင်လည်း အလွန်ချောကြတယ်။

ဘေဘီကတော့ ပေါင်ကျိုးထားလို့ ခြေထောက်ကလေး ဆာ တာဆာတာနဲ့ပေါ့ကွယ်။ အလွန်သဘောကောင်းကြပါတယ်။ သားကြီး တွေ့ရင် သူတို့မိသားစုကို အလွန်သဘောကျမှာပါပဲ။ လင်မယားနှစ် ယောက် တစ်ယောက်ကိုတစ်ယောက်လည်း အလွန်ကြင်နာကြတယ် ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် အမေ။ ကျွန်တော်သာ အချစ်စာရေးဆရာဆိုရင်တော့ ကိုသိန်းထွန်းနဲ့မဘောဘီကို အင်တာဗျူးရရင် အချစ်ဇာတ်လမ်းကောင်းတစ်ပုဒ်တော့ အသေအချာထွက်လာမှာပဲ အမေရဲ့"

"ဟော . . . ဟိုရှေ့ကမ်းနားလမ်း ဘယ်ဘက်က တိုက်ဝါကြီးပဲ။ ဆင်ဝင်နဲ့ နှစ်ထပ်တိုက်ကြီးလေ"

"အလွန်နေရာကောင်းပဲ။ အမေမြစ်ကမ်းနားကို မျက်နှာချင်းဆိုင်ထားတော့ လေကောင်းလေသန့်လည်းရ၊ ရှုခင်းရှုကွက်လည်းကောင်းတာပေါ့"

ကျွန်ုပ်တို့၏ SUPER SALOON ကားဖြူကလေး အိမ်ဝါကြီးရှေ့ရောက်သည်နှင့် ကားပေါ်ကဆင်းကြရာ အိမ်ထဲမှ လွန်စွာချောမောလှပသော ကလေးနှစ်ဦး ပြေးထွက်လာကြပြီး . . .

"ရန်ကုန်က ဘွားဘွားကြီးတို့လာတယ် မေမေနဲ့ ဖေဖေ"

"ဘွားဘွားကြီး . . . ဘွားဘွားကြီး"

ထိုစဉ် အသက် (၄၀) ခန့်စီရှိပြီး ခန့်ညားချောမောသော အမျိုးသမီးကြီးတစ်ဦးနှင့် ဗလကြီးတစ်ဦး အိမ်ထဲမှ ထွက်လာကြသည်။

"ကြီးကြီးသန်း . . . ကြွပါ။ ဧည့်သည်တွေရော ပါလာတာကိုး"

"ကဲ . . . ဘောဘီနဲ့ မောင်သိန်းထွန်း၊ ကြီးကြီးတို့ဒီမှာ (၂) ညအိပ်လောက်တည်းမယ်။ အချိန်မရတော့ ခရီးရောက်မဆိုက်ဘဲ အစီအစဉ်ကိုပြောမယ်။ မနက်ဖြန် ဗိုလ်မှူးခင်ဦးက ဖိတ်ထားလို့ ဒေါင်းဇရပ်ကိုသွားမယ်။ အဲဒီကျောင်းမှာ နေ့လယ်စာစားပြီးမှ ကြီးကြီးတို့အစီအစဉ်နဲ့ ကျိုက်သန်လန်ဘုရားဖူးမယ်။





ဟောဒီကသားကြီးက စာရေးဆရာ ထောင်မှူးကြီးဦးသိန်းဝင်း။ သူနဲ့လည်း မော်လမြိုင်ထောင်မှူးကြီး သူ့သူငယ်ချင်းထောင်ပိုင်ကြီးဦးမိုးကြိုးအောင်နဲ့တွေ့မယ်။ မနက်ဖြန်မနက်စောစော BREAKFAST စားပြီးတာနဲ့ ကြီးကြီးတို့က ဒေါင်းဇရပ်ကျောင်းသွားနေတုန်း မောင်သိန်းထွန်းက ခေါင်းဆေးကျွန်းဆရာတော်ထံ သွားပြီးလျှောက်ပါ။

သန်ဘက်ခါနေ့ဆွမ်းကို ကြီးကြီးဒေါ်သန်းနုက ကပ်ချင်တယ်လို့။ အချိန်မရလို့ မဖြစ်ဖြစ်အောင် လုပ်ပေးဖို့လည်းပြောပါ။ လိုအပ်ရင်လည်း မနက်ဖြန်ညနေ ပစ္စည်းတွေဝယ်လာပြီး ခေါင်းဆေးကျွန်းကို လာအိပ်မယ်လို့ လျှောက်ထားပေးပါ။ ဆရာတော်က ကြီးကြီးသန်း (ရန်ကုန်) ကဆိုရင် အဆင်ပြေအောင် လုပ်ပေးမှာပါ"

"ဟုတ်ကဲ့ ကြီးကြီးသန်း၊ စိတ်ချပါ။ ကျွန်တော် မနက်ဖြန်သွားပေးပါ့မယ်"

ထိုနေ့ညနေက ကျွန်ုပ်တို့အဖွဲ့ ကိုသိန်းထွန်းနှင့် မဘောဘီတို့၏ ကမ်းနားလမ်းရှိအိမ်ဝါကြီး၌ ညစာစားပြီး ညအိပ်တည်းခိုကြသည်။ ကျွန်ုပ်တို့အဖွဲ့မှာ ညနေစောင်းမှ ရုတ်တရက်ရောက်လာခြင်း ဖြစ်သော်လည်း အိမ်ရှင်ကိုသိန်းထွန်းနှင့် မဘောဘီတို့က မော်လမြိုင်သားများပီပီ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးနိုင်ကြပါသည်။

စားသောက်ပြီးတော့လည်း ကျွန်ုပ်တို့ဧည့်သည်များအား ဆင်ဝင်အပေါ်ထပ် လသာဆောင်တွင် စားပွဲကုလားထိုင်များချပြီး အချိုအချဉ်ပွဲပြင်ဧည့်ခံရင်း ရှေးဟောင်းနှောင်းဖြစ်စကားများ ပြောကုန်ကြပြန်သည်။

မဘောဘီကို ကိုသိန်းထွန်း ခိုးပြေးသောညက ခုန်အချတွင် ပေါင်ကျိုးသောအကြောင်းလည်း ပါသည်။ ဒေါင်းဇရပ်ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလည်း ပါသည်။ ဂန္ဓီရဆန်သော ခေါင်းဆောင်ကျွန်းနှင့် ကျိုက္က မော့လေးတောင်အကြောင်းလည်းပါသည်။

ကိုသိန်းထွန်းနှင့် မအောင်ဘိတို့မှာ ဘွဲ့ရခေတ်ပညာတတ်များ ဖြစ်ကြပြီး လစဉ်မဂ္ဂဇင်းများလည်း ဖတ်ကြသဖြင့် ကျွန်ုပ်နှင့် လူချင်း ယခုမှပင် တွေ့ဖူးခြင်းဖြစ်သော်လည်း ကျွန်ုပ်၏စာများဖြင့်တော့ ရင်းနှီးပြီးဖြစ်လေသည်။ ကိုသိန်းထွန်းက ...

"ဆရာထောင်မှူးကြီး ...မော်လမြိုင်မှာ တာဝန်ကျဘူး သလား"

"တာဝန်တော့ မကျဖူးဘူး ...ကိုသိန်းထွန်းရယ်။ ဒါပေမဲ့ ငယ်စဉ်ကတည်းက ကျွန်တော့်အစ်ကိုကြီးဇနီးက ကျိုက္ခမိသူဆိုတော့ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက္ခမိအထိ ရောက်ဖူးပါတယ်။ ငယ်စဉ်ကတော့ မြင်းလှည်းခေတ်ဆိုတော့ မော်လမြိုင်မြို့ဟာ မန္တလေးမြို့လိုပါပဲ။ မြင်းလှည်းမြို့လိုပါဝဲ"

"ဟုတ်တယ် ဆရာရဲ့။ အရင်က မြင်းလှည်းနဲ့ ဆိုက်ကား ဆိုတာတွေဟာ နယ်မြို့ကြီးတိုင်းမှာ မရှိမဖြစ်တဲ့ စီးတော်ယာဉ်တွေပါ ပဲ။ ခရီးနီးရင် ဆိုက်ကားစီးကြတယ်။ ခရီးဝေးရင်တော့ မြင်းလှည်းစီး ကြတာပေါ့။ ကျွန်တော်တို့ မော်လမြိုင်မြို့ဆိုတာ စက်မှုလက်မှုထွန်း ကားတဲ့ 'ဘီလူးကျွန်း(ချောင်းဆုံ) 'နဲ့နီးတော့ မော်တော်ကား (ဘတ်စ် ကား) ဘော်ဒီအိမ်ကအစ တခြားမြို့တွေနဲ့မတူဘူး။ လှေတွေလည်း ဒီအတိုင်းပဲ။ လက်သမားဆရာတွေက ထွင်ပြီးဆောက်ကြတာ"

"ကဲ ...လုပ်ပါဦး ကိုသိန်းထွန်းရယ်။ ခင်ဗျားတို့မြို့က 'ဘုံပြတ်' ရာဇဝင်ကို ကြားချင်လို့ပါ။ အခုတော့ မြင်းလှည်း(ဘုံပြတ်) တွေ၊ ဆိုက်ကားတွေ ဘယ်ရောက်ကုန်ကြပြီလဲ။ မတွေ့ရတော့ဘူး"





"ဘုံပြတ်နဲ့ ဆိုက်တွဲ (ဆိုက်ကား)တွေက မော်လမြိုင်မြို့ပေါ် မှာတော့ မရှိတော့ပါဘူး။ ကားနဲ့ မော်တော်ဆိုင်ကယ်တွေက အစားနေ ရာ ဝင်ယူနေကြပါပြီ။ အမြန်ယာဉ်တွေဆိုတော့ အန္တရာယ်လည်း အရမ်း များတယ်။ တိုက်ကြ၊ ခိုက်ကြရင်၊ သေတာက များတယ်။ နေ့တိုင်း လည်း ယာဉ်တိုက်မှုက ဖြစ်နေတာပါပဲ။ ခေတ်နဲ့စနစ်က တိုးတက်လာ တော့ တားမရဆီးမနိုင်ပါဘဲ ဆရာရယ်။ ဘုံပြတ်နဲ့ ဆိုက်တွဲ(ဆိုက်ကား) တွေကတော့ နယ်မြို့တွေမှာ အခုအထိ သုံးကြတုန်းပါပဲ"

"ဘုံပြတ်ခေါ်မြင်းလှည်းကလေးနဲ့ ယဉ်ယဉ်ကျေးကျေးထိုင် .. (မမတို့မော်ရွှေမြိုင်)၂ ...သဘော်သီးခွဲခြမ်းသဏ္ဌာန်လေး၊ အမှန်ပြေး ဒါတဲ့ ဘတ်စ်ကားပေါ်ကာလှိုင်"

ဆိုတဲ့ တစ်ခေတ်တစ်ခါက မြန်မာ့အသံရေဒီယိုက မကြာ ခဏထုတ်လွှင့်တတ်တဲ့ အဆိုတော်မျိုးမြင့်လေးရဲ့ သီချင်းလေးပါ။ သီချင်း ထဲမှာကိုက မော်လမြိုင်မှာ မြင်းလှည်းကို ဘုံပြတ်လို့ခေါ်ကြောင်း မော် လမြိုင်သူတွေမြင်းလှည်းစီးရင် အလွန်ယဉ်ကျေးကြကြောင်း၊ မြို့ရဲ့ သဏ္ဌာန်ဟာ သဘော်သီးခွဲခြမ်းနဲ့တူပြီး ဒုတိယကမ္ဘာစစ်လက်ကျန် FORD ကားတွေကို မော်လမြိုင်လက်သမားဆရာတွေက သဘော်၊ မော် တော်ပုံစံ ဘော်ဒီချိုးတယ်။ ဘီလူးကျွန်းချောင်းဆုံက မြန်မာစက်ပြင် ဆရာတွေက အင်ဂျင်တွေကို နိုင်နင်းကျွမ်းကျင်စွာကိုင်တွယ်ပြီး အသက် ဆက်ပေးထားလို့ ကမ္ဘာလှည့်ခရီးသည်တွေ အလွန်သဘောကျတဲ့ အကြောင်းလေ"

"မြန်မာနိုင်ငံအနှံ့အပြားမှာ မြင်းဆွဲတဲ့လှည်းတွေကို သုံးကြ ပေမဲ့ မြင်းလှည်းကို 'ဘုံပြတ်' လို့ခေါ်တာကတော့ မော်လမြိုင်တစ်မြို့



www.burmeseclassic.com

www.burmeseclassic.com



တည်းပဲရှိပါတယ်။ ဒီ 'ဘုံပြတ်' လို့ခေါ်တဲ့စကားလုံးရဲ့ သမိုင်းကြောင်းကလည်း 'ဘုံပြတ်အစ ဦးအလီက' လို့ဆိုရအောင် ဉာဏ်ကြီးရှင်ကုလားတစ်ယောက် မော်လမြိုင်မှာ ရှိခဲ့ဖူးတယ်။ ခေတ်လွန်စုန္နောင်းပြေပြီး စီးပွားရေးအရှာကောင်းတဲ့ လူလည်ကုလားတစ်ယောက်ပါပဲ။ နာမည်က ဦးအလီတဲ့''

''ပထမကမ္ဘာစစ် စတင်ဖြစ်ပွားတဲ့ ၁၉၁၄ ခုနှစ်လောက်တုန်းက မော်လမြိုင်မြို့မှာ (FORD) မော်တော်ကား (၁၀) စီးလောက်ပဲ ရှိပါတယ်တဲ့။ အခု ကျွန်တော်ပြောမဲ့အကြောင်းတွေကလည်း ကျွန်တော့်အဘိုးနဲ့အဖေ ပြောပြတာရယ်၊ ကျွန်တော်တို့ခေတ်မှာ မီလိုက်တဲ့ 'ဘုံပြတ်' ရာဇဝင်ပါ။ မော်လမြိုင်မှာ အဲဒီအချိန်တုန်းကသုံးတာက မေမြို့(ပြင်ဦးလွင်)မှာ အခုထိ အသုံးပြုဆဲ။ မြင်းတစ်ကောင်ကပြီး ဘေး(၄)ဘီးပါတဲ့ ရထားလုံးပဲ။ ကိုယ်ပိုင်နဲ့ အငှားရထားလုံးဆိုပြီး (၂) မျိုးရှိတယ်။

''ဦးလေးလီဆိုတာဟာ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ (၁၈၂၄) အပြီး အင်္ဂလိပ်က အောက်မြန်မာပြည်ကိုသိမ်းအပြီး (၁၈၃၇) မှာ မော်လမြိုင်မှာမွေးတဲ့ ကျုလယားကုလားဖြစ်တယ်။ သူ့အဖေက အိန္ဒိယစစ်သားဆိုတော့ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီးမှာ အိန္ဒိယမပြန်တော့ဘဲ ရေခံမြေခံနဲ့ သဘာဝပတ်ဝန်းကျင်ကောင်းတဲ့ မော်လမြိုင်မြို့မှာပဲ အခြေချနေထိုင်ခဲ့တယ်။

''ဦးအလီရဲ့အိမ်ဟာ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်၊ ဇဟိုလမ်း၊ ရွှေကျောင်းရဲ့ တောင်ဘက်မှာ ကပ်လျက်တည်ရှိတယ်။ အဲဒီအချိန်က ရွှေကျောင်းဆရာတော်ဟာ လောကီလောကုတ္တရာပညာရပ်





တွေကို စွယ်စုံတတ်မြောက်တော်မူတယ်။ ဦးအလီဟာ စာမတတ်တဲ့အတွက် လူမျိုးခြား၊ ဘာသာခြားဖြစ်ပေမဲ့ ဆရာတော်ဆီမှာ နေ့စဉ်ဆွမ်းပို့ရင်း မြန်မာစာနဲ့ပါဠိစာပေကို သင်ယူတယ်။

မဂဓတိုင်းသားတွေပြောတဲ့ ဘာသာစကားဖြစ်လို့ မဂဓဘာသာလို့ခေါ်တဲ့ ပါဠိဘာသာဟာ အိန္ဒိယပြည်တွင်းဖြစ်လို့ အိန္ဒိယသားတွေဖါသင်ရင် ပိုပြီး အတတ်မြန်ကြတယ်လေ။ ရွှေကျင်တွဲဖက် သာသနာပိုင် သပြေကန်ဆရာတော်ကြီးဟာ ဖခင်တမီ (လ်) လူမျိုးနဲ့ မိခင်ကရင်တိုင်းရင်းသူတွေက ဆင်းသက်လာတာလေ။ ဒီလိုပဲ ဦးအလီဟာလည်း ဖခင်ကျုလယား ကုလားလူမျိုးနဲ့ တိုင်းရင်းသားမွန်လူမျိုး မိခင်တို့က ဆင်းသက်လာတာ။ ငယ်စဉ်က စာပေမသင်ရခဲ့ပေမဲ့ မှတ်ဉာဏ်ကအလွန်ကောင်းတယ်။

ဦးအလီဟာ ရွှေကျောင်းဆရာတော်ထံ အသွားအလာလွယ်အောင် သူတို့အိမ်နဲ့ ကျောင်းကြားမှာရှိနေတဲ့ ခြံစည်းရိုးကို အပေါက်ဖောက်ထားတယ်။ ဆရာတော်ထံမှာ မြန်မာစာနဲ့ ပါဠိစာသင်ယူရုံတင်မကဘူး၊ ဆရာတော်ထံက မြန်မာသီချင်းကြီး၊ သီချင်းခန့်၊ ကဗျာလင်္ကာတွေ ရေးဖွဲ့သီဆိုတာကိုလည်း တတ်မြောက်အောင်သင်ယူတယ်။

နောက်ပိုင်းမှာ ကျုလယားကုလားဦးအလီဟာ ဘယ်ကလောက်တောင် မြန်မာစာပေကို နှံ့စပ်သလဲဆိုရင် ရပ်ထဲရွာထဲမှာ ရှင်ပြုရဟန်းခံတဲ့ အလှူအတန်းတွေလုပ်တဲ့အခါ ရတု၊ ရကန်၊ အဲအန်၊ ချေင်းတာတွေကို ဦးအလီကိုပဲ စပ်ခိုင်းရတယ်။

နောက်ဆုံး ဦးအလီမပါရင် ပွဲမစည်ဘူးလို့တောင် ဆိုစမှတ်ပြုလာရတယ်။ မြန်မာလူမျိုးစစ်စစ်တွေက စုံစီနဖာရောင်းတဲ့ ကျုလယား

www.burmeseclassic.com



ကုလားလူမျိုးကို ဆရာတင်ပြီး ဖျို့၊ ကဗျာ၊ လင်္ကာ ရေးခိုင်းရတယ်လို့ အရပ်ရပ်နေပြည်တော်ကြားလို့ မလျှော်ဗျာ။

ဒါပေမဲ့ ဆက်နားထောင်ဦးဗျို့ ။ ဘုန်းကြီးကျောင်းနားနေပြီး လေ့လာမှုအားကောင်းလို့ စာတတ်၊ ပေတတ်ဖြစ်လာတဲ့ ဦးအလီယာ ထင်ရှားကျော်ကြားလာတော့ အရေးပိုင်ရုံးမှာ လက်ထောက်ပစ္စည်းထိန်း စာရေး(ဘီလစ်)အဖြစ် ခန့်အပ်ခြင်းခံရတယ်။ သူ့လခက အဲဒီအချိန်က (၁၂ ကျပ်၊ ၈ ပဲ) သာရပေမဲ့ ငွေကြေးတန်ဖိုးရှိလို့ သားမယားကို ရွှေလက်ဝတ်လက်စားပါ ဆင်နိုင်သတဲ့လေ။ ရွှေတစ်ကျပ်သားမှ ငွေ (၂၄) ကျပ်ပဲရှိတဲ့ခေတ်ကိုး။

၁၈၄၀ ပြည့်နှစ်နောက်ပိုင်း မော်လမြိုင်တရားရုံးတွေမှာ ရှေ့နေတွေ စပြီးပေါ်ပေါက်လာတယ်။ ရှေ့နေအများစုဟာ အင်္ဂလန်ကလာတဲ့ အင်္ဂလိပ်ရှေ့နေတွေပဲ။ တရားရုံးမှာလည်း အင်္ဂလိပ်ဘာသာနဲ့ပဲ နှစ်ဖက်လျှောက်ကြပေမဲ့ အမှုသည်နဲ့ အမေးအဖြေလုပ်ရမှာတော့ စကားပြန်တွေကတစ်ဆင့် မေးရလို့ အလွန်အချိန်ကြာတယ်။

ဦးအလီဟာ ဘီလစ်စာရေးလုပ်ရင်း မကြာခဏ အမှုစစ်ဆေးတာကို နားထောင်ရလို့ ဥာဏ်ကောင်းသူပီပီ ရှေ့နေလုပ်ချင်စိတ် ပေါ်လာတယ်။ ဒါကြောင့် အရေးပိုင်ဆီမှာ လျှောက်ထားတော့ အရေးပိုင်က ဦးအလီကို သဘောကျတာနဲ့ ရှေ့နေအဖြစ် တစ်နှစ် အစမ်းခန့်လိုက်တယ်။

ဦးအလီဟာ မြန်မာ၊ အင်္ဂလိပ်၊ ပါဠိဘာသာ၊ ကုလား၊ မွန်စကားမျိုးစုံကို ကောင်းကောင်းတတ်တာမို့ စကားပြန်မပါဘဲ အမှုကိုလျှောက်လဲမေးမြန်း စိစစ်နိုင်တဲ့အတွက် အချိန်ကုန်သက်သာသလို





အမှုသည်တွေက စကားပြန်မငှားရတော့လို့ ကုန်ကျစရိတ်သက်သွားတာပေါ့။

ခုခေတ်မှာတော့ ဦးအလီလို ဘာသာစကား (၄)မျိုးတတ်တဲ့ ရှေ့နေ အလွန်ရှားပါတယ်။ အရေးပိုင်ကလည်း ဦးအလီကို သဘောကျလို့ (၁၈၅၀) ပြည့်နှစ်မှာ အထက်တန်းရှေ့နေအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်ပါတယ်။ အဲဒီနှစ်မှာပဲ ကုလားလူလည်ဦးအလီဟာ သူနေတဲ့အိမ်ကို တိုက်ကြီးအဖြစ် တိုးချဲ့ဆောက်လုပ်လိုက်တယ်။

ဦးအလီရှေ့နေလိုက်တာ နာမည်ကျော်ပြီး လူကြိုက်လာတော့ သူ့အိမ်ကြီးဆီကို ရပ်ဝေးရပ်နီးက အမှုသည်တွေဝင်လာမစဲ တသဲသဲပေါ့။ အဲဒီအချိန်က ကျိုက်မရောနဲ့မုဒုံက အမှုသည်တွေဟာ မော်လမြိုင်ကို လွယ်လွယ်နဲ့ လာလို့မရဘူး။

လှည်းခေတ်ဆိုတော့ နွားလှည်းနဲ့ပဲ လာကြရလို့ လမ်းမှာ အိပ်ကြရတယ်။ ဒီကိစ္စကို ဦးအလီကသိတယ်။ အမျိုးမျိုး စဉ်းစားနေတယ်။ သူ့အမှုသည်တွေ သူ့ထံ မြန်မြန်အရောက်လာနိုင်ကြဖို့ရယ်၊ အဲဒီခရီးစဉ်အတွက် ငွေရဖို့ရယ်ရော ပါတယ်လေ။

ဒါကြောင့် ဦးအလီဟာ အင်္ဂလိပ်တွေ အိန္ဒိယကသွင်းလာတဲ့ အရပ်စစ်မြင်းမျိုးကို (၂၀) ကောင်လောက်ရှာတယ်။ လက်သမားနာမည်ရတဲ့ ဘီလူးကျွန်းက လက်သမားအဖွဲ့ကိုခေါ်ပြီး သစ်ကောင်း၊ ဝါးကောင်းနဲ့ မြင်း (၂)ကောင်တပ် မြင်းရထားပုံစံကို ရွှေကျောင်းကြီးက ဗုဒ္ဓဝင်ပြကွက်ထဲကအတိုင်း ကူးယူတည်ဆောက်စေတယ်။

သူ့မြင်းလှည်းကြီးက ရထားပုံစံ ဘီးလေးဘီးပါပေမဲ့ အလုံပိတ်ရထား (ဘီရိုရထား) ပုံစံမဟုတ်ဘူး။ တစ်ဘက်(၁၀)ယောက် မျက်နှာ

www.burmeseclassic.com



ချင်းဆိုင် လူ (၂၀) စီးနိုင်တဲ့ လေဝင်လေထွက်ကောင်းအောင် ဖန်တီးထားတယ်။ အရှည် (၁၅) ပေ ရှည်လျားတယ်။ ပထမဆုံးမြင်းလှည်းကြီး (၂)စီး စတင်တည်ဆောက်ပြီး မော်လမြိုင်၊ ကျိုက်မရော အသွားအပြန်နဲ့ မော်လမြိုင်မှဒုံအသွားအပြန် ပြေးဆွဲစေပါတယ်။

လူလည်ကုလားဦးအလီဟာ မြင်းလှည်းရှည်ကြီးတွေကို ဝေါ့ပေါ့ပါးပါး နိုင်နိုင်ခန့်ခန့်လုပ်ပြီး 'ဘုံပြန်' နဲ့ 'ဘုံဆောင်'ဆိုပြီး နာမည်ပေးထားတယ်။

မြင်းရထား အဝေးပြေးဂိတ်ကို ရွှေကျောင်းတော်အဦးက သူ့အိမ်ရှေ့မှာပဲ ဖွင့်ထားတယ်။ နေ့စဉ် မနက် (၅)နာရီမှာ မြင်းရထားကြီးတစ်စီး ဂိတ်ကစထွက်တယ်။ မော်လမြိုင်ကနေ (၇)မိုင်ဝေးတဲ့ ခရွှန်းရွာမှာ ခေတ္တနားပြီး မြင်းသစ်နှစ်ကောင်လဲပြီး မြင်းနှစ်ကောင်ကို အနားပေးတယ်။

အခုလို မော်တော်ကားခေတ်မှာတောင် မော်တော်ကားအင်ဂျင်ကို ခရီးဝေးမှာ အနားပေးပြီး ရေလဲ၊ ဓာတ်ဆီထည့်၊ ခရီးသည်တွေကို အနားပေးတဲ့ပုံစံပေါ့။ ခရစ်သက္ကရာဇ် (၁၈၅၀) ခုနှစ်လောက်ကဆိုတော့ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတောင် မဖြစ်သေးဘူး။

အခု ၂၀၁၁ ခုနှစ်လောက်ဆိုတော့ နှစ်ပေါင်း (၁၆၁) နှစ်အကြာက အလွန်အင်မတန်ဉာဏ်ကောင်းတဲ့ မော်လမြိုင်ဘုံပြတ်သခင်ကုလားဦးအလီရဲ့ ခေတ်ရှေ့ပြေးအတွေးအခေါ်တွေကို ပြောပြရတာပါ။ နောက်တစ်ခေါက် မော်လမြိုင်ကနေ (၁၂) မိုင်ဝေးတဲ့ 'ကျောက်တစ်လုံး' မှာ ခေတ္တနားပြီး မြင်းအသစ် (၂) ကောင် လဲပြန်တယ်။

မော်လမြိုင်-မှဒုံ အသွားအပြန် မြင်း (၆)ကောင်စီ သုံးတယ်။ ယာဉ်စီးခက ခရီးသည်တစ်ဦးကို အသွားတစ်ကျပ်၊ အပြန်တစ်ကျပ်။





အသွားလူ (၂၀) အပြန်လူ (၂၀) ဆိုတော့ အကြမ်းအားဖြင့် မြင်းလှည်းတစ်စီးကို တစ်နေ့ ကျပ်(၄၀)ရတယ်။

မြင်းလှည်း(၂) စီးဆိုတော့ အသွားအပြန်တစ်နေ့ ကျပ် (၈၀) လောက်ရတာပေါ့။ အဲဒီခေတ်က ရွှေတစ်ကျပ်သားမှ (၂၄) ကျပ်ဆိုတော့ နေ့စဉ် ရွှေ (၃) ကျပ်သားကျော်ကျော် ပုံမှန်ဝင်ငွေရနေတာပေါ့။ မြင်းတွေကိုလည်း လက်သပ်မွေးပြီး အစာဝအောင် ကျွေးထားတော့ တိရစ္ဆာန်တွေကိုလည်း ညှဉ်းပန်းရာမကျဘူး။ အလွန်အတွေးအခေါ်ကောင်းတဲ့ ပုဂ္ဂိုလ်ပါပဲ။

ဦးအလီဟာ တစ်နေ့တခြား ကြီးပွားတိုးတက်ပြီး လူချစ်လူခင်များလာတယ်။ သူဟာ မွတ်စလင်ဘာသာဝင်ဖြစ်ပေမဲ့ ရွှေကျောင်းဆရာတော်ကို အမိအဖ၊ ဆရာ အရာထားပြီး နေ့တိုင်းဆွမ်းအုပ်ပို့တယ်။ ဒါကြောင့် မွတ်စလင်အသိုင်းအဝိုင်းက ဦးအလီကို မကျေနပ်ကြဘူး။ ဒါပေမဲ့ ဦးအလီကိုလည်း ဝိုင်းပယ်မထားရဲကြဘူး။

ရွှေကျောင်းဆရာတော် ပျံလွန်တော်မူတော့ ဦးအလီက ကမကထလုပ်ပြီး ဓာတ်ပွဲ(၇)ရက် ခံပေးတယ်။ ဒီတစ်ခါတော့ မွတ်စလင်ဘာသာဝင်တွေက ဦးအလီကို ဝိုင်းပယ်လိုက်ကြပေမဲ့ ဦးအလီက ဂရုမစိုက်ပါဘူး။ တရားရုံးနားမှာ ကိုယ်ပိုင်ဗလီဆောက်ခွင့် အင်္ဂလိပ်အစိုးရထံတောင်းပြီး ဆောက်တယ်။ ပြီးတာနဲ့ ကိုယ်ပိုင်ဗလီမှာ မှန်မှန်တက်ပြသတဲ့လေ။

ဦးအလီရဲ့ ပထမဇနီးဟာ ထားဝယ်စုရပ်သူ မွန်အမျိုးသမီးဒေါ်[illegible]ဖြစ်တယ်။ မွန်စကားတတ်ချင်လို့ မွန်အမျိုးသမီးကို ယူတာတဲ့။ နောက်တစ်ယောက်ကတော့ မွန်ဇာတ်မင်းသမီး။ သူမထံမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးအလီက အဆိုပညာကို သင်ပြန်တယ်။ ဒါကြောင့် ဦးအလီဟာ အဆိုကောင်းပြီး အသံအလွန်သာယာတယ်လို့ ပြောကြပြန်တယ်။

နောက်ထပ် လည်း မိန်းမတွေထပ်ယူပြီး ကျောက်တစ်လုံးရွာအနားမှာ နှစ်ထပ်အိမ်ကြီးဆောက်ပြီး အတူထားသတဲ့။ လောကစည်းစိမ် ခံစား၊ စံစားနေတဲ့ ဦးအလီလည်း အသက်ကြီးလာတော့ နှလုံးရောဂါရပြီး မြင်းလှည်းလုပ်ငန်း မလုပ်နိုင်တော့ မွေးစားသားနှစ်ယောက်ကို အစေးဆွဲမြင်းလှည်းကြီး (၂)စီး အမွေအဖြစ် ပေးလိုက်ရတယ်။

မွေးစားသား (၂) ဦးကလည်း ဦးအလီလို စိတ်မရှည်။ ပညာဉာဏ်ကလည်း မရှိကြတာမို့ မြင်းလှည်းကြီး (၂) စီးရဲ့ အစေးဖြေတာဝန်ကို မယူနိုင်တော့ဘဲ ဦးအလီဆီက ခွင့်ပြုမိန့်ယူပြီး မြင်းလှည်းကြီး (၂) စီးကို အလယ်ကဖြတ်လိုက်တော့ မြင်းလှည်းလေး (၄) စီးဖြစ်သွားတယ်။ မြင်းတစ်ကောင်တပ်စီ ဖန်တီးပြီး မော်လမြိုင်မြို့မှာ ဟိုနားဒီနား စဆွဲတော့တာပဲ။ အလွန်လည်း ဝင်ငွေကောင်းသတဲ့။

အဲဒါကြောင့် ကျေးဇူးရှင်မွေးစားဖခင်ကြီး ဦးအလီက မြင်းလှည်း (၄) စီးဟာ ယခင်မူလ ဘုံပြန်နဲ့ ဘုံဆောင်မြင်းလှည်းကြီး (၂) စီးကိုဖြတ်ထားတဲ့ ဘုံပြတ်တွေဖြစ်လို့ 'ဘုံပြတ်' လို့သာ ခေါ်ကြပေရော့လို့ အမိန့်ချပေးတာနဲ့ မြင်းလှည်းတွေကို 'ဘုံပြတ်' လို့ အမည်တွင်သွားတော့တာပါပဲ ဆရာရဲ့''

''ဘုံပြတ်ခေါ် မြင်းလှည်းရာဇဝင်ကိုကြားရတော့ ဦးအလီဆိုတဲ့ ကျူလယာကုလားကြီးဦးနှောက်ကို အလွန်ပဲ ချီးကျူးမိပါရဲ့ဗျာ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၆၀) လောက်က အတွေးအခေါ်ခေတ်ရှေ့ပြေးခဲ့တဲ့ ရွှေဉာဏ်ရှင်ကြီးပဲ။ ဒီဘက်ခေတ်မှာလိုဆိုရင်ဖြင့် အလွန်တော်





တဲ့ စီးပွားရေးပညာရှင်ကြီးဖြစ်မှာပဲ။ ဒါနဲ့ ဦးအလီက ဘယ်နှရာစုခေတ်မှာ ဆုံးတာလဲ။ နှလုံးရောဂါနဲ့ပဲလား''

''ဟုတ်ပါ့ ဆရာရယ်။ ဦးအလီဟာ ခရစ်နှစ် (၁၉၀၇)ခုနှစ် အသက် (၇၀) အရွယ်မှာ နှလုံးရောဂါနဲ့ ဆုံးပါးပါတယ်။ အခုလို (IT) ခေတ်ဆိုတာကြီးကို ဦးအလီသာကြားရရင် ငါကလွန်ခဲ့တဲ့ အနှစ်(၁၆၀) လောက်ကတည်းက မင်းတို့ပြောတဲ့ (IT) ပညာထက် သာတဲ့နည်းနဲ့ လုပ်စားလာတာလို့ပြောပြီး ရယ်နေမှာပါပဲ။ တီထွင်တယ်ဆိုတာ အကုန်အကျသက်သာပြီး ခရီးရောက်၊ အများကလက်ခံမှ အကျိုးရှိပေတော့မပေါ့။ မဟုတ်ဘူးလား ဆရာရယ်''

''ဟုတ်ပါ့ . . . ကိုသိန်းထွန်းရယ်။ မော်လမြိုင်သားဆိုတာက စက်မှုလက်မှုဘက်မှာ ပေါက်ရောက်အောင်မြင်ကြတာဟာ ရေခံမြေခံနဲ့ ရာဇဝင်ကောင်းရှိခဲ့လို့ပဲ ဖြစ်မယ်ထင်ပါရဲ့ဗျာ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၅ ]

ထိုညက နွေရာသီဖြစ်သော်လည်း အိမ်ရှင်များနှင့် ညဉ့်နက်သည်အထိ စကားကောင်းကြပြီး သံလွင်မြစ်ဘက်မှ တိုက်ခတ်လာသော လေနုအေးကလေးကြောင့် ကောင်းစွာ အိပ်ပျော်ကြသည်။ မနက်နိုးတော့လည်း အမေ့အကြိုက် မော်လမြိုင်လက်ရာ မုန့်ဟင်းခါးနှင့် နန်းကြီးသုပ်၊ မလိုင်နှင့် နံပြားတို့မှာ တစ်မျိုးတစ်ဘာသာ ထူးခြားနေသည်။

စားသောက်ပြီးသည်နှင့် ဈေးဘက်ဆင်းကြသည်။ အမေနှင့် မောင်သိုက်တို့က ဒေါင်းဇရပ်ကျောင်းမှ ဗိုလ်မှူးခင်ဦးအတွက် လှူဖွယ်ရာများ ဆင်း၍ဝယ်ကြသည်။

ကျွန်တော်နှင့် ကားဆရာကိုနန်းတို့က ကိုသိန်းထွန်းအား ခေါင်းဆေးကျွန်းကူးနိုင်ရန် မော်တော်ဆိပ်သို့ လိုက်ပို့ရပ်သည်။ ကိုသိန်းထွန်း





မော်တော်ပေါ်ရောက်မှ ကျွန်ုပ်တို့ အမေ့အား ဈေးကကြိုပြီး ဒေါင်းဇရပ်ကျောင်းဘက်သို့ ထွက်ခဲ့ပါသည်။ ဒေါင်းဇရပ်ကျောင်းမှာ မြို့စွန်ကျသော်လည်း မဝေးလှပါ။

ကျောင်းဝင်းအတွင်း၌ နှစ်ရှည်ပင်သစ်ကြီး၊ ဝါးကြီးများက အုပ်မိုးနေသည်။ သရက်ပင်၊ ပိန္နဲပင်များက ကျောင်းဝင်းအတွင်း၌ လွန်စွာ အရိပ်ကောင်းလှသည်။ ပရဆေးဝါးများကိုလည်း ကျောင်းဝင်းအတွင်း အတော်စုံစုံစေ့စေ့ စိုက်ထားသည်။

ကျွန်ုပ်တို့ကားလေး ကျောင်းဝင်းထဲရောက်သည်နှင့် ကိုရင်ကြီးတစ်ပါး တံမြက်လှည်းရာမှ မေးစမ်းလာသဖြင့် အမေက ပဉ္စင်းဝတ်နေသော ဦးပဥ္ဇင်း (ဗိုလ်မှူးခင်ဦး) နှင့် တွေ့လိုကြောင်း ပြောပြရာ ကျောင်းပေါ်တက်၍ သတင်းပို့သည်နှင့် ဦးပဥ္ဇင်း (ဗိုလ်မှူးခင်ဦး) ပါ ဆင်းလိုက်လာပါသည်။

"ဒါယိကာမ ဒီနေ့ရောက်မယ်လို့ ထင်နေတာနဲ့ အလိုက်သင့်ပါပဲ။ နေ့ဆွမ်းအလှူရှင်ရှိတော့ အတော်ပါပဲ။ ဒကာမကြီးကိုမှာရတာကတော့ ဘုန်းကြီးတို့ အသက်ကြီးကြပြီ။ (၈၀) တန်းတောင် နီးနေကြပြီ။ မသေခင် တွေ့ချင်တာရယ်၊ ဒီဒေါင်းဇရပ်ကျောင်းက ပျံလွန်တော်မူသွားတဲ့ ထွက်ရပ်ပေါက်ဆရာတော်ဘုရားကြီးရဲ့ မပုပ်မသိုးတဲ့ ရုပ်ကလာပ်တော်ကိုလည်း ဖူးတွေ့စေချင်တာလည်း ပါပါတယ်။ ဒကာမကြီးက နှစ်ဉ်ကတည်းက ရုံးကတောင်ခွင့်ယူပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေကို လိုက်ဖူးနေတာ သတိရတာလည်း ပါပါတယ်။ တကယ့်ပုဂ္ဂိုလ်ဆိုတာ ဖူးရခဲတယ် ဒကာမကြီးရဲ့"

"တင်ပါ့ . . . ဘုရား၊ ဝမ်းမြောက်လှကြောင်းပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲ ... ဒါဆို ... လာကြ။ ရုပ်ကလာပ်တော်က အနှောင့်အယှက်မရှိလေအောင် သော့ခတ်ပိတ်ထားတာ။ ဖူးမဲ့သူလာမှ ဖွင့်ပေးတာ"

ကျောင်းဝင်းအနောက်ဘက်ထောင့်သို့ ဦးပဉ္ဇင်းက ခေါ်သွားသဖြင့် ကျွန်ုပ်တို့ လိုက်သွားကြသည်။ သီးသန့်အကာအရံအတွင်း၌ မှန်ခေါင်းတော်အတွင်းတွင် ဆရာတော်ရုပ်ကလာပ်တော်ကို ထားရှိသည်။ နှစ်ကြာရှည်နေပြီဖြစ်သော်လည်း အရိုးကျခြင်း၊ ပုပ်ပွခြင်းမရှိ။ ဆံပင် မွေးညင်းနှင့် လက်သည်း၊ ခြေသည်းများက ရှည်ထွက်နေသည်။

အမေက ဖယောင်းတိုင်နှင့် အမွှေးတိုင်ထွန်းညှိသဖြင့် ကျွန်ုပ်က အသင့်ဆောင်လာသဖြင့် ထွန်းပေးရသည်။ ထိုစဉ် ကျွန်ုပ်၏နှာခေါင်းအတွင်းသို့ အနံ့တစ်မျိုး ဝင်ရောက်လာသည်။ အမွှေးတိုင်ရနံ့မဟုတ်။ ပန်းရနံ့လည်းမဟုတ်။ ဆေးဝါးအနံ့မျိုးဖြစ်သည်။ ကျွန်ုပ်တို့ ရုပ်အလောင်းတော်အား ကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။ ဆေးဝါးအနံ့မှာ သင်းသင်းကလေး မွှေးပျံ့လာပြန်သည်။ ကျွန်ုပ် အမေ့အား ကြည့်ရာ အမေက ပြုံး၍ ခေါင်းညိတ်သည်။

"အမေတို့ သာသနာပြုကုသိုလ်ခရီး စိတ်တိုင်းကျအောင်မြင်ပြီလို့ မှတ်ကွယ့်။ ပျံလွန်တော်မူသွားတဲ့ဆရာတော်က ဆေးဝိဇ္ဇာ။ အမေတို့ကို ဆေးနဲ့အနံ့ပေးပြီး ကောင်းချီးပေးတာကွယ့်။ သားကြီးမယုံရင် မကြာခင် ထူးခြားတဲ့သတင်းစကားကို ကြားရလိမ့်မယ်ကွယ့်"

ကျွန်ုပ်တို့ ရုပ်ကလာပ်တော်ထားရာနေရာမှ ပြန်ထွက်လာကြပြီး နေ့လယ်စာသုံးဆောင်ကြရန် ကျောင်းကြီးအတွင်းသို့ဝင်ရာ လမ်းဘေးပရဆေးစိုက်ခင်းကို ကျော်ဖြတ်စဉ် အစောပိုင်းက ရုပ်ကလာပ်





ထားရာနေရာအနီးတွင် ကျွန်ုပ်တို့ရခဲ့သော ဆေးနံ့တစ်မျိုးကို ရပြန်သဖြင့် ကျွန်ုပ် ပတ်ဝန်းကျင်အား ဝေ့ဝဲကြည့်မိသည်။

ဘုံမှရာဇာအပွင့် နီနီရဲရဲကလေးများကို တွေ့ရသည်။ အနားကပ်ပြီး မွှေးရှူကြည့်တော့ အနံ့မရ။ အိပ်ဆွေ့သီးပင်ခေါ် တောင်ကြာရွက်အပွင့်ဝါဝါကလေးဆီမှလည်း အနံ့မရပါ။ ထိုစဉ် ကျွန်ုပ် တောထဲတောင်ထဲသွားလာစဉ် ကွမ်းရွက်ကဲ့သို့ စိမ်းစိုနေသော ချုံတစ်ခုကို တွေ့ဖူးသည်။ တောထဲတောင်ထဲ၌ ထိုအပင်သည် ပွင့်ဖူးသည်ကိုမမြင်မိ။ အရွက်ကတော့ ဆေးနံ့အလွန်စူးသည်။

ယခု ထိုအပင်သည် ချုံဖြစ်နေပြီး ပွင့်ဖူးနေသည်။ ဖြူရော်ရော်အဖူးတံကလေးများက အနံ့ထွက်နေသည်။ ပိတ်ချင်းပင်ဖြစ်သည်။ ကျွန်ုပ် အဖူးကလေးများအား နမ်းရှိုက်လိုက်စဉ် အမောအတော်ပြေသွားသည်။ မွှေးရနံ့မထွက်ပါ။ သင်းပျံ့သောဆေးနံ့ ထွက်ခြင်းဖြစ်သည်။

ကျွန်ုပ် အမေ့နားကပ်၍ ခူးထားသော ပိတ်ချင်းဖူးကလေးတစ်ခုကို ကမ်းပေးလိုက်ရာ အမေက နမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ဒါ ဆေးပဲ သားကြီးရဲ့။ လိုအပ်လို့ပေးတာ။ သားကြီးလည်း နှစ်ဖူးသုံးဖူးခူးပြီး ဆောင်ထားဦးနော်"

ဦးပဉ္ဇင်းက နေ့လယ်စာစားရန် စားပွဲတစ်ခုသို့ ခေါ်ဆောင်သွားပြီး နေရာချထားပေးသည်။ စားပွဲတွင် သူစိမ်းမရှိ။ ကျွန်ုပ်တို့ မိသားစုသာရှိသည်။ ဟင်းများမှာ ဝက်သား၊ ကြက်သား၊ ငါး၊ အသီးအရွက်ဟင်း၊ အရည်သောက်ဟင်း စုံလှသည်။ မော်လမြိုင်လက်ရာပီပီ စား၍အလွန်ကောင်းသည်။ ကျွန်ုပ်တို့ နေ့လယ်စာစားနေစဉ် ဦးပဉ္ဇင်းက မိန့်သည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ဆရာတော်ရုပ်ကလာပ်ကို ဖူးမြော်နေတုန်းက ရတဲ့အနံ့က ပိတ်ချင်းဖူးရနံ့ပဲ။ အဲဒီအပင်က ပွင့်ခဲ ဖူးခဲတယ်။ အရွက်ကလည်း ဆေးဝါးအဖြစ် အသုံးတည့်တယ်။ အဖူးကို ဆောင်ထားရင် ပရလောကသားတွေက ချစ်ခင်ပြီး အန္တရာယ်မပေးတဲ့အပြင် ကူညီတတ်ပါတယ်။ ဒေါင်းဇရပ်ကျောင်းဆိုတာက ရှေးကာကတည်းက ဆေးဘုန်းကြီးကျောင်းပါ။ မြွေကိုက်ရင်တောင် ဒေါင်းဇရပ်ကျောင်းထဲ ဝင်ပြေးတာနဲ့ မြွေဆိပ်တွေလျှောကျ၊ ပျောက်ကင်းတယ်လို့ အဆိုရှိပါတယ်"

"ဒေါင်းဇရပ်ကျောင်းဆိုတာက ဒေါင်းနဲ့ပတ်သတ်လို့ မှည့်ခေါ်ထားတာလား ဘုရား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အမိပ္ပာယ်က ရွေ့လျားသွားပါပြီ။ ယခင်က ဒီကျောင်းဟာ မြို့စွန်တောအုပ်ထဲမှာပါ။ တောရကျောင်းဆိုတော့ ... နည်းတယ်လေ။ တောသီးတောနှံပေါတော့ ဒေါင်းအုပ်တွေ လိုက်... ...ယ်။ ဒါကြောင့် 'ဒေါင်းဆင်းရပ်' လို့ ခေါ်ရာကနေ ကာလရွေ့လျားပြီး ဒေါင်းဆင်းရပ်ကနေ ဒေါင်းဇရပ်လို့ ခေါ်တွင်လာခဲ့တာပဲ။

ထူးခြားတာကတော့ ဒီကျောင်းဝင်းထဲမှာ သီတင်းသုံးတဲ့ သံဃာတွေဟာ အနာရောဂါ အလွန်ကင်းတယ်။ အဖျားအနာတောင် မရှိသလောက်ပဲ။ အဲ ... ကွယ်လွန်ခါနီးရင်တော့ ဆိုးဆိုး ဝါးဝါးမခံစားရဘဲ သက်သက်သာသာ ပျံလွန်ကြရတာက ထူးခြားချက်ပဲ။ ဒါကြောင့် ဒီကျောင်းကို ဆေးဘုန်းကြီးကျောင်းလို့လည်း ခေါ်တယ်"

"ဒီကျောင်းက ထူးခြားလှပါတယ်ဘုရား။ ရေခံမြေခံကောင်းလို့ သစ်ပင်တွေနဲ့ အသီးအနှံတွေ ဆေးဝါးပင်တွေ အလွန်ဖြစ်ထွန်းပါတယ်။ မြေသြဇာဓာတ်ရှိတဲ့ အလုပ်ဒေသပါပဲ ဘုရား။ ပျံလွန်တော်မူ





တဲ့ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်အလောင်းတော်ဟာ နှစ်ကြာသည့်တိုင် မပုပ်မသိုးတည်တံ့နေတာကိုက ပုဂ္ဂိုလ်အစွမ်းကြောင့်အပြင်၊ နေရာဒေသရဲ့ ဝိသေသလည်း ပါလိမ့်မည်ထင်ပါတယ် ဘုရား"

"အိမ်း ... အိမ်း ... ဟုတ်ပါတယ် ဒကာရယ်။ ဘုန်းကြီးလည်း ဒကာပြောမှ ပုဂ္ဂိုလ်တင်မက ဒေါင်းဇရပ်ကျောင်းကိုလည်း ထူးခြားချက်ထဲမှာ ထည့်စဉ်းစားရမယ်ဆိုတာကိုပါ သတိပြုမိတော့တယ်"

ကျွန်ုပ်တို့စကားပြောနေစဉ် ခေါင်းဆေးကျွန်း ဘုန်းတော်ကြီးကျောင်းသို့သွားသော ကိုသိန်းထွန်း ကျောင်းဝင်းအတွင်းသို့ အပြေးအလွှားဝင်ရောက်လာသည်။ ခရီးရောက်မဆိုက်ပင် ...

"ကြီးကြီးသန်းရေ ... ခေါင်းဆေးကျွန်းဆရာတော်က မိန့်လိုက်တယ်။ မနက်ဖြန် နေ့ဆွမ်းအလှူရှင်က ရှိနှင့်နေတော့ အရဏ်ဆွမ်းကို မှုပေးမယ်တဲ့။ နောက်ပြီး ညှော်သည်၊ ဆေးစိဖ္စာဆရာကြီး တစ်ပါးလည်း ရောက်နေတာမို့ ကနေ့ညနေပဲ ကျွန်းကိုလာပြီး ညအိပ်ပါတဲ့ မှာလိုက်တယ်။ ကျွန်တော့်မှာ ကြီးကြီးသန်းတို့ကို မမီမှာစိုးလို့ အမြန်လာရတာ"

"ကဲ ... ကဲ ... မောင်သိန်းထွန်းရေ နေ့လယ်စာလည်း မစားရသေးဘူးမဟုတ်လား။ တစ်ခါတည်း ဝင်စားပေတော့"

"ဟုတ်ကဲ့ ... ကြီးကြီးသန်း။ ခေါင်းဆေးကျွန်းဆရာတော်က ကျွေးပါတယ်။ နောက်ကျနေမှာစိုးလို့ ကျွန်တော်မစားခဲ့တာပါ။ အရုဏ်ဆွမ်းကပ်ဖို့ ဈေးဝယ်ရဦးမယ်မဟုတ်လား။ လိုရမည်ရဆိုပြီး ကျွန်တော် ဘောဘီကို ဈေးဝယ်ခိုင်းထားခဲ့တယ်။ ဒါပေမဲ့ ကြီးကြီးသန်းတို့က ဘာကျွေးမှန်းမသိတော့ ဒီကအပြန် ဈေးကြီးထဲဝင်ပြီး ဘောဘီနဲ့ တွေ့မှဖြစ်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်သိန်းထွန်းရယ် . . . မင်းတို့က နယ်ခံပဲ။ မင်းတို့က ပိုသိမှာပေါ့။ ဘာကျွေးကျွေး ဖြစ်ပါတယ်။ စေတနာသာ အဓိကပါပဲ။ အပြန်တော့ ဘဘကိုကြိုရင်း ဈေးကြီးထဲဝင်ကြရအောင်"

"ဟုတ်ကဲ့ပါ ကြီးကြီးသန်း။ ဒါဆို ကျွန်တော်က ဆိုင်ကယ်ကို အိမ်ကဝင်ယူခဲ့လို့ ဈေးရှေ့က စောင့်နေပါ့မယ်။ ကြီးကြီးသန်းတို့ အေးအေးဆေးဆေး လိုက်ခဲ့ကြပါနော်"

ကိုသိန်းထွန်းမှာ ထမင်းကို ကတိုက်ကရိုက်စားပြီး ဈေးသို့ ဆိုင်ကယ်ဖြင့် ပြန်သည်။

ဘဘအား ဈေးကြိုပြီး အမေက လိုအပ်သည်များဝယ်၍ ဘဘတို့အိမ်သို့ ပြန်ခဲ့ကြပါသည်။ အိမ်တွင် လှူဖွယ်ပစ္စည်းများ၊ ဟင်းချက်စရာနှင့် အချိုပွဲအတွက် အစာအစားများအား စနစ်တကျပြင်ဆင် စစ်ဆေးကြပြီး ကမ်းနားလှေဆိပ်သို့ ဆင်းခဲ့ကြသည်။

ဘဘက အမေနှင့်အဖော်ရစေရန် ခေါင်းဆေးကျွန်းသို့လိုက်မည်ဖြစ်ပြီး ကိုသိန်းထွန်းက ကလေးတွေနှင့် အိမ်စောင့်ရန်။ ကားလည်း ယူသွား၍မရသော ရေလမ်းခရီးဖြစ်သဖြင့် ကားဆရာ ကိုနန်းကလည်း ဘဘတို့အိမ်တွင် ကိုသိန်းထွန်းနှင့်အတူ ကျန်ခဲ့မည်ဖြစ်ပေသည်။

ကျွန်ုပ်တို့ လှေဆိပ်ရောက်တော့ အနောက်ဘက်တွင် ကလို့တောင်တန်းကြီးနှင့် ဘီလူးကျွန်း (ချောင်းဆုံ) ကို လှမ်းမြင်နေရသည်။ မြောက်ဘက်တွင်မတော့ မုတ္တမ၊ မော်လမြိုင်တံတားကြီးအကျော်တွင် ခေါင်းဆေးကျွန်းကို မြင်နေရသည်။

အုန်းပင်နှင့် သစ်ပင်ကြီးများ ပေါက်ရောက်နေသဖြင့် သံလွင်မြစ်အတွင်း၌ စိမ်းစိုလန်းဆန်းသော ကျွန်းကြီးတစ်ကျွန်းဖြစ်သည်။ ခေါင်းဆေးကျွန်းမှာ မုတ္တမဘက်ထက် မော်လမြိုင်ဘက်ကမ်းဖြင့် ပိုနီးပါသည်။





ကျွန်ုပ်တို့ စက်သမ္ဗန်တစ်စီးသီးသန့်ငှား၍ လှူဖွယ်ပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်တင်ရသည်။ စက်လှေထွက်တော့ ဒီရေတက်ချိန်နှင့်ကြုံသဖြင့် ရေစုန်ခရီးအလှည့်သင့်သည်။

ကျွန်းပေါ်၌ စေတီတစ်ဆူကို ဖူးတွေ့ရသည်။ ကျွန်းအနောက်ဘက် သံလွင်မြစ်တစ်ဖက်ကမ်း၌လည်း လွန်စွာလှပသော ကရင်ပြည်နယ်အတွင်းရှိ ဇွဲကပင်တောင်ကို လှပစွာ မြင်တွေ့ရသည်။

ကျွန်ုပ်က . . .

"ဘဘရေ . . . ကျွန်းပေါ်ကစေတီက ဘွဲ့အမည် ဘယ်လို ခေါ်ပါသလဲ"

"မူလဘွဲ့အမည်က ဆံတော်ရှင်လို့သိရတယ်။ အခုတော့ သစ္စာမဏ္ဍိုင်စေတီလို့ ဘွဲ့အမည်တွင်နေပြီ။ ဒီခေါင်းဆေးကျွန်းရဲ့ နောက်ခံသမိုင်းက ဆရာတော်ပြောပြလို့သိရတာ။ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်။ ထူးလည်းထူးဆန်းတယ်။ နားထောင်မလား အစ်ကို"

"သိချင်လို့မေးတာ နားထောင်မှာပေါ့ ဘဘရယ်။ ပြောပြပါဦး"

"ပုဂံပြည်က အနော်ရထာမင်းစောဟာ ပိဋကတ် (၃) ပုံရရှိရေးအတွက် သုဝဏ္ဏဘူမိ (သထုံ) မြို့ကို ချီတက်လုပ်ကြံရာမှာ ပထမအကြိမ်မှာ မအောင်မြင်ခဲ့ဘူး။ ဒုတိယ အကြိမ်မှာတော့ ပညာရှိပုဏ္ဏားတော်တွေရဲ့ အဆိုအမိန့်အတိုင်း ဒီကျွန်းကိုရောက်လာပြီး သစ္စာအဓိဋ္ဌာန်လုပ်၊ ခေါင်းဆေးမင်္ဂလာပြု၊ သုဝဏ္ဏဘူမိကို ချီတက်လုပ်ကြံရာမှာ အောင်မြင်အထမြောက်ခဲ့တယ်။ ဒါကြောင့် ဒီကျွန်းကို ခေါင်းဆေးကျွန်းလို့ ခေါ်တွင်စေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အနော်ရထာမင်းနောက်ပိုင်း ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ဟာလည်း အင်းဝမင်းခေါင်ဘုရင်နဲ့ အနှစ်(၄၀)စစ်ပွဲဆင်နွှဲရာမှာ ခေါင်းဆေးမင်္ဂလာ အဓိဋ္ဌာန်ပြုခဲ့တယ်။ အလောင်းစည်သူမင်းလည်း တိုင်းခန်းလှည့်လည်ပြီး ဒီကျွန်းမှာ ခေါင်းဆေးမင်္ဂလာပြုခဲ့ဖူးတယ်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာလည်း သန်လျင်ကို ချီတက်ပြီးလုပ်ကြရာမှာ ဒီကျွန်းမှာ ခေါင်းဆေးမင်္ဂလာပြုပြီးမှ သန်လျင်ကို အလွယ်တကူ တိုက်ခိုက်အောင်မြင်တယ်လို့ အဆိုရှိပါတယ်''

''ဒါဆို ဘောဘီရဲ့အပြောအရ ဒီခေါင်းဆေးကျွန်းက သမိုင်းဝင်ကမ္ဘာ့ရဆန်းကြယ်ကျွန်းပေါ့နော်။ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ ပြောပြပါဦး''

''ဒီကျွန်းရဲ့အမည်ကို ဒေသခေါ် (၁၅) ခုလောက်ရှိတယ်။ ဘောဘီသိသမျှ ပြောပြရရင်တော့ ခေါင်းဆေးကျွန်း၊ ပွန်ဇလိုင်ကျွန်း၊ သကြန်ကျွန်း၊ ပတ္တမြားကျွန်း၊ ကျီးကျွန်းလို့လည်း ခေါ်ကြတယ်။ တခြားနာမည်ဖြစ်စဉ်တွေကို လုံးစေ့ ပတ်စေ့မသိပေမဲ့ ဒီကျွန်းကို ကျီးကျွန်းလို့ခေါ်ကြတာကိုတော့ သိတယ်။

ညနေစောင်းတာနဲ့ မော်လမြိုင်တစ်မြို့လုံးက ကျီးငှက်တွေအုပ်စုဖွဲ့ ဒီကျွန်းကိုလာပြီး အိပ်တန်းတက်ကြတော့ မနက်အရုဏ်တက်အိပ်တန်းဆင်းချိန်ဆိုရင် ကျီးငှက်တွေ ထောင်ပေါင်းများစွာ ဖျံ့ဝဲပြီး ဆူညံနေတာပဲ။ ဒါကြောင့်လည်း ဒီကျွန်းကို ကျီးကျွန်းလို့ခေါ်ကြတာထင်ပါရဲ့''

ထိုစဉ် ကျွန်ုပ်တို့ စက်လှေကလေးမှာ မော်လမြိုင်တံတားကြီးအောက်မှ ဖြတ်ကျော်လာပြီး ခေါင်းဆေးကျွန်းအနီးသို့ ချဉ်းကပ်လာသည်။ ရေတက်လာချိန်ဖြစ်၍ စက်လှေဆရာက ကျွန်းအနီးရှိ ကျောက်





ဆောင်၊ ကျောက်ဆွယ်များကို ကျွမ်းကျင်စွာ ကွေ့ပတ်မောင်းနှင်လာသည်။ မကြာမီ ကျွန်ုပ်တို့စက်လှေကလေး ခေါင်းဆေးကျွန်း သမ္မန်ဆိပ်သို့ ဆိုက်ကပ်သည်။ စက်သမ္မန်သုံးလေးစီး ဆိုက်ကပ်ထားသော်လည်း လူမရှိပါ။ ဘုန်းကြီးကျောင်းပေါ်သို့ ရောက်နေကြဟန်တူပါသည်။

ကျွန်ုပ်တို့ စက်သမ္မန်ကပ်ပြီး ကမ်းပေါ်သို့ ပစ္စည်းများချရန်ပြင်ဆင်နေကြစဉ် ကျွန်းပေါ်မှ အသက် (၁၀) နှစ်ကျော်အရွယ် ကလေး (၅) ဦး ပြေးဆင်းလာကြပြီး ပစ္စည်းများကို ဝိုင်းချ၍ ကုန်းတော်ပေါ်သို့ သယ်ဆောင်ပေးကြသည်။ စကားလုံးဝမပြောပါ။

ဆရာတော်တာဝန်ပေးထားသော ကျောင်းသားကလေးများဖြစ်ဟန်တူပါသည်။ ကျွန်ုပ်သတိထားမိသော ထူးခြားချက်ကတော့ ကျောင်းသားကလေး (၅) ဦးဖြင့် ဆုံတွေ့စဉ် သူတို့ထံမှ ပိတ်ချင်းဖူးနံ့နေခြင်းဖြစ်သည်။ ညစ်ညစ်ပေပေထဲကတော့မဟုတ်။ သို့သော် သူတို့အဝတ်အစားကလေးများက နွမ်းပါးရှာသည်။

ထို့ကြောင့် ကျွန်ုပ်က အမေ့အား ...

''အမေ ... ကျောင်းသားကလေးတွေ အဝတ်အစား နွမ်းနေကြတယ်။ မနက်ဖြန် အလှူနေ့ကျရင် သစ်သစ်လွင်လွင်ဝတ်နိုင်အောင် စက်လှေသမားအပြန် အဝတ်အစား (၅) စုံလောက် မှာလိုက်ရင် ကောင်းမယ်ထင်တယ်''

''သားကြီးသဘောပဲကွယ်။ ငွေကြေးလည်း မုန့်ဖိုးပေးကြတာပေါ့''

''ဟုတ်ကဲ့ ... အမေ ကောင်းပါတယ်''

ထို့ကြောင့် ကျွန်ုပ်က စက်လှေသမားအား ကလေး(၅)ယောက်အတွက် ဝတ်စုံဝယ်ရန် ငွေထုတ်ပေးပြီး စက်လှေခကိုလည်း ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ မနက်ဖြန်မနက်ပိုင်း လာကြိုရန်လည်း ချိန်းဆိုလိုက်သည်။

ခေါင်းဆောင်ကျွန်း ကျောင်းပေါ်တက်တော့ ကျွန်ုပ်တို့ သယ်ဆောင်ရန်ပင် အလေးအပင်ပစ္စည်းမရှိတော့။ အဝတ်အစားနှင့် လက်ဆွဲအိတ်လောက်သာ ကျန်ရှိတော့သဖြင့် ကျွန်ုပ်တို့ ပေါ့ပါးစွာကုန်းပေါ်သို့ တက်ခဲ့ကြသည်။

ကိုရင်ကလေးတစ်ပါးက နေထိုင်ချက်ပြုတ်ရန် အဆောင်တစ်ဆောင်တွင် နေရာပေးပါသည်။ အကာအရံမရှိသော ဇရပ်တစ်ဆောင်ဖြစ်သော်လည်း ချက်ပြုတ်ရန် မီးဖိုချောင်ကတော့ ဇရပ်အနောက်ဘက်အနီးနိုင်းတွင် လုံခြုံစွာ ဆောက်လုပ်ထားပါသည်။ ကျောင်းသားကလေး (၅) ယောက်က မီးဖိုချောင်အတွင်း နေရာယူကြပြီး ထင်းခွဲကြသည်၊ ရေခပ်ကြသည်။ အိုးခွက်ပန်းကန်များအား တိုက်ချွတ်ဆေးကြောကြသည်။

ကျွန်ုပ်နှင့်အမေ ကျောင်းကြီးပေါ်တက်ပြီး ဆရာတော်အား ဖူးမြော်နှုတ်ဆက်သည်။ ဆရာတော်က လိုအပ်သည်မှန်သမျှ အစေကနေရာပေးသည့် ကိုရင်ကလေးနှင့် ပြောဆိုမှာကြားရန် မိန့်သည်။ ထို့အပြင် ညဉ့်မှန်းတည့် (၁၂) နာရီမထိုးမီ ပြွတ်ခဲစွာသီးနေသည့် ကျောင်းဝင်းအနောက်ဘက်ရှိ ဆီးဖြူပင်ကြီးအောက်သို့ လာရန်လည်း ထူးခြားစွာ မိန့်ကြားပြန်သေးသည်။

ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီး ကျွန်ုပ်နှင့် အမေ နေရာချထားပေးသော ဇရပ်သို့ပြန်ရောက်တော့ ဘောဘီနှင့် ကျောင်းသားကလေးက ကျွန်ုပ်တို့စားရန်အတွက် ညစာချက်ပြုတ်နေကြသည်။





ကျောင်းသားကလေး (၃)ဦးနှင့် မောင်သိုက်ကတော့ မနက်ဖြန်အရုဏ်ဆွမ်းအတွက် ဆွမ်းချက်ဖို့ စပါးလုံးရွေး၍ ဟင်းချက်ရန်ပစ္စည်းများကို လှီးချွတ်ပြင်ဆင်နေကြသည်။

ကျွန်ုပ်တို့ပြန်လာသည်ကို တွေ့သည်နှင့် မောင်သိုက်က ..

"မေမေ ... ကျောင်းသားကလေးတွေက အလွန်အားကိုးရတယ်။ ဘာချက်မယ်ပြောတာနဲ့ အကုန်လုပ်တတ်တယ်။ ကျွန်တော် ခုနှိုးပေးချင်တယ်"

"အေးလေ ... ပေးပေါ့သားရယ်။ သူတို့အတွက် မင်းအစ်ကိုကြီးကလည်း မနက်ဖြန်ဝတ်ဖို့ စက်လှေသမားနဲ့ ဝတ်စုံတွေမှာလိုက်ပြီ။ အစ်ကိုကြီးက ဝတ်စုံလှူ၊ ညီလေးက မုန့်ဖိုးပေး မကောင်းဘူးလားကွယ်"

"ကောင်းပါတယ် မေမေ"

ထိုညက ညဦးပိုင်း အလုပ်ရှုပ်သဖြင့် ညစာထမင်းကို ည (၉) နာရီခန့်မှ ဇရပ်ပေါ်တွင် ဝိုင်းဖွဲ့စားကြရသည်။ ကျောင်းသားကလေး (၅) ဦးအား ကျွန်ုပ်တို့နှင့်အတူ ထမင်းစားရန်ခေါ်သော်လည်း နောက်မှစားမည်ဟု ပြောပါသည်။ ကျွန်ုပ်တို့လေးဦးသာ ညစာအတူစားကြသည်။ ကျွန်ုပ်တို့စားသောက်ပြီးတော့ ပန်းကန်များအား ကျောင်းသားကလေး (၅) ဦးက ဆေးကြောရန် ယူသွားကြသည်။ ဘောဘီက အားနာ၍ လိုက်သွားသော်လည်း သူတို့က ဆေးကြောခွင့်မပေးဟု သိရပြန်သည်။

ကျွန်ုပ်တို့အဖွဲ့က အာရုံဆွမ်းအတွက် စိတ်ချရသည်နှင့် အချိန်ပြင်ဆင်နေကြစဉ် ဘောဘီက ဘာလိုသည်မသိ၊ မီးဖိုချောင်ဘက်ဝင်သွားရာမှ အလန့်တကြား ပြန်ထွက်လာသည်။ သူ့အသွင်မှာ ထိတ်လိတ်



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာဖြစ်နေသော်လည်း အကြောက်အလန့်ကြီး ထွက်ပြေးလာသည် တော့မဟုတ်။

"ဘောဘီ ... ဘာဖြစ်လို့လဲ"

ဟု အမေကမေးရာ ...

"အဲ ... ဘာရယ်လို့တော့မဟုတ်ဘူး ကြီးကြီးသန်း၊ ကျောင်းသားကလေးတွေ ထမင်းဝိုင်းစားနေကြတာ အလွန်ထူးဆန်းတယ်။ ပန်းကန်ကိုယ်စီနဲ့မဟုတ်ဘူး။ ဟင်းအိုးပုံးကြီးထဲမှာ ထမင်းတွေနဲ့ဟင်းတွေ ရောထည့်ပြီး ခေါ်စာပစ်သလို စားနေကြတာ။ အလွန်ထူးဆန်းတယ်"

"ဟဲ့ ... ဘောဘီရဲ့ ဘုန်းကြီးကျောင်းသားပဲ၊ ရှေးတုန်းကဒေါင်းလန်းကြီးနဲ့ မိသားစုထမင်းစားသလို 'လက်ရည်တစ်ပြင်တည်း' စားကြတာ ဖြစ်မှာပေါ့ဟဲ့။ အဲဒါ ကြောက်စရာလား။ ဘာထူးဆန်းလို့လဲ"

"အင်း ... အဲဒီလိုတွေးရင်လည်း မထူးဆန်းပါဘူး ကြီးကြီးသန်း။ ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ ထူးဆန်းတယ်ထင်ပြီး ကြောက်လန့်နေမိတာတော့ အမှန်ပဲလို့ ဝန်ခံပါတယ်။ မပြောပြတတ်ဘူး။ ထူးခြားဆန်းကြယ်မှုလို့ပဲ ကျွန်မထင်နေမိတယ်"

"စိတ်ကိုထိန်း၊ သတိနဲ့အသိကို မလွတ်ကင်းစေနဲ့ ဘောဘီရေ၊ ဒီနေရာက သမိုင်းဝင် တကယ့်နေရာ။ ကြီးကြီးတို့က လျှုဒါန်းပြီးကောင်းမှုပြုဖို့လာကြတာ။ ဘာအနှောင့်အယှက်မှ မဖြစ်နိုင်ဘူး။ တွေးမကြောက်နဲ့၊ ကြောက်ရင် မေတ္တာသာပို့ကွယ့်၊ ကြားလား"

"ဟုတ်ကဲ့ပါ ကြီးကြီး။ ကျွန်မ ဆင်ခြင်နိုင်ပါပြီ"

ထိုညက တစ်ညလုံးပြင်ဆင်နေကြရာ မအိပ်ကြရပါ။ ကျောင်းသားကလေးများကို အိပ်နိုင်းသော်လည်း သူတို့က မအိပ်ကြပါ။ ညသန်းခေါင်နီးတော့ ကျွန်တော်က အမေ့အား ဆရာတော်ခေါ်ထားခြင်းကိစ္စကို သတိပေးရသည်။





ထိုအချိန်တွင် ကျောင်းသားကလေးများက မီးဖိုချောင်အတွင်း၌ မအိပ်ကြသော်လည်း ဇရပ်ပေါ်တွင် ကိုသိုက်က အိပ်နေပြီ။ ဘောဘီက ငိုက်နေပြီဖြစ်သည်။ ထို့ကြောင့် ဘောဘီကိုပါအိပ်စေပြီး ညသန်းခေါင် (၁၂) နာရီထိုးခါနီးတွင် ကျွန်ုပ်နှင့် အမေတို့ ဆရာတော်မိန့်ကြားထားသည့် ကျောင်းဝင်းအနောက်ဘက်ရှိ ဆီးဖြူပင်ကြီးအောက်သို့ ရောက်သွားကြပါသည်။

ထူးဆန်းနေသည်က ဆီးဖြူပင်ကြီးအောက်ခြေ မြေတလင်းပေါ်တွင် ကန်တော့ပွဲများ ပြင်ဆင်ထားပြီး လူပရိသတ် (၅၀) ခန့်မျှ ထိုင်လျက်တွေ့ရခြင်းပင်။ ကျွန်ုပ်တို့ ဆရာတော်အား သွားရောက်လျှောက်စဉ်ကလည်း ကျောင်းပေါ်နှင့် ပတ်ဝန်းကျင်၌ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ မတွေ့ရှိခဲ့ရပါ။ ဤမျှများပြားသော လူများ ဘယ်ကရောက်လာသည်မသိပါ။

ကျွန်ုပ်တို့ ခင်းထားသော ဖျာတစ်ချပ်ပေါ်၌ နေရာယူ၍ ထိုင်လိုက်စဉ် ကျွန်ုပ်တို့ကျွန်းပေါ်သို့ ရောက်စကနေရာ ထိုင်ခင်းပေး၍ ကြိုဆိုသော ကိုရင်ကလေးရောက်လာပြီး အမေ့အား ခေါ်သည်။ ကျွန်ုပ်ကလည်း အမေတစ်ဦးတည်း မလွှတ်လိုသဖြင့် တွဲ၍လိုက်သွားရာ ကန်တော့ပွဲတွင်ထိုင်နေသည့် ပုဂ္ဂိုလ်တစ်ဦးရှေ့တွင် နေရာပေးသည်။

ကန်တော့ပွဲအခင်းအကျင်းနေရာမှာ ကျောင်းအနောက်ဘက်ဖြစ်၍ မီးရောင်မလင်းပါ။ ကြယ်ရောင်သာရှိသောညဖြစ်၍ ကန်တော့ပွဲမှ အမွှေးတိုင်များကလည်း အလင်းရောင်မပေးနိုင်ပါ။ ထို့ကြောင့် ဆရာသစ်တစ်ဦး၏ ရှေ့တည့်တည့်တွင် ထိုင်နေရသော်လည်း ဆရာ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဗိုးတိုးဝါးတားသာ မြင်နေရသည်။ ထူးဆန်းသည်ကတော့ လူ (၅၀) ခန့်ထိုင်နေကြသော်လည်း အသံမထွက်၊ အသက်ရှူသံပင် တစ်စွန်းမကြားရပါ။ ထိုစဉ် ဆရာတော်က …

"ဖေါ်သန်းသန်းနု … ဟုတ်ပါသလား။ ဘာမေးလိုပြောလိုတာလဲ။ ဘယ်သူနဲ့ ပြောချင်တာလဲ။ ကွယ်လွန်သွားတဲ့ တစ်ယောက်ယောက်နဲ့စကားပြောပြီး မေးလိုရာမေးမြန်းဖို့ ခွင့်ပြုတယ်"

"ကျွန်မရဲ့ ကွယ်လွန်သွားပြီးဖြစ်တဲ့ ခင်ပွန်းနဲ့ စကားပြောလို့ပါတယ်။ အမည်က ကိုလှသိန်း။ သောကြာသားပါ။ (၁၉ • ၂ • ၁၉၉၈) ခုနှစ်မှာ ကွယ်လွန်ပြီး ရန်ကုန်မြို့၊ ကြံတောသချိုင်းမှာ ဂူသွင်းမြှုပ်နှံခဲ့ပါတယ်"

"ဧပြီ … ခဏစောင့်။ ငြိမ်ငြိမ်သက်သက်ထိုင်နေ။ မကြာခင်ရောက်လာလိမ့်မယ်။ မေးလိုရာကို တိုရှင်းလိုရင်းမေး အချိန်မပေးနိုင်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

(၁၅) မိနစ်ခန့်အကြာတွင် ကျွန်ုပ်တို့၏အနောက်ဘက်မှာ ထိုင်နေရသော လူအုပ်အထဲက လူတစ်ဦးထရပ်ပြီး …

"အဟမ်း … အဟမ်း"

ဟု ချောင်းဟန့်သံကြားရသည်တွင် ဆရာက …

"သောကြာသား ကိုလှသိန်း … ရောက်လာပြီလား"

"ဟုတ်ပါတယ် ဆရာ"

"ဒါဆို ဒီကအစ်မကြီး မေးခွန်း (၃)ခု တိုရှင်းလိုရင်း မေးပါ"

"လေဒီ … ဘာမေးချင်လို့လဲ မေးလေ"





ဦးလှသိန်းအသံဟု အမေကပြောသည်။

"မင်္ဂလာဦးက ပတ္တမြားလက်စွပ် ဘယ်မှာထားခဲ့သလဲ"

"ရှိပါတယ်။ အိမ်ခန်းထဲက ကိုယ့်ရဲ့ သံသေတ္တာအောက်ဆုံးထပ် ရေနံရောင် ဘန်ကောက်လုံချည်ကြားထဲမှာပါ"

"ကျွန်မရဲ့စိန်ဆံထိုး အထားမှားတာလား။ အခိုးခံရတာလား ပြောပြပါ"

"မင်းစိန်ဆံထိုးပျောက်တာ သားကိုထင်နေတယ် မဟုတ်လား။ ဘာသာရေးလိုက်စားပြီး သည်းခံခွင့်လွှတ်စိတ်မွေးစမ်းပါ လေဒီရယ်။ မင်းစိန်ဆံထိုးကို သားမခိုးဘူး။ မင်းအိပ်နေတဲ့ခုတင် အခင်းပြားကြားထဲမှာ ဆောင်နဲ့ညပ်နေတာ။ အသေအချာရှာကြည့် တွေ့လိမ့်မယ်"

"ဒါနဲ့ ရှင်ရဲ့ နဝရတ်လက်စွပ်ကရော ဘယ်ရောက်သွားတာလဲ။ ဘယ်သူ့ကို ပေးလိုက်တာလဲ"

"ဘယ်သူ့မှ မပေးလိုက်ဘူး။ လူတွေအတွက် အန္တရာယ်ရှိလို့ ပြန်သိမ်းလာတာ။ နဝရတ်လက်စွပ်ဆိုတာ မြင့်မြတ်ပြီး အကျင့်သီလစင်ကြယ်သူနဲ့မှ တန်တာ။ ဒါကြောင့် ပြန်သိမ်းလာတာ မရှာနဲ့တော့"

"ကဲ … အစ်မကြီး၊ မေးခွန်း (၃) ခွန်းပြည့်သွားပြီ။ ပြန်လို့ရပြီ။ တခြားသူတွေကိစ္စထဲမှာလည်း ဝင်မပါနဲ့။ နားမထောင်နဲ့။ မနက်လည်း အရဏ်ဆွမ်းတော်ကပ်ဖို့ ချက်ရဦးမယ်။ ပြန်ပေတော့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင့်"

ထူးဆန်းသော အမေးအဖြေပွဲမှ ကျွန်ုပ်တို့သားအမိ ထူးဆန်းစွာပင် ရင့်နှုတ်ပိတ်၍ ပြန်ခဲ့ရပါသည်။ ဇရပ်ပြန်ရောက်တော့ ညမွန်းလွဲ နှစ်နာရီခန့်ရှိပြီဖြစ်၍ အားလုံးကိုနှိုးပြီး အရဏ်ဆွမ်းအမီ အလျင်



www.burmeseclassic.com

www.burmeseclassic.com



အမြန် ပြင်ဆင်ချက်ပြုတ်ရပါတော့သည်။

ကျောင်းသားကလေးများမှာ ဤညှ မအိပ်ဟုဆိုသော်လည်း အားချိန်ရသည်နှင့် ကလေးများပီပီ အတုံးအရုန်းအိပ်ကြရာ အသံဗလံများကြားမှ အိပ်ရာကန္နီးထ၍ ချက်ပြုတ်ကြသည်မှာ လွန်စွာကျွမ်းကျင်မြန်ဆန်လှသည်။ တကယ့် ဝါရင့်ဗိုလ်သူကြီးများကဲ့သို့ ကောင်းမွန်စွာ အချိန်မီ ချက်ပြုတ်နိုင်ကြပါသည်။

ကျွန်ုပ်တို့ ဇရပ်ပေါ်၌ ဆွမ်းပွဲပြင်ဆင်ပြီးစမှာပင် ကိုရင်ကလေး ရောက်လာသည်။

"ဒကာမကြီးတို့ . . . အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုရင်၊ အဆင်သင့်ဖြစ်ပါပြီ"

ကျွန်ုပ်တို့ ဆရာတော်ကြီးမှာကြားထားသည့်အတိုင်း ရဟန်းသံဃာ (၂၀) ပါး၊ စားပွဲ (၅) ဝိုင်း ပြင်ဆင်ထားပါသည်။ (၄)ပါး တစ်ဝိုင်းစာဖြစ်သည်။

ကိုရင်ကလေး ပြန်ကြွသွားပြီး မကြာမီ ဆရာတော်နှင့် သံဃာတော်များ ကြွလာသည်။ ဆရာတော်အမှူးပြုသည့် သံဃာတော်များအား အရက်ဆွမ်းကပ်သည်။ ဆွမ်းဘုန်းပေးပြီးနောက် အချိုပွဲဆက်ကပ်ပါသည်။

အလုံးစုံ ပြီးပြည့်စုံမှ လှူဒါန်းမှုအစုစုအတွက် ဆရာတော်ကြီးက ရေစက်ချအမျှပေးဝေပါသည်။ အမေက ကွယ်လွန်သူခင်ပွန်းဖြစ်သူ ဦးလှသိန်းအတွက်လည်း ဆရာတော်အား ထည့်သွင်းလျှောက်ထားသဖြင့် ဆရာတော်က အမည်များကိုခေါ်ကာ အမျှအတန်းဝေသည်။

ရေစက်ချ၍ အမျှဝေနေစဉ်အတွင်း ကျွန်ုပ်တို့အား ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးကြသော ကျောင်းသားကလေး(၅)ယောက်၏ သာဓု



ခေါ်ဆိုသံကလေးများမှာ ရှုးရှုကျယ်လောင်လှသည်။ ထို့ကြောင့် ဆရာတော်ပင် သတိပြုမိသွားဟန်ဖြင့် လှမ်းကြည့်ရှာသည်။

ကျွန်ုပ်တို့နှင့် စကားပြောတော့ အသံအလွန်တိုးရှုပြီး ခေါင်းငြိမ့်ခေါင်းခါ လုပ်သည်ကများသည်။ ယခု သာဓုခေါ်တော့ အသံများမှာ လွန်စွာကျယ်လောင်နေသဖြင့် ကျွန်ုပ်တို့ အံ့သြမိကြပါသည်။ တစ်ဦးမျက်နှာတစ်ဦး လှမ်းကြည့်မိကြသည်။ ရေစက်ချ၊ အမျှဝေပြီး ဆရာတော်နှင့် သံဃာတော်များ ကျောင်းပေါ်မှ ပြန်ကြွသွားတော့ မိုးပင်စင်စင်လင်းနေချေပြီ။ ကျွန်ုပ်တို့ လှူဒါန်းသည့်၊ ဘုရားဖူးများအား ကျွေးမွေးရန် ထမင်းစားပွဲဝိုင်း (၅) ဝိုင်း ပြန်လည်ပြင်ဆင်ပါသည်။

ကျောင်းဝေယျာဝစ္စ၊ ကပ္ပိယကြီးနှင့် တံမြက်စည်းလှည်းသော အဘိုးကြီးတစ်ဦးနှင့် ကျောင်းသားလေးနှစ်ဦးသာ လာရောက်စားသောက်ကြသည်။ ထို့ကြောင့် အမေက . . .

"ကပ္ပိယကြီးရှင် . . . ညကဧည့်သည်တွေ စောစောစီးစီး ပြန်သွားကြတာလား။ ကျွန်မတို့က ညကလူဧည့်သည် (၅၀)ခန့်အတွက်လည်း ပိုချက်ထားပါတယ်"

"ညကဧည့်သည်တွေက လူတွေမဟုတ်ဘူး ဒကာမကြီး။ ညတွင်းချင်း ပွဲပြီးတာနဲ့ ပြန်သွားကြတာ။ အင်း . . . အဲဒီဆရာကြီးတော့ လာမလားမသိဘူး။ လူ (၅၀) စာ ပိုချက်ထားတဲ့အတွက်လည်း မပူပါနဲ့ အလှူအစ်မရယ်။ ဒီနေ့ ဥပုသ်နေ့ဆိုတော့ မကြာခင် ဥပုသ်သည်တွေ ရောက်လာကြတော့မှာပါ။ လူမဟုတ်တဲ့ဟာတွေ ကျွေးတာထက် တရားဘာဝနာပွားများတဲ့ ဥပုသ်သည်တွေကိုကျွေးမွေးတာက ပိုတောင်ကုသိုလ်ရဦးမှာပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

မနက်လင်းသည်နှင့် ဥပုသ်သည်များ ကျွန်းပေါ်သို့ တမွဲမွဲ ရောက်လာကြသည်။ ရောက်လာသမျှ လူသားအားလုံးကိုလည်း ဆရာတော်က သီလပေးပြီးသည်နှင့် ကိုရင်ကလေးက ဇရပ်ပေါ်ခေါ်လာသဖြင့် နေ့လယ်စာထမင်းကို ကျွေးမွေးဒါနပြုနိုင်ပါသည်။

လူ (၅၀)မက ကျွေးမွေးရသော်လည်း ဘေဘီက အလျှံပယ် စီစဉ်ထားသဖြင့် လုံလောက်ရုံမက ပိုလျှံနေပါသေးသည်။ နေ့လယ် (၁၂) နာရီထိုးခါနီးတော့မှ ကျွေးမွေးပွဲအစီအစဉ်ရပ်သည်။ အားလုံးပြီးတော့မှ ကျွန်ုပ်တို့ နေ့လယ်စာစားရန် သတိရကြသည်။

ထိုစဉ် စက်လှေသမား ရောက်လာသည်။ စက်သမ္မန် စက်ပျက်နေသဖြင့် နောက်ကျကြောင်း တောင်းပန်ပြီး ကျွန်ုပ်တို့မှာကြားလိုက်သော ကျောင်းသားကလေးများအတွက် ဝတ်စုံ (၅) စုံကို ပေးသည်။ အလွန်တိကျသော စက်လှေသမားဖြစ်ပါသည်။



ကျောင်းသားကလေးများအတွက်ဟု ကျွန်ုပ်တို့က မှာလိုက်မိသဖြင့် စက်လှေဆရာက ကျောင်းဝတ်စုံအဖြူနှင့် လုံချည်အစိမ်းကို ဝယ်လာပေးခြင်းဖြစ်သည်။ ဝတ်စုံများကိုပေးတော့ ကျောင်းသားကလေးများမှာ အလွန်သဘောကျနေကြသည်။

လူရှင်းတော့မှ ကျွန်ုပ်တို့ နေ့လယ်စာစားကြတော့ ကျောင်းသားကလေး (၅)ဦးကိုလည်း အတူစားရန် ဖိတ်ခေါ်ပါသည်။ သို့သော် သူတို့က မဆာသေးဟု အကြောင်းပြကာ ပန်းကန်ခွက်ယောက်များကို ဆေးကြောသန့်ရှင်းနေကြသည်။ ယနေ့ နေ့ဆွမ်းဒကာမှာ အခြားပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သံဃာတော်များအား ထိုပုဂ္ဂိုလ်က နေ့ဆွမ်းကပ်သည်။ ကျွန်ုပ်တို့က လူပုဂ္ဂိုလ်များအား နေ့လယ်စာကျွေးနိုင်ရန် ဆရာတော်က ကိုရင်ကလေးမှ တစ်ဆင့်စီစဉ်ထားခြင်းဖြစ်သည်။

ထူးဆန်းပြန်သည်ကတော့ ကျွန်ုပ်တို့ကပ်သော အရုဏ်ဆွမ်းကို ကျွန်ုပ်တို့တည်းခိုသော ဇရပ်ပေါ်သို့ ဆရာတော်နှင့်တကွ သံဃာတော်များ လာရောက်ဘုဉ်းပေးခြင်းဖြစ်သော်လည်း နေ့ဆွမ်းကိုတော့ ကျောင်းကြီးပေါ်၌ သုံးဆောင်ကြသည်။ မည်သည့်နေရာတွင် ဆွမ်းချက်ရန် မည်သူတွေက ဆွမ်းကပ်ကြောင်းလည်း မသိရပါ။

ကျွန်ုပ်တို့အဖွဲ့မှာ တစ်ညလုံးမအိပ်ဘဲ ဆွမ်းချက်ခြင်း၊ ထူးဆန်းသော တမလွန်မှ သက်ဆိုင်သူနှင့် အမေးအဖြေလုပ်ရခြင်း၊ အရုဏ်ဆွမ်းကပ်ခြင်း ဦးပုသ်သည်များအား ထမင်းကျွေးမွေးရခြင်း စသည်တို့ကြောင့် ကျောင်းကြီးပေါ်သို့သွားပြီး ဥပုသ်တရားမနာနိုင်ပါ။ ဆရာတော်ကလည်း အခေါ်မလွှတ်ပါ။

စားသောက်ခြင်းကိစ္စပြီးပြတ်သဖြင့် ကျွန်ုပ်တို့ပစ္စည်းများအား စစ်ဆေးရန် ဆေးကြောသိမ်းဆည်းနေကြစဉ် ကိုရင်ကလေးရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာတော်ကြီးက အခေါ်လွှတ်ကြောင်း မိန့်သဖြင့် ကျွန်ုပ်၊ အမေ၊ မောင်သိုက်နှင့် ဘေဘီတို့ ဆရာတော်ကြီးအား နှုတ်ဆက်ကန်တော့ ဖူးမြော်ရန် တစ်ပါတည်း လိုက်သွားကြသည်။

ဇရပ်ပေါ်တွင် စက်လှေသမားကြီးနှင့် မီးဖိုချောင်တွင် အိုးခွက်ပန်းကန်များ ဆေးကြောနေသော ကျောင်းသားကလေး (၅) ဦးသာ ကျန်ခဲ့သည်။ ထို့ကြောင့် ဘေဘီက ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီးလျှင် ပြန်ကြမည်ဖြစ်သဖြင့် ထမင်းစားထားကြရန် ပို့သောထမင်းဟင်းများကိုလည်း ထုပ်ပိုးယူဆောင်သွားကြရန် မှာကြားထားခဲ့သည်။

လမ်းတွင် ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော်ရှေ့တွင် တစ်ပင်လုံးပွင့်ခဲသီးနေသော ဆီးဖြူပင်ကြီးကို မြင်ရသဖြင့် ညက ကျွန်ုပ်တို့ရောက်ခဲ့သော နေရာဖြစ်ကြောင်း အမှတ်ရသည်။ သို့သော်လည်း ကန်တော့ပွဲများ၊ ပရိသတ်နှင့် ဆရာကြီးကိုတော့ မမြင်မတွေ့ရတော့ပါ။ တွေ့လျှင်လည်း ညအမှောင်ဖြစ်၍ မှတ်မိသိရှိမည်မဟုတ်ပါ။ သို့သော် ဆရာကြီး၏အသံကိုတော့ မှတ်မိနေပါသေးသည်။

ဆီးဖြူပင်ကြီးကျော်တော့ သစ္စာမဏ္ဍိုင်စေတီတော်၊ ထောင့်လေးထောင့်တွင် ခက်ဖက်ဝေဖြာစွာ အုပ်မိုးနေသော တောင်လုံးကျော်ပင်ကြီးများကို တွေ့ရသည်။ ကျွန်ုပ်တို့အား လာခေါ်သော ကိုရင်ကလေး ရှင်းပြသည်မှာ …

"ဒီတောင်လုံးကျော်အပင်တွေက နံ့သာဖြူ၊ ကရမက်တို့လို နံ့သာပင်တွေပဲ။ အလွန်လည်း နတ်ကြီးတယ်။ ဆေးဖက်ဝင်တယ်။ ထူးဆန်းတာကတော့ တောင်လုံးကျော်အပင်ရဲ့အမြစ်ကို လက်နဲ့ (၁၅) မိနစ်လောက်ဆုပ်ထားခဲ့ရင် ဆံပြာနဲ့ ဘယ်လိုဆေးဆေး (၇) ရက်





တစ်ပတ်လောက်အထိ အမွှေးရနံ့ကမပြယ်ဘဲ စွဲမြဲနေတတ်တယ်။

အနံ့ အသက်မကောင်းတဲ့ အိပ်ခန်းထဲမှာ တောင်လုံးကျော်အမြစ်ကိုဆောင်ထားရင် တစ်ချိန်လုံး သင်းသင်းကလေး မွှေးနေတတ်တယ်။ နတ်ကြီးတဲ့ ဆေးပင်တွေဖြစ်လို့ အိမ်သာနဲ့ ရေချိုးခန်းတွေမှာတော့ မထားသင့်ဘူး။ မြင့်မြတ်တဲ့နေရာမှာပဲ ထားသင့်တယ်"

ကိုရင်ကလေးက ကျွန်ုပ်တို့အဖွဲ့အား ကျောင်းအနောက်ဘက်မှပတ်၍ ကျောင်းအရှေ့ဘက်သို့ ခေါ်သွားရာ ကျောင်းရှေ့အရောက်တွင် အပွင့်၊ အသီး၊ အရွက်၊ အကိုင်းနှင့် အမြစ်များပါမကျန် တစ်ပင်လုံး ကဖ္ဖိုပါရောင်နီမြန်းနေသော မာလကာသီးပင်နှစ်ပင်ကို ထူးဆန်းစွာ တွေ့ရပြန်သည်။ အရသာတော့ မည်သို့ရှိမည်မသိပါ။ အလွန်တော့ ထူးဆန်းစွာ လှပနေသည်။

ကျွန်ုပ်တို့ ကျောင်းပေါ်ရောက်ချိန်တွင် ဆရာတော်အား အဆင်သင့် ဖူးတွေ့ရသည်။ ဒါယကာ၊ ဒါယိကာမ (၅) ဦးခန့်လည်း ရှိနေပါသည်။ ဥပုသ်သည်များကတော့ နေ့လယ်နေ့ခင်းသင့်လျော်ရာ ကမ်းနားစောင်းသစ်ပင်များ အရိပ်အောက်တွင် သွားရောက်တရားကျင့်ကြံနေကြဟန်တူပါသည်။

ကျွန်ုပ်တို့ ဆရာတော်အား ဦးချကန်တော့ပြီးသည်နှင့် ဆရာတော်က …

"ဒကာ၊ ဒကာမကြီးတို့အားလုံး အဆင်ပြေကြတယ် မဟုတ်လား"

"အားလုံး အဆင်ပြေပါတယ် ဘုရား။ ဥပုသ်သည်(၅၀)ကျော်ကိုလည်း နေ့ဆွမ်းကျွေးနိုင်ပါတယ်။ မှန်းထားတာထက် ပိုများပေမဲ့ လုံလောက်ပါတယ်ဘုရား။ တပည့်တော်မတို့ မိသားစုချည်းသာဆိုမနိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး ဘုရား။ လုပ်အားပေး ကျောင်းသားကလေး (၅) ယောက်ကို ဆရာတော်က စီစဉ်ပေးထားလို့ အဆင်ပြေပါတယ်ဘုရား။

သူတို့က အပင်ပန်းခံနိုင်ရုံတင်မက အချက်အပြုတ်လည်း ကလေးအရွယ်တွေနဲ့ မလိုက်အောင် တော်ကြပါပေတယ်ဘုရား။ ဒါကြောင့် တပည့်တော်တို့လည်း သူတို့ (၅) ဦးကို ကျောင်းဝတ်စုံတစ်စုံစီ ဝယ်ပေးတဲ့အပြင် မုန့်ဖိုးလည်း လုံလောက်အောင် ပေးထားပါတယ် ဘုရား"

"ဘယ်က လုပ်အားပေး ကျောင်းသားကလေး (၅) ယောက်လဲ ဒကာမကြီးရဲ့၊ အဲဒီကျောင်းသားလေး (၅)ယောက်က ဒကာမကြီးတို့ခေါ်လာတာ မဟုတ်ဘူးလား။ ဘုန်းကြီးပေးတာ မဟုတ်ပါဘူး"

"တပည့်တော်မတို့ ခေါ်လာတာလည်း မဟုတ်ဘူးဘုရား။ တပည့်တော်မတို့စက်လှေ ဒီကျွန်းကိုဆိုက်ပြီး ပစ္စည်းတွေ လှေပေါ်က ချနေတုန်း ကလေး(၅)ယောက် ကျွန်းပေါ်က ပြေးဆင်းလာကြပြီး ကူညီကြတာပါ။ တပည့်တော်ကတော့ ဆရာတော်ကြီးတင် စီစဉ်ထားတာထင်လို့"

"အိမ်း ...အိမ်း ...အခုမှပဲ ရှင်းလင်းသွားတော့တာပေါ့။ ခေတ်ချ အမှုဝေတုန်းက ဘုန်းကြီးသတိထားမိလို့ ကြည့်နေတာ။ သူတို့ (၅) ဦး သာဓုခေါ်သံက စူးရှပြီး ကျယ်လောင်လွန်းလို့ ထူးခြားနေတယ်။ ဒါကြောင့် စိတ်ထဲမသက်သာတာနဲ့ ဒကာမကြီးကို အခုလိုရှင်းလင်းသွားအောင် ခေါ်မေးရတာပါ"

"တင်ပါ့ဘုရား။ ထမင်းကျွေးတော့လည်း တပည့်တော်တို့နဲ့ အတူတူ ပန်းကန်နဲ့မစားဘူး။ ဟင်းအိုးစလောင်းဖုံးကြီးထဲ ထမင်းဟင်းတွေရောနယ်ပြီး သူတို့ (၅)ယောက် မရှုမရှာ အတူစားကြပါတယ်ဘုရား။





သူတို့ ဘယ်ကရောက်လာတာလဲ ဘုရား။ တပည့်တော်မတို့ ကြောက်တောင်လာပါတယ်"

"ဒီကျွန်းက ဂမ္ဘီရကျွန်းပဲ ...ဒကာမကြီးရဲ့။ ဆေးပင်ဝါးပင်တွေ အလိုအလျောက်ပေါက်တယ်။ မော်လမြိုင်ဘက်က လူ့ဒါနမည့်သူတွေမရှိခဲ့ရင် အလှူရှင်က အလိုလိုပေါ်လာတယ်။ ဘုန်းကြီးတို့ ဒီကျွန်းပေါ်မှာ သီတင်းသုံးလာတာ နှစ်အတော်ကြာပါပြီ။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို ကျောင်းမှာ ချက်ပြုတ်စားရတယ်လို့ကို မရှိသလောက်ပါပဲ။ အလှူရှင်က အမြဲတမ်းရှိတယ်"

"ဒကာမကြီး ...ခု ကလေး (၅) ယောက် ရှိသေးလား။ ဘုန်းကြီး သူတို့လေးတွေကို တွေ့ချင်တယ်"

"ဖရပ်မှာ ရှိနေခဲ့ပါတယ်ဘုရား။ တပည့်တော်မတို့ကို ဆရာတော်က ခေါ်လွှတ်တော့ ဖရပ်မှာ အိုးခွက်တွေဆေးကြောပြီး ပိုင်းဝန်းသိမ်းဆည်းနေပါတယ် ဘုရား"

ဆရာတော်ဦးဆောင်ကာ ကျွန်ုပ်တို့ကျောင်းပေါ်မှ ဆင်းလာခဲ့ကြသည်။ ဇရပ်ပေါ်ရောက်တော့ စက်လှေဆရာက ငိုက်မြည်းနေသည်။ အမေက စက်လှေဆရာကို နှိုးပြီး ...

"စက်ဆရာ ...ဟိုကလေး (၅)ယောက်ကို မြင်မိသေးလား။ ခု ဘယ်များသွားကြသလဲ"

"ရှိပါ့ ...အခေါ်ရယ်။ ခုကလေးတင် စလောင်းဖုံးကြီး ပက်လက်လှန်ပြီး ဟင်းတွေထည့် ထမင်းတွေထည့်ပြီး အားရပါးရ စားနေလိုက်ကြတာ မြိန်စရာကြီး။ ရှေးမြန်မာထုံးစံ လက်ရေတစ်ပြင်တည်း ခေါင်းလန်းကြီးနဲ့ စားကြတာဆိုတော့ ရှေးခေတ်ကို တမ်းတမိပါတယ်။ ဘုရား၊ တရား၊ သံဃာနဲ့နီးတဲ့ ဘုန်းကြီးကျောင်းက ကျောင်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့ ရှေးမြန်မာဆန်ကြတာ ထင်ပါတယ်''

ကျွန်ုပ်တို့ ကျောင်းသားကလေး (၅) ယောက်အား နေရာအနှံ့ ရှာကြည့်ကြပါသည်။ ရေပ်ပေါ်၌လည်း မရှိပါ။ ပီးဖိုချောင်ထဲနှင့် ရေဆိပ်၌လည်း မရှိပါ။ သို့သော် ကျွန်ုပ်တို့ ဆရာတော်ခေါ်သွားစဉ်က မြွတ်စပျင်းတောင်း ပြန့်ကျဲနေသော အိုးခွက်ပန်းကန်များနှင့် ပစ္စည်းတိုလီမိုလီတို့မှာ ဆေးကြောသုတ်သင်ပြီး အရန်သင့် နေရာချထားပါသည်။ ကျွန်ုပ်တို့ယူဆောင်လာသော အသုံးအဆောင်ပစ္စည်းများနှင့် လွယ်အိတ်၊ ဆွဲအိတ်များ၊ ငွေကြေးများ၊ တစ်စုံတစ်ခုမှမပျောက်ပါ။

ထို့အပြင် မောင်သိုက် ကျောင်းသားကလေး (၅)ယောက်အားမုန့်ဖိုးပေးထားသော ငါးရာကျပ်တန် ငွေစက္ကူ (၅) ရွက်မှာ အသီးအရွက်လိုးချွတ်သော စားပွဲပေါ်၌ ခဲကလေးဖြင့် ဖိ၍တင်ထားသည်။ တစ်ရွက်မှမလျော့ပါ။ သူတို့အတွက် ကျွန်ုပ်ဝယ်ပေးထားသော ကျောင်းဝိမ်းအင်္ကျီ၊ လုံချည် (၅)စုံကတော့ အစရှာ၍ပင် မတွေ့ရတော့။

ကျွန်ုပ်၊ စက်လှေဆရာမျက်နှာအား လှမ်းကြည့်လိုက်မိသည်။ စက်လှေဆရာမှာ မျက်နှာပျက်နေရှာသည်။

''ကျွန်တော်လည်း နေ့လယ်စာစားပြီး တစ်ယောက်တည်းကျိန်ခဲ့လို့ ခေတ္တငိုက်သွားမိပါတယ်။ ကလေးတွေ ပြေးကြပြီထင်တယ်။ ဘာပစ္စည်းများ ပါသွားပါသလဲ။ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ပေးတဲ့အပြစ်ကို ခံပါ့မယ်''

စက်လှေဆရာက လူဆိုးကလေးတွေအနေဖြင့် အထင်မှားနေခြင်းဖြစ်သည်။ ထိုစဉ် ဆရာတော်က မိန့်သည်မှာ ...

''တော်တော်ထူးဆန်းတဲ့ အဖြစ်အပျက်ပါပဲ။ ဒီကျွန်းပေါ်မှာ ကျွဲရဆန်းတဲ့အဖြစ်အပျက် မျိုးစုံဖြစ်ပျက်ဖူးခဲ့ပေမဲ့ အခုလိုအဖြစ်အပျက်





မျိုး မကြုံဖူးခဲ့သေးဘူး။ ပရလောကသားလေးတွေ ထင်ပါရဲ့။ သူတို့လည်း ကုသိုလ်လိုချင်လို့ ကိုယ်တိုင်ဝင်လုပ်ခဲ့ကြဟန်ပဲ။ သာဓုအကျယ်ကြီးခေါ်တယ်လေ။ ဒကာမကြီးတို့ သတိပြုမိကြမှာပါ။ ဒကာမကြီးတို့နဲ့ ပဋ္ဌာန်းဆက်ဆွေမျိုးတွေနေမှာပါ။ ဒကာမကြီးတို့ ပေးဝေတဲ့ အမျှကုသိုလ်ကိုရလို့ ပြန်သွားကြတာ ဖြစ်မှာပေါ့။

ကဲ ... ကဲ ... ပြန်ကြပေရော့။ ပစ္စည်းတွေကို ကိုရင်လေးတို့အဖွဲ့ လာသိမ်းလိမ့်မယ်။ လှေဆိပ်အဆင်းလည်း လာကူညီပါလိမ့်မယ်။ အင်မတန်ထူးခြားတဲ့ အလှူလို့ပဲ မှတ်လိုက်ပေါ့ ... ဒကာမကြီးရယ်။ သာဓု ... သာဓု ... သာဓု ...''

ထိုအခါမှ သဘောပေါက်သွားဟန်တူသော စက်လှေဆရာကြီးက လွန်စွာအံ့ဩသောမျက်နှာဖြင့် ...

''ခင်ဗျာ ... အဲဒါဆိုရင် ကျောင်းသားကလေး (၅)ယောက်က ပရလောကသားလေးတွေပေါ့နော်။ အလွန်အံ့ဩစရာကောင်းလှချည်သား။ အလုပ်ကလည်း အလွန်လုပ်တယ်နော်။ ကျွန်တော်ဖြင့် မယုံကြည်နိုင်လောက်အောင် အံ့ဩမိပါတယ်ခင်ဗျာ''

ကျွန်ုပ်တို့ ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီး လှေဆိပ်ဆင်း၍ မော်လမြိုင်သို့ ပြန်ခဲ့ကြသည်။ လှေပေါ်တွင် ထိုအဖြစ်အပျက်များက ပြော၍မကုန်ပါ။ တစ်ဦးအမြင်နှင့် တစ်ဦး ပြောကြဆိုကြသည်မှာ မဆုံးနိုင်တော့။ အခုမှ ညကအဖြစ်အပျက်များကိုတွေးပြီး ဘောဘီက ကြောက်နေပြန်သည်။ ဆရာတော်မိန့်သလို ကျွန်ုပ်တို့နှင့် ပဋ္ဌာန်းဆက်ဖြစ်သဖြင့် ထူးထူးခြားခြားကြုံခဲ့ကြရခြင်း ဖြစ်ပါလိမ့်မည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

❑

မော်လမြိုင်ဘက်ကမ်းရောက်၍ စက်လှေခရှင်းရန်အတွက် ကျွန်ုပ်အိတ်ကပ်အတွင်း လက်နှိုက်လိုက်စဉ် ပိုက်ဆံများကြားထဲ၌ ညှပ်နေသောပိတ်ချင်းဖူး ဝါဝါလေးနှစ်ဖူးပါလာသည်။ နေရှိန်ကြောင့် ခြောက်သွေ့နေပြီဖြစ်သော်လည်း ပုရှိန်းရှိန်းဆေးနံ့ကလေးက မပျယ်လွင့်သေးပါ။ ထိုအခါမှ ကျွန်ုပ်သတိရမိသည်။ ဒေါင်းဇရပ်ကျောင်းတွင် နေ့လယ်စာစားကြစဉ် ဦးပဍ္ဍင်း (ဗိုလ်မှူးခင်ဦး) ပြောကြားခဲ့သော စကားများ ဖြစ်ကြသည်။

"စောစောက ဆရာတော်ရှပ်ကလာပ်ကို ဖူးမြော်နေတုန်းက ရခဲ့တဲ့အနံ့ဟာ ပိတ်ချင်းဖူးရနံ့ပဲ။ အဲဒီအပင်က ပွင့်ခဲ၊ ဖူးခဲတယ်။ အရွက်ကလည်း ဆေးဝါးအသုံးတည့်တယ်။ အဖူးကိုဆောင်ထားရင် ပရလောကသားတွေ ချစ်ခင်ပြီး အန္တရာယ်မပေးတဲ့အပြင် ကူညီတတ်ပါတယ်"

ဟူသော မိန့်ကြားချက်ဖြစ်သည်။ ဆရာတော်မိန့်ကြားခဲ့သလို ကျွန်ုပ်နှင့်အမေက ပိတ်ချင်းဖူးကလေးများဆောင်ထားခဲ့ကြသဖြင့် ပရ





လောကသားကလေးများ ချစ်ခင်၍ ကူညီခဲ့ကြခြင်းလော။ နောက်တစ်ခုက ကျွန်ုပ်က ကျောင်းသားကလေး (၅) ယောက်အား ကျောင်းဝတ်စုံ (၅) စုံဝယ်ပေးသည်။

တကယ် ကျောင်းသားကလေးများ မဟုတ်ကြသော်လည်း ကျွန်ုပ်၏လက်ဆောင်ကို လက်ခံယူဆောင်သွားကြသည်။ မောင်သိုက်ပေးသော မုန့်ဖိုးငွေ (၅၀၀) ကျပ်စီကိုတော့ ယူဆောင်မသွားဘဲ တမင်ပြန်လည်ထားခဲ့ခြင်းက ထူးဆန်းအံ့ဩဖွယ်ရာ အလွန်ကောင်းနေပါသည်။

ကျွန်ုပ် အမေ့ကို ပိတ်ချင်းဖူးအခြောက်ကလေး နှစ်ဖူးအား ပြလိုက်တော့ အမေက သူ့ပိုက်ဆံအိတ်ထဲမှ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ပိတ်ချင်းဖူးအခြောက်ကလေးအား ပြန်လည်ပြပါသည်။

"သားကြီး ...ဘယ်နှယ့်လဲ။ ယုံတာမယုံတာ အပထား ဘိုက်ဆိုင်မှုမဟုတ်နိုင်တာတော့ သေချာတယ်။ ဦးပဍ္ဍင်း ဗိုလ်မှူးပြောခဲ့တာ အမှန်ပဲလို့ အမေတော့ ယူဆတယ်"

"ဟုတ်ပါ့ အမေရယ်"

"ပိတ်ချင်းဖူးကို ဆောင်ထားရင် ပရလောကသားက အနှောင့်အယှက်မပေးတဲ့အပြင် ချစ်ခင်တယ်ဆိုတာ လက်တွေ့သဘောပေါ့ ... အမေရယ်နော်"

"ဟုတ်ပါ့ သားကြီးရယ်"

ကျွန်ုပ်တို့ မော်လမြိုင်ပြန်ရောက်တော့ ခေတ္တနားကြပြီး ညနေပိုင်းတွင် မော်လမြိုင်အကျဉ်းထောင်သို့ ခေတ္တသွားလည်ကြပါသည်။ အကျဉ်းထောင်တာဝန်ခံမှာ ကျွန်ုပ်၏အပတ်စဉ်တူ သူငယ်ချင်း ဦးမိုးကျော်အောင် ဖြစ်ပေသည်။



www.burmeseclassic.com

ကျွန်ုပ်တို့ ထောင်ပိုင်အိမ်ပေါ်ရောက်တော့ ထောင်ပိုင်ဦးမိုးကြိုးအောင်မရှိပါ။ ထောင်စိုက်ခင်းသွားနေကြောင်း သိရသဖြင့် စောင့်နေရစဉ် ထောင်ပိုင်ကတော်မှ ကျွန်ုပ်တို့အား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံပါသည်။ နာရီဝက်ခန့်ကြာမှ ဦးမိုးကြိုးအောင် ပြန်ရောက်လာပါသည်။

"ဟာ ... သူငယ်ချင်း ကိုသိန်းဝင်းကြီး။ အလည်လာတာလား။ ညစာစားပြီးမှ ပြန်ကွာ။ ဘယ်မှာတည်းတာလဲ။ ကိုယ်တို့ထောင်မှာလည်း ဧည့်ဂေဟာရှိပါတယ်။ တည်းလို့ရပါတယ်။ အကျွေးအမွေးလည်း ကိုယ်က စီစဉ်ပေးမှာပါ။ ဘာမှပူစရာမရှိပါဘူး"

"ကောင်းတယ်။ ကိုယ်လည်း လိုက်ခဲ့မယ်။ ပြီးရင် ကိုယ်က ကိုသိန်းဝင်းနဲ့ အမေတို့အဖွဲ့ကို စားသောက်ဆိုင်တစ်ခုမှာ ညစာကျွေးမယ်။ မော်လမြိုင်ရောက်တော့ ကိုယ်လည်း မမိုက်တော့ပါဘူး။ အရက်တောင် ဖြတ်ပစ်လိုက်ပါပြီ"

"သာဓုပါ ... သူငယ်ချင်း ... သာဓုပါ။ မိုးကြိုးအောင်ဆိုတာ ငယ်နစဉ်ကာလကတော့ ရောက်တဲ့နေရာတိုင်း မိုးကြိုးပစ်တာပါပဲ။ အခုကော ဘာပြဿနာဖြစ်သေးသလဲ သူငယ်ချင်း"

"ဟဲ ... ဟဲ ... အခုတော့ အသက်တွေ ကြီးလာကြပြီ ပင်စင်ကလေး မစားရမှာစိုးလို့ စိတ်တွေလျှော့ထားပါတယ် သူငယ်ချင်း။ မိုးကြိုးလည်း မပစ်နိုင်တော့ပါဘူး"

အမေဒေါ်သန်းသန်းနုက ထောင်ပိုင်ကြီးအိမ်ပေါ်မှ ထောင်ဘက်သို့ လှမ်းကြည့်ရင်း ...

"ထောင်ပိုင်ကြီး ... ဒီထောင်ကလည်း အင်္ဂလိပ်တွေ မြန်မာပြည်ကိုသိမ်းပြီးစ ဆောက်တဲ့အထဲမှာ ပါတယ်ထင်ပါရဲ့နော်"

"ဟုတ်ပါတယ် အမေ။ အင်္ဂလိပ်တွေ မြန်မာပြည်ကို (၁၈၂၄





ခုနှစ်က ရှင်မဖြူကျွန်းအရေးအခင်း ဖန်တီးပြီး မြန်မာပြည်အောက်ပိုင်းဖြစ်တဲ့ တနင်္သာရီတိုင်း (မော်လမြိုင်ဒေသ) ရခိုင်တိုင်းနဲ့ ရခိုင်ဒေသကို သိမ်းယူခဲ့ပြီး ရုံးထိုင်ခဲ့ပါတယ်။

တော်လှန်ရေးသမားတွေကို ဖမ်းဆီးချုပ်နှောင်ရန်အတွက် (LORD AMHERST) ဆိုတဲ့ အင်္ဂလိပ်ဗိုလ်မှူးက ကျိုက္ခမီမြို့မှာ ယာယီအကျဉ်းထောင်ငယ်တစ်ခုကို ဆောက်လုပ်အသုံးပြုခဲ့တယ်။ ၁၈၃၂ ခုနှစ်မှာ ခံတပ်တစ်ခုဆောက်လုပ်ပြီး နောက်ပိုင်းမှာ အဲဒီခံတပ်ကို တိုးချဲ့ဆောက်လုပ်ပြီး မော်လမြိုင်အကျဉ်းထောင်ဆိုတာ ဖြစ်လာတာ။

မော်လမြိုင်အကျဉ်းထောင်ပုံစံဟာ လေးထောင့်စပ်စပ်ပုံစံဖြစ်ပါတယ်။ ထောင်အရှေ့ဘက်မှာတော့ ထောင်တာဝန်ခံအိမ်နဲ့ အရာရှိအိမ်တွေရှိကြပြီး ဝန်ထမ်းအိမ်တွေက လက်ဝဲလက်ယာ ဘေးနှစ်ဖက်မှာ ရှိတယ်။ အရင်က မော်လမြိုင်ထောင်ဟာ မြို့လယ်ခေါင်နဲ့ အလှမ်းဝေးပေမဲ့ အခုတော့ ကျိုက်သန်လန်ဘုရားခြေရင်းမှာရှိတဲ့ မော်လမြိုင်ထောင်ဟာ မြို့လယ်ခေါင်တောင် ဖြစ်နေပါပြီ"

"ကဲ ... ကိုမိုးရေ ကျွန်တော်က မော်လမြိုင်ထောင်ကို နှစ်ခေါက်၊ သုံးခေါက်လောက် ရောက်ဖူးပေမဲ့ မော်လမြိုင်ထောင် တည်နေရာနဲ့ ဖွဲ့စည်းပုံကို မသိပါဘူး။ အခုပဲ တစ်လက်စတည်း ကြုံတုန်းကလေး ပြောပြပါဦးဗျာ"

"အထဲက ဖွဲ့စည်းပုံကို ပြောတာထင်ပါရဲ့။ မော်လမြိုင်ထောင်ပုံစံဟာခံတပ်ကနေ အကျဉ်းထောင်ပုံစံပြောင်းထားတာမို့ သိပ်တော့ စနစ်ကျလှမကျပါဘူး။ ခံတပ်ဟောင်းကို နောက်တိုးဆောက်ထားတဲ့ သဘောပဲ။ ကျိုက်သန်လန် ဘုရားကုန်းတော်ပေါ်က ကြည့်ရင် ထောင်ထဲကို အကုန်မြင်နိုင်တယ်။

www.burmeseclassic.com



ထောင်ဆိုတာ လျှို့ဝှက်အဖွဲ့အစည်းဖြစ်ရမှာ။ အခုတော့ (OPEN SECRET) ဖြစ်နေပါပြီ။ ထောင်ဘူးဝကြီးကနေ အထဲကိုဝင်ရင် လက်ယာဘက်မှာ မီးစက်ရုံနဲ့ ထောင်ဆေးရုံ။ အချုပ်ဆေးရုံတွေရှိပြီး လက်ဝဲဘက်မှာ မိန်းမထောင်နဲ့ ရိက္ခာကိုဒေါင်၊ ထမင်းချက်ဖိုကြီးနဲ့ ကြိုးတိုက်ခန်းတွေနဲ့ ကြိုးစင်ရှိတယ်။

ထောင်ဘူးဝကနေ အတွင်းဝင်ရင် ထောင်အလယ်ခေါင်မှာ (MAIN JAIL) ရှိတယ်။ ဝင်းခတ်ထားတဲ့အတွင်း လက်ယာဘက်မှာ အိပ်ဆောင် အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅) တို့ရှိပြီး လက်ဝဲဘက်မှာ သီးခြားတိုက် (၁) နဲ့ သီးခြားတိုက် (၂) တို့ ရှိကြပါတယ်။

မော်လမြိုင်အကျဉ်းထောင်ဟာ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဇက်တန်းရပ်ကွက်မှာရှိပြီး မြေစာရင်းမှတ်တမ်းတွေအရ ဦးပိုင်အမှတ် ၃/ စီ၊ အကွက်ကြီးအမှတ် (၄၂) ပေါ်မှာ တည်ရှိပါတယ်။

နယ်နိမိတ်အနေနဲ့ကတော့ မြောက်ဘက်မှာ မဟာမြတ်မုနိဘုရားနဲ့ ဒေါ်ပန်းရပ်ကွက်တည်ရှိပြီး အရှေ့ဘက်မှာ နာဂဝံသတောင်တန်းနဲ့ ကျိုက်သန်လန်ဘုရားလမ်း တည်ရှိပါတယ်။ ထောင်ပိုင်မြေဧရိယာဟာ (၃၄ ․ ၃၉၆)ဧကရှိပြီး ထောင်တွင်းဧရိယာဟာ (၁၄ ․ ၁၈၁) ဧက ရှိပါတယ်''

''ကိုမိုးက အတိုင်းအထွာ၊ အကျယ်အဝန်းတွေကိုတောင် အလွတ်ရနေတော့တာပဲနော်''

''သူငယ်ချင်းရေ . . . အရင်ခေတ်လို မဟုတ်ဘူး။ အခုခေတ်က ထောင်ဆိုတာ လူတွေရှောင်တဲ့အရာ မဟုတ်တော့ဘူး။ ဒါကြောင့် လူကြီးတွေ မကြာခဏ လာစစ်ဆေးတယ်။ ဒါကြောင့် ကိုယ်တို့ကလည်း နှုတ်တိုက် အာဂုံဆောင်ထားရတယ်။





အရင် ကိုယ်တို့ဆရာကြီးတွေ ခေတ်တုန်းကတော့ ထောင်ပိုင်ကြီးဖြစ်တာနဲ့ ဘဝအေးချမ်းသွားပြီ။ သူ့အောက်မှာ ဒုတိယထောင်ပိုင်နဲ့ ထောင်မှူးကြီးတို့ရှိတယ်လေ။ သူတို့မဆုံးဖြတ်နိုင်ပါမှ ထောင်ပိုင်က ဝင်ပါရတာ။

အခုတော့ သူငယ်ချင်းရေ့ . . . ဌာနဆိုင်ရာက ဖုန်းလာရင်တောင် ထောင်ပိုင်ကြီးပဲ ဦးတပ်တော့တာက အောက်လက်နဲ့ မပြီးတော့ဘူး။ အဲဒီကတောင် သူငယ်ချင်းတို့စောင့်နေရတာ အားနာပါတယ်။

အောက်လက်ဝန်ထမ်းတွေအတွက် လစဉ်လစာငွေအပြင် ထောက်ပံ့ကြေး (၅၀၀၀)ကျပ်ကနေ (၁၀၀၀၀) အထိ တစ်ဦးကို အပိုပေးနိုင်ဖို့အတွက် မြို့ပြင်မှာ လယ်နဲ့စိုက်ပျိုးခင်း လုပ်ထားရပါတယ်။ အဲဒါကို သွားကြည့်ရတာ။ နေ့စဉ်တာဝန်ပေါ့ သူငယ်ချင်း။ နွေ၊ မိုး၊ ဆောင်းမကျန် သွားရတယ်။

သူငယ်ချင်းတို့လို အလုပ်က စောစောထွက်သွားပြီး စာရေးဆရာလုပ်နေတာ အကောင်းဆုံးပဲ။ ဆရာအခေါ်ခံပြီး ထုတ်ဝေသူက မ,နေရတာ ကိုယ်ကတော့ ပင်စင်ယူဖို့ (၂)နှစ်ပဲလိုတော့တာမို့ အောင့်အည်းသည်းခံပြီး ဆက်လုပ်ရဦးမှာပဲ။ ဘယ်နေ့ပြဿနာဖြစ်ပြီး အရေးယူခံရမလဲ၊ ပြုတ်မလဲတော့မသိဘူး သူငယ်ချင်းရေ့''

အညာသားပီပီ ပွင့်ပွင့်လင်းလင်းတဲ့တိုး ပြောတတ်သော ကိုမိုးကြိုးအောင်မှာ ရောက်လေရာတွင် လူကြီးများဖြင့် အဆင်မပြေသဖြင့် ပြဿနာဖြစ်ပေါင်းလည်း များပြီဖြစ်သည်။ ထို့ကြောင့်လည်း ကိုမိုးကြိုးအောင်ရောက်လေရာဒေသတွင် မိုးကြိုးပစ်သည်ဟု ဆိုစမှတ်ပြုကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု မော်လမြိုင်ထောင်ရောက်မှ သူကိုယ်တိုင် ထောင်ပိုင်အကြီးဆုံးဖြစ်၍လည်းကောင်း၊ အသက်အရွယ်လည်း ရလာပြီဖြစ်၍လည်းကောင်း၊ ထိန်းထိန်းသိမ်းသိမ်းဖြင့် ငြိမ်သက်သွားဟန်တူပါသည်။

''ကဲ . . . သူငယ်ချင်းတို့ ဘုရားဖူးကြမယ်ဆို သွားကြရအောင်။ မိန်းမရေ . . . ညစာကို ကိုယ်တို့ အပြင်မှာစားမယ်။ စောင့်မနေနဲ့နော်''

ကျွန်ုပ်တို့ SUPER SALOON ကားကလေးဖြင့် ထွက်ခဲ့ကြပါသည်။ ထောင်အနောက်ဘက်ကျိုက်သန်လန်ဘုရားပေါ်သို့ တက်ခဲ့ကြပါသည်။ ဘုရားလမ်းပေါ်မှ ကြည့်သော် မော်လမြိုင်ထောင်အား အတွင်းအပြင် အပေါ်စီးမှ မြင်နေရပါသည်။ ထောင်ဆိုသည်မှာ လျှို့ဝှက်အပ်သောနေရာဖြစ်သော်လည်း မော်လမြိုင်ထောင်မှာ လျှို့ဝှက်သောနေရာ မဟုတ်တော့ပါ။

ကျွန်ုပ်တို့ ကျိုက်သန်လန်ဘုရားအား ဖူးကြသည်။ ပန်း၊ ရေချမ်း၊ အမွှေးတိုင်များဖြင့် ပူဇော်ကြသည်။ အလှူငွေများ ထည့်ကြသည်။ လက်ယာရစ်ပူဇော်၍ မြောက်ဘက်မုခ်အရောက်တွင် ဘုရားဂေါပကလူကြီးတစ်ဦးနှင့်တွေ့ရာ ကျွန်ုပ်တို့အား ရန်ကုန်မှဧည့်သည်များဟုသိသည်နှင့် သူကပင် မင်းတုန်းမင်းတရားကြီးနှင့် စိန်တုံးမိဖုရားတို့လှူဒါန်းထားသော ရွှေးဟောင်းကျောင်းကြီးတို့ရှိကြောင်း၊ နှစ်ပေါင်း (၂၀၀) ကျော်ပြီဖြစ်ကြောင်း၊ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသည့် စွယ်တော်နှင့် ရှေးဟောင်းရွှေပလ္လင်၊ မင်းတုန်းမင်းနှင့် မိဖုရားတို့ လှူဒါန်းထားသည့် ရှေးဟောင်းရွှေစာတိုက် လက်ရာမြောက်စွာ ဆုလုပ်ထားသည်။

ရွှေကျောင်းကြီးမှ စုလစ်မွမ်းချွန်း၊ တိုင်ဖုံးနှင့် ပန်းကနုတ်





များ၊ တံကဲများ၊ ပန်းပုလက်ရာများအား တွေ့ရမည်ဆို၍ ကျွန်ုပ်တို့ မြောက်ဘက်မုခ်မှ အောက်သို့ ခြေလျင်လျှောက်၍ ဆင်းခဲ့ကြပါသည်။ ရွှေကျောင်းကြီးသို့ရောက်သော် ဘုရားဂေါပကလူကြီးက ကျွန်ုပ်တို့အဖွဲ့အား ကျောင်းထိုင်ဆရာတော်ဖြင့် မိတ်ဆက်ပေးပါသည်။

ကျွန်ုပ်တို့အဖွဲ့ ဆရာတော်အား ဝတ္ထုငွေများဖြင့် ကန်တော့ပါသည်။ ဆရာတော်မှာ သက်တော် (၈၀) ခန့်ရှိပါပြီ။ ဝါတော်လည်း အတော်ကြီးပုံရပါသည်။ ကျွန်ုပ်တို့အား ရွှေကျောင်းကြီး၏သမိုင်းကို ရှင်းလင်းပြောပြပြီး သမိုင်းဝင် ရှေးဟောင်းပစ္စည်းများအကြောင်းကို ရှင်းလင်းပြနိုင်သော ဦးပဉ္ဇင်းတစ်ပါးကို ထည့်ပေးပါသည်။

(GUIDE) လုပ်သော ဦးပဉ္ဇင်းခေါင်းဆောင်ပြီး စွယ်တော်ခန်းအား မီးထွန်း၍ ရှင်းလင်းပြောကြားသည်။ စွယ်တော်ခန်းတွင် စွယ်တော်အား မှန်ခန်းအတွင်း၌ ပူဇော်ထားသည်ကို ဖူးတွေ့ရပြီး သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသည့် ရွှေပလ္လင်နှင့် မင်းတုန်းမင်းကြီးနှင့် စိန်တုံးမိဖုရားတို့ လှူဒါန်းထားသော ရှေးဟောင်းစာတိုက်နှင့် ဗီရိုကြီးများ၊ တံကဲများကို အံ့မခန်းဆန်းကြယ်စွာ မြင်ရသည့်အပြင် ရှေးဟောင်းကျောင်းကြီးအား တိုင်ဖုံးများ၊ တံခါးမကြီးများ၊ ပြတင်းပေါက်များအား အနုပညာလက်ရာ ပန်းကနုတ်များဖြင့် တန်ဆာဆင်ထားသည်မှာ လွန်စွာလက်ရာမြောက်သည်။

တစ်နေရာတွင် သစ်ပင်တစ်ပင်တည်းအား မျက်နှာကျက်တိုင်ဖုံးအဖြစ် ဇာတ်တော်ကြီးတစ်ခုလုံးကို ပုံဖော်ရန်ထုလုပ်ထားသော အနုစိပ်လက်ရာ၊ ပန်းကနုတ်များကို ဦးပဉ္ဇင်းက ပြသ၍ ကျွန်ုပ်တို့ မြင်ရသည်။ ရင်သပ်အံ့ဩစရာပါပင်။ ကျွန်ုပ်တို့ ယခင်က မမြင်မတွေ့ခဲ့ဖူးသော လက်ရာမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပဋ္ဌင်းက ...

"ဒီရွှေကျောင်းကြီးရဲ့ ပန်းကနုတ်လက်ရာတွေကို ကမ္ဘာလှည့် နိုင်ငံခြားသားတွေ အလွန်သဘောကျကြပါတယ်။ နောက်ပြီး ဒီရွှေကျောင်းကြီးကိုဆောက်တာ ဘီလူးကျွန်းက မွန်လူမျိုးတွေပဲ။ ကျောင်းကြီးဆောက်ရာမှာ သံတစ်ချက်မှ မသုံးဘူး။ လက်ခုပ်လက်ဝါးဖောက်စက်တွေ၊ သစ်သားစို့တွေကိုပဲ သုံးတယ်။ တစ်ကျောင်းလုံးအတွက် ကျွန်းသစ်ကိုပဲသုံးတယ်။ အခြားသစ်မျိုးမပါဘူး။ အနှစ် (၂၀၀) ကျော်ပြီး အခုထိ ခိုင်ခန့်ကောင်းမွန်ဆဲပဲ။ ဒါကြောင့်လည်း နိုင်ငံခြားသားတွေ မြန်မာကျွန်းသစ်ကို အလွန်သဘောကျပြီး အံ့သြကြတယ်"

ရှေးမြန်မာကြီးတို့၏ ဂုဏ်ယူဖွယ်ရာ အနုစိတ်၊ ပန်းပုလက်ရာများ ဖြစ်ပါသည်။ မမျှော်လင့်ဘဲ ရှေးဟောင်းပန်းပုလက်ရာများအား ကြည့်ရှုခွင့်ရသဖြင့် ကျွန်ုပ်တို့သာမက ဦးမိုးကြိုးအောင်လည်း လွန်စွာ အံ့သြဝမ်းသာ ပီတိဖြစ်နေပါသည်။ မြန်မာရှေးဘုရင်များ၏ ဘာသာရေး ကိုင်းရှိုင်းမှုနှင့် အလှူအတန်းရက်ရောမှုကိုလည်း ဂုဏ်ယူမိပါသည်။

"သူငယ်ချင်း ကိုသိန်းဝင်းရေ ... ကိုယ်တို့ထောင်က ဘုရားခြေတော်ရင်းမှာရှိပေမဲ့ ကိုယ်က အရောက်အပေါက်နည်းတော့ အမှန်အတိုင်းဝန်ခံရရင် ဒီမင်းတုန်းမင်းတရားကြီးနဲ့ စိန်တုံးမိဖုရားတို့ တည်ထားကိုးကွယ်ခဲ့တဲ့ 'ရွှေကျောင်းကြီး' ရှိနေမှန်းတောင် မသိခဲ့ရဘူး။

အမှန်ပါ သူငယ်ချင်း။ ကျေးဇူးအလွန်တင်ပါတယ်။ နောက်တစ်ခေါက် အားရက်ကျမှ ကင်မရာတစ်လုံးယူလာပြီး အချိန်ယူပြီး ဓာတ်ပုံမှတ်တမ်းပါတင်ရမယ်။ ကဲ ... ဒီကပြီးတော့ မော်လမြိုင်မှာ အကောင်းဆုံး ထမင်းဆိုင်ကိုသွားကြတာပေါ့။ ကိုယ်ကတော့ အရက်





ကြောင့် ပြဿနာဖြစ်ပေါင်းများလို့ ဖြတ်လိုက်ပြီ။ ဘီယာတောင်မသောက်တော့ဘူး။ သူငယ်ချင်းကိုသိန်းဝင်းကတော့ ကြိုက်သလိုသုံးဆောင်ပါ။ ကိုယ်ကျွေးမွေးပြုစုပါ့မယ်"

"ကျေးဇူးပဲ ... ကိုမိုး ကျွန်တော်လည်း ဒီနေ့အလှူအတန်းနဲ့ ဘုရားဖူး၊ ကောင်းမှုကုသိုလ်တွေချည်း လုပ်ခဲ့တော့ မသောက်တော့ပါဘူး။ အမေလည်း ပါတယ်လေ"

"သာဓုခေါ်ရတော့မလား သူငယ်ချင်း"

"မခေါ်နဲ့ဦး။ နောက်နေ့တွေ စိတ်မချရဘူး ကိုမိုးရေ"

"ဟား ... ဟား ... ဟား ... ဒီစကားကလည်း အလိမ်အညာကင်းတဲ့ အမှန်စကားဖြစ်ပုံရတယ်"

"ဟုတ်ပါ့ ... မှန်ပါ ... ကိုမိုးကြိုးအောင်ရေ့။ ရင်ထဲက လာတဲ့ အမှန်စကားစစ်စစ်ပါ။ ဟဲ ... ဟဲ ... ဟဲ ..."

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

□

ကျွန်ုပ်တို့ မော်လမြိုင်ကမ်းနားလမ်းတွင် လေညင်းခံရင်း အေးဆေးစွာ ညစာစားရင်း စကားပြောနိုင်မည့် ဆိုင်ကြီးတစ်ဆိုင်သို့ မော်လမြိုင်ထောင်ပိုင် ဦးမိုးကြိုးအောင်က လမ်းပြခေါ်ဆောင်သွားပါသည်။ ဆိုင်ကြီးမှာ ကမ်းနားဘေးရေတစ်ပိုင်း၊ ကုန်းတစ်ပိုင်းဆောက်ထားခြင်းဖြစ်သဖြင့် အလွန်နေရာကောင်းပါသည်။

တစ်ဖက်ကမ်းတွင် ကလို့တောင်တန်းကြီးနှင့် ဘီလူးကျွန်းကို ညနေရီရီတွင်မီးကလေး တလက်လက်ဖြင့် မြင်နေရသည်။ မုတ္တမ၊ မော်လမြိုင်တံတားကြီးကိုလည်း ရွှေအိုရောင်လက်ကျန် အလင်းရောင်သဲ့သဲ့ဖြင့် လှပတင့်တယ်စွာ မြင်ရပါသေးသည်။

"ကဲ ... သူငယ်ချင်း စားချင်ရာကိုသာ ကြိုက်သလို မှာပေ ရော့။ ဒီဆိုင်က ကုန်းသတ္တဝါတင်မကဘူး ရေသတ္တဝါပါ အစုံရတယ်။ မော်လမြိုင်မှာတော့ လက်ရာအကောင်းဆုံးပဲ။ မော်လမြိုင်လက်ရာကို ပြောတာနော်"





"အမေ ... ဘာစားချင်ပါသလဲ။ မော်လမြိုင်ဘက်ရောက် ကုန်းရေသတ္တဝါ လတ်လတ်ဆတ်ဆတ်စားရရင် ကောင်းမယ်ထင်ပါတယ် အမေ"

"အမေကတော့ ဆန္ဒမပြုလိုပါဘူးကွယ်။ သားတို့စားတာကို အမေလိုက်စားမှာပေါ့"

"ဟုတ်တယ် ... ကိုမိုးရေ ကျွန်တော်မှားသွားပါတယ်။ အမေက အစားအသောက်မှာ ဇီဇာမကြောင်ဘူး။ အဆင်သင့်သလို စားမှာပါ။ အမေတို့အဆင့်က အတ္တကိုချိုးနှိမ်ပြီး ရသာတဏှာကိုလည်း ပယ်နေရပြီလေ။ ကျန်းမာရေးအတွက်ကိုပဲ အဓိကထားပြီး စားသောက်နေထိုင်ကျင့်ကြံနေရတာဆိုတော့ ကျွန်တော်တို့ကပဲ လူကြီးတွေခံတွင်းတွေ့၊ စားနိုင်သောက်နိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုစေမဲ့ အစားအစာမျိုးပဲ မှာကြတာပေါ့ဗျာ"

"ဟုတ်ပြီ ... ကိုသိန်းဝင်းရေ။ ဒါဆို ဒီဆိုင်က အစားအသောက်အကြောင်းကို စုံစုံလင်လင်သိတော့ ကိုယ်ကပဲ စီစဉ်မှာကြားလိုက်တော့မယ်နော်"

"ကောင်းဗျာ ... ကိုမိုးရေ"

ထိုည ကိုမိုးကြိုးအောင်က လူကြီးများအတွက် အဆင်ပြေစေရန်နှင့် အရသာရှိပြီး ပျော့ပျောင်းသော ဟင်းအမည်များကို ရွေးချယ်မှာကြားလိုက်ပါသည်။ အမေ ဒေါ်သန်းသန်းနုမှာ ထမင်းတစ်ဆုပ်ခန့်သာစားနိုင်သူဖြစ်၍ ကိုမိုးကြိုးအောင်မှာကြားသော ဟင်းအမည်မျိုးစုံကို ဟင်းခွက်ပြည့်အောင်ပင် နှိုက်လိုက်ဟန်မတူပါ။

စားသောက်ပြီးတော့လည်း အချိုပွဲအဖြစ် ကျွဲကောသီး၊ သရက်သီးမှည့်နှင့် ဖီးကြမ်းငှက်ပျောသီး၊ ထန်းလျက်ခဲတို့ လာပေးသည်။ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်ကောင်းမွန်ပြီး သန့်ရှင်းလက်ဆတ်အဆင့်မြင့်သော မြန်မာထမင်းဆိုင်ကြီးဖြစ်သည်။ ထိုအခါမှ ကျွန်ုပ် ဆိုင်ကောင်တာနံရံတွင် ရွှေစာလုံးကြီးဖြင့် ရေးသားထားသော ဆိုင်နာမည်ကိုဖတ်မိတော့သည်။ 'ချောင်းဆုံ မြန်မာထမင်းဆိုင်' တဲ့လေ။

ညစာစားသောက်ပြီးတော့ ကျွန်ုပ်တို့က အိမ်ဖြင့်နီးသဖြင့် မောင်သိုက်နှင့်အတူ လေညှင်းခံရင်း လမ်းလျှောက်ပြန်ခဲ့ကြသည်။ အမေက ကိုမိုးကြိုးအောင်ကို မော်လမြိုင်ထောင်သို့ လိုက်ပို့ရင်း ကားဖြင့်ပြန်သွားသည်။

ညဘက်တွင် မော်လမြိုင်ကမ်းနားလမ်းမှာ လေညှင်းခံသူများဖြင့် အလွန်စည်ကားပါသည်။ မြစ်တစ်ဖက်ကမ်း ဘီလူးကျွန်းမှာ မီးများထိန်လင်းနေပြီး မုတ္တမမော်လမြိုင်တံတားကြီးကလည်း မီးရောင်စုံဖြင့် မြစ်ယံတွင် ရောင်ပြန်ဟပ်ပြီး ဝင်းလက်နေသည်။

မော်လမြိုင်ထောင်ဘက်ကတော့ မီးအလင်းရောင်နည်းနေပြီး ကျိုက်သန်လန်ဘုရားပရဝဏ်ကတော့ ရွှေရောင်လင်းလက်နေပါသည်။ မော်လမြိုင်တွင် ကားဦးရေထက် မော်တော်ဆိုင်ကယ်ဦးရေက ပိုမိုများဟန်ရှိသည်။ အစီးလည်း အလွန်ကြမ်းသည်။

ကျွန်ုပ်နှင့်မောင်သိုက်မှာ ကမ်းနားစပ် ပလက်ဖောင်းကျယ်ကြီးပေါ်ကသွားသဖြင့် အန္တရာယ်ကင်းသော်လည်း တည်းခိုအိမ်ရှေ့သို့ ရောက်လျှင် အတော်ပင်တား၍ လမ်းဖြတ်ကူးရဦးမည် ဖြစ်ပေသည်။ သီချင်းစာသားတွင်ပါသည် မမတို့မော်ရွှေမြိုင်တွင် ဘုံပြတ်ခေါ် မြင်းလှည်းကို မမြင်ရတော့ပါ။ ခေတ်မီဆိုင်ကယ်မြို့တော် ဖြစ်သွားပြီးဖြစ်ချေသတည်း။





ကျွန်ုပ်တို့ အပြင်မှပြန်ရောက်ပြီး ခေတ္တနား၍ ရေချိုးကြသည်။ ရေချိုးပြီးတော့လည်း မဘောဘီက လက်ဖက်စုံသုပ်နှင့် လက်ဖက်ရည်ဝိုင်းကလေးစီစဉ်ပေးသဖြင့် စကားဝိုင်းကလေး ဖွဲ့ကြပြန်သည်။ ယနေ့သွားရောက်နေသောနေရာဌာနများနှင့် မော်လမြိုင်ထောင်ပိုင်ကြီး ဦးမိုးကြိုးအောင်အကြောင်းကို အမေက ပြန်လည်ပြောပြသဖြင့် အိမ်သားများက နားထောင်ကြသည်။

ပြီးနောက် အမေက မနက်ဖြန်တွင် ဒေါင်းဇရပ်ကျောင်း၌ ဘုန်းတော်ကြီး (ပိုလ်မှူးခင်ဦး) တို့အား နေ့ဆွမ်းကပ်နိုင်ရန်အတွက် စီစဉ်ပေးဖို့ မဘောဘီကို ငွေထုတ်ပေးပြီး စီစဉ်နိုင်းပြန်သည်။

''သန်ဘက်ခါမနက်ကျရင်တော့ မုဒုံ၊ သံဖြူဇရပ်နဲ့ ကျိုက္ခမိဘက်သွားကြမယ်။ အဲဒီဘက်မှာ အမေ့အဖေဘက်က အမျိုးတွေရှိတယ်။ ကျိုက္ခမိမြို့ ဆင်ပုန်းကျောင်းဆရာတော်ကလည်း အမျိုးတော်တယ်။ စက်စဲကမ်းခြေမှာလည်း ကျန်းမာရေးအတွက် အညောင်းပြေ ရေကူးကြတာပေ့ါ။ ရေကနောက်ပေမဲ့ အလွန်သာယာပါတယ်။

ဆင်ပုန်းကျောင်းထဲမှာ အလွန်ထူးခြားတဲ့ အုန်းပင်တစ်ပင်ရှိတယ်။ မိုးကြိုးပစ်တာ။ ပင်စည်ထက် ပိုင်းပြတ်သွားတယ်။ အုန်းပင်ဆိုတာက ပင်စည်ပြတ်သွားရင် သေတာပဲမဟုတ်လား။ ဒါပေမဲ့ အဲဒီဆင်ပုန်းကျောင်းထဲက အုန်းပင်ကြီးက ပြတ်သိပ်နေအောင်သီးတယ်။

ပထမအုန်းပင်ကြီးက အုန်းထရံမျိုး။ အခုမှ အစို့ပေါက်ပြီးသီးတဲ့အုန်းတက် (၃) တက်ကတော့ 'နကာဗာရီ' လို့ခေါ်တဲ့ အုန်းပင်အငယ်စားမျိုး။ အုန်းသီးအလုံးက သေးပေမဲ့ အုန်းသားက အလွန်ထူတယ်။ သားကြီးက စိုက်ပျိုးရေးဝါသနာပါတော့ အမေတို့သွားဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဆရာတော်ဆီက အမေအုန်းမျိုးတောင်းပေးမယ်။ ဆင်ပုန်းကျောင်းကလည်း ခေါင်းဆေးကျွန်းလို ဂမ္ဘီရနယ်မြေပဲ . . . သားကြီးရဲ့။ အရင်ကတော့ တောကြီးမျက်မည်းပေါ့။ ဆင်တောင်ဝင်ပုန်းခိုလို့ ဆင်ပုန်းကျောင်းလို့ အမည်တွင်ခဲ့တာ မဆန်းဘူးလား''

''ထူးဆန်းပါတယ် အမေ။ ဒါပေမဲ့ အမေ့ရဲ့ ကျန်းမာရေးအခြေအနေကရော ကောင်းရဲ့လား။ အမေသွားချင်ရင်တော့ ဆရာဝန်နဲ့ ဆေးစစ်ပြီးမှ သွားကြတာပေါ့''

''အမေ နေကောင်းပါတယ် သားကြီးရဲ့။ ဒါကြောင့် သွားချင်တာပါ။ အမေ့အသက်က အခု (၈၅) နှစ်ဆိုတော့ နောက်နှစ်တွေမှာ လာဖို့မလွယ်တော့ဘူးလေ သားကြီးရဲ့။ ဒါကြောင့် မသေခင်အမေက သွားချင်တာပါ''

ထိုစဉ် မဘောဘီက . . .

''ကြီးကြီးသန်း . . . ကျိုက္ကမီသွားတာဖြစ်စေ၊ ရန်ကုန်ပြန်တာဖြစ်စေ၊ ဆရာဝန်နဲ့ ဆေးစစ်ရမှာတော့ အမှန်ပဲ။ မနက်ဖြန် ဒေါင်းဇရပ်ကျောင်းမှာ နေ့ဆွမ်းကပ်ပြီး ညနေအပြန် ဘောဘီတို့မိသားစု ဆရာဝန်ဒေါက်တာနန်းညွှာနဲ့ ဆေးစစ်မယ်နော် ကြီးကြီးသန်း''

''အေးပါကွယ် . . . အေးပါ . . .။ ကြီးသန်းက အသက်ကြီးတော့ ကလေးပြန်ဖြစ်သွားပြီပဲ။ ညည်းတို့လုပ်သမျှ ခံရတော့မှာပေါ့''

''ကြီးကြီးသန်းက အသက်ကြီးပြီလေ။ ခရီးအဝေးကြီးသွားရဦးမှာ။ ကျန်းမာရေးဆေးစစ်ထားတော့ စိတ်ချရတာပေါ့''

ထိုညက မဘောဘီတို့အိမ်တွင် အမေဒေါ်သန်းသန်းနုအား ကျွန်ုပ်နှင့် အမေဇော်တူ၊ တူမများက ဝိုင်းစကြ၊ နောက်ကြရင် အမေ့ကို စိတ်ရွှင်လန်းစေရန် ပြုလုပ်ကြပါသည်။ တကယ်တော့ အသက်ကြီး





သာသူ လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကွဲကွာနေသော ဆွေမျိုးများဖြင့် တွေ့ဆုံစကားပြောလိုခြင်းစသည်တို့မှာ လူ့ဘဝအဖြစ်ပါသည်။

အမေ့အသက်မှာ (၈၅) နှစ်ရှိပြီဖြစ်၍ အမေ၏ဆရာသမားဆိုသည်မှာ အနည်းဆုံး အသက် (၉၀) ကျော် တန်းဖြစ်ရသည်။ အပေါင်းအသင်းငယ်သူငယ်ချင်း ဆိုသည်များမှာ (၈၀) တန်းတွင် ဖြစ်ရပေမည်။ သို့သော် အမေဒေါ်သန်းသန်းနုလို အသက် (၈၅) နှစ်တွင် ဒေါင်ဒေါင်မြည် ကျန်းမာရေးကောင်းသော ငယ်ပေါင်းများက ရှိပါဦးမည်လော''

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက် (၆) နာရီခန့် အိပ်ရာကထကြပြီး အမေ

နှင့်ဘေဘီက နေ့ဆွမ်းကပ်ရန် ချေးဆင်းကြရာ ကားဆရာကိုနန်း

လိုက်ပို့သည်။ ကျွန်ုပ်နှင့်ကိုသိုက်က အမေတို့စျေးသွားသည်နှင့် ကမ်း

နားမှ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်သို့ ထွက်ခဲ့ကြသည်။ အိမ်ရှင်

ကိုသိန်းထွန်းကတော့ ကလေးများနှင့် အိမ်စောင့်ကျန်ခဲ့သည်။

ကျွန်ုပ်နှင့်ကိုသိုက် မုန့်ဟင်းခါးစားကြပြီး လက်ဖက်ရည်

သောက်ကြသည်။ မော်လမြို့ မုန့်ဟင်းခါးလက်ရာမှာ ငါးပေါ၍ထင်

အလွန်ကောင်းပါသည်။ ငှက်ပျောအူနှင့် ချက်ခြင်းမဟုတ်။ ပိန်းရိုးနှင့်

ချက်ခြင်းဖြစ်၍ ထူးခြားနေပြန်သည်။ နူးအိနေသောပိန်းရိုးကို စား

သည်မှာလည်း ဟင်းရည်ကို စုပ်ထားသဖြင့် အလွန်အရသာရှိသည်။

''မောင်သိုက်ရေ . . . မယ်တော်ကြီးက ဒီကပြန်ရင် တစ်ပတ်

နားပြီး မန္တလေးဆက်တက်မယ် ပြောနေတယ်။ အသက်ကြီးပြီကွ။ ခရီး

ဝေးဝေးသွားတာ သူ့ကျန်းမာရေးအတွက် မကောင်းလှဘူးထင်တယ်''

''အစ်ကိုရေ . . . ကျွန်တော်တို့ သားသမီးအရင်းတွေက ပြော

လို့ရမှာမဟုတ်ဘူး။ အစ်ကိုတို့ပဲ အားကိုးတော့မယ်။ အစ်ကိုပြောရင်

တော့ရမယ်ထင်တယ်။ အခု ခရီးစဉ်က စိပ်လာပြီ။ ကျုံပျော်သွားတာ





ဘာကြာသေးလို့လဲ။ ဟော . . . အခု မော်လမြိုင်ထွက်လာပြန်ပြီ။ ရန်ကုန်

ပြန်ရောက်တာနဲ့ တစ်ပတ်နားပြီး မန္တလေးသွားမယ်ဆိုတော့ မလွန်ဘူး

လား အစ်ကိုရာ။

ခရီးဝေးသွားတယ်ဆိုတာ ပျော်စရာကောင်းပေမဲ့ ငွေကုန်ကြေး

ကျများပြီး လူပင်ပန်းတယ် . . အစ်ကိုရ။ အခုလိုရာသီက မြန်မာပြည်

အထက်ပိုင်းမှာဆို အလွန်ပူနေပြီ။ မယ်တော်ကြီး ခံနိုင်ပါ့မလား။ ခရီး

ပင်ပန်းတာနဲ့ ရာသီဥတုပူပြင်းတာနဲ့ မလွယ်လှဘူးအစ်ကို''

''စိတ်မပူပါနဲ့ကွာ။ အမေ့တူမ ဒေါက်တာဥမ္မာသွင်ရှိတာပဲ။ သူ

ပဲ အမေ့ကျန်းမာရေးကိစ္စကို အသိဆုံးပါ။ အမေက သူ့တူမကိုတော့

အတော်လေးစား ယုံကြည်ပုံရပါတယ်''

''မထင်နဲ့ အစ်ကိုရေ . . . အမေက သွားချင်ပြီဆိုရင် ဘယ်

သူတားလို့မှ နားထောင်တာမဟုတ်ဘူး။ ကျွန်တော်စဉ်းစားနေတာ အဘွား

တုန်းကလည်း ဒီလိုပဲ။ ဆုံးပါးခါနီးလေ အလှူအတန်းလုပ်တာ စိပ်လာ

တယ်။ အမေက အဘွားနဲ့ အလွန်တူတာ။ အဘွားမှာသမျှ အကုန်

လိုက်လုပ်တတ်တယ်။ အခုလည်း ကြည့်ပါလား။ အမေက သူဆုံးပါး

ချိန်နဲ့ သူ့ကိုယ်ပိုင်ငွေကြေးနဲ့ လက်ဝတ်လက်စားတွေကို ကွက်တိသုံးစွဲ

သွားမယ်လို့ အသံလွှင့်နေပြန်ပြီလေ''

''အေး . . . အဲဒါကတော့ မင်းတို့အပိုင်းပါ။ ငါနဲ့မဆိုင်ပါဘူး။

ငါကတော့ မွေးစားသားဖြစ်လို့ အမေမဆုံးပါးသေးခင် ပါရမီဖြည့်ပေး

တယ်။ သွားလေရာကို အန္တရာယ်ကင်းအောင် စောင့်ရှောက်ပေးမယ်။

အလှူအတန်းကိစ္စတွေမှာ ကူညီမယ်။ သွားရင်းလာရင်း အရေးပေါ်

တစ်စုံတစ်ရာဖြစ်ခဲ့ရင် အမေမှာတဲ့အတိုင်း လုပ်ပေးမယ် ဒါပဲ။ ကျန်တာ

ငါဘာမှမမျှော်မှန်းဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . အမေမှာတာ တစ်ခုတော့ရှိသေးတယ်။ သွားရင်း လာရင်း အမေဆုံးပါးခဲ့ရင်တော့ ငါကတာဝန်ယူပြီး အလုံးစုံပြည့်စုံအောင် လုပ်ပေးရမယ်။ ပိုလျှံတဲ့ငွေကြေးနဲ့ ပစ္စည်းတွေကိုတော့ ကျန်ရစ်ခဲ့ကြတဲ့ သားသမီးတွေကို အညီအမျှခွဲဝေပေးဖို့ မှာထားပါတယ်။ အဲဒါ ငါ့ရဲ့ နောက်ဆုံးတာဝန်ပဲ''

''အင်း . . . အစ်ကို့ဘက်က တာဝန်ကျေပါတယ်။ မေမေ့ဘက်ကသာ တစ်ယူသန် အစွဲအလမ်းကြီးနေတာ။ အစ်ကို စဉ်းစားကြည့်ဗျာ . . .။ တခြားသူတွေကို ရက်ရက်ရောရော လှူမဲ့အစား သားသမီးအရင်းတွေကိုလည်း ပစ္စည်းဥစ္စာတွေခွဲဝေပေးရင် လှူတန်းရာ မရောက်ပေဘူးလား အစ်ကိုရာ။ အတူတူပဲမဟုတ်လား''

''မတူဘူး မောင်သိုက်။ အမေလှူဒါန်းတာက သံဃာတော်တွေနဲ့ မရှိဆင်းရဲတဲ့သူတွေကို သီးသန့်လှူဒါန်းတာ။ သာမန်လူတွေကိုတော့ သူက ငွေချေးတယ်။ သက်သာတဲ့အတိုးနှုန်းနဲ့ အပေါင်ခံပစ္စည်းလည်း ယူမထားဘူး။ အတိုးရင်းပွားရလာတဲ့ ငွေကိုလည်း လှူဒါန်းတာပဲ။

နောက်ပြီး တစ်နှစ်ကျော်လောက် အတိုးပေးပြီးတာနဲ့ မပေးနိုင်တော့ဘူးဆိုရင် အရင်းပဲပြန်ပေးဖို့ တောင်းတယ်။ အရင်းပါပြန်မပေးနိုင်တော့ဘူးဆိုရင်လည်း ဟိုတိုင်ဒီတော တရားဥပဒေသဘောတွေ မလုပ်တော့ဘူး။ တစ်ခါတည်း အဆုံးခံလိုက်တော့တာပဲ။ ငွေတိုးပေးစားတာကို ကောင်းတယ်လို့ ငါက အားပေးထောက်ခံတာမဟုတ်ဘူး။

ဒါပေမဲ့ အခုက လုပ်စားနေကြတဲ့ တစ်ရာကို နှစ်ဆယ်ကျပ်တိုးနဲ့ နေ့ပြန်တိုးဆိုတာတွေကမှ အလွန်ကြောက်စရာကောင်းတာ။ ငွေချေးပြီး အရောင်းအဝယ်လုပ်ရတဲ့ သူဟာ တစ်ခါတည်း နလံမထူနိုင်





တော့ဘဲ ငွေရှင်ကြေးရှင်ကို လုပ်ကျွေးနေကြရတာ။ ငွေရှင်ကြေးရှင်ကလည်း ငွေရှိတော့ လူမိုက်တွေငှားပြီး ချေးငွေယူသူကို ကျောက်ခဲရေသွန့်စစ်သလို လုံးပါးပါးအောင် ညှစ်တော့တာပဲ''

''အမေ့မှာက ငွေရှိတယ်။ အသက်ကြီးပြီး မိန်းမသားတစ်ဦးတည်းဖြစ်တယ်။ အမေ့မိခင်ဒေါ်သောင်းရဲ့ မိရိုးဖလာလုပ်ပုံလုပ်နည်းအတိုင်း အမေက တစ်သဝေမတိမ်း လိုက်လုပ်တာ။ ပစ္စည်းအပေါင်အနှံမရှိဘဲ တစ်ရာကို (၇)ကျပ်နှုန်းနဲ့ ချေးငှားတာ ဒီခေတ်မှာ ဘယ်သူရှိမလဲ။

အမေချေးငှားပြီး မြေတောင်မြှောက်ပေးလိုက်သူတွေ ဆိုက်ကားနင်းသူက ဆိုက်ကားအံ့နာဖြစ်သွားသူတွေ စသဖြင့် စီးပွားရေးအဆင်ပြေသွားကြသူတွေ အများကြီးပဲ။ အဲ . . . တစ်ဖက်ကလည်း လိမ်ညာချေးငှားပြီး ပြန်မဆပ်ကြလို့ ငါလိုက်တောင်းပေးရတာတွေလည်း အများကြီးရှိတယ်။

အမှန်တော့ ဒီကိစ္စတွေဟာ မင်းတို့ သားသမီးအရင်းတွေ လုပ်ပေးရမဲ့ ကိစ္စတွေပဲ။ မင်းတို့က စိတ်မဝင်စားတော့ အားမကိုးရဘူး။ မိခင်မရှိတော့တဲ့ငါက ကိုယ့်မိခင်အရင်းလို သဘောထားပြီး ဆက်ဆံတော့ အမေက ငါ့ကို အားကိုးတာပေါ့။ ယုံကြည်တာပေါ့။ အမေနဲ့ ငါ့ကြားမှာ ဆက်ဆံရေးက ဒါပဲ။ အသက်ကြီးသူတွေဟာ အားကိုးယုံကြည်မှုကို ရှာတတ်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဘာသာ ကိုယ်တိုင် မလုပ်နိုင်ကြတော့ဘူးလေ''

''မောင်သိုက် . . . မင်းနဲ့အမေ့ကြားမှာ ကွာခြားမှုက အဲဒါပဲ။ အရင်က မင်း အရက်သောက်တယ်။ အရက်သောက်တဲ့အပြစ်ကို့တော့ မိဘတွေ၊ အစ်မတွေကို ချော့ပြီးပေါင်းရတယ်။ အောက်ကျခံ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခုတော့ မင်းက အရက်ဖြတ်လိုက်ပြီ။ ရဲမေကြီးနဲ့ အိမ်ထောင်လည်း ကျပြီဆိုတော့ နေ့ညစ္စာလည်း အသင့်အတင့်ရှိပြီ။ မိဘနဲ့အစ်မတွေကို ချော့ပေါင်းစရာလည်း မလိုတော့ဘူး။ အောက်ကျလည်း ခံစရာမလိုတော့ဘူးဆိုတော့ ဆက်ဆံရေးက ပြောင်းသွားပြီ။ အဲဒီတော့ အထက်အောက်ဆက်ဆံရေး အဆင်မပြေတော့ဘူးပေါ့။

မင်းကို အစ်ကို သတိပေးချင်တာကတော့ မင်းက အငယ်ဆုံးဖြစ်တော့လည်း သည်းခံပါ။ စိတ်ရှည်ပါ။ အမေ့အသက်ဟာ ဂိတ်ဆုံးကိုရောက်နေပြီ။ မကြာမီ အမှည့်ကြွေ ကြွေတော့မှာ၊ နောက်ဆုံးလက်ကျန်အချိန်ကလေးကို မင်းအောင့်အီးပြီး သည်းခံစမ်းပါ ... မောင်သိုက်ရာ။ မင်းအတွက် အကျိုးရှိမှာပါ။ အကျိုးမယုတ်ပါဘူးကွာ။ ငါ ပြောရဲပါတယ်။ အမေနဲ့အဆင်ပြေရင် မင်းအတွက် ပစ္စုပ္ပန်နဲ့ တမလွန်မှာ ကောင်းကျိုးတွေ ဝေနေပါလိမ့်မယ်''

''အင်း ... အစ်ကိုပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ မယ်တော်ကြီးက အရင်လိုမဟုတ်ဘူး အစ်ကိုရဲ့။ ကျွန်တော့်ကိုမြင်တာနဲ့ အပြစ်တွေ ဝင်တော့တာပဲ။ ကျွန်တော်ရှင်းပြတာလည်း လက်မခံဘူး။ သူ့ထင်သူ့ဖြစ်ချင်ရာပဲ တစ်ဖွတ်ထိုးပြောတော့တာ။ အဲဒါကြောင့် အရင်ကလို အမေနဲ့တည့်အောင် အရက်ပြန်သောက်ရရင် ကောင်းမလားလို့တောင် စိတ်ထဲမှာ တစ်ခါတစ်ခါဖြစ်မိတယ် အစ်ကိုရာ''

''ဖြတ်လက်စနဲ့ ဖြတ်ပါကွာ။ အခုမင်းက အရက်ဖြတ်လိုက်တော့ ကွမ်းယာနဲ့ဆေးလိပ်က စွဲနေပြန်ပြီမဟုတ်လား။ ယောက်ျားပဲကွာ၊ စိတ်ကိုနိုင်အောင် လုပ်စမ်းပါ။ မင်းကိုရင်နဲ့ ဦးပဥ္စင်းဝတ်ခဲ့တာပဲ (၁၄) ကြိမ်ရှိပြီ။ အဲဒီတော့ တရားထူးမရလို့ မပေါက်မြောက်ရင်လည်း ဟိုဝင်ဒီထွက်၊ ဟိုသွားဒီလာ၊ အငြိမ်မနေတဲ့ မင်းရဲ့စိတ်ကို





တော့ အသိ၊ သတိ၊ သမာဓိနဲ့ထိန်းပါ။ အသက်လည်း (၄၀) လောက်ရှိပြီဆိုတော့ ဘဝစဖို့ကောင်းနေပါပြီ။

အတိတ်နဲ့ပစ္စုပ္ပန်က လုပ်အောင်ခဲ့တာတွေကို ပြန်လည်သုံးသပ်ပြီး အနာဂတ်ကောင်းကျိုးကို ဘာသာရေးနဲ့ နှယ်ပြီး ကောင်းမှုပြုဖို့ အချိန်တန်ပါပြီ။ မောင်သိုက်ရေ ... လိမ္မာပါတော့ကွာ။ မိန်းမသာအစားရတယ်။ မိခင်ဆိုတာကတော့ တစ်သက်လုံး အစားမရနိုင်တော့ဘူး ဟုတ်ပြီလား''

''ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော် သဘောပေါက်ပါပြီ''

မနက် (၈) နာရီခန့်တွင် အမေနှင့်ဘောဘီတို့ ဈေးကပြန်လာသဖြင့် ကျွန်တော်နှင့်မောင်သိုက်ကပါ လိုက်ပါပြီး ဒေါင်းဇရပ်သို့သွားကြသည်။ ဦးပဥ္စင်း (ဗိုလ်မှူးခင်ဦး)က အသင့်စီစဉ်ထားသဖြင့် ချက်ပြုတ်သူယောဂီများက အဆင်သင့်။ ကျွန်ုပ်တို့လိုအပ်သည်များကို ထပ်မံဝယ်ပေးရသည်ကလွဲ၍ ဝိုင်းကူလုပ်စရာပင်မလိုပါ။ ဒေါင်းဇရပ်ကျောင်းယောဂီများနှင့် ဥပသကာများက အင်အားတောင့်တင်း၍ ကျွမ်းကျင်လျင်မြန်ဆန်လှပါသည်။

နေ့ (၁၁) နာရီတွင် ဒေါင်းဇရပ်ကျောင်းဆရာတော်နှင့် ရဟန်းသံဃာ၊ ကိုရင်၊ အပါး (၂၀) ကျော်အား ဆွမ်းကပ်သည်။ ပြီးနောက်ဆရာတော် (၅) ပါးသီလပေးစဉ် ရေစက်ချအမျှဝေသည်။ နေ့ကြီးရက်ကြီး မဟုတ်။ အဖိတ်ဥပုသ်နေ့လည်း မဟုတ်သဖြင့် ကြားနေ့ဖြစ်သောကြောင့် ကျောင်းတွင် ဥပုသ်သည်မရှိပါ။ ကျောင်းတွင်ရှိသည့် အမြဲတမ်းယောဂီအဖွဲ့နှင့် ကျောင်းဝေယျာဝစ္စ ဥပသကာအဖွဲ့ (၁၅) ဦးခန့်နှင့် ကျွန်ုပ်တို့မိသားစုသာ ရှိပါသည်။

နေ့ဆွမ်းကျွေးအလှူပွဲပြီးတော့ မဘောဘီက အမေ့ဒေါ်သန်းနု

www.burmeseclassic.com



အား မော်လမြိုင်၊ မောင်ငံရပ်ဘက် တိုက်ကြီးတစ်လုံးဆီသို့ ခေါ်သွားပါသည်။ ဘေဘီတို့၏ မိသားစုဆရာဝန် ဒေါက်တာနန်းဥမ္မာ၏ အိမ်ကြီးဖြစ်သည်။ ခြံဝင်းထိပ်၌ ဆေးခန်းတစ်ခုရှိသည်။

ကျွန်ုပ်တို့ရောက်ချိန်မှာ နေ့လယ် (၁) နာရီခန့်သာ ရှိသေး၍ ဆေးခန်းမဖွင့်သေးပါ။ ဒေါက်တာနန်းဥမ္မာအား အိမ်တွင်းဝင်၍ တွေ့ရသည်။ ဘေဘီက မိတ်ဆက်ပေးသဖြင့် ကျွန်ုပ်အား ကော်ဖီဖြင့် ဧည့်ခံသည်။ ပြီးသည်နှင့် အမေ့အား ဧည့်ခန်းတွင်းရှိ DREAM BED ပေါ်၌ လှဲစေပြီး အကျအန စစ်ဆေးပေးတော့သည်။ နှလုံးခုန်နှုန်းမှန်သည်။ သွေးပေါင်ချိန် (၈၀/ ၁၂၀)၊ သာမန်အသက်ရှူနှုန်း တစ်မိနစ်အကြိမ် (၆၀) ခန့်၊ အစားအစာစားနှုန်း၊ ရေသောက်နှုန်း၊ အပေါ့အလေးသွားခြင်းတို့ကို မေးမြန်းပြီး ဆေးစာတွင် (FIT) ဟု လက်မှတ်ရေးထိုးပေးပါသည်။ စားနေကျအားဆေးနှင့် အစားအစာကိုသာ ပုံမှန်စားရန်လည်း ညွှန်ကြားပါသည်။

ဒေါက်တာနန်းဥမ္မာတို့ ဆေးခန်းကအပြန် ကားပေါ်၌ အမေက ...

"တွေ့တယ်မဟုတ်လား။ အမေ့ကျန်းမာရေးက ပုဂ္ဂိုလ်တွေ ဝိုင်းဝန်းစောင့်ရှောက်လို့ (FIT) ပြနေတယ်။ မနက်ဖြန်မနက် မုဒုံက ကျိုက္ကမော့လေးတောင်ကို ဘုရားဖူးသွားမယ်။ သံဖြူဇရပ်က အမျိုးတွေဆီ ဝင်လည်မယ်။ ကျိုက္ခမီထိသွားပြီး ဆင်ပုန်းတောရကျောင်းထဲမှာ တစ်ညအိပ်မယ်။ ကျိုက္ခမိရေလယ်ဘုရားဖူးမယ်။ နောက်တစ်နေ့မှာပြန်လာပြီး စက်ဝဲမှာ ရေကူးမယ်။ နေစာလှုံမယ်။ မော်လမြိုင်ပြန်အိပ်ပြီး နောက်တစ်နေ့မနက်မှာ ကျိုက်သန်လန်မှာ ဘုရားဖူးမယ်။ ခေါင်





ဇရပ်ကျောင်းက ဦးပဥ္စင်းဦးခင်ဦးကို နှုတ်ဆက်ကန်တော့ပြီး ရန်ကုန်ကို နေ့ချင်းအရောက်ပြန်မယ်။ ရန်ကုန်မှာ တစ်ပတ်နားပြီး မန္တလေးကို ကိုနန်းကားနဲ့ပဲ ပြန်တက်မယ်"

"မယ်တော်ကြီး ...ကိုနန်းကားက အားပါ့မလား"

"အမေ့အတွက်ဆိုရင် ပုဂ္ဂိုလ်တွေက ဝိုင်းစောင့်ရှောက်ပြီး ကိုနန်းကားကို ကောင်းအောင်၊ ကိုနန်းကို အားအောင် စောင်မကြည့်ရှုကြလိမ့်မယ်။ မောင်သိုက်ရဲ့ မင်းပူစရာ လုံးဝမရှိပါဘူး"

ကျွန်ုပ်က အပြောင်အပျက်ဝင်ပြောခြင်း ဖြစ်သော်လည်း အမေက ...

"ဟုတ်တယ်။ အပြောင်အပျက်ဝင်ပြောတာ မှန်တယ်။ အမေသွားလိုရာကို ဝိုင်းဝန်းစောင့်ရှောက်လိမ့်မယ်။ ဘာအန္တရာယ်မှ မဖြစ်စေရဘူး။ အမေတို့က ခရီးသွားရင် ရန်ကုန်ကထွက်တာနဲ့ မော်ဘီဘိုးဘိုးကြီး၊ ပဲခူးမယ်တော်နဲ့ လမ်းစောင့်နတ်၊ ရောက်ရာနေရာက မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးတွေကို အမျှဝေပြီး တစ်လမ်းလုံး မေတ္တာပို့လာတာ ဘယ်မှာအန္တရာယ်ရှိတော့မလဲ။ အငယ်ကောင်မောင်သိုက် ...မင်း ပရိတ်ကြီး (၁၁) သုတ်၊ အလွတ်ရသေးသလား။ ကဲ ...ရွတ်ပြစမ်းပါဦး။ နားကြရအောင်"

"ရပါတယ် ...မေမေရာ"

ဟုဆိုကာ မောင်သိုက်က ရွတ်ပြသည်။ အမေက နားကြားရင်း အမေ့မျက်နှာ ပြုံးရွှင်နေပါသည်။ မော်လမြိုင်ကမ်းနားလမ်း ဘေဘီတို့အိမ်ရောက်မှ ပရိတ်ကြီး (၁၁) သုတ်ပြီးစီး၍ အမေက ကျွန်ုပ်တို့အား ကလေးများလိုပင် သဘောထားကာ ငွေ (၁၀၀၀) ကျပ်ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သားတို့ လက်ဖက်ရည်သွားသောက်ကြပေရော့။ အပြန် အမေ့အတွက် မလိုင်လက်ဖက်ရည်ချိုဆိမ့်ကလေး ပါဆယ်ဆွဲခဲ့ကြကွယ့်"

လက်ဖက်ရည်သောက်ပြီးတော့လည်း ကားဆရာကိုနန်းက ခရီးဝေးသွားရမည်ဖြစ်သဖြင့် ကားအောက်ပိုင်းစစ်ဆေးရာသို့ ကျွန်ုပ်နှင့်ကိုသိုက်တို့ လိုက်ကြရသေးသည်။ အမေပြောသလိုပင် ပုဂ္ဂိုလ်များက စောင့်ရှောက်သည်ထင်ပါသည်။ ကားဝပ်ရှော့မှ ကားအောက်ပိုင်းကောင်းမွန်ကြောင်း အဖြေထွက်လာသည်။ အင်ဂျင်ကတော့ (87) အင်ဂျင်ဖြစ်၍ မာကြောပြီး စိတ်ချရသည်။

ထိုညက မနက်စောစော ခရီးထွက်ရမည်ဖြစ်သဖြင့် ကျွန်ုပ်တို့ စောစောအိပ်ရာဝင်ခဲ့ကြပါသည်။ စောစောအိပ်ရာမဝင်နိုင်သူများကတော့ အမေဒေါ်သန်းသန်းနုနှင့် အိမ်ရှင်မဘောဘီတို့ ဖြစ်ကြသည်။ တလှုပ်လှုပ်၊ တကုတ်ကုတ်၊ တိုးတိုးတိုးတိုးဖြင့် တူဝရီးနှစ်ယောက် အလွန်လိုက်ဖက်လှသည်။

သေချာသည်ကတော့ အမေ့စိတ်ဆန္ဒရှိသမျှကို အိမ်ရှင်ဘောဘီက ထုပ်ပိုးပြင်ဆင်ပေးခြင်းဖြစ်ပေလိမ့်မည်။ အမေ၏အကျင့်မှာ တခြားသူတစ်ဦးဦးက လက်ဆောင်ပေးလျှင် သူကလည်းပြန်ပေးရမှ ကျေနပ်တတ်သည်။ ဒေသခံက လက်ဆောင်မပေးလျှင်လည်း သူကပေးသည်။ ကျိုက္ကမော့လေးတောင်မှ ရဟန်းသံဃာတော်များနှင့် ကျိုက္ခမီဆင်ပုန်းတောရကျောင်းမှ ဘုန်းတော်ကြီးများအတွက် ကန်တော့လက်ဆောင်ပစ္စည်းများ ဖြစ်ပါလိမ့်မည်။

✿ ✿ ✿

□

ကျွန်ုပ်တို့ မနက် (၅) နာရီခန့်က အိပ်ရာက ထကြသည်။ အမေနှင့်ဘောဘီတို့ကတော့ မနက် (၄) နာရီခန့်ကတည်းက နိုးနေကြသည်။ အမေက ရေချိုးပြီး သနပ်ခါးလိမ်းထားသည်။ ဘောဘီက မနက်စာ ကြက်ဥထမင်းကြော်နှင့်ကော်ဖီကို အဆင်သင့်ပြင်ဆင်ထားပါသည်။

ကျွန်ုပ်တို့ စားသောက်ပြင်ဆင်ပြီး မနက် (၆) နာရီတိတိတွင် ကမ်းနားလမ်းအိမ်မှ ထွက်ခဲ့ကြသည်။ မိန်းမအဖော်ရစေရန် ဘောဘီကိုလည်း အမေ့အတွက် ခေါ်ခဲ့သည်။ ထုံးစံအတိုင်း ကိုသိန်းထွန်းကတော့ ကလေးများနှင့် အိမ်စောင့်တာဝန် ကျန်ခဲ့ရှာပါသည်။

မော်လမြိုင်က ထွက်လာသည်နှင့် လမ်းများမှာကျဉ်းပြီး သိပ်မကောင်းတော့။ မုဒုံမြို့နယ်က ကျိုက္ကမော့လေးတောင်သို့တက်ပြီး အမေ ဆည်းပွင့်များအား ဝတ္ထုနှင့်မုန့်ထုပ်များ လှူသည်။ ဘုန်းတော်ကြီးများက သက်သတ်လွတ်ဟင်းဖြင့် ထမင်းကျွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သီးစုံပဲဟင်းနှင့် လတ်ဆတ်သော အသီးအနှံကြော်များ၊ ရေတ်သီးဆားတောင်းများက ထမင်းမြိန်စေပါသည်။ ခရီးသွားနေရင်း လက်ရာပြောင်း၍ စားကောင်းပါသည်။ အပြန်တွင် အမေ့အဲတွက် ကျိုက္ကမော လေးတောင်ပေါ်မှ ဘုန်းကြီးရဟန်းများက ပိန္နဲသီးနှင့် ငှက်ပျောခိုင်များကို စွန့်ကျဲ၍ တနင့်တပိုးပင်။ အမေက ရန်ကုန်သို့ယူရန်မဟုတ်။ လမ်းခရီးရှိ မိတ်ဆွေများကို ဝေပေးရန်ဖြစ်သည်။

ကိုနန်း၏ SUPER SALOON ကားလေးကတော့ လူ (၅) ယောက်၊ နောက်ဖုံးထဲမှာ အသီးအနှံပစ္စည်းများနှင့် ဝပ်နေသည်။ ကားဆရာကိုနန်းကတော့ HIGH WAY တွင် OVER WEIGHT ဖြစ်၍ မျက်နှာပျက်နေရှာသည်။ တော်ပါသေးသည်။ (၁၉၈၇) မော်ဒယ် SUPER SALOON ကားကလေးက လမ်းခရီးတွင် အန္တရာယ်မပေး။ ပြဿနာမလုပ်။

သံဖြူဇရပ်ကိုကျော်ပြီး ကျိုက္ခမီမြို့ထဲဝင်၍ ဆင်ပုန်းတောရကျောင်းအထိ မငြီးမညူပြေးရှာပါသည်။ ဆင်ပုန်းတောရကျောင်းတွင် အသီးအနှံများနှင့်အတူ လှူဖွယ်ပစ္စည်းများချလိုက်တော့ SUPER SALOON ကားကလေး ဝိတ်ပေါ့သွားပြန်ပါသည်။ နောက်တစ်နေ့မနက်အပြန်တွင်တော့ မည်သို့နေမည် မသိသေးပါ။

အမေက ကျွန်ုပ်တို့နှင့် ဆင်ပုန်းကျောင်းက ဆရာတော် သံဃာတော်များဖြင့် မိတ်ဆက်ပေးပါသည်။ အမေ့အပြောကြောင့် ဆင်ပုန်းတောရကျောင်းမှ ဦးပဥ္စင်းတစ်ပါးက ကျွန်ုပ်တို့အား ထူးခြားသည့် အုန်းအတက်ပေါက်အုန်းပင်ကို လိုက်ပြပါသည်။

တကယ်တော့ ဆင်ပုန်းတောရကျောင်းမှာ ပင်လယ်ကမ်းခြေ၌ တောကြီးဖုံးနေခြင်းဖြစ်သည်။ အပေါ်စီးမှကြည့်ပါက ကျိုက္ခမီရေလယ်





ဘုရားနှင့် ကျိုက္ခမီပင်လယ်ပြင်ကို သာယာကြည်နူးဖွယ်ရာ မြင်နေရသည်။ ကျိုက္ခမီမြို့ကလေးမှာ ရာသီဥတုကောင်းမွန်ပြီး ပင်လယ်ကမ်းခြေမြို့ကလေးဖြစ်သဖြင့် မြန်မာပြည်အား အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်စိုးစဉ် (MR.LORD AMHERST) က ရုံးစိုက်၍ အုပ်ချုပ်ခဲ့သော မြို့ကလေးဖြစ်ပေသည်။

ကျောင်းဝင်းအတွင်း ပင်လယ်ကမ်းခြေ ကမ်းပါးအမြင့်ကြီးပေါ်၌ သရက်၊ ပိန္နဲ၊ တညင်း၊ အုန်းပင်များစုံလင်စွာ သီးပွင့်နေသည်။ ထိုသည်တို့အထဲမှ ငှက်ပျောတောကို နောက်ခံထား၍ အသီးများပြွတ်သိပ်သီးနေသော အုန်း (၃) ပင်ညီနောင်ကို တွေ့ရသည်။

ပင်မအုန်းပင်ကြီးတစ်ပင်တည်းမှ အတက် (၃) တက်ထွက်၍ ဝေဆာစွာ သီးပွင့်နေခြင်းဖြစ်သည်။ အသီးများသော်လည်း မကြီးသွားပါ။ နကာဘာရီခေါ် (၃)နှစ် အုန်းသီးခန့်သာရှိသည်။ အတွင်း၌ အသားခွံထူကြောင်း သိရသည်။

အုန်းပင်မကြီး၏ ခါးလယ်ဝင်စည်ကို မိုးကြိုးပစ်၍ ကျိုးသွားသည်။ ထို့နောက် ထူးဆန်းစွာဖြင့် လူတစ်ရပ်ခန့် ပင်စည်ပြတ်အနီးမှ ပင်ပွား (၃) ပင်ဆိုင်၍ တစ်ပြိုင်တည်းထွက်လာပြီး တစ်နှစ်ခန့်အကြာတွင် ယခုကဲ့သို့ ပင်ပွား (၃) ပင်မှ အုန်းသီးများပြွတ်ခဲနေအောင် သီးခြင်းဖြစ်ပေသည်။ သဘာဝမဟုတ်သော သီးပွားခြင်းဖြစ်သည်။

အုန်းပင်၊ ထန်းပင်တို့၏သဘောမှာ အကြောင်းတစ်ခုခုကြောင့် ပင်စည်ပြတ်ကျသွားပါက တဖြည်းဖြည်းသေသွားပြီး အတက်ထပ်မံထွက်၍ သီးပွင့်ခြင်း အလျဉ်းမရှိတော့ပါ။ ယခု ဆင်ပုန်းကျောင်းမှ အုန်းပင်ကတော့ ဂမ္ဘီရဆန်၍ ထူးခြားနေပါသည်။

အမေနောက်ပိုင်းပြောပြမှ ဆင်ပုန်းဘုန်းကြီးကျောင်းမှာ ရှိရ



www.burmeseclassic.com

www.burmeseclassic.com



ဆန်၍ ထူးခြားသောအောင်မြေဖြစ်ကြောင်း သိရပါတော့သည်။ ကျောင်းဝင်းအတွင်းရှိ ဒူးရင်း သီး၊ နာနတ်သီး၊ တညင်းသီး၊ ပိန္နဲသီး၊ စုံကတ်သံပုရာ ငှက်ပျောသီး၊ ကြက်မောက်သီး၊ သရက်သီး၊ သီဟိုဠ်သီးတို့မှာ အလွန်ကြီးထွားလှသည်။ ရေမြေကောင်း၍ မြေဩဇာကြွယ်ဝသော နေရာဒေသဖြစ်ပုံရသည်။

ကျွန်ုပ်တို့အား အုန်းပင်လိုက်ပြသော ဦးပဉ္ဇင်းမှာ ဦးတိသဟုခေါ်တွင်ကြောင်း သိရသည်။ စနေသားဖြစ်ပြီး သိပ္ပံဘွဲ့ရပြီးမှ ရဟန်းအဝတ်တွင် ပျော်မွေ့သွားကြောင်း ပုံလွန်တွက်ရပ်ပေါက်သွားသော ဆရာတော်ကြီး၏ လက်ရုံးတပည့်ရင်းဖြစ်မှ တွက်ရပ်ပေါက်ဝိဇ္ဇာလိုင်းကို လိုက်စားကြောင်း အမေက ပြောပြန်သိရပါသည်။ ဦးပဉ္ဇင်းဦးတိသမှာလည်း အမေက သိက္ခာထပ်ပေးထားသော သားပဉ္ဇင်းတစ်ဦးဖြစ်ကြောင်း သိရပြန်သည်။

ဦးပဉ္ဇင်းဦးတိသက ကျွန်ုပ်တို့အား ထူးဆန်းသောအတက် (၃) တက်ပေါက်၍ သီးနေသော အုန်းပင်အနီးရှိ တရားထိုင်သည်ဆိုသော ကွပ်ပျစ်ပေါ်တွင် နေရာပေးရင်း . . .

"မယ်တော်ကြီး . . . ဦးပဉ္ဇင်းဓာတ်လုံလည်း အတော်အဆင့်မြင့်နေပြီ။ ဂန္ဓာရီတော့ တွက်ရတော့မယ်၊ ဦးပဉ္ဇင်း ပေါက်မြောက်အောင်မြင်ရင်တော့ မယ်တော်ကို မမေ့ပါဘူး။ မ,ပါမယ်"

"အခု ဘယ်အဆင့်ရောက်နေပြီလဲ၊ ဦးပဉ္ဇင်း ဒီကိစ္စက နောက်ကျလည်း မကောင်းဘူး၊ စောလည်း မကောင်းဘူး။ ကိစ္စပြီးစီးအောင်မြင်အောင် အချိန်ကိုက်လုပ်ရတယ်။ ပေါက်မြောက်ဖို့ နီးကပ်လာတာနဲ့အမျှ အနှောင့်အယှက်က အလွန်ကြီးတယ်။ သတိကြပ်ကြပ်ထားပါ။ သားပဉ္ဇင်း . . . သားပဉ္ဇင်းက ဘယ်လမ်းကို ရွေးမှာပါလဲ"





"အခု သားပဉ္ဇင်းရောက်နေတဲ့ အဆင့်ကိုတော့ ဒကာမကြီးတို့ ညနေ၊ ရေမိုးချိုး၊ အဝတ်သန့်လဲပြီးမှ လက်တွေ့ပြပါမယ်။ မယ်တော်ကြီးက ဒီသမိုင်းတွေမှာ အတွေ့အကြုံများပြီး အသက်ရင့်သူဆိုတော့ အဆုံးအဖြတ်ပေးနိုင်မှာပါ။ သားပဉ္ဇင်းကိုလည်း ဂန္ဓာရီထွက်ဖို့ ပုဂ္ဂိုလ်တွေက လာသတိပေးနေကြပါပြီ၊ ဒီဝိဇ္ဇာအတတ်က အလွန်ကျယ်ပြောတော့ လမ်းအရွေးမမှားဖို့တော့ သတိထားရမယ်။ ကိုယ့်နှင့်အပ်စပ်ပြီး ကျွမ်းကျင်လိမ်မာတဲ့လမ်းကို ရွေးချယ်ရမှာပါ"

"သြော် . . . သားပဉ္ဇင်းတွေ ပေါက်မြောက်အောင်မြင်တော့ မယ်တော်ကြီးတွေလည်း ဝမ်းသာကြည်နူးရပါတယ်။ ကျုံပျော်မြို့က သားပဉ္ဇင်းဦးဥတ္တမက တရားဟောမွေ့ကထိကအနေနဲ့ အလွန်အောင်မြင်တယ်။ အခုဆိုရင် တရားခွေတွေတောင် အတော်များများထွက်နေပြီ။

မန္တလေး၊ ကျွဲဆည်က ပရဟိတကျောင်းက သားပဉ္ဇင်း ဘဒ္ဒန္တဝဏ္ဏသီရိဆိုရင်လည်း အသက် (၅၀) ပဲ ရှိသေးတယ်။ ဘဒ္ဒန္တဘွဲ့ထူးတောင်ရနေပြီ။ ကျောင်းထိုင်ဆရာတော်လည်း ဖြစ်နေပါပြီ။ ဟော . . . အခု ကျိုက္ကမီဆင်ပုန်းကျောင်းက သားပဉ္ဇင်းဦးတိသကလည်း ပေါက်မြောက်အောင်မြင်ခါနီးပြီဆိုတော့ မယ်တော်ကြီး ဝမ်းသာလုံးဆို့ပြီး ကွယ်လွန်မှာတောင် စိုးရတယ်"

"သည်းခံပါဦး . . . မယ်တော်ကြီး။ အချိန်အခါဆိုတာ စောင့်ရပါတယ်။ စောင့်နိုင်မှ အကျိုးရှိပါတယ်။ အောင်မြင်ပေါက်မြောက်သွားရင်တော့ သားပဉ္ဇင်းရဲ့ ဓာတ်လုံးရေစိမ်သောက်ရုံနဲ့ အသက်ရာကျော်ရှည်စေနိုင်ပါတယ်။ ဒါကြောင့် ဘယ်လိုင်းရွေးရင် ကောင်းမလဲလို့ မယ်တော်ကြီးနဲ့ တိုင်ပင်တာ။ ဝိဇ္ဇာဆိုတဲ့အကြောင်းကိုလည်း မယ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး သဘောပေါက်နားလည်အောင် အပြည့်အစုံ အသေးစိတ် ရှင်းပြပါ့မယ်''

''ဝိဇ္ဇာဆိုတာဟာ ပကာတိဖြစ်ပေါ်မှု ဖြစ်စဉ်ကို ဆိုလိုတာပါ။ ပုထုဇဉ်လူအပေါင်းတို့အနေနှင့်တော့ သိစေခြင်းကို မစွမ်းနိုင်ပါဘူး။ အရိယာပုဂ္ဂိုလ်တွေရဲ့ ဉာဏ်စဉ်ဖြင့်သာ သိမြင်ထိုက်သော ကိစ္စဖြစ်တာကြောင့် 'ဝိဇ္ဇာ'အတတ်ပညာရပ်လို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်''

'ဝိဇ္ဇာ'ဟူသောစကားဟာ သက္ကတဘာသာစကားမှ တစ်ဆင့် သက်သာခြင်းဖြစ်သည်။ 'ဝိဒျာ' ဟုလည်း ခေါ်သည်။ 'ဝိဒျာ' ၏အနက်ကို ပြန်ဆိုသော 'ပညာရပ်'ဟု အဓိပ္ပာယ်ရသည်။ တစ်စုံတစ်ယောက်သည် ပညာရပ်တစ်ခုကို အစမှအဆုံး တတ်မြောက်သိမြင်နေခြင်းမှာ အမှန်တကယ်ဖြစ်ခြင်းကို 'ဝိဒျာ' (ဝါ) ဝိဇ္ဇာဖြစ်ခြင်း ဟုခေါ်သည်။

ဦးပဉ္ဇင်းတို့၏ မြတ်စွာဘုရားရှင်သည် 'ဝိဇ္ဇာစရဏ သမ္ပန္န' ဟူသော ဂုဏ်တော်ကြောင့် ပိုမို၍ပြည့်စုံသော ဂုဏ်တော်မျိုးနှင့်ပါ ပြည့်စုံခဲ့ရပြီး ဂုဏ်တော်ကိုးပါးကို ပိုင်ဆိုင်တော်မူခဲ့ပါသည်။

ဗုဒ္ဓသာသနာ၌လည်း ဝိဇ္ဇာတရား၊ စရဏတရားတို့နှင့် ပြည့်စုံမှသာလျှင် မဂ်၊ ဖိုလ်ဟူသော ဖြစ်စဉ်ထူးကို ခံစားရမှာဖြစ်သည်။ ထိုတရားများပြည့်စုံမှသာ နိဗ္ဗာန်နှင့် နီးစပ်ရောက်ရှိနိုင်မှာဖြစ်သလို ထိုမဂ်၊ ဖိုလ်ဉာဏ်တရားများနှင့် မပြည့်စုံလျှင်တော့ နိဗ္ဗာန်နှင့် မနီးစပ်၊ မရောက်ရှိနိုင်ပါချေ။

ဝိဇ္ဇာဟူသောအတတ်ပညာတွင် အုပ်စု (၄) မျိုးပါဝင်နေသည်။ တစ်မျိုးချင်း သရုပ်ခွဲကြည့်သော် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။





(၁) **လောကီဝိဇ္ဇာ**

သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၊ မဟာသီလခန်းတွင်ပါရှိသော ဝိဇ္ဇာအမျိုးမျိုးကို ဆိုလိုခြင်းဖြစ်သည်။

(၂) **ဗြဟ္မဏဝိဇ္ဇာ**

ရှေးလောကီပညာရှင်များစီစဉ်၍ တည်ရှိနေခဲ့သော ဗေဒင်သုံးပုံကို တတ်မြောက်သော 'တေဝိဇ္ဇာ'ပုဏ္ဏားတို့၏ အတတ်ပညာဖြစ်သည်။

(၃) **ဣသိဝိဇ္ဇာ**

ဗုဒ္ဓသာသနာ ပ,ချိန်အခါ၌ ဈာန်အဘိညာဉ်ကိုရသော ရဟန်း၊ ပုဏ္ဏား၊ ရသေ့များ၏သာသနာတွင် ထွန်းကားလျှက်ရှိသော လောကီအဘိညာဉ်ငါးပါးကို ဆိုလိုခြင်းဖြစ်သည်။

(၄) **ဗုဒ္ဓဝိဇ္ဇာ**

သဗ္ဗညုတဉာဏ်ရှင် ဘုရားရှင်၏ သာသနာတော်၌ အဘိညာဉ် (၅) ပါးနှင့် ဝိဇ္ဇာ (၈) ပါး အတတ်များကို ခေါ်ဆိုခြင်းဖြစ်သည်။

လူ့ရပ်နယ်ပယ်၌လည်း ကြိမ်ဖန်များစွာ ကြားသိမှုများ ရှိနေပါသည်။ အများဆုံးသော စကားလုံးတို့တွင် ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဓာတ်ဝိဇ္ဇာဟူ၍ သိကြရပြီးဖြစ်သော်လည်း တိကျသော အဓိပ္ပာယ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရှိမှုကို သိကြမည်မဟုတ်ပါ။ သို့သော် အဓိပ္ပာယ်ရှိသော အဖြေမှန် တော့ ရှိနေမှာ သေချာပါသည်။

သတိပြုရမှာကတော့ တစ်ဦးသောပုဂ္ဂိုလ်သည် တန်ခိုးရှင်ဖြစ် 'ဝိဇ္ဇာ'ဟု ဆိုကြားအံ့၊ ထိုသူသည် အဘယ်မည်သော အတတ်ပညာ ကျွမ်းကျင်သနည်းဆိုသော ဆန်းစစ်ချက်ကိုတော့ သတိပြုမိသင့်သည်

ထို့ကြောင့် ကွဲပြားခြားနားစွာ မသိရသေးသော 'ဝိဇ္ဇာ'ဟူသည် အမည်၏ အတွင်းကျကျ အဓိပ္ပာယ်ကို လေ့လာမိသောအခါ ရှေးပညာ ရှိများရေးသားခဲ့သော 'ဝိဇ္ဇာ'များအကြောင်းကို လေ့လာသိရှိနိုင်သည်

ရှေးပညာရှင်များက ထပ်မံ၍ အသေးစိတ် သရုပ်ခွဲသောအ ဝိဇ္ဇာအမျိုးအစားမှာ (၄၄) မျိုးရှိကြောင်းနှင့်၊ ထို့ထက်လည်း ပိုမိုရှိ နိုင်ကြောင်း အဆိုပြုပြန်ပါသည်။

သန္တိကမ္မဝိဇ္ဇာ၊ ဘုရိဝိဇ္ဇာ၊ အဒိါသပညာ၊ ဝိဇ္ဇာ၊ ဝေဒပညာ ဝိဇ္ဇာကုမာရ်က၊ ပညာဝိဇ္ဇာ၊ မဟာတပဗ္ဗာနမဝိဇ္ဇာ၊ အာဒိစ္စုပဗ္ဗာနဝိဇ္ဇာ သိရိဂ္ဂာယန ဝိဇ္ဇာ၊ အာကာသသ္သူတြ ဝိဇ္ဇာ၊ အင်္ဂယောဝိဇ္ဇာ၊ ဘူတဝိဇ္ဇာ သိတဝိဇ္ဇာစသဖြင့် ဝိဇ္ဇာ (၄၄) မျိုးရှိသည့်အပြင် 'ဝိဇ္ဇာမိုရ်' ဟူ၍လည် ရှိသေးသည်။ သို့သော် ခေါ်ဝေါ်ရာ၌ 'ဝိဇ္ဇာ' ဟူ၍ပင် ခပ်လွယ်လွ ခေါ်ကြပါသည်။

မြန်မာစာအဘိဓာန်၌ 'ဝိဇ္ဇာ' ဟူသော ဝေါဟာရကို မန္တ အတတ်၊ ဆေးဝါးအတတ်၊ သံအတတ်၊ အင်းအတတ်၊ ပြဒါးအတ စသည်တို့၌ ကျွမ်းကျင်၍ ကောင်းကင်သို့ပျံပြီး မြေသို့လျှိုးခြင်း၊ ကို ပျောက်ခြင်းစသော 'တန်ခိုး' အမျိုးမျိုးကို ရရှိသော ပုဂ္ဂိုလ်ထူးဟု ဖော်ပြထားသည်။

မည်သို့ဆိုစေ ဗုဒ္ဓဘာသာ၏ အမြင်သဘောဖြင့် ကြည့်မ





ရလျှင်တော့ 'ဝိဇ္ဇာ' ဟူသော ဝေါဟာရသည် 'ကောင်းစွာသိခြင်း၊ ကောင်း စွာတတ်ခြင်း' ဟူသော အဓိပ္ပာယ်ကို ဆောင်ပါသည်။"

"ကဲ . . . မယ်တော်ကြီး၊ သားပဥ္စင်းကို မည်သည့်ဝိဇ္ဇာဖြစ် စေချင်ပါသလဲ။ အမိန့်ရှိပါ"

"မန္တန်အတတ်၊ ဆေးဝါးအတတ်၊ သံအတတ်၊ အင်းအတတ်၊ ပြဒါးအတတ်စသည်တို့၌ ကျွမ်းကျင်ပြီးကောင်းကင်သို့ပျံနိုင်၍ မြေသို့ လျှိုးပြီး ကိုယ်ပျောက်စေနိုင်တဲ့ အတတ်ပညာတတ်ကျွမ်းတဲ့ 'ဝိဇ္ဇာမိုရ်' ပဲ ဖြစ်စေချင်ပါတယ် သားပဥ္စင်း"

"မယ်တော်ကြီး . . . ဆုတောင်းတဲ့အတိုင်း ပြည့်စုံပါစေ။ သား ပဥ္စင်းလည်း ကြိုးစားမှာပါ။ ကဲ . . . မယ်တော်ကြီးနဲ့တကွ ပါလာကြ သော ဒေသည်တော်များ တွင်းရေချိုအေးအေးကလေးကိုချိုးပြီး သန့် စင်သောအဝတ်များကို လဲလှယ်ပြီးတာနဲ့ ဟောဟိုမှာ လှမ်းမြင်နေရတဲ့ တောင်ကမ်းပါးက ဗိုရ်ကို ကြွလှမ်းခဲ့ပါ။

သားပဥ္စင်းရဲ့ ပေါက်မြောက်အောင်မြင်နေပြီဖြစ်တဲ့ ဓာတ်လုံး ကို အကဲခတ်ရှုစား အကြံဉာဏ်ပေးကြပါ။ အကြံဉာဏ်ပေးတယ်ဆိုရာ မှာလည်း ဗိုရ်အတွင်း ဗိုလ်ိုးနေစဉ် စကားလုံးဝမပြောရပါ။ ဓာတ်လုံး ကို လုံခြုံစွာ သိမ်းဆည်းပြီးမှသာ ဦးပဥ္စင်းက ပြောဆိုမှသာ ပြောကြ ပါရန် မေတ္တာရပ်ခံပါတယ်"

မယ်တော်ကြီးနှင့် မဘောဘီတို့ချိုးရန်အတွက် ကျွန်ုပ်နှင့် မောင် သိကဲတို့ကျောင်းသားကလေးများ အကူအညီဖြင့် ကျောက်စိရေတွင်း မှရေကို စက်ဘီးဖြင့် ငင်ပေးကြသည်။ ပင်လယ်ကမ်းပါး အမြင့်ပိုင်း ဖြစ်သော်လည်း ဂဝံမြေဖြစ်သဖြင့် ရေမှာကြည်လင်ပြီး ကျောက်စက်ရေ ကဲ့သို့ အေးမြလှသည်။ ပင်လယ်နှင့်နီးသော်လည်း ရေငန်မဟုတ်၊ ရေချို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

အမေတို့ ရေချိုးပြီးတော့ ကျွန်ုပ်မောင်သိုက်နှင့် ကားဆရာ ကိုနန်းတို့ တစ်လဲစီချိုးကြသည်။ ရေချိုးလိုက်မှ ခရီးပမ်းလာသမျှ အနွမ်း ပြေသွားတော့သည်။ ရေချိုးပြီး အဝတ်အစားလဲနေစဉ် ကိုရင်တစ်ဦး က ကျွန်ုပ်တို့အား လာခေါ်သည်။ မယ်တော်ကြီးအား ခေါ်ဆောင်ပြီး ကျွန်ုပ်တို့ ဖိုရုံသို့ ထွက်ခဲ့ကြသည်။

"ကဲ ... သားတို့ အမေငယ်စဉ်ကတည်းက ကျုံပျော်မြို့က ဆရာဦးစိန်ခို ဖိုထိုးဓာတ်လုံးအောင်မြင်ခါနီးမှ အိမ်နီးချင်းအပျိုကြီး မတင်ယုံနှောင့်ယှက်လို့ ပျက်စီးသွားခဲ့တဲ့အကြောင်း ပြောပြီးပြီနော်။ ဒါကြောင့် အခုကတည်းက စကားလုံးဝမပြောပါနဲ့။ သားပဥ္စင်းက ပြော ဆိုတာတောင် ဆင်ခြင်ပြီးမှ ပြောကြပါ။ အမေက ကိုယ်တွေ့မို့လို့ သတိ ပေးတာပါ"

"ဟုတ်ကဲ့ပါ ... အမေ။ ကျွန်တော်တို့ ဦးပဥ္စင်းကမေးမှသာ စကားပြောပါမယ်။ အပိုစကားနဲ့ အနောက်အရှက်တွေ မလုပ်ပါဘူး။ စိတ်ချပါအမေ"

ကျွန်ုပ်တို့အဖွဲ့ ကျောင်းမှထွက်သော် ငှက်ပျောတောကြီးကို ဖြတ်သည်နှင့် အလယ်၌ အတက်ထွက်သော အုန်းပင်သို့ရောက်သည်။ အုန်းပင်ကိုကျော်ဖြတ်ပြီး ပင်လယ်ကမ်းပါးမြင့်ကြီးအတိုင်း လိုက်သည် နှင့် ရှောက်ပင်၊ ကျွဲကောပင်များ အုပ်ဆိုင်းနေသည့် လေးထောင့်စပ်စပ် စာတုရန်းပုံစံတူးထားသည့် မြေကျင်းထဲ၌ တည်ဆောက်ထားသော ဖိုရုံ ကို မြင်ရတော့သည်။

ဖိုရုံကို သွပ်မိုးပြီး ပျဉ်ပြားနား ကာရံထားသည်။ ဖိုရုံတစ် ဝိုက် စိမ်းစိမ်း၊ ဝါဝါ၊ ပြာပြာ အလင်းတန်းများ ထွက်နေသည်။ အမေ





ပြောဖူးသဖြင့် ကျုံပျော်မြို့မှ ဆရာဦးစိန်ခိုဖိုထိုးသည့် မြင်ကွင်းကို ကျွန်ုပ် သတိတရ ရှိမိတော့သည်။

ဖိုလ်ရုံဝရောက်သည်နှင့် အမေက ရပ်လိုက်သည်။ ကျွန်ုပ်တို့ လည်း ရပ်လိုက်ကြပြီး ဖိုရုံအတွင်း လှမ်းမျှော်ကြည့်ရှုရာ ဖိုဆွဲနေသော ဦးပဥ္စင်းဦးတိသ၏ မျက်နှာမူရာ အရှေ့တည့်တည့်ရှိ ဖိုပေါ်တွင်တင် ထားသည့် လုံအတွင်းမှ ရွှေရောင်ဝင်းလက်တောက်ပြောင်နေသော ဖန် ဂေါ်လီလုံးဆန်းအလုံးတစ်လုံးသည် သက်တန့်ရောင်စဉ် ကွန့်မြူးနေပြီး အပေါ်သို့ နှစ်တောင်ခန့်တက်လိုက်၊ အောက်သို့ဆင်းလိုက်ဖြင့် လှုပ် ရှားနေသည်မှာ လွန်စွာ အံ့သြဖွယ်ကောင်းလှသည်၊

ထူးဆန်းသည်မှာ ဖိုလ်ရုံအတွင်း၌ စကားဝါပန်းရနံ့ မွှေးကြိုင် သင်းပျံ့နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကိုမြင်သော်လည်း ဦးပဥ္စင်းဦးတိသ က စကားမဆို ခေါင်းငြိမ့်၍တော့ အသိအမှတ်ပြုသည်။ အမေကလည်း အလိုက်သိပါသည်။ စကားမပြောရုံတင်မက ဖိုရုံထဲသို့ပင်မဝင်ပါ။ မြင် သာထင်သာသော နေရာတို့တွင် အဆင်ပြေသလို ထိုင်ကြရန် ခြေဟန်၊ လက်ဟန်ဖြင့် ပြောသည်။

ထို့ကြောင့် ကျွန်ုပ်တို့ကလည်း အသက်အသံ လုံးဝမထွက် စေဘဲ ဖိုရုံပြင်ဘက်မြေပြင်ပေါ်၌ အေးဆေးဆိတ်ငြိမ်စွာ ထိုင်လိုက်ကြ ပါသည်။ ဦးပဥ္စင်းဦးတိသမှာ သက်တန့်ရောင်စဉ် (၇) မျိုး ဖြာထွက် နေသော ဓာတ်လုံးအား (၉) ချက်ခန့်ထုပ်မံ၍ ဖိုဆွဲသော် ဓာတ်လုံးမှာ အစိမ်းရောင်သို့ လုံးဝပြောင်းလဲသွားသည်နှင့် ရှင်အစ္စဂေါဏမန္တန်ရွတ် ဆို၍ ဓာတ်လုံးကို လုံအတွင်း၌ သိမ်းလိုက်သည်။ ပြီးနောက် အထူးပြု လုပ်ထားဟန်ရှိသော ရွှေဝါရောင်ညှပ်ဖြင့် ဖိုလ်ထဲမှ လုံကို ဆွဲယူလိုက် သည်။ ထို့နောက် ဖိုရုံဘေး၌ အဆင့်ဆင့်တန်းစီ၍ ရိုက်ထားသော စင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ်ရှိ ရွှေဝါရောင်ရေခွက်ထဲသို့ အတွင်းမှဓာတ်လုံးကို ခေါက်ချ လိုက်သည်။

ကျွန်ုပ်အထင်မှာ ဖိုကျင်ထိုးထားသော ဓာတ်လုံးသည် ပူပြင်းလွန်းသဖြင့် ရေနှင့်ထိသည်နှင့် 'ရှဲ'ဟု အသံကြီး ထွက်လာမည်ထင်သော်လည်း ကျွန်ုပ်၏ အထင်နှင့်အမြင် ပါစင်အောင်လွဲတော့သည်။ ဓာတ်လုံးရေထဲကျသံမှာ 'ရှဲ' ဟု မမြည်။ 'ပလုံ' ဟူ၍သာမြည်ပြီး ရေမှာ မြစိမ်းရောင်သမ်းသွားသည်။

ထိုအချိန်မှ ဦးပဥ္စင်းဦးတိဿက ဓာတ်လုံးကို လက်ဖြင့်ကောက်ယူ၍ လည်ပင်းတွင်ဆွဲထားသော အိတ်ရှုံ့ကလေးအတွင်းသို့ အသေအချာထည့်ပြီး ကေသီနှင့်ဖုံးလိုက်သည်။ ပြီးသည်နှင့် ရွှေဝါရောင်ရေခွက်အား အမေ့ထံဦးစွာ ကမ်း၍ . . .

"မယ်တော်ကြီး . . . တစ်ငုံသုံးဆောင်ပါ။ မယ်တော်ကြီး သုံးဆောင်ပြီးမှ မယ်တော်ကြီးသားတော်တွေကို တစ်ငုံစီတိုက်ပါ။ ဒီပြဒါးရှင်လုံးစိမ်ရေသည်ကို သောက်ပြီးရင် အသက်ရာဂဏန်းနီးတောင် ကျန်းမာစွာနဲ့ နေရမှာတော့ အသေအချာပါပဲ"

မယ်တော်ကြီးသောက်ပြီးတော့ ကျွန်ုပ်တို့ တစ်ငုံစီသောက်ကြပါသည်။ ပြဒါးရှင်လုံးစိမ်ရေသည်မှာ မြစိမ်းရောင်သမ်းပြီး ကျောက်စက်ရေလို အေးမြနေသည်။ ထို့အပြင် ထူးခြားချက်မှာ စကားဝါပန်းရနံ့ မွှေးကြိုင်နေခြင်းဖြစ်သည်။

"သားပဥ္စင်း . . . မယ်တော်ကြီးတို့ စကားပြောလို့ရပြီလား"

"ရပါပြီ မယ်တော်ကြီး။ ဓာတ်လုံးကိုလည်း လုံခြုံစွာသိမ်းဆည်းပြီးပြီမို့ အကြံဉာဏ်လည်း ပေးနိုင်ပါပြီ"

"သားပဥ္စင်း နားထောင်ပါ။ မယ်တော်တို့ငယ်စဉ်က ကျုံ့ပျော်





မြို့မှာ ဗိန္ဒောဆရာ ဦးစိန်ခိုဆိုတာ ရှိတယ်။ ဖိုထိုးတယ်။ ထွက်ရပ်ခေါက်လိုင်းကို လိုက်စားတယ်။ သူ့ရဲ့ဓာတ်လုံးကို ရေစိမ်ပြီးတိုက်ရင်း ယောဂအမျိုးမျိုးကို နိုင်တယ်။ မျက်စဉ်းခပ်ရင်း မျက်စိနာရောဂါအမျိုးမျိုး ပျောက်ကင်းချမ်းသာစေတတ်တယ်။

အမေက ဦးစိန်ခိုနဲ့ အမျိုးတော်ပြီး ကိုယ်တိုင်လည်း ဖိုဆွဲဆုံခဲ့ရတော့ မှတ်မိနေတယ်။ သူ့ဓာတ်လုံးက အခုလိုပဲ လုံထဲက စိမ်းစိမ်းဝါဝါ အရောင်တွေထွက်ပြီး အပေါ်ကို တက်ချည်၊ ဆင်းချည်လုပ်နေပြီ။ ဂန္ဓာရီဆရာတွေကလည်း ကြွလာပြီး တောထွက်ဖို့ သတိပေးသာပေမဲ့ ဆရာဦးစိန်ခိုဟာ နောက်ကကျန်ခဲ့မဲ့ သမီး (၂) ယောက် သံယောဇဉ်ကြောင့်ရယ်။ စိတ်ချရမဲ့တပည့်ကောင်း ရှာမရသေးတာကြောင့်ရယ် တောမထွက်ဖြစ်ခဲ့ဘူး။

အဲ . . . တစ်နေ့မှာတော့ ဦးစိန်ခို မနက်ပိုင်း ဖိုထိုးနေတုန်း စိမ်းစိမ်းဝါဝါအရောင်တွေ ထွက်နေတာနဲ့ မျက်နှာချင်းဆိုင် အိမ်နီးချင်း အပျိုကြီးမတင်ယုံက ခြံထဲဝင်ပြီး သွားစပ်စုတာနဲ့ လုံပေါက်ပြီး ပျံနေတဲ့ဓာတ်လုံးပါ ပျောက်သွားတယ်။

အဲဒီအချိန်ကစပြီး ဆရာဦးစိန်ခိုလည်း အရူးကြီးတစ်ပိုင်းဖြစ်မှ မတင်ယုံကို သတ်မယ်လုပ်လို့ မတင်ယုံလည်း ရန်ကုန်ကို တက်ပြေးရတော့တာပဲ။ ဒါကြောင့် အမေ့အကြံပေးလိုတာက သားပဥ္စင်းက အခုဓာတ်လုံးအခြေအနေအဆင့်ကို သိပြီဆိုတော့ အနှောင့်အယှက်ကင်းအောင် ဂန္ဓာရီတောထွက်ဖို့ အချိန်ကျပြီထင်ပါရဲ့။ ဆိုင်ရာပိုင်ရာ ဂြိုလ်တွေကရော သတိပေးတာတို့ ညွှန်ကြားတာတို့ မလုပ်ဘူးလား"

"လုပ်ပါတယ် မယ်တော်ကြီး။ သားပဥ္စင်းလည်း အဆင်သင့်ပြင်ထားပါပြီ။ အခုစောင့်နေတာက ထွက်ရပ်ပေါက်ပျံလွန်တော်မူသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သားဦးပဥ္စင်းရဲ့ မူရင်းဆရာတော်ရဲ့ ညွှန်ကြားချက်ကို စောင့်နေတာ ပါ။ ဆရာတော်က အိပ်မက်နဲ့ ညွှန်ကြားတတ်ပါတယ် မယ်တော်ကြီး"

"ကောင်းပါပေ့ ... သားပဥ္စင်းရယ်။ ဆရာရင်းတပည့်ရင်း ဆိုတော့ အလွန်အဆင်ပြေတာပေါ့။ ဆရာ့စကားကို မြေဝယ်မကျနား ထောင်လုပ်ဆောင်ကွယ့်"

"ဟုတ်ကဲ့ပါ မယ်တော်ကြီး။ သားဥ္စင်းလည်း မကြာမီ ထွက် ဖြစ်တော့မှာပါ။ အခုကတည်းက အဆင်သင့်ဖြင့်ဆင်ထားပါတယ်။ အခု မယ်တော်ကြီးတို့နဲ့တွေ့တာ နောက်ဆုံးဖြစ်ပါလိမ့်မယ်။ ထွက်ရပ်ပေါက် စခန်းသိမ်းပြီးမှ မယ်တော်ကြီးကို သီးသန့်လာတွေ့ပြီး မ,စပါ့မယ်"

"အခု ဘာတွေလှူဒါန်းဖို့ လိုအပ်ပါသလဲ သားပဥ္စင်း"

"မလိုအပ်တော့ပါဘူး။ ပြည့်စုံပါပြီ မယ်တော်ကြီး"

ထိုညက ညစာကို ကျွန်တော်တို့က ကျိုက္ကမီမြို့ထဲသို့ ထွက်၍ စားရန် ကြံရွယ်ထားသော်လည်း ဦးပဥ္စင်းဦးတိဿက ကြိုတင်စီစဉ် ပြီးဖြစ်သဖြင့် သူ၏ဒကာရင်း ထမင်းဆိုင်မှ လေးဆင့်ချိုင့်ကြီးနှစ်လုံး ဖြင့် လာပို့သည်။ ဟင်းမှာ ကြက်သား၊ ဝက်သားအပြင် ပင်လယ်စာ နှင့် အသီးအရွက်ကြော်ဟင်းများလည်း ပါသေးသည်။ အမေကတော့ ထုံးစံအတိုင်း ထမင်းဟင်းလာပို့သူများအား မုန့်များနှင့် အသီးအနှံ များ လက်ဆောင်ပြန်ပေးလိုက်ပါသေးသည်။

ညစာစားပြီး ဘုရားဝတ်ပြုကြ၍ အိပ်ရာအသီးသီးဝင်ကြတော့ ကျိုက္ကမီပင်လယ်ပြင်မှ ပင်လယ်လေညှင်းကလေးကို သန့်ပုံ့စွာ ရှူရှိုက် ရပြီး ကျိုက္ကမီရေလယ်ဘုရားမှ ဆွဲလည်းသံကလေးများကို တချွင်ချွင် သဲ့သဲ့ကလေး သာယာစွာကြားနေရသည်။

ကျွန်ုပ်တို့ရောက်ရှိ အိပ်စက်နေသည့်နေရာမှာ ထူးခြားဆန်း





ကြယ်လှသည့် ထွက်ရပ်ပေါက် အောင်မြေဖြစ်ကြောင်း ကျွန်ုပ် ဆင် ခြင်သတိကပ်ရင်း ခရီးပန်းလာသဖြင့် အိပ်ပျော်ခြင်းသို့ ရောက်ရှိလာ သည်။

နောက်တစ်နေ့မနက်တွင် မနက်စာစားပြီးသည်နှင့် ကျွန်ုပ် တို့ ကျိုက္ကမီရေလယ်ဘုရားသို့ သွားဖူးကြသည်။ ရေလယ်ဘုရားအား ဖူးမြော်နိုင်ရန် ပင်လယ်ကမ်းစပ်မှ ရေလယ်ဘုရားအထိ ရှည်လျားနိုင် ခန့်သော အဂ်တေစောင်းတန်းကြီးကို ဆောက်လုပ်ထားသည်။ ရေကျ ချိန်ဖြစ်၍ ကျွန်ုပ်တို့အဖွဲ့ ရေလယ်ဘုရားသို့ အလွယ်တကူလမ်းလျှောက် ပြီး ကူးနိုင်ဖူးနိုင်ကြပါသည်။

ရေထရက် ရေတက်ချိန်တွင်တော့ စောင်းတန်းကြီးတစ်ခုလုံး ကို မနက်၊ ည နှစ်ကြိမ် ရေဖုံးလွှမ်းသဖြင့် ရေလယ်ဘုရားထံသို့ မသွား နိုင်ကြောင်း၊ ရေလယ်ဘုရားတည်ရှိရာ ရေလယ်ကျောက်ဆောင်ကျွန်း မှာ ရေထရက်၊ ပင်လယ်ဒီရေဘယ်လောက်တိုးတိုး ရေမမြုပ်သည့်အပြင် ရေကွက်၍ပင်နေကြောင်း ဘုရားဂေါပကလူကြီးက ရှင်းပြ၍ သိရပါ သည်။ ထူးခြားဆန်းကြယ်တန်ခိုးကြီးသော ကျိုက္ကမီရေလယ်ဘုရားဖြစ် ပေသည်။

ထိုနေ့ နေ့လယ်စာကိုသံဃာတော် အပါး (၂၀) ခန့်နှင့် ဆင် ပုန်းတောရကျောင်း ဝေယျာဝစ္စအဖွဲ့ဝင်များနှင့် ယောဂီများအား အမေ က ဦးပဥ္စင်းဦးတိဿနှင့် နေ့ဆွမ်းကပ်သည်။ စုစုပေါင်း လူ (၅၀) စာ ခန့်ဖြစ်သည်။ မြန်မာပြည်ပတ်၍ ဘုန်းတော်ကြီးကျောင်းများအား မယ် တော်ကြီးက အလှူလုပ်နေခြင်းဖြစ်သည်။

ဒုတိယည ဆက်လက်အိပ်မည်ဟု ထင်ထားသော်လည်း ဘုန်း တော်ကြီးများအား နေ့ဆွမ်းကပ် ရေစက်ချအမှုဝေပေးပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ကျွန်ုပ်တို့ နေ့လယ်စာစားပြီးသည်နှင့် အမေက ပြန်မည်ဟု ဆိုလာသည်။ အချိန်မှာ နေ့လယ် (၁၂) နာရီခန့်တော့ ရှိချေပြီ။

ဦးပဥ္စင်းဦးတိဿကလည်း ဆင်ပုန်းကျောင်းထွက် ပိန္နဲသီး၊ စုံကတတ်သီး၊ နာနတ်သီး၊ တညင်းသီး၊ ငှက်ပျောသီးနှင့် အုန်းသီးများကို ပေးလိုက်ပြန်သည်။ ထို့ကြောင့် ကားဆရာကိုနန်း၏ SUPER SALOON ကားကလေးမှာ လူ (၅)ယောက်နှင့် အသီးအနှံများကြောင့် အလာတုန်းကထက် အပြန်တွင်ပို၍ ဝပ်နေပြန်သည်။ ထို့ကြောင့် ကားကို မြန်မြန်မမောင်းနိုင်၊ မှန်မှန်သာမောင်း၍ ပြန်ခဲ့ရသည်။

စက်စဲကမ်းခြေရောက်တော့ နေဝင်လုပြီဖြစ်သည်။ ခေတ္တသာဆင်း၍ မယ်တော်ကြီး ကျေနပ်စေရန်ပြုပြီး မော်လမြိုင်သို့ ပြန်ခဲ့ကြပါသည်။ ထိုညစာကိုတော့ ကျွန်ုပ်တို့ ဘေဘီတို့အိမ်တွင် အဆင်မပြေသဖြင့် မစားနိုင်တော့ဘဲ ကမ်းနားထမင်းဆိုင်သို့ ဆင်း၍ စားကြပါသည်။

ထိုည ဘေဘီတို့အိမ်တွင် အိပ်ပြီး နောက်တစ်နေ့မနက်စောစော ပြန်ရန်ဖြစ်သော်လည်း အိမ်ရှင်မဘေဘီက တားပြီး လက်ဆောင်ပစ္စည်းများ ဝယ်နေပြန်သဖြင့်လည်းကောင်း၊ အမေက ဒေါင်းဇရပ်ကျောင်းမှ ဦးပဥ္စင်း (ဗိုလ်မှူးခင်ဦး) အားနှုတ်ဆက်ရန် သွားရသေးသည်ကလည်းတစ်ကြောင်း။ ကျွန်ုပ်ကလည်း ကျိုက်သန်လန်ဘုရားအားဖူးမြော်ရင်း မော်လမြိုင်ထောင်မှ သူငယ်ချင်းထောင်ပိုင်ကြီး ဦးမိုးကြိုးအောင်ကို နှုတ်ဆက်နေရသောကြောင့်လည်းကောင်း၊ တကယ်တမ်း မော်လမြိုင် မဘေဘီတို့အိမ်မှ ပြန်ဖြစ်တော့ နေ့လယ်စာစားပြီး မွန်းလွဲ (၁၂း၃၀) နာရီမှ ဖြစ်တော့သည်။

✿ ✿ ✿

## အခန်း | ၆ |

❑

အပြန်ခရီးတွင်တော့ မဘေဘီမပါတော့ဘဲ အမေနှင့် ကားဆရာက ရှေ့ခန်းက၊ ကျွန်ုပ်နှင့် မောင်သိုက်က နောက်ခန်းက ချောင်လည်စွာဖြင့် ခရီးနှင်ခဲ့ကြသည်။ ကားနောက်ဖုံးအတွင်းမှာ အသီးအနှံများကလည်း လူတစ်ကိုယ်စာမက လေးမည်မှာ အမှန်ဖြစ်သည်။

သို့သော် ကားဆရာကိုနန်းက ကားအတွင်း လူချောင်နေသဖြင့် စိတ်သက်သာဟန်ရှိပါသည်။ သူ၏ SUPER SALOON ကားကလေးအား စိတ်ချလက်ချ မောင်းတော့သည်။ ကျွန်ုပ်တို့ကားကလေး မော်လမြိုင်၊ မုတ္တမတံတားသစ်ကြီးကိုဖြတ်တော့ လက်ယာဘက်၌ ခေါင်းဆေးကျွန်းအား အုန်းပင်များဝိုင်းရံလျက် မြင်ရသည်။ ကျွန်ုပ်တို့ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား ရည်မှန်း၍ ကန်တော့လိုက်ကြပါသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သထုံရောက်မှ ရွှေစာရံဘုရားအားဖူးပြီး ခေတ္တနား လက်ဖက်ရည်သောက်ကြသည်။ ညနေစောင်းတွင်အလံတစ်ရာ ဘုရားဝင်းအတွင်း ဝင်၍ တိုက်အုပ်ဆရာတော်အား သစ်သီးများလှူဒါန်းရင်း အလံတစ်ရာဘုရားအား ဖူးမြော်ကြည်ညိုကြပါသည်။ အလံတစ်ရာကထွက်တော့ ညနေစောင်းပေပြီ။ အပြန်တွင် အလာတုန်းကစားခဲ့သော မုပ္ပလ္လင်ထမင်းဆိုင်၌ပင် ညစာစားကြရပြန်သည်။

စားသောက်ပြီး စစ်တောင်းတံတားအား ကျော်ဖြတ်တော့ ည (၈) နာရီခန့်ပင် ရှိချေပြီ။ ဝေါမြို့ကို ကျော်သည်။ ပဲခူးမြို့ကို ဖြတ်သည်။ လှည်းကူးကိုကျော်ပြီး ထောက်ကြံရောက်တော့ ည (၁၁) နာရီကျော်ခန့်ရှိချေပြီ။ အမေက ထုံးစံအတိုင်း မလိုင်လက်ဖက်ရည်သောက်လိုသည်ဆို၍ မိုးလင်းအထိဖွင့်သောဆိုင်ကို ရှာဖွေပြီး ထိုင်၍ နားကြသည်။

ထောက်ကြံ့သည် ရန်ကုန်ဇရိယာဖြစ်၍ လမ်းခရီးတွင် မိုးချုပ်သော်လည်း ပူစရာမလိုတော့ပါ။ တစ်နာရီခန့်မောင်းရုံဖြင့် သမိုင်းအိမ်သို့ ပြန်ရောက်မည်ဖြစ်ပေသည်။ ကျွန်ုပ်တို့ လက်ဖက်ရည်သောက်ပြီး အေးဆေးစွာပြန်ခဲ့ကြ၍ အမေဒေါ်သန်းနုအိမ်သို့ ညမွန်းလွဲ (၁၂း၃၀) နာရီခန့် ပြန်ရောက်သော်လည်း ကျွန်ုပ်နေထိုင်သော အမှတ် ၁၂၃၊ အသောကလမ်း၊ အုတ်ကျင်းအိမ်ကိုတော့ ညမွန်းလွဲ (၁) နာရီခန့်မှ ပြန်လည်ရောက်ရှိပါသည်။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဘုရားဝတ်ပြု၍ အိပ်ရာဝင်တော့ ညဉ့်သန်းခေါင်ကျော် (၂) နာရီခန့်ရှိပေပြီ။ ခရီးပန်းလာ၍ ကောင်းစွာ အိပ်ပျော်ပါသည်။

နောက်နေ့များတွင်လည်း လဆန်းရက်ဖြစ်သဖြင့် ကျွန်ုပ်လစဉ်ရေးသားနေသော သူရဇ္ဇမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်း၊ သည်းထိတ်ရင်ဖိုနှင့်





ဂမ္ဘီရလောက မဂ္ဂဇင်း၊ ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းနှင့် အကျဉ်းဦးစီးဌာနမှ ထုတ်ဝေသော နရသိန်မဂ္ဂဇင်းတို့အတွက် ဝတ္ထုတိုအသစ်များရေးခြင်း၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ခြင်းနှင့် လစဉ်မဂ္ဂဇင်းများအား ထုတ်ခြင်းကိစ္စများကြောင့် တစ်ပတ်ခန့် အမေဒေါ်သန်းနုနှင့် မတွေ့ဖြစ်ပါ။ (၁၀) ရက်ခန့်ကြာတော့ အမေဒေါ်သန်းနု ကျွန်ုပ်၏အိမ်သို့ လိုက်လာပါသည်။

"သားကြီး ... နေမကောင်းဘူးလား၊ အမေစိတ်ပူလို့ လိုက်လာတာ"

"ကျွန်တော် နေကောင်းပါတယ် အမေ။ ကျွန်တော်တို့က အသက်ငယ်ပါသေးတယ်။ စိတ်ပူရမှာက ကျွန်တော်တို့ပါ။ အမေ့အသက်က (၈၅) နှစ်တောင်ရှိပြီလေ။ ခရီးဝေးကလည်း သွားထားတော့ မပင်ပန်းနေဘူးလား"

"အမေ ဘာမှမဖြစ်ပါဘူး။ သားက စိတ်ပူတယ်သာပြောပြီး အမေ့ဆီတော့ ပေါ်မလာပါလား။ ဒါကြောင့် အမေလိုက်လာတာ"

"လဆန်းရက်လေ အမေရဲ့။ စာရေးဆရာတစ်ယောက်ရဲ့ ငွေရှင်ချိန်ပေါ့။ မဂ္ဂဇင်းတွေ ထွက်ပြီလေ။ လစဉ်မဂ္ဂဇင်းတွေကို တိုက်တွေမှာ လိုက်ထုတ်၊ စာမူအသစ်တွေ လိုက်ပေးဆိုတော့ လဆန်းပိုင်းဆိုရင် ကျွန်တော်တို့စာရေးဆရာတွေ အလွန်အလုပ်များပြီး ဝင်ငွေရှင်တဲ့အချိန်ပေါ့"

"ကဲ ... ဒါဆို သားကြီးနဲ့ တိုင်ပင်စရာရှိတယ်။ သားကြီးသည်း နေကောင်းတယ်။ အမေလည်း ခရီးဝေးက ပြန်လာတာနဲ့ နောက်တစ်နေ့မှာ တူမဆရာဝန်ဉမ္မာသွင်နဲ့ စစ်ဆေးပြီးပြီ။ အားလုံးကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် မန္တလေးဘက်ခရီးထွက်ဖို့ သားကြီးကို လာတိုင်ပင်တာ''

''ကဲ ... အမေရေ အဲ့ဒီအကြောင်းတွေ လက်ဖက်ရည်ဆိုင်ရောက်မှ ပြောကြတာပေါ့။ သားရထားတဲ့ သန့်ရှင်းလှတဲ့ စာမူခဗွေကလေးနဲ့ အမေ့ကို ပြုစုပါရစေ။ လာ ... သွားကြစို့ အမေ''

(လ . ၀ . က) ရုံးချုပ်တွင် ရုံးအုပ်ကြီးလုပ်ခဲ့၍ လက်ဖက်ရည်ကြိုက်သော အမေ့ကို နှစ်ခါမခေါ်ရပါ။ သူမငှားလာသော မင်းသားကြီး (ဦးခေါင်းတုံး)၏ ဆိုက်ကားဖြင့်ပင် ကျွန်ုပ်တို့ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ယွန်းခဲ့ကြပါသည်။ ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း အမေက ...

''သားကြီး ... မန္တလေး၊ ကျွဲဆည်ကန်၊ ပရဟိတကျောင်းမှာ အမေရဲ့သားပဉ္စင်း ဦးဝဏ္ဏသီရိရှိတယ်လို့ သားကို ပြောခဲ့ပြီးပြီနော်''

''ဟုတ်ပါတယ် အမေ၊ အခု ဘာဖြစ်လို့လဲ''

''ဦးပဉ္စင်းက အမေ့ကို လှမ်းခေါ်နေပြီ။ အမေ လာချင်လာ၊ မလာရင် သူလာမတဲ့လေ''

''ဦးပဉ္စင်းသက်တော် ဘယ်လောက်ရှိပြီလဲ အမေ''

''သက်တော် (၅၀) ကျော်ပဲ ရှိသေးတယ်။ ဒါပေမဲ့ အမေ့ကို ပြစရာတွေရှိလို့ သူမလာဘဲ အမေ့ကို လာစေချင်တယ်လို့ ပြောသကွယ့်''

''ဒါဆိုလည်း အရေးကြီးတဲ့ ကိစ္စတွေတိုင်ပင်ချင်လို့ ဖြစ်မှာပေါ့ အမေရာ။ ကျွန်တော်တို့ သွားကြတာပေါ့။ ဘယ်တော့လောက် အမေသွားချင်ပါသလဲ''

စိတ်ကူးသစ်စာပေ



''သန်ဘက်ခါ။ ကိုနန်းကားနဲ့ပဲသွားမယ် သားကြီး။ မောင်သိုက်ဝန်းလည်း ပါမယ်။ မနက် (၆)နာရီအမေ့အိမ်က ထွက်မယ်၊ သားလာခဲ့ပါ''

''ဒါနဲ့အမေ ခရီးမထွက်မီ မနက်ဖြန်လောက် အမေကျန်းမာရေး စစ်ဆေးသင့်တယ်ထင်တယ်''

''အမယ်လေး ... မပူပါနဲ့သားရယ်။ အမေ မနေ့ကပဲ ဗိုလ်မှူးဆရာဝန်ဥမ္မာသွင်နဲ့ စစ်ပြီးပါပြီ။ သူကိုယ်တိုင်ကိုယ်က ခွင့်ပြုတာပါ။ သားလည်း ကြားဖူးမှာပေါ့။ အမှည့်တဝင်းဝင်း အကင်းတဖုတ်ဖုတ်ဆိုတဲ့ စကားပုံလေကွယ်''

''ဟုတ်ပါတယ် အမေ။ ဒါပေမဲ့ အမေ့အသက်အရွယ်နဲ့ ခရီးဝေးသွားတာ စိုးလာလို့ပါ''

''သြော် ... သားက အမေးခရီးထွက်တာ စိုးလာရင် အမေ ပြောခဲ့သလို ဆုံးခါနီးပြီလို့ သတိပေးချင်တာ မဟုတ်လား၊ အမေမှာ ပါသေးတယ်ကွယ်။ မပူပါနဲ့။ ဘာသာရေးကိစ္စနဲ့ သွားတဲ့ခရီးမှာ အမေ ဆုံးပါးသွားတော့ကော ဘာဖြစ်သလဲ။ သားတွေလက်ထဲမှာ ဆုံးပါးရမှာ သေပျော်ပါတယ်ကွယ်''

ကျွန်ုပ် အမေ့ကို ဆက်မပြောသာတော့ပါ။ အလှူအတန်းရက်ရောသော ခရီးဝေးထွက်သည်ကို ဝါသနာပါပြီး လက်ဖက်ရည်ချိုကို ကြိုက်တတ်သော အမေ့အတွက် သွားလိုရာသို့သွားရာတွင် လုံခြုံရေး တာဝန်ယူထားသော ကျွန်ုပ်က မတားသာတော့ပါ။ လမ်းခရီးတွင် ဘေးကင်းလုံခြုံပြီး အမေစိတ်ချမ်းသာစေရန်ကိုသာ ဦးစားပေး အစေ့အစပ်ထားဆောင်ရွက်ရန် ဆုံးဖြတ်ရပါတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်–မန္တလေး မိုင် (၄၀၀) ကျော်ခရီးမှာ ဝေးလွန်းလှသည်။ ရန်ကုန်၊ မန္တလေး အမြန်လမ်းမကြီးကလည်း သွားလို့မဖြစ်ပါ။ လွင်တီးခေါင်နေပြုပြီး စားသောက်ဆိုင်တန်းနှင့် နားနေရန်နေရာက လှမ်းလှသည်။

အမေကခရီးသွားလျှင် အရိပ်ကောင်းရာ၌ မကြာခဏ နားတတ်သည်။ ကားနား၊ လူနား၊ သက်သာစွာ ခရီးဝေးသွားခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် ရန်ကုန်–မန္တလေးနဂိုလမ်းဟောင်းကသာ ခရီးထွက်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။ အမေကလည်း သဘောတူပါသည်။

✿ ✿ ✿

❑

ကျွန်ုပ်တို့ ခရီးထွက်သောနေ့က စနေနေ့ မနက် (၆) နာရီ၊ ကိုနန်းကားဖြင့် ဖြစ်သည်။ ကားဆရာ ကိုနန်းက စနေသား။ ကျွန်ုပ်၊ အမေနှင့် မောင်သိုက်ဝန်းတို့က အားလုံး သောကြာသားသမီးများ ဖြစ်ကြသည်။

တစ်ခုကောင်းသည်မှာ အမေ ဒေါ်သန်းသန်းနုက ဘာသာရေးသမားဖြစ်၍ အစွဲအလမ်းမထား။ ခရီးထွက်ရာတွင် နေ့ကောင်းရက်ကောင်း ပြဿဒါးရက် ရှောင်ခြင်းကိုမလုပ်။ "မင်းတို့ထွက် ရက်ရာဇာဆိုသလိုမျိုးသာ သဘောထားသည်။

ကားစီးလျှင်လည်း ကားဆရာအနီး ရှေ့ခန်းတွင်သာ စီးလေ့ရှိ တစ်လမ်းလုံး မေတ္တာပို့၊ အမျှဝေ၍ ပရိတ်တော်များအား ရွတ်ဖတ်သရဇ္ဈာယ်လာတတ်သည်။ ထို့ကြောင့်လားမသိ။ ကျွန်ုပ် အမေဒေါ်သန်းနှင့် တစ်နိုင်ငံလုံးသတ်၍ ခရီးသွားဖူးပေါင်းများပြီ။ တစ်စုံတစ်ရာ အန္တရာယ်မရှိရုံတင်မက ကားဗင် ပျက်ခဲ့လှသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားပျက်လျှင်လည်း အသေးအဖွဲကိစ္စမျိုး ဖြစ်တတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ခရီးဝေးထွက်လျှင် အမေ့ကိုယုံသည်။ အမေ့ကို အားကိုးသည်။ တိုက်ဆိုင်သည်လားတော့ မပြောတတ်ပါ။ ခရီးသွားရင်း ကိုသိုက်ဖောက်လာ၍ အမေနှင့် စကားများပြီဆိုလျှင်တော့ ကားပျက်တတ်သည်။

တစ်လမ်းလုံး ဆီလိုလို၊ မီးလိုလိုနှင့် တစ်နေရာတွင် နားပြီး ပြန်ထွက်ပါက ဘာမျှမဖြစ်တော့။ အလွန်အံ့သြဖို့ ကောင်းပါသည်။ တစ်ခါတည်း မဟုတ်၊ အကြိမ်ကြိမ် အခါခါရှိပြီ။ ကားသမားပင် သူ့ကားသူ ဘာဖြစ်မှန်းမသိဘဲ အံ့သြနေတတ်သည်။ ထို့ကြောင့် ခရီးသွားလျှင် ကိုသိုက်မဖောက်ရန် အမေနှင့်စကားများပြီး ရန်မဖြစ်ရန် ကျွန်ုပ်က ထိန်းရသည်။

ကိုသိုက်ကလည်း ကိုသိုက်ပင်။ ရောက်ရာမြို့ရွာတိုင်းတွင် အပေါင်းအသင်းရှိသည်။ ခေတ္တနား၍ လက်ဖက်ရည်သောက်ချိန်၊ ထမင်းစားချိန်များတွင် ကိုသိုက် ကွမ်းယာဝယ်ရင်း၊ ဆေးလိပ်ဝယ်ရင်း ထွက်သွားလျှင် အတော်နှင့်ပြန်ပေါ်မလာတော့။ လိုက်ရှာတွေ့၍ ပြန်ခေါ်လာပြန်တော့လည်း အမေနှင့်စကားများရင်း ထမင်းစားသည်မှာ အတော်နှင့်မပြီးတော့ပါ။ အလွန်အချိန်ကုန်၍ စိတ်ပျက်စရာကောင်းလှပါသည်။

ထို့ကြောင့် ထိုနေ့က မနက် (၆) နာရီ ရန်ကုန်ကထွက်ရာ အလွန်ဆုံး ညနေ (၇) နာရီခန့် မန္တလေးဝင်ရမည့်အစား မန္တလေးကျွံ ဆည်ကန် ပရဟိတဘုန်းကြီးကျောင်းသို့ရောက်တော့ ည(၈) နာရီကျော် ထိုးချေပြီဖြစ်သည်။ ဘုန်းကြီးကျောင်းပေါ်ရောက်တော့ အမေ့သားပဋ္ဌင်း ဦးဝဏ္ဏသီရိက အသင့်စောင့်ကြိုနေပါသည်။

စိတ်ကူးသစ်စာပေ



"မယ်တော်ကြီး ... နောက်ကျလှချည်လား။ ဦးပဋ္ဌင်း စိတ်ပူနေတာ။ မောင်သိုက်ဆီက ဖုန်းရတော့မှ စိတ်အေးရတော့တယ်"

"ဟင် ... မောင်သိုက်က ဘယ်တုန်းက ဖုန်းဆက်တာလဲ"

"အဲဒါပြောတာပေါ့ မေမေရဲ့။ ကျွန်တော်က ကားနားတာနဲ့ ရန်ကုန်က အစ်မတွေဆီနဲ့ ဦးပဋ္ဌင်းဆီကို ဖုန်းဆက်ပြီး သတင်းပို့ရတာ။ အဲဒါကို ဦးပဋ္ဌင်းရာ ... ကားနားလို့ ကျွန်တော်လျှောက်သွားတာနဲ့ မယ်တော်ကြီးက ရန်လုပ်တော့တာပဲ"

"ဟဲ့ ... နင်က ဘယ်သွားမယ်၊ ဘယ်လာမယ်၊ ဘာလုပ်မယ်လို့ ပြောသွားဖူးလို့လား။ ကားနားတာနဲ့ ပျောက်ပျောက်သွားတာ တစ်လမ်းလုံးပဲ။ ဦးပဋ္ဌင်းရဲ့ သူ့ကိုစောင့်စောင့်နေရတာနဲ့ အခုလို အချိန်တွေနောက်ကျတာ"

"ကဲ ... တော်ပါတော့ မယ်တော်ကြီးရယ်။ မောင်သိုက်အကြောင်းလည်း သိရဲ့သားနဲ့။ ဒီဆို ဟိုရောက်တာ။ ကဲ ... ရေမိုးချိုးပြီး ညစာစားဖို့လုပ်ကြပါ။ အသင့်ချက်ပြုတ် ပြင်ဆင်ပြီးပါပြီ။ မောင်သိုက်ကလည်း စားသောက်ပြီးမှ ထွက်ပေရော့ ဟုတ်ပလား"

"တင်ပါ့ ... ဦးပဋ္ဌင်းက အလိုက်သိတယ်နော်။ ဟဲ ... ဟဲ ..."

"မောင်သိုက်ရာ ... မင်းနဲ့ငါ ငယ်စဉ်ကတည်းက တွဲလာတာပါ။ မင်းအကြောင်း ကောင်းကောင်းသိပါတယ်။ အခုတော့ မယ်တော်ကြီးစိတ်ကျေနပ်အောင် အေးအေးဆေးဆေးနေပြီး ညစာစားပြီးမှ ဒီကကျောင်းသားတစ်ယောက်ခေါ်ပြီး ကျောင်းကဆိုင်ကယ်နဲ့ တစ်မြို့လုံးပတ်ပါ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"အင်း ... သားပဥ္စင်းကတော့ ညီတော်မောင်ကို မြင်းချီတပ်ပေးနေပြန်ပြီ။ လိုက်လည်း လိုက်ပါရဲ့နော်"

"မယ်တော်ကြီးရယ်တားလည်း ရမှာမှမဟုတ်ပဲ။ ဒါကြောင့်သူမပူဆာခင် ဦးပဥ္စင်းက အလိုက်သိသိ စီစဉ်ပေးရတာပါ"

"သာဓုပါ ဘုရား ... သာဓုပါ"

အမေက ဆောင့်ကြီးအောင့်ကြီးနှင့် ရွှံ၍ သာဓုနှစ်ခွန်းခေါ်သဖြင့် ဦးပဥ္စင်းဦးဝဏ္ဏသီရိမှာ သဘောကျလွန်းသဖြင့် ပြုံး၍နေတော်မူသည်။ ကျွန်ုပ်တို့ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ဦးပဥ္စင်းစံမြန်းရာအနောက်ဆောင်တွင် ညစာစားတော့ အသားဖြူဖြူ ဘိုးသူတော်အဝတ်ဖြင့် လူသူတော်တစ်ဦးကညွှန်ခံ၍ ဝေယျာဝစ္စအားလုံး စီစဉ်ပေးပါသည်။ ဦးပဥ္စင်းက ...

"မယ်တော်ကြီး ... ဒီသူတော်က ဦးပဥ္စင်းတပည့် လက်ရွေးတော် လူယုံမောင်သုန်တဲ့။ ပြီးမှ သူ့အကြောင်း သူကိုယ်တိုင်ပြောပြလိမ့်မယ်။ ကဲ ... ညစာကို မြိန်မြိန်ရှက်ရှက် သုံးဆောင်ကြပါ။ ဒီကျောင်းမှာချက်တာတော့ မဟုတ်ဘူး။ မြို့ထဲကဒကာတွေ လာပို့ထားကြတာ။ နောက်နေ့တွေတော့ မောင်သုန်ကဦးစီးပြီး စားချင်ရာ ချက်ကျွေးလိမ့်မယ်"

"တင်ပါ့ဘုရား"

ကျွန်ုပ်တို့အဖွဲ့ မယ်တော်ကြီးအား ဦးချပြီး မြန်မာစာ၊ တရုတ်စာ၊ ဟင်းလျာများကို မြိန်ရှက်စွာ သုံးဆောင်ကြပါသည်။ လက်ရာပြောင်း၍ စားကောင်းသည်။ မန္တလေးက တရုတ်ဟင်းလျာက ရန်ကုန်တရုတ်ဟင်းလျာတွေထက် ပိုကောင်းသည်ဟုပင် ထင်မိသည်။

---

စိတ်ကူးသစ်စာပေ



ဟင်းများမှာလည်း ကြက်၊ ဘဲ၊ ဝက်၊ ငါး၊ အသီးအနှံစုံလှသည်ဟုပင် ထင်မိသည်။ ဟင်းပွဲ (၁၀)မျိုးခန့်ပင် ရှိပါလိမ့်မည်။ ကျွန်ုပ်တို့ကိုမပြောနှင့် တစ်လုပ်တစ်ဆုပ်သာစားသော မယ်တော်ကြီးပင် ယခုညတော့ ဟင်းလက်ရာကောင်းပြီး ခရီးပန်းလာလို့ ထင်ပါသည်။ ထမင်းတစ်ပန်းကန်ကုန် အောင်စားနိုင်သဖြင့် ကျွန်ုပ်ပင် အံ့သြရပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ညစာ ထမင်းစားပြီးတော့ အချိုပွဲစားရင်း ဦးပဥ္စင်းနှင့် စကားကောင်းကြတော့သည်။ ဘိုးသူတော် မောင်သုန်ဆိုသူမှာ ဦးပဥ္စင်းဝတ်ကြီး၊ ဝတ်ငယ်သာမက ကျွန်ုပ်တို့ညှိသည်များကိုလည်း လိုလေသေးမရှိအောင် ညှိခံပေးပါသည်။

မောင်သိုက်ဝန်းကတော့ ညဘက် ဆိုင်ကယ်မစီးချင်ဟု အကြောင်းပြ၍ ဦးပဥ္စင်းထည့်ပေးသည့် ကျောင်းသားကလေးကိုခေါ်ကာ ကိုနန်းကားဖြင့် မန္တလေးမြို့တွင်း ပတ်တော့သည်။ ကားဆရာကိုနန်းမှာ မန္တလေးသားဖြစ်၍ ရန်ကုန်တွင်သာမက မန္တလေးမြို့တွင်းလမ်းမများပါ ကျွမ်းကျင်သူဖြစ်သည်။

မန္တလေးမြို့လမ်းမများပေါ်နှင့် လမ်းကြားများက ဆိုင်ကယ်နှင့်စက်ဘီးက ရှုပ်လှသည်။ အထာသိသော မန္တလေးသားချင်းကတော့ အပေးအယူတည့်သည်။ ကျွန်ုပ်တို့လို ရန်ကုန်သားများအနေဖြင့်တော့ မန္တလေးမြို့ပေါ်က ဆိုင်ကယ်နှင့် စက်ဘီးများကို ကြောက်လှပါသည်။





မန္တလေးသားများကျပြန်တော့လည်း ရန်ကုန်မြို့တွင်းက ပြွတ်သိပ်ကြပ်ခဲနေသော ကားများကို ကြောက်လှသဖြင့် မမောင်းရဲဟု ဆိုပြန်သည်။ သူ့ဇာတ်နှင့်သူ့အရပ် မလွယ်ကတော့ ဟုတ်လှပေသည်။

လူရှင်းတော့ ဦးပဥ္စင်း ဦးဝဏ္ဏသီရိက စကားစသည်။

"ကဲ ... မယ်တော်ကြီး နားထောင်ပေရော့။ အဂ္ဂိရတ်ပညာဆိုတာ သဘာဝရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်တဲ့ ပညာရပ်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အဂ္ဂိရတ်ပညာနဲ့ မပူခြင်းသဘောကို ရှာဖွေတွေ့ရှိနိုင်တယ်။ ဒါကြောင့် အဂ္ဂိရတ်စာအချို့မှာ 'ခေမာခရီး ဝေဆာပြီး ခရီးနှင်ပြီသာ' လို့ အဂ္ဂိရတ်ထိုးသည်ကို ခေမာခရီးသွားအဖြစ်ဖော်ပြတတ်ကြတယ်။

ဦးပဥ္စင်းလည်း အဂ္ဂိရတ်သမားဖြစ်တာကို မယ်တော်ကြီးလည်းသိသားပဲ။ အခု ဦးပဥ္စင်းမှာ ဓာတ်သေဓာတ်လုံး ရရှိထားပြီ။ ဒီဓာတ်လုံးကို ရွှေကျွေးရတယ်၊ ဒီဓာတ်လုံးအကြောင်း ပြောပြမယ်။" တစ်နေ့ဓာတ်လုံးကို ခံရည်လောင်းလို၍ လုံပတ်ကျိုသည်။ အရေပျော်စတွင်ရော၊ ဓာတ်လုံးပါ လင်းဝင်းနေသည်။

သို့သော် တစ်ခဏအတွင်း မှောင်မဲသွားသည်။ မှောင်မဲသွားသည်မှာ လုံကိုပင် မမြင်ရနိုင်လောက်အောင် မဲမှောင်သွားခြင်းဖြစ်သည်။ အလွန်အံ့သြစရာကောင်းသည်။ ယခင်ကလည်း ခံရည်လောင်းမှုမျိုး ယခုကဲ့သို့ အရည်ကျိုဖူးသည်။ ထိုကဲ့သို့ မဖြစ်ဖူးပါ။ လုံတွင်းသို့မြင်နိုင်ရန်ခေါင်းငုံ့၍ ကြည့်ရသည်မှာ လုံနှင့်မျက်နှာ ထိလုထိခင်ပင်။

အံ့သြစရာကောင်းသည်မှာ မီးဖိုတွင်းမှ ရဲရဲနီနေသော မီးခဲများအဆင် ပြာများဖုံးလွှမ်းလျက်ရှိပြီး မီးရောင်ကိုမမြင်ရ။ လုံမှာလည်း ပြာဖြုများကပ်နေပြီး အေးစက်နေသည်။ ဖိုကိုဆွဲသော်လည်း မီးမှာ

www.burmeseclassic.com



လုံးဝမပူတော့ပါ။ ဗိုဆွဲခြင်းကိုရပ်ပြီး လုံကိုချကြည့်တော့ လုံတွင်းဓာတ်လုံးရဲ့ဘေးမှာ ပြာဖြူများကပ်နေသည်။ ထိုပြာများကို ကွမ်းရိုးဖြင့်တို့ပြီး လုံသစ်၌ထည့်၍ ဗိုထိုးကြည့်တော့ လုံမှာမီးရောင် နီရဲနေသော်လည်း လုံးဝမပူသည်ကို အံ့ဩဖွယ်တွေ့ရတယ်။

ဒါနဲ့ အဲဒီပြာအနှစ်တဲ့ ဓာတ်လုံးကိုယူပြီး လုံသစ်မှာ ဗိုထိုးကြည့်တော့ လုံပူပြီး ဓာတ်လုံးပါ အရည်ပျော်နိုင်ကြောင်း တွေ့ရတယ်။ ဒါကြောင့် ဦးပဠွင်းရရှိထားတဲ့ အနှစ်ပြာဟာ မီးကိုအေးစေပြီး ဓာတ်လုံးမှာမအေးကြောင်း တွေ့ရှိရတယ်။

အဲဒီအနှစ်ပြာကို ပျားရည်နှင့်စိမ်လျှင် ဖြူပြီးပန်းဝတ်ရည် သို့မဟုတ် နို့ရည်ကဲ့သို့ ဖြစ်သွားကြောင်းလည်း တွေ့ရတယ်။ အဂ္ဂိရတ်ကျမ်းဂန်များရဲ့ အလိုအရတော့ 'တစ်ဆင့်၊ နှစ်ဆင့်၊ ညီစွာဆင့်၍ ရှင့်အချိန်သင့်၊ ဆယ့်နှစ်ဆင့်နှော၊ မနှောမယိဒ္ဓိ၊ ရောက်ဘိထိုပြာ၊ ထုံးပမာသို့'ဆိုတဲ့ ပြာမျိုးလာတော့မသိ။

အရောင်က ရွှေရောင်ဖျော့ဖျော့ရှိတယ်။ ရွှေပြာအဖြစ်လို့ ဆေးသုံးမယ်ဆိုရင်တော့ အလွန်အစွမ်းထက်တဲ့ အားဆေးပါပဲ။ အဲဒီ ထူးဆန်းတဲ့ပြာကို ပျားရည်နဲ့မှီဝဲရင် အသက်ရှည်ပြီး အနာရောဂါကင်းမှာတော့ အသေအချာပါပဲ။ မယ်တော်ကြီးကို စွန့်ကျဲချင်လို့ ဒီအရောက်လှမ်းခေါ်ရတာပါ''

ဦးပဠွင်းဟာ အဂ္ဂိရတ်ထိုးရင်း ထူးခြားဆန်းပြားမှုများကို များစွာကြုံဖူးပါတယ်။ သို့သော်လည်း ဦးကြင်ဥ၏ကဗျာများထဲမှ စာသားကဲ့သို့ 'ကြုံစဖူး မြင်ဖူးမှ ယုံစကွယ်' ဆိုသလို အဖြစ်များလည်း များစွာရှိပါတယ်။ နောက်တစ်ကြိမ် ပြန်လည်ကြိုးစားလုပ်ကိုင်လို့ မရတော့တဲ့ အဖြစ်မျိုးလည်းရှိတယ်။





အဂ္ဂိရတ်ပညာဟာ အလွန်ထူးခြား ဆန်းပြားပါတယ်။ အခုလို ချော်ဖြူဆိုက်တဲ့ဓာတ်လုံးဟာ ဓာတ်အားကောင်းလေ တန်ခိုးသတ္တိရှိလေပါပဲ။ အရေးကြီးဆုံးအချိန်ပါပဲ။ အနှောင့်အယှက်အများဆုံး အချိန်ပဲ။ ဂရုမထားရင် ဓာတ်လုံးကော ပိုင်ရှင်ပုဂ္ဂိုလ်ပါ ပျက်စီးတတ်တယ်။ ဘာကြောင့်လဲဆိုတော့ ချော်ဖြူဓာတ်ရဲ့ရှေ့မှာ ထွက်ရပ်ပေါက်ဖို့သာ ကျန်ရှိတော့လို့ပဲ။

ထွက်ရပ်ပေါက်ဆိုတာ သုခုမရုပ်ဖြစ်သဖြင့် သုခုမရုပ်ရှိသော ဘုံများနှင့် ဆက်စပ်လျက်ရှိသည်။ ထိုသို့ဖြစ်ရန်လည်း ပါရမီပါရသည်။ မိမိ၏ဓာတ်လုံးမှာ ကောင်းပါသော်လည်း မိမိကိုယ်တိုင် သီလစောင့်ထိန်းခြင်းမရှိခဲ့သော် မအပ်မရာဖြစ်ခါ ပျက်စီးတတ်သည်။ ဤသည်မှာ ဓာတ်တို့၏ အလိုက်အထိုက်သဘောဖြစ်သည်။

တစ်ခါတစ်ရံ တစ်ပါးသူတို့၏ ဖျက်ဆီးခြင်းကိုလည်း ခံရတတ်သည်။ ဤသို့ဖြစ်သည်ကို အဂ္ဂိရတ်ပညာရှင်တို့က ဓာတ်လုည့်၊ နတ်လှည့်၊ သိုက်လှည့်ဟုခေါ်ဝေါ်ပြောဆို သုံးစွဲတတ်ကြသည်။ မည်သို့ဆိုစေ မိမိကံဖြင့်သာဆိုင်သည်။ မိမိ၏ ရရှာအင်အား အကျင့်သီလနှင့်သာ ဆိုင်ပေသည်။ လောဘ၊ မောဟ၊ ဒေါသတရားတို့ကို ပယ်ထားရသည်။ ဒါကြောင့် အဂ္ဂိရတ်ပညာရှင်တိုင်း ချော်ဖြူဓာတ် မီးအေးပြီဆိုရင် သီလကိုစင်ကြယ်စွာ စောင့်ထိန်းကြရလိမ့်မယ်။

တန်ခိုးဆိုတာ မသုံးတတ်ရင် အပျက်အများများသာ ဖြစ်တတ်တယ်။ ချော်ဖြူဓာတ်ဆိုတာ အလွန်ထူးခြားတဲ့ဓာတ်ပဲ။ တစ်ခါကလည်း ချော်ဖြူဆိုက်သောဓာတ်လုံးကို ခံရည်လောင်းလိုသဖြင့် အရေးကြီးသည်။ လုံကိုဖွင့်၍ ကျိုခြင်းဖြစ်သည်။ ဓာတ်ခံရည်မှာ ရေနတ်ပါ၊ မြင်းဆီဖြစ်သည်။ မြင်းဆီဆိုသည်ကား ဝက်ဆီထက် ပိုခြံသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံရည်လောင်းခါနီးတွင် မီးပြမှသာ ဆီများပျော်သွားတတ်သည်။ ဓာတ်အရည်ပျော်သောလုံကို ညှပ်ဖြင့်ယူပြီး မြင်းဆီရှိသော ခွက်ထဲသို့ ဓာတ်ရည်ကို လောင်းချလိုက်ပါသည်။ ဓာတ်ရည်သည် မြင်းဆီထဲရောက်သည်နှင့် အေးခဲသွားတတ်ပါသည်။

ယခုအခါတော့ သည်သို့မဟုတ်။ အရည်ပျော်နေသော ဓာတ်လုံးသည်၊ ထင်းဆီအတွင်းသို့ ရောက်လျှင်ရောက်ချင်း မြင်းဆီမျက်နှာပြင်ပေါ်တွင် မီးညွန့်ငယ်တစ်ခု တောက်သွားသည်။ လုံကို ညှပ်ဖြင့်ယူ၍ လောင်းလိုက်စဉ် လုံဖင်ဘက်မှ မီးကူကာ မြင်းဆီမျက်နှာပြင်တွင် မီးညွန့်တောက်ခြင်းဖြစ်သည်ဟု ယူဆမိလိုက်သည်။ သို့သော် ထိုမီးညွန့်မှာထူး၏။

မီးတောက်၏သဘောဆိုသည်မှာ အထက်သို့မြင့်လေ မီးညွန့်၏အောက်အကျယ် ကျယ်လာလေဖြစ်သည်။ သို့သော် ယခုမီးညွန့်မှာ ထိုကဲ့သို့ မဟုတ်။ မီးညွန့်မှာ အထက်သို့ ရှည်ထွက်လာသော်လည်း အကျယ်မှာ ငရုတ်ကောင်းစေ့ခန့်သာရှိသည်။ မီးညွန့် တဖြည်းဖြည်း ရှည်ထွက်လာသော်လည်း အကျယ်မှာ ပိုကျယ်မလာပါ။ မီးညွန့်မှာ လူတစ်ရပ်ခန့် မြင့်လာပါသည်။

ဦးပဥ္စင်းရဲ့ ဖိုရုံဟာ ခနိမိုးသာဖြစ်တယ်။ အမိုးကို မီးစွဲမှာစိုးရိမ်တာနဲ့ အယောင်ယောင်အမှားမှားဖြစ်ပြီး တိုးထွက်နေတဲ့ မီးညွန့်အပေါ်မှာ လက်ဝါးနဲ့ ကာလိုက်မိတယ်။ အဲဒီအချိန်မှာ အလွန်ထူးခြားတာကို ကြုံလိုက်ရတယ်။ မီးညွန့်ကို လက်ဝါးနဲ့ထိတာနဲ့ အလွန်အေးစက်တဲ့အတွေ့အထိကို ခံစားလိုက်ရတယ်။ ရှည်ထွက်လာတဲ့ မီးညွန့်ဟာလည်း လက်ဝါးနဲ့ကာလိုက်တာနဲ့ တဖြည်းဖြည်း ပြန်လည်တိုသွားပြီး နောက်ဆုံး ခံခွက်ထဲက မြင်းဆီမျက်နှာပြင်ပေါ် ပြန်ရောက်သွား





ပြီး မီးငြိမ်းသွားတော့တယ်။ ဒါကြောင့် မလောင်မီး၊ မကူးမီး၊ မီးအေးဖြစ်ကြောင်း သိလိုက်ရတယ်။ ဦးပဥ္စင်းလက်မှာ အေးနေတဲ့ခံစားမှုကို အတော်ကြာအောင်ပင် ခံစားလိုက်ရတယ်။

ဓာတ်လုံးလောင်းထားတဲ့ မြင်းဆီကိုလိမ်းရင် အကြောတက်၊ဒူးနာ၊ ခါးနာ၊ အကိုက်အခဲဟူသမျှ ပျောက်ကင်းချမ်းသာတယ်။ မယ်တော်ကြီး သက်ရှည်ကျန်းမာဖို့ စွန့်ကဲ့မယ်။ အခုဓာတ်လုံးက မီးမအေးသေးဘူး။ တစ်ဆင့်လိုသေးတယ်။ မကြာမီ အေးတော့မှာပါ။ အဂ္ဂိရတ်ကျမ်းတွေမှာတော့ ဓာတ်လုံးက မီးအေးရှင် ‘ခေမာခရီး ဝေဆာပြီး ခရီးနှင်ပြီးသာ’ လို့ ဖွဲ့ဆိုခဲ့ကြပါတယ်။

“အခု နောက်ဆုံးအဆင့်ကို ရောက်နေပြီဖြစ်မို့ မယ်တော်ကြီးနဲ့တွေ့ချင်တာနဲ့ အမှာတော်ပါးလိုက်ရတာပါ။ ဓာတ်လုံးမီးအေးတာနဲ့ ဦးပဥ္စင်းတောထွက်ပြီး ဂန္ဓာရီလုည့်ရတော့မယ်။ အခု မယ်တော်ကြီးနဲ့တွေ့ခြင်းဟာ နောက်ဆုံးဖြစ်ချင်ဖြစ်မယ်။

ဂန္ဓာရီလှည့်ရင်တော့ ဖိုးသူတော်မောင်သုန်ဟာ ဦးပဥ္စင်းရဲ့ လက်ခေါင်းတုံးတောင်ဝှေးပဲ။ သူ့ကို ထွက်ရပ်ပေါက်ဝိဇ္ဇာတစ်ယောက်ရဲ့တပည့်အဖြစ် လေ့ကျင့်သွန်သင် ဆုံးမသင်ကြားပေးထားတယ်။ နောက်ပြီး မောင်သုန်ဟာ အလွန်ထူးဆန်းတယ်။ သေတွင်းထဲက ဦးပဥ္စင်းကယ်တင်ထားတာ။

ဦးပဥ္စင်းအပေါ်မှာ အသက်ပေးပြီး သစ္စာရှိတဲ့အပြင် ဘာသာရေးမှာလည်း ဆရာတစ်ဆူနီးနီး နှံ့စပ်တယ်။ ဖိုးသူတော်ဖြစ်ပေမဲ့ ဆရာတော်ကြီးတစ်ပါးလို သီလပေးနိုင်တယ်၊ တရားဟောနိုင်တယ်၊ အကျင့်စရဏအင်အားကလည်း အတော်မြင့်နေပြီ”

“သားပဥ္စင်းကို မယ်တော်အကြံပေးချင်တယ် ဘုရား”



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ရှိပါ မယ်တော်ကြီး"

"မယ်တော်မှာ သားပဋ္ဌင်းလိုပဲ သိက္ခာထပ်ထားတဲ့ ဦးပဥ္ဇင်းတွေ အများကြီးရှိတယ်ဆိုတာ သိတယ်နော်"

"သိပါတယ် မယ်တော်ကြီး"

"အဲဒီအထဲက ကျိုက္ခမီ ဆင်ပုန်းတောရကျောင်းက သားပဥ္ဇင်း ဦးတိဿရဲ့ ဓာတ်လုံးဆိုရင် သက်တန့်ရောင်စဉ် (၇) မျိုးထွက်ပြီး မီးအေးနေပြီ။ မယ်တော်တို့ရှေ့မှာတင် ဗိုထိုးပြီး စမ်းပြတာ။ မကြာခင် ဂန္ဓာရီခရီးထွက်ဖို့ ပြင်ဆင်နေပြီး တပည့်ကောင်းကို ရှာနေတယ်။

ဒါကြောင့် မယ်တော်အနေနဲ့ သားပဥ္ဇင်းကို အကြံပေးချင်တာက ဓာတ်လုံးကို မီးအေးအောင်ကျင့်ကြဖို့ ကျိုက္ခမီက သားပဥ္ဇင်း ဦးတိဿနဲ့ အမြန်တွေ့ဆုံပြီး နည်းနာယူပါ။ သားပဥ္ဇင်းရဲ့ စိတ်ချရတဲ့ တပည့်မောင်သုန်ကိုလည်း ကျိုက္ခမီက သားပဥ္ဇင်းဦးတိဿလက်ထဲအပ်ပါ။ ဟိုက ထွက်ရပ်ပေါက်လို့ ကိစ္စတွေပြီးမြောက်တော့ ဖိုးသူတော်မောင်သုန်ဟာ သားပဥ္ဇင်းဝဏ္ဏသီရိအတွက် အတွေ့အကြုံရှိတဲ့ အကောင်းဆုံးတပည့်နောက်လိုက် မဖြစ်ပေဘူးလား"

"မှန်ပါတယ် မယ်တော်ကြီး။ မယ်တော်ကြီး အကြံအစည်ကောင်းမွန်လှပါတယ်။ သားပဥ္ဇင်းလိုက်နာပါ့မယ်။ ကဲ . . . မောင်သုန်မင်းရဲ့ သေကံမရောက်သက်မပျောက်တဲ့ ကိုယ်တွေ့ဖြစ်စဉ်လမ်းကို မယ်တော်ကြီးတို့ကြားရအောင် ရှင်းပြပါဦး"

"တင်ပါ့ဘုရား"

"ဒီလိုပါ မယ်တော်ကြီးခင်ဗျား။ ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံး HIV/ AIDS ရောဂါဝေဒနာရှင်တစ်ဦးပါ။ မိဘတွေဟာ ပစ္စည်းချမ်းသာကြွယ်ဝကြလို့ တစ်ဦးတည်းသောသားဖြစ်





တဲ့ ကျွန်တော့်ကို သူတို့ရဲ့ နေစည်းစိမ်တွေပုံပြီး မြန်မာဆေး၊ အင်္ဂလိပ်ဆေးတွေနဲ့ ကုသခဲ့ပါတယ်။ စည်းစိမ်တွေသာကုန်ပြီး မိဘတွေဆင်းရဲရဲနဲ့ ကွယ်လွန်သွားကြပေမဲ့ ကျွန်တော့်ရောဂါကတော့ မပျောက်ကင်းခဲ့ပါဘူး။

ဒါ့ကြောင့် ကျွန်တော်ဟာ နောက်ဆုံး အားကိုးရာအနေနဲ့ ဒီပရဟိတကျောင်းကိုရောက်လာတော့ ဆရာဦးပဥ္ဇင်းဦးဝဏ္ဏသီရိက ဒါန၊ သီလ၊ ဘာဝနာပွားရင်း တရားထိုင်နည်း၊ ဝိပဿနာပွားရှုနည်းတွေကို သင်ကြားပေးလို့ ကျွန်တော်လည်း အပြင်းအထန် လိုက်နာကျင့်သုံးခဲ့ပါတယ်။

ဘုရားကူ ကုတာကနေ နောက်ဆုံး ရှာန်ဝင်စားပြီး ဝိပဿနာကို ပေါက်မြောက်အောင်မြင်အောင်လုပ်နိုင်လို့ အခုဆိုရင် ကျွန်တော့်မှာ AIDS ဆိုတဲ့ ရောဂါဆိုးကြီး ဘေးက ကင်းဝေးခဲ့ပါပြီ။ ဒါကြောင့် ကျေးဇူးရှင်ဆရာတော် ဦးဝဏ္ဏသီရိအတွက်ဆိုရင် အသက်ပဲ စွန့်ရ၊ စွန့်ရ ကျွန်တော်ဝန်မလေးပါဘူး။

ကျွန်တော့်အနေနဲ့လည်း ဆရာတော်ကျေးဇူးကြောင့် 'သေလူ' ဘဝက 'ရှင်လူ' ဘဝတင်မက တစ်သက်လုံးမမျှော်မှန်းနိုင်တဲ့ မြတ်ဗုဒ္ဓရဲ့အမြိုက်ဆေးကို မှီဝဲခဲ့ရတာ အမြတ်ပါပဲ။ ကျွန်တော် ဝေဒနာဆိုးကြီးကို ကျော်လွှားခဲ့ပုံ ကိုယ်တွေ့ကလေးကို ဖောက်သည်ချ ပြောပြလိုပါတယ်။

ကျွန်တော်တို့ဝေဒနာရှင်တွေကို စိတ်ဓာတ်မြှင့်တင်ပေးရင်း ဝေဒနာပျောက်ပြီး နိဗ္ဗာန်ရောက်အောင်လို့ပါ။ အကျိုးအလွန်များပါတယ်။ ဆိုးကျိုး လုံးဝမရှိပါဘူး။ ဒီတရားထိုင်ခြင်းအလုပ်ဟာ ကျွန်တော့်လို



www.burmeseclassic.com

www.burmeseclassic.com



ကုမရတဲ့ ရောဂါဆိုးကြီးတောင်ပျောက်တာ ကင်ဆာလို၊ နှလုံးရောဂါလို ရောဂါမျိုးတွေလည်း ယုံယုံကြည်ကြည်သာ အားထုတ်မယ်ဆိုရင် ပျောက်ကင်းချမ်းသာမှာ အသေအချာပါပဲလို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော့်ဝေဒနာကို စသိရတာကတော့ ရိုးရိုးကလေးပါ။ မကြာခဏ ချောင်းဆိုးတယ်။ ဆေးမျိုးစုံစားတယ်။ သောက်တယ် မပျောက်ဘူး။ ဒါနဲ့ ဆရာဝန်ပြကြည့်တော့ ဆရာဝန်က ဆေးစစ်ကြည့်ပါတဲ့လေ။ ဆေးစစ်ကြည့်မှ အဖြေပေးတာပဲ။ HIV ရှိမှန်းသိတော့ ကျွန်တော်ခွေလဲသွားမတတ်ပါပဲ။

အဲဒါကြောင့် တစ်ဦးတည်းသောသား ကျွန်တော့်ကို မိဘတွေက ရန်ကုန်ပို့ထားပြီး ဆေးကုတယ်။ ရောဂါဆိုးကြီးဆိုတော့ မပျောက်ဘူး။ နယ်ကလူတွေလည်း မသိရအောင် နယ်မပြန်ခေါ်တော့ဘဲ မိဘတွေက ငွေပို့ပေးပြီး ဆေးကုတာပါ။ မပျောက်ပါဘူး။ ဒီရောဂါက နာတာရှည်ရောဂါချင်းတူပေမဲ့ ဆီးချို၊ သွေးချို၊ နှလုံး၊ သွေးတိုးရောဂါတွေနဲ့ မတူဘူး။ HIV / AIDS ရောဂါဆိုတာက ပိုးကြောင့်ဖြစ်တာလေ။

ဒီတော့ အဲဒီပိုးကို တစ်ကောင်မကျန်သတ်နိုင်မှ ရောဂါပျောက်ဖို့ စိတ်ချရမှာ။ စိတ်ချရအောင်လည်း ကိုယ့်ကိုကုသပေးနေတဲ့ ဆရာဝန်ကြီးတွေမှာ ရက်ချိန်းမှန်မှန် ပြပေးရတယ်။ ဆေးပြတ်သွားတာနဲ့ ကိုယ်ခံအားစနစ်က ပျက်စီးသွားတတ်တယ်။

ကိုယ်ခံအားစနစ်ပျက်စီးတာနဲ့ နောက်ဆက်တွဲရောဂါဆိုးတွေကလည်း ဝင်လာတတ်သေးတယ်။ ခြောက်လတစ်ကြိမ်လည်း ပိုးကောင်ရေ စစ်ဆေးပေးရတယ်။ ကြာတော့လည်း လူ့သဘာဝအတိုင်း အဖန်





တလဲလဲအလုပ်ကို ငြီးငွေ့တတ်တော့ ဒုက္ခလို့ထင်ပါတယ်။ ပတ်ဝန်းကျင်ကလည်း AIDS ရောဂါရှင်ဆိုရင် နှာခေါင်းရှုံ့တတ်ကြတယ်။ ကြာတော့ အဲဒီဒဏ်ရာတွေကို ကျွန်တော်မခံစားနိုင်တော့ဘူး။

ဘယ်အထိ ကြံစည်မိသလဲဆိုရင် ကိုယ့်ကိုကိုယ် အဆုံးစီရင်ဖို့အဆင့်ထိ ကြံစည်မိတယ်။ နောက်ဆုံး ဆရာတော်ဦးဝဏ္ဏသီရိဆီရောက်လာပြီး ဆရာတော်က ဆရာနန္ဒသိန်းဇံရေးတဲ့ 'ဖြေဆည်ရာ'ဆိုတဲ့စာအုပ်ကလေးကို ပေးဖတ်တယ်။ စာအုပ်ကလေးက သေးပေမဲ့ ကျွန်တော့်ဘဝရဲ့ ပြောင်းလဲခြင်းအစ ဖြစ်ခဲ့ပါတယ်။

အဲဒီစာအုပ်ထဲမှာ 'သေခြင်းတရား၏ နှိပ်စက်ခံရသူအား စောင့်ရှောက်ရန်သားသမီးတို့ မရှိကုန်။ အမိအဘတို့လည်း မရှိကုန်။ ဆွေမျိုးတို့လည်း မရှိကုန်။ ဤအကြောင်းထူးကိုသိသော ပညာရှိသည် သီလကိုစောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်း အဋ္ဌင်္ဂိကမဂ်ကို လျှင်စွာသာ လျှင်အားထုတ်ရာ၏ 'ဆိုတဲ့ ဗုဒ္ဓရဲ့စကားဟာ ဆောက်တည်ရာမရဖြစ်နေတဲ့ ကျွန်တော့်ကို တည်ငြိမ်လာတဲ့ စိတ်နဲ့ဘဝရဲ့ ဖြစ်လေ့ရှိတဲ့သဘာဝကို ရှုမြင်လာနိုင်ခဲ့ပါတယ်။ ဖြေဆည်ရာ ရခဲ့ပါတယ်။ နားခိုရာ ရခဲ့ပါတယ်''

မိမိထံ တည့်တည့်ရောက်လာပြီး နှိပ်စက်တော့မဲ့ သေခြင်းတရားကို ခံနိုင်ရည်ရှိဖို့ ဖြူစင်တဲ့အကျင့်သီလကို စောင့်သိပြီး အင်္ဂါ (၈) ပါးရှိတဲ့ မဂ္ဂကျင့်စဉ်ကို ကျင့်ကြံအားထုတ်ဖို့လည်း လိုအပ်တယ်လို့ သဘောပေါက်လာခဲ့ပါတယ်။ 'ဒါကြောင့် ကျွန်တော် စဉ်းစားတယ်။ စာအုပ်ဖတ်ပြီး သိတဲ့အသိကလေးနဲ့တော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဒီတော့ တရားစခန်းဝင်ဖို့ စဉ်းစားတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ သက်



www.burmeseclassic.com

www.burmeseclassic.com



တွေက အနာတွေပေါက်နေတယ်။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်မဖြစ်စေချင်ဘူး။

တရားစခန်းဝင်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ကျွန်တော့်ကို လက်ခံချင်ကြမှာမဟုတ်တာလည်း အသေအချာပါပဲ။ ဒါကြောင့် ကျွန်တော် အခက်အခဲအကြပ်အတည်းဖြစ်နေတုန်း စာအုပ်ပေးဖတ်တဲ့ ဆရာတော်ဦးဝဏ္ဏသီရိကို အကူအညီတောင်းတော့ ဆရာတော်က ...

"ဒကာတော် ... သဘာဝ အနတ္တသဘောအရ ခန္ဓာရလျှင် ယှဉ်ဖော်ယှဉ်ဖက်ဝေဒနာဆိုတာ အမြဲရှိနေမှာပဲ။ မြတ်စွာဘုရားရှင်ပင်လျှင် ပရိနိဗ္ဗာန်စံတော်မမူမီအထိ ဝေဒနာနဲ့ ရင်ဆိုင်သွားခဲ့ရတာပဲ မဟုတ်လား။ ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတနာတွေရှိလာမှာတော့ ဖဿအတွေ့အထိမှသည်၊ ဝေဒနာတွေလည်း ပေါ်လာတော့မှာပေါ့။

ဝေဒနာမှသည် တဏှာဆီမကူးမိဖို့ ဝေဒနာတွေနဲ့ ပြည့်နှက်နေတဲ့ခန္ဓာကိုယ်ကြီးရဲ့ အနှစ်သာရကိုရှာကြည့်ရင် စောင့်ထိန်းခြင်းဆိုတဲ့သီလကို ရှာတွေ့မယ်။ အနိစ္စစတဲ့ ဖြစ်ပျက်မှုဒဏ်တွေ၊ အနှိပ်စက်ခံနေရတဲ့အတွက် အသက်ဆိုတာဟာလည်း ဘာမျှ အနှစ်သာရမရှိဘူး။

အသက်ရဲ့ အနှစ်သာရဲဆိုတာဟာ ဝိပဿနာတရား အားထုတ်ခြင်းပဲ။ ဒီတော့ ဝေဒနာနိယောဓာ၊ တဏှာနိရောဓာဖြစ်ဖို့ ဝိပဿနာဉာဏ်ရည် လိုအပ်တယ်။ အဲဒီဂုဏ်ရည်တက်ဖို့ ရှုမှတ်မှု၊ အလေ့အကျင့်များများ ရှိဖို့လိုအပ်တာပဲ"

အဲဒီအချိန်ကတည်းကစလို့ ဆရာတော့်ကျောင်းမှာနေပြီး ကျောင်းဝေယျာဝစ္စလုပ်ရင်း စိတ်ရောကိုယ်ပါ သန့်စင်စေဖို့အတွက် သန့်ရှင်းစင်ကြယ်တဲ့ အဖြူရောင် ဖိုးသူတော်အဝတ်ကို ဝတ်ပါတယ်။





တစ်သက်ပတ်လုံး ဆရာတော်ဘုရားနဲ့ အတူနေမှာဖြစ်လို့ အာဂန္တုယောဂီမဟုတ်ဘဲ ဝေယျာဝစ္စသူတော်စင်ဖြစ်ဖို့ မျှော်မှန်းပါတယ်။

ဆရာတော်ရဲ့ လမ်းညွှန်သွန်သင်ဆုံးမမှုနဲ့ ဝိပဿနာအလုပ်ကို လုပ်ခဲ့တာပါ။ အလုပ်ကြာလာတော့ ခန္ဓာကိုယ်ကြီးရဲ့ ရုပ်နာမ်၊ ဓမ္မ၊ သင်္ခါရဆိုတဲ့ မမြဲခြင်းသဘောတွေကို ပိုသိလာရပါတယ်။ သင်္ခါရတရားတို့ရဲ့ သဘာဝဟာ ပြောင်းလဲခြင်းပဲလေ။ ဒီအမှန်တရားကို ရှင်းရှင်းလင်းလင်းမြင်နိုင်တဲ့အထိ ဆင်ခြင်သုံးသပ်တယ်။ ဘယ်သူ့ကိုမှ မကြည့်ပါဘူး။ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ ရှုပါတယ်။

AIDS ရောဂါမဖြစ်ခင် ကျွန်တော့်အသားအရေဟာ ချောမွတ်နေတယ်။ ရောဂါခံစားလာရတော့ အနာတွေဟာ ဟိုတစ်ကွက် ဒီတစ်ကွက်ပေါ်လာတယ်။ အဲသည်လို ယိုယွင်းလာတဲ့ အသားစု၊ အသားပိုင်တွေက ခန္ဓာမှာရှိနေတဲ့ 'သစ္စာဓမ္မ' အမှန်တရားကို သိလာတယ်။

ဘုရားရှင်က ခန္ဓာကိုယ်ကိုကြည့်ဖို့ ရှုးစိုက်ရှုမှတ်ဖို့ ခန္ဓာရဲ့ သဘောမှန်နဲ့ အသားကျနေဖို့ ဟောကြားဆုံးမတော်မူခဲ့ပါတယ်။ ခန္ဓာမှာ ဘယ်လိုအခြေအနေတွေ ရှိနေရှိနေ ခန္ဓာနဲ့ပတ်သက်လို့ သက်တောင့်သက်တာရှိအောင်ပဲနေတယ်။ ယိုယွင်းလာတဲ့ ရုပ်ခန္ဓာကြောင့်လည်း စိတ်ကိုကျဆုံး အပျက်အစီးမခံရဘူး။ စိတ်ကို သီးသန့်ထားရတယ်။ အဲဒီအချက်က အင်မတန်အရေးကြီးပါတယ်။

ဆရာတော်ရဲ့စကားနဲ့ ပြောရရင် ဝိပဿနာတရား အားထုတ်တယ်ဆိုတာ ကိုယ်နဲ့အနီးကပ်ဆုံးဖြစ်တဲ့ စိတ်အကြောင်းကို ကြိုးစားရတာပါပဲ။ စိတ်ဟာ အရာကျယ်တယ်။ လောကကြီးကို ဦးဆောင်တယ်။ ဒါကြောင့် သင်္ခါရတရားတို့ရဲ့ ဓမ္မတာလမ်းကြောင်းဖြစ်တဲ့ အမှန်တရား



www.burmeseclassic.com

www.burmeseclassic.com



ကို သိမြင်လာအောင် ဝိပဿနာတရားအားထုတ်ရင်း စိတ်ဓာတ်စွမ်းအင်တွေကို မြှင့်တင်ခဲ့တာပါပဲ။

"ကျွန်တော့်ရဲ့ခန္ဓာကိုယ်ကို နိမ့်ရာကိုစီးဆင်းတတ်တဲ့ ရေလို သဘောထားပါတယ်။ ကျွန်တော့် ခန္ဓာကိုယ်မှာ AIDS ဆိုတဲ့ ရောဂါဆိုးကြီးရှိနေမှတော့ သေမဲ့ဘက်ကို ဦးတည်နေပါပြီ။ ဒါကို ဆန့်ကျင့်ဖို့ မဟုတ်ပါဘူး။ ဘုရားရှင်ဟောကြားတော်မူတဲ့အတိုင်း သင်္ခါရတရားကို ရှုမြင်ဖို့ ခန္ဓာအပေါ်တွယ်တာမှုကို ဖယ်ရှားပစ်ဖို့ အရေးကြီးပါတယ်။ မွေးဖွားမှုနဲ့ သေဆုံးမှုသံသရာစက်ဝန်းက လွတ်မြောက်ရာလမ်းဖြစ်တဲ့ မေ့ကို သိမြင်နားလည်ဖို့ဆိုတာက ကိုယ်တစ်ယောက်တည်း အဖော်မပါဘဲ လုပ်ရမဲ့အလုပ်ပဲလေ။

ဒါကြောင့် အခုဆိုရင် ကျွန်တော်ဟာ အချိန်အခါရယ်လို့ မဟုတ်တော့ဘူး။ ရတဲ့အချိန်မှာ ရသလို အလုပ်ကိုလုပ်တယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ဆရာတော်အရှင်အာစာရရဲ့ ကွယ်လွန်ခါနီး သက်ကြီးရွယ်အိုတစ်ဦးကို ဟောပြောခဲ့ပုံကို အသေအချာမှတ်ပြီး ဉာဏ်နဲ့ရှုမှတ်ခဲ့တာပါ။ ကျွန်တော့်ကိုယ်တွေ့ခန္ဓာကိုယ်ရဲ့ ဝေဒနာကို တွန်းလှန်ခဲ့တာပါ။ ဒါကြောင့် အခုဆိုကျွန်တော်ရဲ့ ဝေဒနာဆိုးကြီးကို အောင်နိုင်လိုက်ပါပြီ။

စိတ်ဟာ ပင်ပန်းနွမ်းနယ်လာရင် အဲ့ဒီစိတ်ကို အသက်ရှူအပေါ်မှာ တည်ဆောက်ထားတာပါ။ ကျင့်သားရလာတာနဲ့အမျှ သမာဓိဟာ သိမ်မွေ့လာပါလိမ့်မယ်။ ဒါမှသာ ဝေဒနာဆိုးကို ရင်ဆိုင်နိုင်မှာပါ။ အကယ်၍ အလွန်အကျွံ ပင်ပန်းလာရင်တော့ စိတ်ကို ခဏအနားပေးလိုက်ပါ။ အဲဒီနောက်အသက်ရှူမှုကို ပြန်လည်ရှုမှတ်ပါ။ ဟိုဒီရောက်နေတဲ့အတွေးကို ဆုပ်ကိုင်မထားပါနဲ့။ စိတ်ဟာအာရုံ တစ်ခုတည်းမှာ





စုစည်းနေပါစေ။ စုစည်းမိတဲ့စိတ်ဟာ အသက်ရှူမှုအပေါ်မှာ မှုတည်နေပါစေ။ စိတ်ဟာ ခံစားမှုဝေဒနာတွေ မထင်မရှားဖြစ်လာတဲ့အထိ အစွန့်ကွာစင်ကြယ်လာတဲ့အထိ စူးစိုက်ရှုမှတ်ပါ။

အသက်ရှူပြင်းရင် ပြင်းတယ်လို့သိပါ။ သိမ်မွေ့ရင် သိမ်မွေ့တယ်လို့သိပါ။ အဲဒီလို သိမ်မွေ့လာတာနဲ့အမျှ အသက်ရှူမှုဟာ ချုပ်ငြိမ်းသွားပြီး ခံစားမှုသတိပဲ ကျန်ခဲ့ပါလိမ့်မယ်။ သိမှုတစ်ခုကလွဲပြီး အရာရာကို လွှတ်ပေးထားလိုက်ပါ။ တရားရှုမှတ်နေခိုက်မှာ ပေါ်ပေါက်လာတဲ့ အာရုံတွေနဲ့ ကျီစားမှုတွေကို လက်မခံပါနဲ့။ အရာရာကို ဆုပ်ကိုင်ထားခြင်းလည်း မရှိပါစေနဲ့။ အတိတ်အနာဂတ်ကိုလည်း ပူပန်မှုမရှိပါစေနဲ့ တည်ငြိမ်အေးဆေးစွာပဲ နေပါ။

တရားနှလုံးသွင်းမှုကို အားစိုက်ပါ။ တည်ရာမဲ့တဲ့ အရာအားလုံးကို စွန့်လွှတ်နိုင်ရင် သစ္စာကိုသိပါလိမ့်မယ်။ ဒါကြောင့် ဘာကိုမျှ ဆုပ်တွယ်မထားပါနဲ့။ တစ်စုံတစ်ရာကို ပညာနဲ့ သိနားလည်လိုက်ရင် စိတ်ဟာ တောက်ပလာပါလိမ့်မယ်။ တည်ကြည်လာပါလိမ့်မယ်။ ကိုယ်လုပ်စရာရှိတာက ကိုယ့်စိတ်ကို စူးစိုက်ထားဖို့ပါ။ စိတ်ကို ငြိမ်းချမ်းမှုဆီကို ခေါ်ဆောင်သွားပါ။

နာကျင်ခံခက်မှုကို ကြောက်ရွံ့နေတာပဲဖြစ်ဖြစ် သေရမှာကို ကြောက်တာပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ဒါတွေဟာ လောကမှာတာ သဘာဝတရားတွေလို့ပဲ သိမြင်လိုက်ပါ။ တကယ်လို့ အဲဒီသဘာဝတွေဟာ စိတ်ထဲမှာ ဘာပဲပေါ်လာပေါ်လာ ဒါဟာ ငါ့ကိစ္စမဟုတ်ဘူး။ အနိစ္စ ဒုက္ခ အနတ္တပဲလို့ သဘောထားလိုက်ပါ။

အချိန်ကြာကြာ အသက်ရှင်နေထိုင်ချင်သေးတယ်ဆိုတဲ့ စိတ်ဟာ ကိုယ်ကိုဆင်းရဲစေပါတယ်။ မြန်မြန်သေလိုက်ချင်တယ်ဆိုတဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျတော့လည်း မဟုတ်သေးဘူး။ အဲဒါတွေဟာ ဒုက္ခတွေပါပဲ။ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ကိုယ်မပိုင်ပါဘူး။ ခန္ဓာကိုယ်ရဲ့ သဘာဝလမ်းကြောင်းကို ဘာမျှမလုပ်နိုင်ပါဘူး။ အဲဒီတော့ အသက်ရှင်စဉ်မှာ ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာအလုပ်ကို အားစိုက်ခြင်းကသာ ကိုယ့်နောက်ပါမဲ့ အထုပ်ဖြစ်ပါတယ်''

"သာဓု . . . သာဓု . . . သာဓုပါခင်ဗျား"

"ကောင်းလိုက်တဲ့ ဝိပဿနာတရား ကျင့်စဉ်ပါပဲ။ ဦးသူတော် တပည့်ကတောင် ဒါလောက် လက်စောင်းထက်နေမှတော့ ဆရာတော် ဦးဝဏ္ဏသီရိဆိုရင် ပြည့်စုံမှုထက်လျှံဝေတောင်နေလောက်ပါပြီ။ တပည့်တော်ဖတ်ရဖူးတဲ့ ဆရာတော်ရဝေနွယ် (အင်းမ) ရေးသားဆုံးမထားတာကလေးကိုလည်း ကြုံတုန်းဆုံတုန်း အလျှဉ်းသင့်သလို တင်ပြပါရစေ။ သူ့ကဗျာတလေးက တိုရှင်းလိုရှင်းကလေးပါ။

"မနေရလို့ သေကြတဲ့အခါ
ကိုယ့်နောက်ကိုကား ဘာများပါမှာ
ပစ္စည်းဟူက မြူမျှမပါ
ကိုယ်ပြုထား ကံများကိုယ်နောက်ပါမှာ'' တဲ့လေ။

ဦးသူတော်ပြောသလိုပါပဲ။ ဝိပဿနာအလုပ်ကိုပဲ နာနာလုပ်နေရင်ခံစားရတဲ့ ဝေဒနာတွေကိုတောင် မေ့ပျောက်ကုန်တယ် မဟုတ်လား။ ဒါကြောင့် ဦးသူတော်ညွှန်းလိုတာက ရောဂါဆိုးကြီးတွေကို ခံစားနေကြရတဲ့ ပုဂ္ဂိုလ်အပေါင်းတို့ စိတ်ဓာတ်မကျပါနဲ့။ သေမင်းငိုတဲ့ ဝိပဿနာဆေးကိုသာ မှန်မှန်သောက်ပါ။ အလုံးစုံရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာပါလိမ့်မယ်လို့ ဆိုချင်တာမဟုတ်လား ဦးသူတော်''

စိတ်ကူးသစ်စာပေ



"ဟုတ်လိုက်လေ . . . ဒကာထောင်မှူးရယ်။ ကျုပ်တို့က စာရေးဆရာမဟုတ်တော့ ပြောချင်ဆိုချင်တဲ့စကားနဲ့ လိုရင်းရောက်အောင် မပြောတတ်ဘူး''

''ကျေးဇူးတင်ပါတယ် ဦးသူတော်။ တပည့်တော်တို့က စာရေးဆရာဆိုတော့ စာများများဖတ်လို့ အတွေ့အကြုံဗဟုသုတ ကြွယ်ပေမဲ့ ကိုယ့်တွေ့လက်တွေ့ ကျင့်ကြံအားထုတ်ဖို့ကျတော့ အချိန်မရတာကြောင့် အားနည်းတတ်ပါတယ်။ မိသားစုစားဝတ်နေရေးက ရှိသေးလို့ပါ။ ဒီတစ္စကလည်း လူ့ဝတ်ကြောင်ကို မစွန့်လွှတ်နိုင်သမျှ သေတဲ့အထိ ထမ်းဆောင်ရမဲ့ တာဝန်ပါပဲ။

ဒါပေမဲ့ အခုတော့ ဦးသူတော်ဟာ အသက်ငယ်ရွယ်သေးပေမယ့် အတွေ့အကြုံရင့်ကျက်ပြီး ကိုယ်တိုင်လက်တွေ့ ကျင့်ကြံခဲ့တာမို့ ဦးသူ တော်ရှင်းပြခဲ့တာဟာ တိုရှင်းလိုရှင်းဝိပဿနာ ကမ္မဋ္ဌာန်းတရားကျင့် ကြံရာမှာ အထောက်အကူပြုပါတယ်။ ဒါကြောင့်လည်း သာဓုခေါ်ခဲ့တာ ပါ''

ကျွန်ုပ်၏စကားဆုံးတော့ တစ်ချိန်လုံး စကားမဆိုဘဲ ဦးသူတော်ဟောသော တရားကိုနာကြားနေသော မယ်တော်ကြီးက . . .

"ဪ . . . အမေ့ရဲ့သားတော်တွေ ဟုတ်လှချည်လားကွယ့်။ ဝိပဿနာအလုပ်ကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းအောင် တစ်ထိုင်တည်း ဟောပြောနိုင်ကြတယ်။ အာယုယောကျ်ားတွေပဲ။ အမေ့အတွက်တော့ မောင်သူတော်လို ဝိဇ္ဇာသားတစ်ယောက် တိုးပြန်တာပေါ့။ ကဲ သားပဥ္စင်း မောင်သူတော်ဟာ ကမ္မဋ္ဌာနာရောဂါဆိုးကြီးကိုတောင် တွန်းလှန်ရင်ဆိုင်နိုင်သူဖြစ်လို့ သားပဥ္စင်းက သူ့ကို လူယုံတပည့်မွေးခြင်းအတွက် မယ်တော်လည်း အားရကျေနပ်မိပါတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မယ်တော်အစောပိုင်းက ပြောခဲ့သလို မောင်သူတော်ကို ကျိုက္ကမိ ဆင်ပုန်းကျောင်းက သားပဉ္စင်းဦးတိဿရဲ့ ဂန္ထာရီ ခရီးသွားတပည့်အဖြစ် လွှဲအပ်ပေးပါ။ သားပဉ္စင်းကတော့ ဦးတိဿထံက မီးအေးနည်းသာမက ဓာတ်လုံးပါအေးတဲ့နည်းတွေကို သင်ယူပါ။ အမေတို့အပြန် လိုက်ခဲ့ပါ။ သားပဉ္စင်းနဲ့မောင်သူတော်ကို အမေက ကျိုက္ကမိ၊ ဆင်ပုန်းတောရကျောင်းအထိ လိုက်လံပို့ပြီး အကျိုးဆောင်ပေးပါ့မယ်''

''ဝမ်းသာလိုက်တာ မယ်တော်ကြီးရယ်။ အဂ္ဂိရတ်ကျမ်းတွေအားကိုးနဲ့ (၁၀) နှစ် (၁၀) မိုးလုပ်ကိုင်လာရတာ အခုလို သက်ရှိထင်ရှား အောင်မြင်ပေါက်ရောက်သူ ဆရာရှင်နဲ့တွေ့ရတော့ မြန်တာပေါ့။ ဖြတ်လမ်းနည်းကိုရတယ်လို့ သဘောထားရမှာပေါ့။

ဆရာတော်ဦးတိဿက ဓာတ်လုံးအောင်မြင်လို့ ဂန္ထာရီခရီးတောင် ထွက်တော့မယ်ဆိုတော့ ဘုန်းကြီးကလည်း လှူယုံဒကာရင်းဦးသူတော်ကို နောက်လိုက်တပည့်အဖြစ် အပ်ရပေမပေါ့။ ဆရာတော်ထွက်ရပ်ပေါက်သွားတော့လည်း ဘုန်းကြီးအလှည့်ကျတော့ အတွေ့အကြုံရှိပြီး လူယုံတပည့်ရင်းကို စိတ်ချလက်ချ အားကိုးနိုင်တာပေါ့ မယ်တော်ကြီးရယ်။ မယ်တော်ကြီးအကြံအစည်ကို ဘုန်းကြီး သဘောတူပါတယ်။ ကာယကံရှင်ဦးသူတော်ကရော ဘယ်လိုသဘောရလဲကွယ့်''

''မှန်လှပါ ဘုရား၊ တပည့်တော်ခန္ဓာကိုယ်ကို ဆရာတော်အား လှူထားပြီးဖြစ်၍ ဆရာတော်စိတ်ကြိုက် အသုံးပြုနိုင်ပါတယ်။ သဘောလည်း တူပါတယ်ဘုရား''

''အိမ်း ... ကောင်းလှပေပြီ။ သာဓု ... သာဓု ... သာဓု''

''သာဓု ... သာဓု ... သာဓု''

စိတ်ကူးသစ်စာပေ



ကျွန်ုပ်တို့လည်း ဝမ်းသာအားရ သာဓု (၃) ကြိမ်ခေါ်၍ ကောင်းချီးပေးကြပါသည်။ ထိုစဉ် ဆရာတော်က သူ၏ကျက်သရေခန်းထဲမှ ဖျားရည်စိမ်ထားသော ဓာတ်လုံးပြာနှင့် ဓာတ်လုံးစိမ်ထားသော မြင်းဆီကို မယ်တော်ကြီးအားစွန့်သဖြင့် မယ်တော်ကြီးက ဓာတ်ပြာစိမ်ဖျားရည်တစ်ဖွန်းစားသလို ကျွန်ုပ်အား တစ်ဖွန်းစွန့်ကျဲသည်။ ထိုစဉ် ဆရာတော်ဘုန်းကြီးက ...

''ကဲ ... မယ်တော်ကြီး ဓာတ်လုံးပြာတန်ခိုးကြောင့် အသက်ရာကျော်ရှည်၊ အနာရောဂါ ကင်းပါလိမ့်မယ်။ ကဲ ... ခရီးလမ်းကပန်းလာတယ်မဟုတ်လား။ ဟောသည်မှာ အကိုက်အခဲပျောက်အောင် မြင်းဆီကိုလည်း လိမ်းလိုက်ပါဦး''

''တင်ပါ့ဘုရား''

ကျွန်ုပ်ကပင် အလိုက်သိစွာ မြင်းဆီပုလင်းကိုယူ၍ မယ်တော်ကြီး ဒူးခေါင်းမှစ၍ ခြေသလုံး၊ ခြေကျင်းဝတ်၊ ခြေဖဝါး၊ ခြေချောင်းကလေးများကို နှိပ်နယ်ပြီး မြင်းဆီလိမ်းပေးပါသည်။ မယ်တော်ကြီးကိုလိမ်းပြီးတော့ ကျွန်ုပ်ကိုယ်တိုင်လည်း ညောင်းညာနေသော ဒူးဆစ်နှစ်ဖက်အား မြင်းဆီဖြင့် ပွတ်လိမ်းလိုက်ရာ ချက်ချင်းပင် ကိုက်ခဲနာကျင်မှုများ ယူပစ်သလို ပျောက်သွားပါသည်။

မယ်တော်ကြီးမှာ ယခု အသက် (၈၅) နှစ်ရှိပြီဖြစ်သော်လည်း သန့်တုန်း၊ မြန်တုန်း၊ သွားနိုင်လာနိုင်တုန်းပင်၊ ယခု သားပဉ္စင်းဝိဇ္ဇာလောင်းလျာက အောင်မြင်တော့မည့် ဓာတ်လုံးအန်ပြာဖြူကို ကျွေးပြန်သဖြင့် အသက်ရာကျော် ရှည်ပေလိမ့်ဦးမည်။

မယ်တော်ကြီးပြောနေကျ ကျွန်ုပ်တို့လို မွေးစားသားများအား ''ဟောဒါက ... အမေ့ရဲ့ ယနေ့မွေး ယနေ့ကြီး ဝိဇ္ဇာသားကြီးတွေ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသောစကားမှာ စကားနောက်တရားပါ နိမိတ်ပြစကားများ ဖြစ်နေ ရော့သလားဟု ကျွန်တော် တွေးတောနေမိသည်။

အဘယ်ကြောင့်ဆိုသော် ကျိုက္ကမီဆင်ပုန်းကျောင်းမှ ဦးတိဿ က ဂန္ထာရီလှည့်လည်၍ ဝိဇ္ဇာဖြစ်ပြီးသည်နှင့် မန္တလေးကျွဲဆည်ကန် ပရ ဟိတကျောင်းမှ ဦးဝဏ္ဏသီရိကလည်း ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ် ဖြစ်ပေ လိမ့်မည်။ ထိုအချိန်တွင် အမေဒေါ်သန်းသန်းနုတစ်ယောက် တကယ့် ဝိဇ္ဇာမိုရ်များ၏ မိခင်ဖြစ်ပေလိမ့်မည် ဖြစ်တော့သတည်း။

စာဖတ်ပရိသတ်ကြီးအား အစဉ်ထာဝရ လေးစားလျက်

**ထောင်မှူးကြီးသိန်းဝင်း**

မှီငြမ်းကိုးကားခြင်း

(၁) ဝိဇ္ဇာဟူသည်...မြမဥ္ဇူဝေ (ကျုံမဝေး) - သိဒ္ဓိမိုးမဂ္ဂဇင်း၊ အမှတ် (၆၁)၊ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ။

(၂) အဂ္ဂိရတ်မှခေမာစရီး...ဖိုးသူတော် - သုရဿမဂ္ဂဇင်း၊ အတွဲ (၁၈)၊ အမှတ် (၂)၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊

(၃) သေမင်းဝိုင်တဲ့ဆေး...ပီတိရှိ (ရွှေလတ်မြေ) - သုရဿမဂ္ဂဇင်း၊ အတွဲ (၁၁)၊ အမှတ် (၂)၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊

(၄) အသက် (၈၅) နှစ်ရှိပြီဖြစ်သော မွေးစားမိခင် ဒေါ်သန်းသန်းနုထံမှ ကြားသိရချက်များ။

(၅) ကျွန်ုပ်၏ နေ့စဉ်မှတ်တမ်းများ။ (၁၉၉၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ)

**စိတ်ကူးသစ်စာပေ**

အမှတ်(၂၅)၊ အောက်ပိုင်းလမ်း ပုသိမ်လမ်း ဝင်းဈေးကြီးမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၁၃၉၂၅၆
ရုံး ▫ အမှတ်(၁၄၉)၊ ပထမထပ် (ယာ)၊ ဘိုကလေးလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၁၁၂

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | ဖြူဝင်စားမသင်ဖြူ | | ၁၂၀၀/- |
| ၂။ | (သန်လျင်) | လူထုဆန်းဘာတိုက်ပုံဦးရာကျော် | | ၁၂၀၀/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ဓွေးနက်ကြီး | | ၁၂၀၀/- |
| ၄။ | ။ | သေရှာင်းကြိမ်ပြန်ခင်ဆိုင်းခံ | | ၁၂၀၀/- |
| ၅။ | ။ | မြွေပေါက်ပါးမြွေများကိုမင်းသားမိုးစည်နှင့်ကျောက်ခဲ | | ၁၂၀၀/- |
| ၆။ | ။ | ဗိုလ္လာရှာသူမကြွေ | | ၁၂၀၀/- |
| ၇။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းခေါင် | | ၁၂၀၀/- |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ် | ဂန္ထိရဝတ္ထုတိုများ | ၁၂၀၀/- |
| ၉။ | ။ | ဝိဇ္ဇာဒိဋ္ဌိမရကာလမ်းကြမ်း | | ၁၅၀၀/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ် | ဂန္ထိရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၁။ | ။ | ကျောက်ကြီးပြေး | | ၁၅၀၀/- |
| ၁၂။ | ။ | နတ်မြင်းခွာသံ | ဂန္ထိရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွန်းအိမ်သစ် | | ၁၅၀၀/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေနေအောက်ကျောက်မိချောင်း | ဂန္ထိရဝတ္ထုတို | ၁၅၀၀/- |
| ၁၆။ | ။ | မြည်ကြီးဆည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၈။ | ။ | နာနာဘာဝဗိုင် | ဂန္ထိရဝတ္ထုတိုများ | ၂၀၀၀/- |
| ၁၉။ | ။ | မြို့ရွာရာသီစွားနန်းအိမ်ကြို | | ၃၀၀၀/- |
| ၂၀။ | ။ | မျက်လှည့်မြစ်ပေါ်မှာသောင်မတင်တဲ့အပြာရောင်ထေဒါ | | ၁၅၀၀/- |
| ၂၁ | ။ | လေးမည်ရထွန်းကြိုင် | ဂန္ထိရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၂။ | ။ | ကျောကုန်းပေါ်ကလက်ဝဲရာ | ဂန္ထိရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၃။ | ။ | တံသွားပေါ်မှာကတဲ့မန်းပွင့် | | ၂၀၀၀/- |
| ၂၄။ | ။ | စိန်စိကကြိုးရေချမ်းအိုး | | ၂၅၀၀/- |

www.burmeseclassic.com